# ၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၁)၊ အမှတ်(၂၀) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက် ၊ ကြာသပတေး၊ (ဇူလိုင် ၂၆ ၊ ၂၀၁၂)



TRI
MEN'S AND LADIES' WEARS




နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ထိုင်းဝန်ကြီးချုပ် ယင်လပ်ခ်တို့ ထိုင်းဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်

# မြန်မာ-ထိုင်း စီးပွားရေး ပိုမိုပူးပေါင်းဆောင်ရွက်ရန် သဘောတူ

**ဘန်ကောက်၊ ဇူလိုင် - ၂၃**

ကန်ဒေါ်လာသန်း ပေါင်းထောင်ချီကုန်ကျမည့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းကို ဆက်လက်လုပ်ဆောင်သွားရန် မြန်မာနှင့်ထိုင်းအစိုးရတို့က ဇူလိုင် ၂၃ရက်တွင် ကတိကဝတ်ပြုခဲ့ကြသည်။

ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းမှာ မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲရေးအတွက် အရေးပါသောအစိတ်အပိုင်းဖြစ်ပြီး ထိုင်းကဲ့သို့ အိမ်နီးချင်းနိုင်ငံများအနေဖြင့် အိန္ဒိယသမုဒ္ဒရာနှင့် အနောက် နိုင်ငံဈေးကွက်များအတွက်ထွက်ပေါက်ဖြစ်လာနိုင်သည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ သုံးရက်တာ ထိုင်းနိုင်ငံခရီးစဉ်တွင် ထားဝယ်တွင် ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးအပြင် ထိုင်းနိုင်ငံက မြန်မာနိုင်ငံ၏ လုပ်သားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန် ဝတ္တရားများအတွက် အရည်အသွေးပြည့်မီအောင် ထုထောင်ပေးရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ကူညီပံ့ပိုးပေးရန် သဘောတူညီခဲ့သည်။

ထို့အပြင်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

ထားဝယ်တွင် ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးအပြင် ထိုင်းနိုင်ငံက မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုး တက်ရေး၊

စာ(၁၂)သို့

# ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်တွင် စတင်ဆွေးနွေးမည်

**ပြည်သူ့လွှတ်တော်အမတ် ဦးတို့နွံဖြတ်၏တိုင်းရင်းသားရေးရာနှင့်သက်ဆိုင်သော အဆိုကို NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ပါဝင်ဆွေးနွေးမည်ဖြစ်သည်**

**အိဖြူလွင်၊ ရန်မျိုးနိုင်**

**ရန်ကုန်၊ ဇူလိုင် - ၂၃**

တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေးအဆိုတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ပါဝင်ဆွေးနွေးမည်ဖြစ်ပြီး အဆိုကိုဆွေးနွေးရန်အတွက် တိုင်းရင်းသားပါတီများကလည်း သဘောထားများပေးပို့ထားသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

စာ(၁၂)သို့

# ဆယ်စုနှစ်နှစ်ခုကျော်အတွင်း ပထမဆုံး မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ကြီးနှင့် တွေ့ဆုံခြင်း

**ငြိမ်းငြိမ်းနိုင်**

နှစ်ပေါင်း ၂၂ နှစ်ကျော်ကာလအတွင်း ပထမဆုံးမြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကို ဇူလိုင် ၁၁ရက်က တရားဝင် ခန့်အပ်လိုက်ပြီဖြစ်သည်။

စာ(၂၈)သို့



ဓာတ်ပုံ - သီဟ

# အမေရိကန်ဇိမ်ခံသင်္ဘောလိုင်း ဧရာဝတီမြစ်အတွင်း ပြေးဆွဲရန်စီစဉ်နေ



Grand Circle Cruises Lineမှ အပျော်စီးသင်္ဘောတစ်စီး ခုတ်မောင်းနေစဉ်

**အောင်သူရ**

**ရန်ကုန်၊ဇူလိုင်- ၂၀**

အမေရိကန်အခြေစိုက် ဇိမ်ခံသင်္ဘောလိုင်းဖြစ်သော Grand Circle Cruises Lineက ၂၀၁၃ ခုနှစ် ခရီးသွားရာသီမှစ၍ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ပြေးဆွဲရန်စီစဉ်နေပြီဖြစ်ကြောင်း USA Today သတင်းစာက ရေးသားဖော်ပြထားသည်။

ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာခြင်းနှင့် မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လာခြင်းကြောင့် မိမိတို့ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတွင်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းလုပ်ဆောင်တော့မည်ဟု အဆိုပါကုမ္ပဏီဥက္ကဋ္ဌ Mr.Alan Lewisက ပြောကြားကြောင်း အဆိုပါသတင်းစာတွင် ဖော်ပြထားသည်။

စာ(၁၂)သို့




7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.20 · JULY 26 , 2012

# တက္ကသိုလ်နှင့်ကောလိပ်များ တည်ဆောက်ရေး ကုမ္ပဏီ ၄၀ ကျော် လုပ်ကိုင်ခွင့်ရ

**အောင်နိုင်**

**ရန်ကုန်၊ ဇူလိုင် - ၁၉**

တက္ကသိုလ်၊ကောလိပ်များတွင်လိုအပ်သောတည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိသူလုပ်ငန်းရှင်များကို ရန်ကုန်နှင့်မန္တလေးရှိ အဆင့်မြင့်ပညာဦးစီးဌာနရုံးချုပ်များ၌ ဇူလိုင်၁၉ရက်က တွေ့ဆုံအသိပေးခဲ့ကြောင်းပညာရေးဝန်ကြီးဌာနမှအဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။

အောက်မြန်မာပြည်တွင်တက္ကသိုလ်ခြောက်ခုအတွက် ကုမ္ပဏီကိုးခု၊ အထက်မြန်မာပြည်တွင် တက္ကသိုလ်၊ ကောလိပ် ၁၅ ခုအတွက် ကုမ္ပဏီ ၃၀ကျော်က လုပ်ကိုင်ခွင့်ရရှိခဲ့ကြောင်း အဆိုပါပုဂ္ဂိုလ်ကပြောသည်။

"ကုမ္ပဏီပေါင်း ၁၅၀ကျော် အိတ်ဖွင့်တင်ဒါလျှောက်ထားကြတာပါ။ သုံးထပ်စာသင်ဆောင်တွေဆောက်လုပ်ဖို့ လိုအပ်တဲ့ တိုးချဲ့လုပ်ငန်းတွေအတွက်ပါ"ဟုပြောသည်။

ပညာရေးကဏ္ဍတွင် ယခင်နှစ်က သုံးစွဲငွေထက် နှစ်ဆနီးပါးကို သုံးစွဲခွင့်ရရှိထားသောကြောင့် အဆင့်မြင့်ပညာဦးစီးဌာန အနေဖြင့် တက္ကသိုလ်၊ ကောလိပ်များ တိုးချဲ့ဆောက်လုပ်ခြင်းဖြစ်သည်ဟု ဒဿနိကဗေဒဌာနမှ ကထိကအငြိမ်းစားတစ်ဦးကသုံးသပ်သည်။ ယခင်နှစ်က ပညာရေးကဏ္ဍအတွက် သုံးစွဲငွေမှာ ကျပ် ၂၇၄,၈၆၂ ဒသမ ၈၃၁သန်းရှိခဲ့ပြီး ယခုနှစ်အတွက် ကျပ် ၄၀၈,၁၆၄ ဒသမ ၄၁၉ သန်း သုံးစွဲမည်ဟုသိရသည်။

မုံရွာ၊ တောင်ကြီး၊ ပဲခူး၊ ပုသိမ်တက္ကသိုလ်များကိုမူ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၏ အစီအစဉ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း အထက်ပါအရာရှိကပြောသည်။

အဆင့်မြင့်ပညာဦးစီးဌာနမှ တက္ကသိုလ်၊ ကောလိပ် ၂၁ ခုအတွက် လိုအပ်သောတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ် ချက်ကို ဇွန်လ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် နိုင်ငံပိုင်သတင်းစာများ၌ဖော်ပြထားသည်။

# ကိုလိုနီခေတ်လက်ကျန်အဆောက်အအုံများ အန္တရာယ်ရှိ အဆောက်အအုံများအနေအထားဖြင့် ခြိမ်းခြောက်လာ



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ပန်းဆိုးတန်းလမ်း(အောက်)နှင့် ကမ်းနားလမ်းထောင့်ရှိ ကိုလိုနီခေတ်လက်ရာအဆောက်အအုံကို မွမ်းမံပြုပြင်နေပုံ**

**မိုးညို**

**ရန်ကုန်၊ ဇူလိုင် - ၁၉**

ရန်ကုန်မြို့တွင်းပိုင်းရှိကိုလိုနီခေတ်လက်ကျန်အဆောက်အအုံများမှာ သက်တမ်းအားဖြင့် များစွာကြာမြင့်နေပြီဖြစ်ပြီး၊ ကောင်းမွန်သောပြုပြင်မွမ်းမံမှု မပြုလုပ်နိုင်ခြင်းကြောင့်အန္တရာယ်ရှိအဆောက်အအုံအနေအထားဖြင့်ခြိမ်းခြောက်လာပြီဖြစ်ကြောင်း ဝါရင့်ဗိသုကာပညာရှင်တို့က ထောက်ပြပြောကြားသည်။

နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ရာသီဥတုဒဏ်ခံနိုင်မှုမှာလည်း လတ်တလောတွင် စိတ်မချရနိုင်သေးကြောင်း၊ အချို့အဆောက်အအုံများမှာ အသုံးမပြုဘဲထားသည်မှာ ကြာမြင့်နေပြီဖြစ်သောကြောင့် အမြန်ဆုံးထိန်းသိမ်းရန် လိုအပ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံဗိသုကာ ပညာရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးဆန်းဦးက ပြောသည်။

"ထိန်းသိမ်းတယ်ဆိုတာ အဆောက်အအုံကို ဆေးသုတ်ရုံနဲ့ မပြီးဘူး" ဟုဦးဆန်းဦးကပြောသည်။ လက်ရှိတွင် ရန်ကုန်မြို့တွင်းပိုင်းရှိ ကိုလိုနီခေတ်လက်ကျန်အဆောက်အအုံ ၁၈၉ လုံးကိုအမွေအနှစ်တစ်ခုအနေဖြင့် ပြန်လည်ထိန်းသိမ်းရန် ဆောင်ရွက်ရာတွင်ယင်းအဆောက်အအုံများစတင် တည်ဆောက်ခဲ့စဉ်က အဆောက်အအုံ၏ပုံစံငယ်အချို့မှာ မရှိတော့သဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်းရန် အခက်အခဲ အချို့ရှိကြောင်း ဗိသုကာပညာရှင်အသင်းအတွင်းရေးမှူး ဒေါ်မိုးမိုးလွင်က ပြောသည်။

အထူးသဖြင့် ရန်ကုန်မြို့ ကမ်းနားလမ်းမပေါ်ရှိ ကိုလိုနီခေတ်လက်ကျန်အဆောက်အအုံအချို့မှာ ၂၀၀၈ မေလက တိုက်ခတ်ခဲ့သည့်နာဂစ်မုန်တိုင်းဒဏ် ပြင်းထန်စွာ ခံစားခဲ့ရပြီး အချိန်မီ ပြန်လည် မပြုပြင်နိုင်ခဲ့ပေ။ နှစ်သက်တမ်းရာကျော် အဆောက်အအုံများအတွက် စိတ်ချရနိုင်သည့်အနေအထား လုံးဝမရှိကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **စာ(၁၂)သို့**



7 ရ ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012

# ဂျပန်ဒိုင်ဝါအုပ်စု ဒေါ်လာသန်း ၃၈၀ ရင်းနှီးမြှုပ်နှံမည်

**တိုကျို၊ ဇူလိုင်-၂၃**

ဂျပန်နိုင်ငံ၏ ဘဏ္ဍာရေးအဖွဲ့အစည်းတစ်ခုဖြစ်သော Daiwa Securities Group သည် မြန်မာအစိုးရအတွက် သတင်းအချက်အလက်နှင့် နည်းပညာဆက်သွယ်ရေးကဏ္ဍတွင် ဒေါ်လာသန်း ၃၈၀ ခန့် ရင်းနှီးမြှုပ်နှံသွားရန် ရှိနေကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။



ဒိုင်ဝါအုပ်စုကုမ္ပဏီသည်မြန်မာနှင့် ယခင်ကပင် ချိတ်ဆက်မှုများရှိခဲ့ပြီး မြန်မာနိုင်ငံတွင်း၌လည်း စတော့အိတ်ချိန်းတစ်ခုတည်ထောင်ပေးရန်အတွက်နည်းပညာပိုင်း အကူအညီပေးရန် ရွေးချယ်ခံထားရသည်။ ယခုအင်တာနက်ကျောရိုး backbone တစ်ခုတည်ဆောက်မည့် စီမံကိန်းတွင် နာမည်ကျော် ဂျပန်နည်းပညာကုမ္ပဏီကြီးများဖြစ်သော Panasonic၊ Toshiba၊ Hitachi၊ NEC နှင့် KDDI တို့ကလည်း နည်းပညာနှင့် ဝန်ဆောင်မှုပိုင်းပါဝင်ကူညီထောက်ပံ့ရန်စိတ်ဝင်စားကြောင်း ဒိုင်ဝါသုတေသန အင်စတီကျုဒ်၌ ဥက္ကဋ္ဌ တာကာရှီဖူကိုင်းက ပြောသည်။ ရိုက်တာသတင်းနှင့် အင်တာဗျူးတွင် "ကျွန်တော်တို့ဟာ မြန်မာနိုင်ငံမှာ ဂျပန်ကုမ္ပဏီအားလုံး ပါဝင်တဲ့နည်းလမ်းနဲ့ (ရင်းနှီးမြှုပ်နှံမှု)လုပ်ဆောင်သွားတော့မှာပါ"ဟု ၎င်းကပြောသည်။ သို့သော်မိတ်ဖက် ကုမ္ပဏီများအဖြစ်ပါဝင်ပူးပေါင်းရန် စိတ်ဝင်စားနေသည်ဟု ဖော်ပြခဲ့သော ကုမ္ပဏီများကမူ ယခုသတင်းနှင့် ပတ်သက်၍ မှတ်ချက်ပေးရန် ငြင်းဆန်ထားသည်။

ဒိုင်ဝါ၏ ယခုစီမံကိန်းသည် နိုင်ငံတွင်းရှိ အစိုးရဝန်ကြီးဌာနအားလုံးနှင့် ကျောင်းများ၊ ဆေးရုံများ အားလုံးကို cloud computing နည်းပညာဖြင့် ကွန်ရက်ချိတ်ဆက်နိုင်စေမည်ဖြစ်ပြီး ယင်းကွန်ပျူတာနည်းပညာမှာ အစဉ်အလာအတိုင်း အသုံးပြုသော ဆာဗာအခြေခံ server-based systems စနစ်များထက် ပိုမိုမြန်ဆန်ကာစရိတ်သက်သာစေမည်ဖြစ်သည်။ မစ္စတာ ဖူကိုင်းက "cloud နည်းပညာ အခြေပြုကွန်ရက်စနစ်ဟာ ကုန်ကျစရိတ်ယန်း ၃၀ ဘီလီယံရှိမယ်လို့ မျှော်လင့်ရပြီး ဗဟိုဘဏ်ရဲ့ နေပြည်တော်ဌာနချုပ်၊ ရန်ကုန်ဌာနခွဲနဲ့ မန္တလေးဌာနခွဲတွေမှာ စတင်လုပ်ကိုင်သွားမှာပါ"ဟု ပြောသည်။ ဒိုင်ဝါအုပ်စု၏ ယခု ရင်းနှီးမြှုပ်နှံမှုသည် ပြီးခဲ့သည့် မေလက မြန်မာနိုင်ငံတွင်စတော့အိတ်ချိန်းတစ်ခုစတင်ဖော်ဆောင်ရန် သဘောတူညီချက်ရအပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် ဒုတိယမြောက်မဟာဗျူဟာစီမံကိန်းလည်း ဖြစ်သည်။ ယခုအခါ Fujitsu နှင့် NTT Data ကုမ္ပဏီများကလည်း ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA ၏ ရန်ပုံငွေဖြင့် မတည်ဆောင်ရွက်နေသော မြန်မာ့ဘဏ် အချင်းချင်း ချိတ်ဆက်မှုကွန်ရက်စနစ် intrabank settlement system ကို စတင်လေ့လာနေသည်။

မစ္စတာဖူကိုင်းက မြန်မာ့စတော့အိတ်ချိန်းကို လုပ်ငန်းအပြည့်အဝလည်ပတ်သော ကုန်သွယ်ရေးဗဟိုဌာနတစ်ခုအဖြစ်သို့ ရောက်ရှိအောင် ယန်း နှစ်ဘီလီယံခန့် အကုန်အကျခံ ဆောင်ရွက်ရမည်ဟု ဆိုသည်။ အဆိုပါ စတော့အိတ်ချိန်းကို ၂၀၁၅ တွင် လည်ပတ်နိုင်အောင် ဆောင်ရွက်သွားမည်ဟု သိရသည်။ ဒိုင်ဝါသည် စတော့အိတ်ချိန်းတွင် ပါဝင်ရန်အတွက် မြန်မာကုမ္ပဏီ ၂၀ ကျော်ခန့်ကို ချဉ်းကပ်နေပြီး ယင်းတွင်ဓာတ်ငွေ့ကုမ္ပဏီတစ်ခု၊ သတ္တုတူးဖော်ရေးကုမ္ပဏီတစ်ခုနှင့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတို့ ပါဝင်သည်။ မစ္စတာဖူကိုင်းက ယင်းအိတ်ချိန်းတွင် ၂၀၂၀ပြည့်နှစ်အရောက်၌ကုမ္ပဏီပေါင်း ၁၈၀ မှ ၃၀၀ ခန့် ပါဝင်လာမည်ဟု ခန့်မှန်းထားပြီး ထိုကာလတွင် စီမံကိန်းမှ အကြမ်းဖျင်း အမြတ်ငွေ ယန်းတစ်ဘီလီယံခန့် ပြန်ရမည်ဟု ဆိုသည်။

ဒိုင်ဝါအုပ်စုသည် လာမည့်အောက်တိုဘာလမှစ၍ မြန်မာနိုင်ငံရှိဆော့ဖ်ဝဲကုမ္ပဏီ ACE Data Systems နှင့်ပူးပေါင်းကာ ဖက်စပ်ကုမ္ပဏီတစ်ခု တည်ထောင်ရန်လည်း စီစဉ်ထားသည်။ ACE ကုမ္ပဏီမှာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦး တည်ထောင်ထားခြင်းဖြစ်ပြီး ၎င်း၏ ဆက်သွယ်ပေးမှုများကြောင့် ဒိုင်ဝါအုပ်စုသည် မြန်မာနိုင်ငံတွင်း လုပ်ငန်းများ လာရောက်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

-Ref:Reuters

## ပုဂံမြို့ဟောင်းရှိဟိုတယ်တစ်လုံးတွင် တစ်ညအတွင်း အခန်းငါးခန်းအခိုးခံရ

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် - ၂၀**

ကမ္ဘာလှည့်ခရီးသွားများ အဓိကလည်ပတ်ရာဒေသဖြစ်သော ပုဂံမြို့ဟောင်းရှိပုဂံဟိုတယ်တွင် တစ်ညအတွင်းအခန်းငါးခန်းရှိ ငွေကြေးနှင့် ပစ္စည်းအချို့ ခိုးယူခံခဲ့ရကြောင်း သတင်းရရှိသည်။

ဇူလိုင်လ ၁၅ ရက် နံနက် ၃ နာရီခန့်တွင် ထိုင်းနိုင်ငံသားများ တည်းခိုနေသောအခန်းနှစ်ခန်းနှင့် မြန်မာနိုင်ငံသားများ တည်းခိုနေသောအခန်းသုံးခန်းမှ အခိုးခံရခြင်းဖြစ်သည်။ ထိုင်းနိုင်ငံသားများအခန်းမှ ထိုင်းဘတ်ငွေကိုးသောင်းကျော်၊ ကင်မရာတစ်လုံး၊ ကျောက်စိမ်းလက်ကောက်တစ်ကွင်း ပါသွားခဲ့ပြီး မြန်မာနိုင်ငံသားများအခန်းမှ ကျပ်ငွေ ၁၀ သိန်းခန့် ပါသွားခဲ့ကြောင်းသတင်းရရှိသည်။ ထိုသို့ ဟိုတယ်တစ်ခုတည်းရှိအခန်းငါးခန်း၌ခိုးယူခံရမှုမှာ ဟုတ်မှန်ကြောင်း ညောင်ဦးခရိုင်ပုဂံရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုသည်။

"ပိုက်ဆံတွေကိုတော့ မိုးလင်းလင်းချင်းပြန်လျော်ပေးလိုက်ပါတယ်"ဟု ပုဂံဒေသခံခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။ ခရီးသွားဧည့်သည်များ ဝင်ရောက်မှုမြင့်တက်လာပြီးနောက် ၂၀၁၁ ခုနှစ်တွင် ပုဂံဒေသအနီး၌ဂျပန်အမျိုးသမီးတစ်ဦးအသတ်ခံရခြင်း၊ Aureum Palace ဟိုတယ်တွင် ထိုင်းနိုင်ငံသူတစ်ဦး ဓာတ်လိုက်သေဆုံးခြင်းနှင့် ဟော်လန်နိုင်ငံသူတစ်ဦး ပိုက်ဆံအိတ်လုခံရခြင်းများ ဖြစ်ပွားခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ပုဂံဟိုတယ်သို့ အကြိမ်ကြိမ်ဆက်သွယ်မေးမြန်းခဲ့သော်လည်း တစ်စုံတစ်ရာ မှတ်ချက်ပြုဖြေကြားခဲ့ခြင်းမရှိပေ။



7 DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012

CRIME မှုခင်း သတင်း CORNER

## အရက်လုသောက်ရာမှ လူသတ်မှုဖြစ်ပွား

**ကျော်ဇေယျ** **နေပြည်တော်၊ဇူလိုင်-၁၇**

ချစ်ခင်ရင်းနှီးသည့် သူငယ်ချင်းအချင်းချင်း အရက်ဆိုင်ထဲတွင် ကျီစယ်ရင်း အရက်လုသောက်ရာမှ ခိုက်ရန်ဖြစ်ပွားပြီး လူသတ်မှုအထိဖြစ်ပွားခဲ့မှု ဇူလိုင်လ ၁၇ ရက်က နေပြည်တော် ပျဉ်းမနားတွင် ဖြစ်ပွားခဲ့သည်။

ယခုလ ၁၅ ရက် မွန်းလွဲ ၁၂နာရီ၄၅မိနစ်အချိန်ခန့်က နေပြည်တော် ပျဉ်းမနားမြို့၊ ရန်အောင် (၂)ရပ်ကွက်တွင် နေထိုင်သူ ဦးမောင်မောင်တာ (၅၀)နှစ်သည် ယင်း၏သားဖြစ်သူ ဖြိုးဝေအောင် (၂၄)နှစ်နှင့် ဖြိုးဝေအောင်၏ သူငယ်ချင်းဖြစ်သူ ပြည့်ဖြိုးအောင် (၂၀)နှစ်တို့သည် တောင်သာရပ်ကွက်၌ စကားများရန်ဖြစ်ရာမှ ပြည့်ဖြိုးအောင်က ဖြိုးဝေအောင်အား ဓားဖြင့်ခုတ်ရာ ဖြိုးဝေအောင်၏ နဖူးထိပ်တွင် ပြတ်ရှဒဏ်ရာရရှိသွားသဖြင့် ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားလာသဖြင့် နေပြည်တော် ပျဉ်းမနားရဲစခန်း(ပ)၄၀၅ / ၂၀၁၂ ဥပဒေပုဒ်မ ၃၂၆ (အပြင်းအထန်နာကျင်စေမှု)အရ အမှုဖွင့်ခဲ့သည်။

အမှုကို စုံစမ်းစစ်ဆေးရာတွင် ဖြိုးဝေအောင်နှင့် ပြည့်ဖြိုးအောင်တို့သည်ညီအစ်ကိုရင်းပမာ ချစ်ခင်သည့်သူငယ်ချင်းများဖြစ် ပြီး အခင်းဖြစ်နေ့က တောင်သာရပ် ကုန်ထုတ်လမ်းရှိအရက်ဆိုင်တွင် အရက်အတူတူသောက်ရင်း အချင်းချင်း ကျီစယ်ကာ အရက်လုသောက်ရာမှ ခိုက်ရန်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဖြိုးဝေအောင်က လက်သီးဖြင့် ထိုးသောကြောင့် ပြည့်ဖြိုးအောင်၏ မျက်ခုံးကွဲသွားကြောင်း၊ ပြည့်ဖြိုးအောင်လည်း ဒေါသထွက်ပြီး ယင်း၏အိမ်သို့ပြန်၍ အရိုးအသွား(၂၀)လက်မခန့်ရှိဓားမပြန်ယူပြီး အခင်းဖြစ်ပွားရာ အရက်ဆိုင်သို့ ပြန်လာကာ ဖြိုးဝေအောင်အား ဓားဖြင့်ခုတ်ခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူ ဖြိုးဝေအောင်သည် ဆေးကုသနေရင်း ဒဏ်ရာဖြင့် သေဆုံးသွားကြောင်း ဇူလိုင်လ ၁၆ရက် နံနက် ၉ နာရီအချိန်ခန့်က သတင်းရရှိသဖြင့် အတည်ပြုခဲ့ပြီး မူလအမှုဖွင့်ထားရာ ပြစ်မှုပုဒ်မ ၃၂၆ (အပြင်းအထန်နာကျင်စေမှု)မှ ပြစ်မှုပုဒ်မ ၃၀၂ (လူသတ်မှု)သို့ ပြောင်းလဲအမှုဖွင့်ခဲ့ကာ ပြစ်မှုကျူးလွန်သူဟုဆိုသည့် ပြည့်ဖြိုးအောင်ကိုလည်း လက်ရဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

နေပြည်တော်ပျဉ်းမနားတွင် မလိုလားအပ်သော ကိစ္စများ မဖြစ်ပွားလာရေးအတွက် ရှိရင်းစွဲ အရက်ဆိုင်များကို သုံးပုံတစ်ပုံအထိ လျှော့ချထားပြီးဖြစ်ရာ အခင်းဖြစ်ပွားရာ အရက်ဆိုင်မှာလည်း တရားမဝင်ရောင်းချနေသော ဆိုင်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ယစ်မျိုးဥပဒေပုဒ်မဖြင့်ပါ ထပ်မံအရေးယူထားကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

# အေဂျင်စီ ၁၅ ခု ထိုင်းသို့တရားဝင်အလုပ်သမားအဖြစ် စေလွှတ်ခွင့်ရမည်

**အောင်သူရ**
**ရန်ကုန်၊ ဇူလိုင်-၁၈**

ထိုင်းနိုင်ငံသို့ စရိတ်အနည်းဆုံးဖြင့် ပို့ဆောင်ပေးမည့် အေဂျင်စီ ၁၅ ခုအား တင်ဒါစနစ်ဖြင့် ခေါ်ယူရွေးချယ်ကာ အလုပ်သမားဝန်ကြီးဌာနက ဇူလိုင် ၂၉ ရက်တွင် ကြေညာပေးသွားမည်ဟု သတင်းရရှိသည်။

ထိုကဲ့သို့ ရွေးချယ်နိုင်ရန်အတွက် အလုပ်သမား ဝန်ကြီးဌာနက ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများအား ဇူလိုင် ၁၈ ရက်မှစ၍ လျှောက်လွှာများတင်ရန် အေဂျင်စီများအား အကြောင်းကြားခဲ့သည်။

"အေဂျင်စီ ၉၀ လောက်လျှောက်တယ်လို့ ပြောတယ်။ ဈေးနှုန်းအနည်းဆုံးနဲ့ပို့နိုင်တယ်။ လူကိုရွေးမယ်လို့ ဇူလိုင် ၂၁ ရက်မှာအေဂျင်စီတွေကိုခေါ်ပြီးတယ်" ဟု ကျောက်တံတားမြို့နယ် အခြေစိုက်အေဂျင်စီတစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သမ္မတဦးသိန်းစိန် သွားရောက်သော ထိုင်းနိုင်ငံခရီးစဉ်တွင်လည်း အလုပ်သမားကိုယ်စားလှယ်များခေါ် ဆောင်သွားသည်ဟု သတင်းရရှိသည်။

ထိုကဲ့သို့ အေဂျင်စီများ ရွေးချယ်ပြီးနောက် အလုပ်သမားများအား ထိုင်းနိုင်ငံသို့ လေကြောင်းလိုင်းကတစ်ဆင့် ပို့ဆောင်မည့် အစီအစဉ်ကို စတင်နိုင်ကြောင်း အေဂျင်စီအသိုင်းအဝိုင်းက ထင်ကြေးပေးကြသည်။

ယခုလက်ရှိတွင် နှစ်နိုင်ငံသဘောတူညီမှုဖြင့် ထိုင်းနိုင်ငံသို့ လုပ်သားတစ်ဦးလျှင် ဝန်ဆောင်ခ စုစုပေါင်း ကျပ် ခုနစ်သိန်းခန့် ပေးဆောင်နေရပြီး လက်ငင်းတစ်ဝက် အကြွေးတစ်ဝက်သွားပါက လက်ငင်း သုံးသိန်းကျပ်နှင့် တစ်လလျှင် ဘတ် ၁၀၀ နှုန်းဖြင့် ၁၀ လစာ ပြန်လည်ဖြတ်တောက်ခံရသည်။

လက်ရှိတွင် မြဝတီမြို့၌ အလုပ်လုပ်ရန် စောင့်ဆိုင်းနေသူ မြန်မာလုပ်သားထောင်ချီရှိပြီး အေဂျင်စီများက အလုပ်ပေးမည်ဟုခေါ် ဆောင်သွားခဲ့သော်လည်း ၎င်းတို့မှာ ထိုင်းနိုင်ငံဘက်မှ ခေါ်ယူမှုနည်းပါးနေသဖြင့်သောင်တင်နေခြင်းဖြစ်သည်။

နယ်ဒေသများမှ ပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်သူများတွင် ယခုနှစ်ပိုင်းအတွင်း မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်ရန်ထက် ထိုင်းသို့ သွားရောက်လုပ်ကိုင်လိုသူ ပိုများလာကြောင်း သတင်းရရှိသည်။

# ရွှေကုမ္ပဏီ ၃၀ ကျော် အမည်ပျက်စာရင်းသွင်းခံရဖွယ်ရှိ

**ရန်မျိုးနိုင်**
**ရန်ကုန်၊ဇူလိုင်-၂၀**

နိုင်ငံတော်သို့ရွှေစင်ပေးသွင်းခြင်းမရှိသည့်အတွက် အမည်ပျက်စာရင်း ကြေညာရန် သတိပေးခံရသော အသေးစားရွှေကုမ္ပဏီ ၄၉ ခုတွင် ၁၁ ခုသာ ဆက်သွယ်လာကြောင်း သတ္တုတွင်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးဝင်းထိန်က ပြောသည်။

"ယနေ့အထိတော့ ကုမ္ပဏီ ၁၁ ခုက ရွှေသွင်းဖို့ ပြန်ဆက်သွယ်လာတယ်"ဟု ၎င်းကပြောသည်။



**ရွှေတူးဖော်ရေးလုပ်ငန်းခွင်တစ်ခု**

အသေးစားရွှေကုမ္ပဏီ ၄၉ ခု၏ နိုင်ငံတော်သို့ပေးသွင်းရမည့် ရွှေစင်ပမာဏစုစုပေါင်းမှာ ၂,၅၇၆ ကျပ်သားကျော်ဖြစ်ကြောင်း သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ထိုကုမ္ပဏီများအား နိုင်ငံတော်သို့ ပေးသွင်းရမည့် ရွှေစင်လုံးဝပေးသွင်းခြင်းမရှိသည့်အပြင် သက်ဆိုင်ရာဌာနများနှင့်လည်း ဆက်သွယ်ညှိနှိုင်းခြင်း မရှိသောကြောင့် ဇူလိုင်လ ၁၈ ရက် နောက်ဆုံးထား၍ ဆက်သွယ်ခြင်း၊ ရွှေစင်သတ္တုပေးသွင်းခြင်း ပြုလုပ်ရန် ယင်းသို့ ဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေအရ ကုမ္ပဏီနှင့် ဒါရိုက်တာအဖွဲ့များကို အရေးယူမည့်အပြင် အမည်ပျက်စာရင်း ကြေညာသွားမည်ဖြစ်ကြောင်း သတ္တုတွင်းဝန်ကြီးဌာနက နောက်ဆုံးအကြိမ် သတိပေးခဲ့သည်။

ပေးသွင်းရမည့်ရွှေစင်သတ္တု ပေးသွင်းခြင်း မရှိသော်လည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းလာသည့် ကုမ္ပဏီ ၁၄၀ ကို ဇူလိုင်လ ၃၀ရက်နောက်ဆုံးထား၍ ပေးသွင်းရန်နှင့် ရွှေစင်သတ္တု အပြည့်အဝ ပေးသွင်းခဲ့သော ကုမ္ပဏီ၈၁ ခုကိုလည်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။



7 DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012



နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဒီမိုကရေစီမိတ်ဆွေ၁၀ပါတီတို့ ဇူလိုင်၁၈ရက်က တွေ့ဆုံစဉ် ဓာတ်ပုံ - နိုင်ငံတော်သမ္မတရုံး

## သမ္မတနှင့် ၁၉၉၀ရွေးကောက်ပွဲဝင် တိုင်းရင်းသားပါတီများ တွေ့ဆုံမည်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဇူလိုင် - ၂၃**

နိုင်ငံတော်သမ္မတနှင့် ၁၉၉၀ ရွေး ကောက်ပွဲဝင် တိုင်းရင်းသားပါတီများအပါအဝင် ပါတီ၁၄ခုနှင့် နှစ်ပတ်အတွင်းတွေ့ဆုံရန်ရှိကြောင်း သတင်းရရှိသည်။

“အခုစနေ၊တနင်္ဂနွေမဟုတ်ရင်နောက်အပတ်ပေ့ါ။သမ္မတကြီးပြန်လာရင်ဦးအောင်မင်းတို့ကစီစဉ်ပေးမယ်ပြောတယ်”ဟု ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ ဒုတိယခေါင်းဆောင် ဦးစိုင်းညွန့်လွင်ကပြောသည်။ ထိုသို့ နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံခြင်းမပြုမီ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးအောင်မင်း၊စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းတို့သည် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရပါတီအချို့ အပါအဝင် ပါတီ၁၄ခုတို့နှင့် ဇူလိုင်လ ၂၂ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ SNLD၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ ကရင်ပြည်သူ့ပါတီ၊ ဇိုးမီးအမျိုးသားကွန်ကရက်စသောပါတီများပါဝင်သည်။“ငြိမ်းချမ်းရေးကိစ္စတွေ၊လက်ရှိချင်းပြည်နယ်မှာဖြစ်ပျက်နေတာတွေကိုသမ္မတကိုတင်ပြသွားမယ်”ဟု မကြာသေးမီက နိုင်ငံရေးပါတီတည်ထောင်ခွင့်ရခဲ့သော ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်မှ အတွင်းရေးမှူးဦးကမ်းလျန်ကပြောသည်။ ပြည်ထောင်စုဝန်ကြီးများနှင့် အကြိုဆွေးနွေးကြရာတွင် တိုင်းရင်းသားအရေးကိစ္စများ၊ပြည်တွင်းငြိမ်းချမ်းရေးနှင့်ဖွဲ့စည်း ပုံအခြေခံဥပဒေနှင့်ဆိုင်သော ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြကြောင်း ဦးစိုင်းညွန့် လွင်ကဆိုသည်။ ယခုလ ၁၈ရက်ကလည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒီမိုကရေစီမိတ်ဆွေ ၁၀ပါတီတို့သည် နေပြည်တော်ရှိ သမ္မတ၏ လယ်တောရိပ်သာတွင် တွေ့ဆုံခဲ့ကြသည်။

## ကုမ္ပဏီ ၁၅ခုနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်နေသော လယ်သမား ၂၇၀ဦး ဆန္ဒပြ

**ပြည်သိမ်း၊ အိဖြူမွန်**

**ရန်ကုန်၊ဇူလိုင်-၂၁**

ကုမ္ပဏီ ၁၅ခုနှင့် အကျိုးတူလုပ် ကိုင်နေသည့် ဒဂုံဆိပ်ကမ်းမြို့နယ်မှ လယ်သမား ၂၇၀ဦးသည် လယ်ယာလုပ်ကိုင်ခွင့်နှင့် အကျိုးအမြတ်များ ရရှိရန် ဇူလိုင် ၂၀ ရက် က ၂ နာရီခန့်ကြာ ပင်လယ်ကိုးသွယ်ကုမ္ပဏီရှေ့တွင် ဆန္ဒပြတောင်းဆိုခဲ့ကြောင်း သတင်းရရှိသည်။

လယ်ယာအကျိုးတူပူးပေါင်းဆောင်ရွက်ရန် စည်းကမ်းချက်များအတိုင်း၊ အကျိုးစီးပွား ခွဲဝေမှုမရှိခြင်း၊ အကျိုးတူလုပ်သူလယ်သမားများအား အလုပ်သမားသဖွယ် ဆက်ဆံခြင်း၊ အကျိုးတူလုပ်ငန်းစာရင်းရှင်းလင်းပေးမှုမရှိခြင်း၊ စာရင်းရှင်းလင်းပေးမှုမရှိဘဲ အရှုံးပြခြင်းစသည်တို့ကြောင့်မူလလက်ငုတ်လယ်ယာများကို ပြန်လည်လုပ်ကိုင်လိုကြောင်း ဆန္ဒပြလယ်သမားများက တင်ပြတောင်းဆိုခဲ့သည်။

အဆိုပါ ကုမ္ပဏီ ၁၅ ခုတွင် အများစုမှာ လယ်သမားများဘဝတိုးတက်ရန်အတွက် စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများ ထောက်ပံ့ပေးနေသည့် ဆန်စပါးအထူးပြုကုမ္ပဏီများ ပါဝင်သည်။ ထိုကုမ္ပဏီများသည် ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်မှ စီမံချက်ချပြီး အဆိုပါမြို့နယ်ရှိ လယ်ဧကတစ်သောင်းကျော်ကို လယ်သမားများနှင့် အကျိုးတူ လယ်ယာစနစ်ကို စတင်ခဲ့သည်။

ကုမ္ပဏီများနှင့် အကျိုးတူလုပ်ကိုင်မှုကို ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ သရက်ပင်ချောင်၊ ညောင်ပင်၊ ကြည်စု(အရှေ့၊ အနောက်)၊ သုံးခွ၊ ထောင်တလုပ်၊ စက်ပင်၊ လေးထောင့်ကန်၊ ရွာသာကြီးစသည့်ရွာကိုးရွာနှင့် စတင်လုပ်ကိုင်ခဲ့သည်။

လယ်သမားများနှင့် အကျိုးတူဆောင်ရွက်နေသည့် ကုမ္ပဏီ ၁၅ ခုမှာ ရွှေဟိန်းထက်၊ အေးရှားဝေါလ်၊ ရွှေတောင်၊ ဂွတ်(ဒ်)ဘရားသား၊ ပင်လယ်ကိုးသွယ်၊ အမျိုးသားကြီးပွားတိုးတက်ရေး၊ ဒေင်၊မြတ်ရွှေဝါ၊မက်(စ်)မြန်မာ၊ဒဂုံအင်တာနေရှင်နယ်၊မြင့်ဇေယျာ၊ယုဇန၊ ဆင်းရွှေလီ၊ ရွှေနဂါးမင်း၊ ဝန်းရံခကုမ္ပဏီတို့ ဖြစ်ကြသည်။ ၎င်းကုမ္ပဏီများက လယ်သမားများအား လယ်ယာလုပ်ကိုင်ခွင့်မပေးသဖြင့် ရွာကိုးရွာမှ လယ်သမား ၁,၀၈၅ ဦးတို့ အလုပ်ကိုင်အခွင့်အလမ်းများ ဆုံးရှုံးခဲ့သည်ဟုဆိုသည်။


အဆိုပါစီမံကိန်းများကို နိုင်ငံတော်မှ တာဝန်ပေး၍ လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်ဟု ကုမ္ပဏီများကဆိုသည်။ ထိုကုမ္ပဏီများက တစ်ဧကကျပ်၃၅,၀၀၀မှ၅၀,၀၀၀ ကျပ်အတွင်းပေးခဲ့ကြောင်း လယ်သမားများကပြောသည်။

“စိုက်ပျိုးရေးဖွံ့ဖြိုးရေးအတွက် အထူးဇုန်ဆိုပြီးတော့ လုပ်ဖို့တာဝန်ပေးလို့လုပ်ရတာ။ သက်ဆိုင်ရာက မူလလယ်ပိုင်ရှင်တွေနဲ့ အကျေအလည် ဆွေးနွေးပြီး လိုအပ်တဲ့ တောင်းဆိုမှုတွေ ပြည့်စုံတယ်။ သားသမီးတွေကိုလည်း ထောက်ပံ့ပေးခဲ့တယ်”ဟု ဒေင်ကုမ္ပဏီမှ ဥက္ကဋ္ဌဦးချစ်ခိုင်ကဆိုသည်။

စာ(၁၂)သို့



7DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012



ထိုင်းနိုင်ငံတွင် မြန်မာစာသင်ယူနေသူတစ်ဦး

## မြန်မာ့အပြောင်းအလဲများကြောင့် ထိုင်းတွင် မြန်မာစကားသင်ယူရန် စိတ်ဝင်စားမှုပိုများလာ

**ဘန်ကောက်၊ဇူလိုင်-၂၁**

မြန်မာနိုင်ငံအတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲလာမှုများကြောင့် ရင်းနှီးမြှုပ်နှံခြင်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများ ပေါ်ပေါက်လာသဖြင့် ထိုင်းနိုင်ငံတွင်း၌လည်း စီးပွားရေးလုပ်ကိုင်ရန်အတွက် မြန်မာဘာသာစကားသင်ယူရန်စိတ်ဝင်စားမှု ပိုများလာသည်ဟု သိရသည်။ ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်တွင် နှစ် ၂၀ကျော်ကြာ သင်ကြားလျက်ရှိသော ဆရာမဒေါ်သန်းသန်းမြင့်က ယခင်ကဆိုပါက သူမ၏ မြန်မာဘာသာစကားသင်တန်း၌ ကျောင်းသားဦးရေ ပြည့်မီခြင်းမရှိလှဘဲ နည်းပါးခဲ့ကြောင်းဆိုသည်။

သူမက "သိပ်မကြာခင်ကတော့ အတန်းသစ်ဖွင့်ပြီလားဆိုပြီး ကျွန်မကို လာစောင့်နေကြတဲ့သူတွေ တော်တော်တွေ့လာရပါတယ်။ ဒါပေမဲ့သင်တန်းက လုပ်ဆောင်နေဆဲမို့ (အသစ်) မဖွင့်နိုင်ပါဘူး။ ဒီလအတွင်းတော့ ဖွင့်ရင်ဖွင့်ဖြစ်မှာပါ"ဟုရှင်းပြသည်။

ဒေါ်သန်းသန်းမြင့်၏ မြန်မာဘာသာစကား သင်တန်းသည် စုစုပေါင်းစာသင်ချိန်နာရီ၃၀ကြာသင်တန်းဖြစ်ပြီး ကလေးများနှင့် လူကြီးများအတွက် တန်းခွဲများ ခွဲခြားသင်ကြားပေးလျက်ရှိသည်။ မော်တော်ယာဉ်အစိတ်အပိုင်းနှင့်ယာဉ်ဟောင်းရောင်းချသူ မစ္စတာပရီချာလတ်ပရီချာပက်ဒီကလည်း "ထိုင်းဟာချမ်းသာတဲ့ မြန်မာတွေအတွက် လာလည်ဖို့ ပထမဦးစားပေးနေရာဖြစ်တယ်ဆိုတာ စီးပွားရေးသမားတစ်ဦးအနေနဲ့ ကျွန်တော်သိပါတယ်"ဟု ပြောသည်။ ယခုအခါချူလာလောင်ကွန်တက္ကသိုလ်တွင် သင်ကြားနေသော မြန်မာစကားသင်တန်းအောင်မြင်မှုကို အခြေခံ၍ ထိုင်းနိုင်ငံအနှံ့ သင်တန်းများ ဖွင့်လှစ်ရန် မျှော်လင့်ထားကြောင်းသတင်းတွင် ဖော်ပြထားသည်။

-Ref: CNA

## သတ်မှတ်နှုန်းထားဖြင့် ခရီးသွားကုမ္ပဏီများကို စာချုပ်ချုပ်ပေးရန် ဟိုတယ်များအားသတိပေး

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၁၇**

ရန်ကုန်မြို့ရှိ နိုင်ငံတကာမှ လာရောက်ဖွင့်လှစ်ထားသော ဟိုတယ်များအား ဇူလိုင်လကုန် နောက်ဆုံးထား၍ တစ်ခန်းလျှင် အများဆုံး အမေရိကန် ဒေါ်လာ ၁၅၀ ဖြင့် စာချုပ်သစ်များ ချုပ်ဆိုပေးရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးက သတ်မှတ်ပြောကြားသည်။

"ဟိုတယ်မှာ အများဆုံးရှိတဲ့ အခန်းကို ဒေါ်လာ ၁၅၀ အသားတင်ပေါ့၊ အခွန်တို့ မနက်စာတို့ ထပ်ပေါင်းစရာမလိုဘူး။ အဲဒီဈေးနှုန်းနဲ့ စာချုပ်အသစ်ကို ဇူလိုင်လကုန် နောက်ဆုံးထားပေးဖို့နဲ့ မပေးရင် အရေးယူဆောင်ရွက်မယ်လို့ ဝန်ကြီးက ပြောသွားတယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်းအတွင်းရေးမှူး ဦးတင်ထွန်းအောင်က ပြောသည်။

ဟိုတယ်အခန်းခများ ဈေးကြီးခြင်းနှင့် အခန်းလွတ် မရှိခြင်းတို့ကြောင့် ခရီးသွားကုမ္ပဏီများ ရပ်တည်ရန် ခက်ခဲလာသော အအခြေအနေအား ခရီးသွားကုမ္ပဏီ ၅၀ ကျော်က ဇူလိုင်လ ၁၆ ရက် နေ့စွဲဖြင့် ပြည်ထောင်စုဝန်ကြီးထံ ဒုတိယအကြိမ်ထပ်မံစာရေးတင်ပြခဲ့သည်။

ထို့ကြောင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုဝန်ကြီး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အရပ်ဘက်အသင်းအဖွဲ့မှ တာဝန်ရှိသူများ နိုင်ငံခြားသားပိုင် ဟိုတယ်များမှ တာဝန်ရှိသူများ ပါဝင်သော ဆွေးနွေးပွဲအား ဇူလိုင်လ ၁၇ ရက်တွင် အင်းလျားလိတ်ဟိုတယ်၌ ပြုလုပ်ခဲ့ကြသည်။

"ဟိုတယ်တွေကို နောက်ဆုံး သတိပေးလိုက်တဲ့ သဘောပါ။ မလုပ်ပေးရင် အရေးယူတော့မယ့် သဘောပဲ"ဟု အဆိုပါ အစည်းအဝေးတွင် အဓိကဝင်ရောက်ဆွေးနွေးခဲ့သူ Nature Dream ခရီးသွားကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်စပယ်အောင်ကပြောသည်။

ယခု သတ်မှတ်ပေးလိုက်သော အခန်းခဈေးနှုန်းဖြင့် အခန်းရရှိပါက အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ကြောင်း ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသူများက ပြောကြားသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများနှင့် အဖွဲ့အစည်းများမှ လာရောက်သူများ မြင့်တက်လာသော ၂၀၁၂ နှစ်ဆန်းပိုင်းမှစ၍ ရန်ကုန်ရှိဟိုတယ်များ၏ အခန်းခဈေးနှုန်းမှာ ၃၀၀ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး တစ်ခန်းလျှင် အနည်းဆုံးဒေါ်လာ ၂၀၀ ကျသင့်ခဲ့သည်။ ထို့အပြင်အခန်းခဈေးနှုန်းများကိုလည်း မကြာခဏ ပြောင်းလဲခြင်း၊ စာချုပ်သစ်ချုပ်ဆို မပေးခြင်းနှင့် အခန်းရောင်းချမပေးခြင်းတို့ကြောင့် ခရီးသွားကုမ္ပဏီများ အနေဖြင့် အခက်အခဲများနှင့် ရင်ဆိုင်လာရပြီး ထိုအခြေအနေအား ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတော်သမ္မတထံသို့ ဇူလိုင်လဆန်းက စာရေးတင်ပြခဲ့သည်။

ထို့ကြောင့် ဟိုတယ်နှင့် ခရီးသွားလာရေး ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဟိုတယ်များကို တစ်ခန်းလျှင် ဒေါ်လာ ၁၅၀ ဖြင့် အများဆုံးရောင်းချပေးရန် ညွှန်ကြားရာ၌ လိုက်နာခြင်း မရှိသဖြင့် ဒုတိယအကြိမ် ထပ်မံတွေ့ဆုံခြင်းဖြစ်သည်။

ရန်ကုန်မြို့တွင် နိုင်ငံခြားသားပိုင် ဟိုတယ် ၁၀ လုံးရှိပြီး အခန်းပေါင်း ၁,၈၇၀ ခန်းရှိကာ အများစုမှာ ကြယ်လေးပွင့် ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်ကြီးများဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012

# ပြန်လည်အသက်ဝင်လာသော အာဇာနည်နေ့





ဒေါ်အောင်ဆန်းစုကြည် အာဇာနည်ဗိမာန်တွင် တက်ရောက်ဂါရဝပြုစဉ်(အပေါ်ပုံ) နိုင်ငံတော်အခမ်းအနားအဖြစ် ပြန်လည်ကျင်းပလာသော အာဇာနည်နေ့အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ဂါရဝပြုစဉ် (ဝဲပုံ)

**သတင်းအဖွဲ့**
**ရန်ကုန်၊**
**ဇူလိုင်-၁၉**

နှစ်ပေါင်း ၂၀ ကျော်ကြာပြီးနောက် အစိုးရသစ်လက်ထက်တွင် ပထမဆုံးအကြိမ် နိုင်ငံတော်အဆင့်ဖြင့် ခမ်းနားစွာ ပြန်လည်ကျင်းပပေးခဲ့သည့်(၆၅)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကိုဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်လာခြင်းအပြင်ပြည်သူနှစ်သောင်းကျော်က စံချိန်တင်လာရောက်ဂါရဝပြုခဲ့ကြသည်။

ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားမြောက်ဖက်မုခ်အနီးရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်သည့် အာဇာနည်နေ့အခမ်းအနားသို့ ယခင်နှစ်များက မြို့တော်ဝန်အဆင့်သာ နှစ်စဉ်တက်ရောက်ခဲ့ရာမှ ယခုနှစ်တွင်ပြည်ထောင်စုမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လာရောက်ဂါရဝပြုခဲ့သည်။

ထို့နောက် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များက တက်ရောက်ဂါရဝပြု၍ လွမ်းသူ့ပန်းခွေချခဲ့ကြသည်။

လူမှုရေးအဖွဲ့အစည်းများအပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တို့နှင့်အတူ နိုင်ငံရေးပါတီများ၊ နိုင်ငံခြားသံရုံးများကလည်း တက်ရောက်ဂါရဝပြုခဲ့ကြသည်ကို တွေ့ရသည်။

(၆၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့ခေါင်းဆောင်မှာ ယခင်က ဗိုလ်ကြီးအဆင့်သာဖြစ်ခဲ့ရာမှ ယခု ဗိုလ်မှူးအဆင့်ဖြစ်လာပြီး

**အချုပ်ပို**(D) **သို့**

## အချုပ်သားနှစ်ဦး အချုပ်ခန်းခေါင်မိုး ဖောက်၍ ထွက်ပြေး

**မိုးညို၊ ချယ်ရီမြင့်**
**ရန်ကုန်၊**
**ဇူလိုင် - ၂၃**

သန်လျင်မြို့နယ်ရဲစခန်းရှိ အချုပ်ခန်းအမှတ်(၂)မှ ပြစ်မှုကျူးလွန်ထားသူ အချုပ်သားနှစ်ဦးမှာ ဇူလိုင်လ ၁၄ ရက်က အချုပ်ခန်းခေါင်မိုးအား ဖောက်၍ ထွက်ပြေးလွတ်မြောက်သွားကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သတင်းရရှိသည်။

ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားစဉ် သုံးဦးအနက် နှစ်ဦးသာ ထွက်ပြေးသွားနိုင်ခဲ့ပြီး ကျန်တစ်ဦးကို အချိန်မီ ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်း သန်လျင်မြို့နယ်ရဲစခန်းရှေ့တွင် နေထိုင်သူ အသက် ၄၀ အရွယ် အမျိုးသားတစ်ဦးကပြောသည်။

လွတ်မြောက်သွားသူအချုပ်သားနှစ်ဦးမှာ အသက် ၁၇ နှစ်အရွယ် ကို--- နှင့် အသက် ၁၈ နှစ်အရွယ် ကို--- တို့မှာ ဇူလိုင် ၁၄ ရက် နံနက် ၃ နာရီ ၁၇ မိနစ်အချိန်တွင် အချုပ်ခန်း၏ ခေါင်မိုးထောင့်ရှိ ၃"×၂" ရှိ သစ်သားအား ခွာ၍ ထွက်ပြေးလွတ်မြောက်သွားခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မှုခင်းစစ်ဆေးရေးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြပါရှိသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး သန်လျင်မြို့နယ်ရဲစခန်းအား ဆက်သွယ်မေးမြန်းရာ စခန်းအနေနှင့်ယင်းဖြစ်စဉ်အားအတည်ပြုဖြေကြားပေးနိုင်ခြင်းမရှိကြောင်း တယ်လီဖုန်းမှတစ်ဆင့် ဇူလိုင်လ ၂၃ ရက်ကပြောသည်။

ထွက်ပြေးလွတ်မြောက်သွားသူ အချုပ်သားနှစ်ဦးအား သန်လျင်ရဲစခန်းမှ (ပ)၈၈၆/၁၂၊ ပုဒ်မ-၂၂၄/၁၁၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရန်ကုန်တိုင်းရုံးမှသတင်းရရှိသည်။

**အချုပ်ပို**(D) **သို့**



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.20 ▪ JULY 26 , 2012



## ၂၀၁၂ဇူလိုင် ၂၅မှ၃၁ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းငယ်တစ်ခုဖြစ်လာရန် အလားအလာမရှိသေးဘဲ မုန်တိုင်းဆက်လက်လျော့နည်းနေနိုင်ပါတယ်။ အနောက်တောင်မုတ်သုံလေဟာ ဘင်္ဂလားပင်လယ်အော်အနောက်ပိုင်းမှာ အားကောင်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်မှာ အားအသင့်အတင့် ရှိနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းကြီးနိုင်ပြီး၊ လှိုင်းအမြင့်မှာ (၆)ပေမှ(၇)ပေခန့်ရှိနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ(၃၅)မိုင်ခန့်အထိ တိုက်ခတ်နိုင်ပါတယ်။ ကျန်မြန်မာ့ပင်လယ်ပြင်နဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်သာ ရှိနိုင်ပါတယ်။ လှိုင်းအမြင့် (၃)ပေမှ(၅)ပေအထိ ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

မိုးလေဝသဌာနမှတိုင်းတာချက်အရပြီးခဲ့တဲ့ ဇူလိုင်လ(၁၄)ရက်မှ ဇူလိုင်လ(၂၀)ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ ဧရာဝတီတိုင်းတောင်ပိုင်းနဲ့ တနင်္သာရီတိုင်းတောင်ပိုင်းတို့မှာ မိုးရေချိန်(၂)လက်မမှ(၆)လက်မခန့်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်မြောက်ပိုင်း၊ ဧရာဝတီတိုင်းမြောက်ပိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတောင်ပိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တောင်ပိုင်း၊ တနင်္သာရီတိုင်း မြောက်ပိုင်း၊ ရှမ်းပြည်နယ် စတာတွေမှာ မိုးရေချိန်(၂)လက်မမှ(၄)လက်ခန့်အထိ ရရှိခဲ့ပါတယ်။ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းဒေသအချို့တို့မှာသာ မိုးရွာသွန်းမှု တစ်ပတ်အတွင်း မိုးရေချိန် (၀. ၈) လက်မခန့်သာ ရရှိခဲ့သောဒေသများအဖြစ် ကျန်ရှိပါတော့တယ်။ ကျန်ဒေသတွေမှာ မိုးရေချိန် (၁)လက်မမှ(၂)လက်မခန့် ရွာသွန်း ခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

ခန့်မှန်းကာလအတွင်း တစ်ပြည်လုံးတွင် မိုးအားလျော့နည်းဖွယ်ရာရှိပါတယ်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းတောင်ပိုင်းတို့မှာ နေရာအနှံ့အပြား ငါးရက်ခန့် မိုးရွာနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်းမြောက်ပိုင်း၊ မကွေးတိုင်းအရှေ့ပိုင်း၊ မန္တလေးတိုင်းတွေမှာ နေရာကွက်ကျား လေးရက်ခန့် မိုးရွာနိုင်ပြီး ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပါတယ်။ ကျန်ဒေသတွေမှာတော့ နေရာကျဲကျဲမှ စိပ်စိပ် လေးရက်မှငါးရက်ခန့် မိုးရွာပြီး ရွာသွန်းမြဲခန့်ရှိနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းတို့မှာ နေရာကွက်ပြီး မိုးကြီးနိုင်ပါတယ်။

**မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုအခြေအနေ**

အများအားဖြင့် တစ်ပြည်လုံးမှာ ထစ်ချုန်းမည့်အခြေအနေများ တဖြည်းဖြည်းလျော့နည်းလာနိုင်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမြေလတ်ပိုင်း၊ အလယ်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ် ဒေသများမှာ မိုးတိမ်တောင်များဖြစ်ပေါ်ဖို့ အလားအလာအများဆုံးဖြစ်နိုင်ပါတယ်။ တစ်ခါတစ်ရံ နေရာကွက် မိုးကြီးပြီး လေပြင်းများကျရောက်ခြင်းနဲ့ မိုးကြိုးပစ်ခြင်းကိုလည်း ကြုံတွေ့နိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

ကချင်ပြည်နယ်အရှေ့ပိုင်း၊ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှာ အပူချိန်လျော့နည်းနိုင်ပါတယ်။ တနင်္သာရီတိုင်းမှာ အပူချိန် အမြင့်မားဆုံးဖြစ်နိုင်ပါတယ်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း တို့မှာ အပူချိန်ပုံမှန်ထက်မြင့်မားနိုင်ပါတယ်။ ကျန်ဒေသများမှာတော့ ပုံမှန် အပူချိန်ခန့်သာရှိနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ ပဲခူးမြစ် စသည့်မြစ်တို့တွင် လက်ရှိရေအမှတ်များထက် အနည်းငယ်ပိုမိုမြင့်တက်လာနိုင်ပြီး၊ မြေနိမ့်ပိုင်းများတွင် ရေလွှမ်းမိုးနိုင်ပါတယ်။ ရန်ကုန်တိုင်းနဲ့ ပဲခူးတိုင်းတို့မှာရှိ မြစ်ချောင်းများမှာ ရေလျှံမှုအလားအလာများမြင့်မားနိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့်ရက်သတ္တတစ်ပတ်အတွင်းမှာမုန်တိုင်းများဖြစ်လာနိုင်မယ့်အခြေအနေများ ရှိပေမယ့်မြန်မာနိုင်ငံဘက်ကိုတော့ အရှေ့ဘက်မှ မုန်တိုင်း အကြွင်းအကျန်နဲ့ လေပွေလှိုင်းများ ရောက်ရှိလာနိုင်ဖွယ်ရာ မရှိပါဘူးလို့ ခန့်မှန်း ရပါတယ်။

**ဒေါက်တာထွန်းလွင်**

# နေပြည်တော် စက်မှုဇုန် ရင်းနှီးမြှုပ်နှံမှုအတွက် လုပ်ငန်းရှင် ၂၀ ကျော်လျှောက်ထား

**မိုးညို**

**ရန်ကုန်၊ ဇူလိုင် - ၁၉**

အသစ်ဖော်ထုတ်မည့် နေပြည်တော်စက်မှုဇုန်အတွက်ပြည်တွင်းလုပ်ငန်းရှင်ပေါင်း ၂၀ ကျော် လာရောက်ရင်းနှီးမြှုပ်နှံရန် လျှောက်ထားမှုများရှိနေပြီဖြစ်ကြောင်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုး တက်ရေးကော်မတီမှ သိရသည်။

မေလလယ်မှ စတင်ကာ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့တွင်အသစ်ဖော်ထုတ်မည့် စက်မှုဇုန်နယ်မြေသစ်အား ပြည်တွင်းလုပ်ငန်းရှင်များ ဝင်ရောက်လုပ်ကိုင်ရန် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ မေလမှစတင်ခေါ်ယူခဲ့ရာ ယခုဇူလိုင်လလယ်အထိသုံးလအတွင်း နေပြည်တော် စက်မှုဇုန်တွင် ဝင်ရောက်လုပ်ကိုင်ရန်ပြည်တွင်းလုပ်ငန်းရှင်ပေါင်း ၂၀ကျော်လာရောက်လျှောက်ထားခဲ့သော်လည်း ရှမ်းပြည်နယ်တွင်ဖော်ထုတ်မည့်စက်မှုဇုန်နယ်မြေများအတွက်မူ လတ်တလော လာရောက်လျှောက်ထားမှုမရှိသလောက် နည်းပါးနေပြီး စုံစမ်းမေးမြန်းမှုများသာရှိနေသေးကြောင်း အထက်ပါကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လုပ်ငန်းက ကိုယ့်စိတ်ကြိုက်လုပ်ငန်း အကုန်လျှောက်ထားလို့ရပါတယ်။ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်နိုင်ဖို့ဘဲ လိုတယ်" ဟုအထက်ပါတာဝန်ရှိသူကပြောသည်။

အဆိုပါစက်မှုဇုန်လုပ်ငန်းနှစ်ခုစလုံးကို မိမိလုပ်ကိုင်လိုသည့် လုပ်ငန်းပေါ်မူတည်ကာ မြေကေ လျှောက်ထားနိုင်ပြီး လုပ်ငန်းအမျိုးအစားနှင့် မြေကေသွင်းစျေးကိုမူ လတ်တလောတွင် မသတ်မှတ်ရသေးကြောင်း သိရသည်။ ထို့ပြင်လျှောက်လွှာတင်သွင်းမည့်ရက်ကိုလည်း သတ်မှတ်ထားခြင်း မရှိဘဲ သတ်မှတ်ထားသည့်မြေကေပမာဏပေါ်မူတည်ကာ အချိန်ကာလအလိုက် သတ်မှတ် ချထားပေးသွားမည်ဖြစ်သည်။



"အုပ်ချုပ်ရေးမြို့တော်ရဲ့အနီးအနားမှာဖြစ်တဲ့အတွက်စိတ်ဝင်စားမှုများတာမဆန်းပါဘူး။ ရှမ်းပြည်နယ်ကျတော့ အလှမ်းလည်းဝေးတယ်။ နောက်ပြီးတချို့နယ်မြေတွေမှာစက်မှုဇုန်တွေကအရင်ကတည်းကရှိပြီးသားမို့ရင်းနှီးမြှုပ်နှံချင်တဲ့ သူနည်းနေတာဖြစ်မယ်" ဟုစက်မှုလုပ်ငန်းရှင်တစ်ဦးက ၎င်း၏အမြင်ကိုပြောသည်။

အသစ်ဖော်ထုတ်မည့် နေပြည်တော်စက်မှုဇုန်မှာ နေပြည်တော်နှင့်တပ်ကုန်းမြို့နယ်အကြား မြေကေ ၅၀၀ ကျော်တွင် အကောင်အထည်ဖော်မည်ဖြစ်ကာ ရှမ်းပြည်နယ်ရှိစက်မှုဇုန်ကိုမူဆယ်နှင့် ကွတ်ခိုင်မြို့ ကြားနမ့်အွန်ဒေသတွင် တည်ထောင်သွားမည်ဖြစ်သည်။

# မြေလွတ်မြေရိုင်းများတွင် အမည်ပေါက်များရှိနေ

**သန်းဌေး**

**ရန်ကုန်၊ဇူလိုင်-၁၈**

ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့်နေပြည်တော်ကောင်စီအတွင်းရှိ မြေလွတ်မြေရိုင်းများအားလုံး မြေနေရာဦး၍ အမည်ပေါက် ပိုင်ရှင်များ ရှိနေကြကြောင်း မွေးမြူရေးလုပ်ငန်းရှင်များက ပြောသည်။

အသားတိုးနွားမွေးမြူရေးလုပ်ငန်း လုပ်ဆောင်ရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဧကတစ်သောင်း ခွင့်ပြုထားသောကြောင့် စားကျက်မြေ ရှာဖွေရာတွင် ရှမ်းပြည်နယ်အတွင်းသာမက ကယားပြည်နယ်တွင်ပါ မြေလွတ်မှန်သမျှ အမည်ပေါက်ပိုင်ရှင်ရှိပြီး ဖြစ်နေကြောင်း ရှမ်းပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာကြည်လွင်က ပြောသည်။

"ဝန်ကြီးတွေကရော ပြည်ထောင်စုဝန်ကြီးတွေကလည်း အားပေးတယ်။ ပြည်နယ်ဝန်ကြီးချုပ်ကလည်း ခွင့်ပြုတယ်။ ဧကတစ်သောင်း ကျွန်တော်အားချင်းရှာတယ်။ ရှာတဲ့အခါကျတော့ တစ်သောင်းမပြောနဲ့ တစ်ထောင်၊ နှစ်ထောင်လည်း ပထမတော့ ရမ လိုလိုနဲ့ မလွယ်ဘူး။ တောက်လျှောက်ရှာတာ အခက်အခဲကဘာတွေ့လဲဆိုတော့ မြေကွက်တွေအကုန်က မြေလွတ်မြေရိုင်း မရှိဘူး။ မြေလွတ်မြေရိုင်းကရှိတယ်။ သို့သော် နာမည်တွေက ကျွန်တော်ပြောလို့မကောင်းဘူး။ အကုန်ပေါက်နေပြီ။ အဲဒီလိုဖြစ်နေတယ်"ဟု မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်အခမ်းအနားတွင် ၎င်းက ပြောကြားခဲ့သည်။ **စာ(၁၂)သို့**

**TRADEMARK CAUTION**

COMPAGNIE GERVAIS DANONE a company incorporated in France at 17, boulevard Haussmann 75009 PARIS, FRANCE is the Owner and Sole Proprietor of the following Trademark:-

OIKOS

Reg : No.4/6000/2012

In respect of: "Milk, milk powder, gelled, flavoured and whipped milk. Milk products, namely: milky desserts, yoghurts, yoghurt drinks, cottage cheese, plain or flavoured beverages composed mainly of milk or milk products, milky beverages mainly made of milk, milky beverages comprising fruit. Fermented plain or flavoured milky products. Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 26.July.2012

# မြေခွန်ပြေစာ အမည်ပြောင်းရာတွင် ငွေကြေးတောင်းခံမှုများ ရှိနေ

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၁၈**

ဧရာဝတီတိုင်းဒေသကြီးရှိမြို့နယ်အချို့လယ်ယာမြေများအတွက် ထုတ်ပေးသော မြေခွန်ပြေစာတွင် အမည်ပြောင်းလဲရာ၌ သက်ဆိုင်ရာက တောင်းခံသော နှုန်းထားများ တစ်မြို့နှင့်တစ်မြို့ မတူညီကြောင်း သတင်းရရှိသည်။

ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ် ကျုံပျော်မြို့နယ်ရှိ ကျေးရွာများတွင် အမည်ပြောင်းပါက တစ်ကေလျှင် ကျပ်ငါးထောင်အထိ ပေးဆောင်ရပြီး ဝါးခယ်မမြို့နယ်ရှိ ကျေးရွာများတွင် တစ်ကေလျှင် ကျပ်သောင်းဂဏန်းထိ ပေးဆောင်ရကြောင်း ဒေသခံတောင်သူများထံမှ သတင်းရရှိသည်။

"တချို့ ရွာတွေမှာ တစ်ကေကို ငါးထောင်တောင်းပေမယ့် ဆင်းရဲလို့အဆင်မပြေလို့ပြောပြီး ညှိပြီးတော့ ရွာကစုပေးတာလောက်ပဲ ယူတာလည်းရှိတယ်။ တစ်ကေကိုကျပ်သုံးထောင်လောက်တော့ကျတယ်" ဟု ရေကြည်မြို့နယ်မှ တောင်သူတစ်ဦးက ပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ နေပြည်တော်ရှိ မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူအား မေးမြန်းရာ "ဌာနအနေနဲ့ပိုက်ဆံယူရမယ်လို့ မသတ်မှတ်ထားပါဘူး။ မြို့နယ်မြေစာရင်းက လူတွေလုပ်တာပဲ ဖြစ်မယ်"ဟု ပြန်လည်ဖြေကြားခဲ့သည်။

ယခင်က မြေခွန်ပြေစာများတွင် မိဘဘိုးဘွားနာမည်များဖြင့် ဆက်လက်လုပ်ကိုင်နေပြီး ယခုအချိန်ထိ မပြောင်းရသေးဘဲ အစိုးရသစ်လက်ထက်မှစ၍ သက်ဆိုင်ရာက အမည်ပြောင်းရန် ပြောဆိုလာခြင်းဖြစ်သည်။

"ကိုယ့်နာမည်နဲ့ ပြောင်းထားရင်နောက်ပိုင်းပေါင်လို့ရမယ် နိုင်ငံခြားသားတွေကိုလည်း ငှားချင်ရင်ငှားလို့ရတယ်။ အခုပြောင်းထားကြ။ နောက်ပြောင်းဖို့မလွယ်ဘူးဆိုပြီး မြေစာရင်းက လူတွေကလာပြောင်းခိုင်းတာ" ဟု ဝါးခယ်မမြို့နယ်မှ တောင်သူများက ပြောသည်။

တောင်သူများမှာ သုံးနှစ်ဆက်တိုက် ရာသီဥတုဖောက်ပြန်သည့်ဒဏ်ခံရပြီး ပြီးခဲ့သည့်နှစ်တွင်လည်း သီးနှံစျေးကျဆင်း၍ အဆိုးရွားဆုံး အခြေအနေနှင့် ရင်ဆိုင်နေကြရသဖြင့် မြေခွန်အမည်ပြောင်းခပေးဆောင်ရန် ခက်ခဲနေကြသည်။ မကြာသေးမီက ပြဋ္ဌာန်းခဲ့သော လယ်ယာမြေဥပဒေသစ်တွင် မြေယာများ ပေါင်နှံခွင့်ပါရှိလာပြီး ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကလည်းမြေယာများအား နိုင်ငံခြားသားများအား ငှားရမ်းခွင့်ပြုပေးထားသည်။

Life
7DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012



ကမ္ဘောဒီးယားနိုင်ငံ၊ အန်ကောဝပ်ကျောင်းတော်ရှေ့တွင် အလှဓာတ်ပုံရိုက်ကူးနေသော နိုင်ငံတကာ မော်ဒယ်လ်တစ်ဦး

# အထွတ်အမြတ်ထားရာနှင့် လျှပ်ပေါ်လော်လည် အတွဲအဖက်များ

**အေးသူစံ**

ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံပင်ဖြစ်ပါစေ မိမိနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ကို နိုင်ငံ၏ ပြယုဂ်တစ်ခုအဖြစ် တန်ဖိုးထား ထိန်းသိမ်းကြသည်မှာ သံသယဖြစ်စရာစိုးစဉ်းမျှမရှိချေ။ မြန်မာနိုင်ငံတွင်လည်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်၊ ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများမှာ နိုင်ငံအနှံ့လက်ညှိုးထိုးမလွဲအောင် များပြားပါသည်။ သို့သော် လူအချို့၏ လွဲမှားသောအသုံးချမှုများကြောင့်မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအပေါ် မြန်မာပြည်သူအချို့၏ တန်ဖိုးထားမှုမှာ မေးခွန်းထုတ်စရာဖြစ်လာသည်။

မကြာသေးမီက မြန်မာဗုဒ္ဓဘာသာတို့၏အထွတ်အမြတ်ထားရာ ဘုရားပုထိုးစေတီများကို နောက်ခံထား၍ မြန်မာ့ယဉ်ကျေးမှုနှင့်မကိုက်ညီဟု အများကသတ်မှတ်ထားသည့်ဝတ်စားဆင်ယင်မှုများဖြင့် ဓာတ်ပုံများရိုက်ကူးလာသည်ကိုတွေ့လာရသည်။ ယင်းဓာတ်ပုံများအနက် လူမှုကွန်ရက်ဝက်ဘ်ဆိုက်များ၌လူပြောအများဆုံးဖြစ်လာသည့် ဓာတ်ပုံတစ်ပုံမှာ ပုဂံဘုရားများကိုနောက်ခံထား၍ မော်ဒယ်တစ်ဦး၏ ခေတ်ဆန်သည့်ဝတ်စုံဒီဇိုင်းများဖြင့် ရိုက်ကူးထားသောဓာတ်ပုံပင်ဖြစ်သည်။ ပြည်တွင်း လစဉ်ထုတ်မဂ္ဂဇင်းတစ်စောင်တွင်ဖော်ပြခဲ့သောယင်းဓာတ်ပုံများကို မြန်မာဗုဒ္ဓဘာသာစေတီပုထိုးများနှင့် မအပ်စပ်သည့်ဓာတ်ပုံများဟု အဆိုပါဓာတ်ပုံကိုကြည့်မိသူပရိသတ်အများစု၏ ဝေဖန်မှုများရှိလာသည်။

"ဘုရားဆိုတာ ဗုဒ္ဓဘာသာဝင်တွေရဲ့ အလေးအမြတ်ထားတဲ့နေရာပါ။ ရှေးတုန်းက ဘုန်းကြီးတွေ၊ ရဟန်းသံဃာတွေ ကြွလာရင်တောင် ပခုံးပေါ် သဘက်တင်ရတာ။ ဒီလိုမလုံမခြုံပုံတွေနဲ့ဘုရားကို နောက်ခံထားရိုက်တာဟာ ကိုယ့်မြန်မာတွေအနေနဲ့ မြန်မာ့ယဉ်ကျေးမှု၊ ရိုးရာဓလေ့ကိုဖောက်ဖျက်ရာ ရောက်တယ်။ လူမျိုးခြား၊ ဘာသာခြားတွေအမြင်မှာလည်း တကယ့်အထွတ်အမြတ်ထားတဲ့ နေရာမှာ ကဲ့ရဲ့စရာ၊ ရှက်စရာ၊ လူအထင်သေးစရာရောက်မှာပေါ့။ မြန်မာမိန်းကလေးတွေက ကိုယ့်ယဉ်ကျေးမှု ကိုယ့်ဘာသာကိုမှ အလေးမထားရင် ဘယ်သူက အလေးထားမှာလဲ" ဟု အငြိမ်းစားအထက်တန်းပြကျောင်း ဆရာမကြီးတစ်ဦးက ပြောသည်။

ပုဂံဒေသတွင် ရုပ်ရှင်၊ဗီဒီယိုဇာတ်ကားများ ရိုက်ကူးလိုပါက တစ်နေ့တာအတွက် ရိုက်ကူးခနှုန်းထားမှာ ကျပ်ဆယ်သိန်းဝန်းကျင်ပေးဆောင်ရမည်ဟု သက်ဆိုင်ရာကသတ်မှတ်ထားသော်လည်း ယခုကဲ့သို့မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီသည့် ဝတ်စားဆင်ယင်မှုများနှင့်ရိုက်ကူးမှုကိုမူ ခွင့်ပြုထားသလားဟု ဝေဖန်မှုများလည်း ထွက်ပေါ်လာပြန်သည်။

"ဒီဓာတ်ပုံရိုက်တဲ့ မဂ္ဂဇင်းအဖွဲ့ဟာ ကျွန်တော်တို့ဌာနကို ခွင့်ပြုချက်ရယူရိုက်ကူးခဲ့တာမဟုတ်ပါဘူး။ မော်ဒယ်လ် အမျိုးသမီးကို ကားပေါ်တင်ပြီး သာသနိကအဆောက်အအုံတွေမှာ လျှပ်တစ်ပြက်ရိုက်ကူးခဲ့တာဖြစ်ပါတယ်"ဟု ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးညွှန့်က ပြောကြားသည်။ **စာ(၁၁)သို့**

## ဈေးဝယ်ထွက်မယ်

## ပစ္စည်းကောင်းကြိုက်သူတွေအတွက် အမေရိကန်နိုင်ငံထုတ်ပစ္စည်းတွေ စုံလင်တဲ့နေရာ

**အိဖြူလွင်**

အမျိုးသမီးတွေအတွက် စတိုင်ကျလှပဖို့ စမတ်ကျကျနဲ့ အဆင့်အတန်းမြင့်မြင့်လေး နေနိုင်ဖို့က လည်း ခေတ်ရဲ့ လိုအပ်ချက်တစ်ခုလို ဖြစ်လာပါပြီ။

နေ့စဉ်လုပ်ရှားမှုတွေ၊ပွဲတက်တဲ့ အချိန်တွေမှာ အဆင့်မြင့်စမတ်ကျနေဖို့ဆိုတာ မရှိမဖြစ်လိုအပ်ချက်တစ်ခု ဖြစ်လာတာနဲ့အတူ ဒီလိုအဝတ်အစားနဲ့ အသုံးအဆောင်တွေကို ရှာဖွေဝယ်ယူဖို့ပါ လိုအပ်လာပါတယ်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



ဒီတစ်ပတ်ရဲ့ ဈေးဝယ်ထွက်မယ်ကဏ္ဍကို အလှတစ်ခုက အမျိုးသမီးတွေအတွက် ရည်ရွယ်ပြီး အဝတ်အစားနဲ့ အိတ်တွေရနိုင်မယ့်ဆိုင်ကို လမ်းညွှန်ပေးချင်ပါတယ်။ အမေရိကန်တံဆိပ် အဝတ်အထည်နဲ့ ပစ္စည်းစစ်စစ်တွေကိုပဲ ရနိုင်တာကြောင့် ဈေးနှုန်းကတော့ အလှတစ်ခုက အမျိုးသမီးတွေပဲ ဝယ်နိုင်မယ့် ဈေးနှုန်းလို့ ဆိုနိုင်ပါတယ်။ ဖွင့်တာမကြာသေးတဲ့ဒီဆိုင်က ပစ္စည်းတွေက ပစ္စည်းကောင်းကြိုက်သူ အမျိုးသမီးတွေအတွက်တော့ ဈေးနှုန်းသက်သာတဲ့ အတွက် အဆင်ပြေနိုင်သလို ပစ္စည်းအစစ်အမှန်လည်း ရနိုင်တယ်လို့ သိရပါတယ်။

အမျိုးသမီးတွေအတွက် ဂါဝန်တွေ၊ အင်္ကျီတွေကို အမေရိကန်တံဆိပ်တွေဖြစ်တဲ့ NY Collection .I.N, A-Buyer . Calven Klein စသဖြင့် တံဆိပ်တွေထဲက နေ ရွေးချယ်ဝယ်နိုင်မှာပါ။ ဈေးနှုန်းအနေနဲ့တော့ ကျပ်သုံးသောင်းကျော်ကနေ တစ်သိန်းကျော်လောက်ထိ ရှိပါတယ်။

ပေးရတဲ့ဈေးနှုန်းနဲ့ထိုက်တန်မယ့် အရည်အသွေးကို စိတ်တိုင်းကျရနိုင်မှာဖြစ်သလို တန်ဖိုးကြီးအဝတ်အစားတွေနဲ့ လိုက်ဖက်မယ့် အိတ်တွေကိုလည်း ဒီဆိုင်မှာ ရနိုင်ပါသေးတယ်။ နာမည်ကြီးတံဆိပ်နဲ့ အိတ်တွေကို နောက်ဆုံးပေါ် ဒီဇိုင်းတွေနဲ့ အမျိုးမျိုးစုံလင်အောင် ရနိုင်တာပါ။

ဒါ့အပြင် အွန်လိုင်းက မှာချင်သူတွေ၊ ဆိုင်မှာမရှိပေမယ့် အမေရိကန်နိုင်ငံထုတ်ပစ္စည်းတွေ လိုချင်သူတွေကိုလည်း ဝန်ဆောင်မှုပေးတယ်လို့ သိရပါတယ်။


အမေရိကန်နိုင်ငံထုတ်ပစ္စည်းတွေကို ဝယ်ချင်သူတွေအတွက် ကျေနပ်မှုအပြည့်ပေးမယ့် ပြည်လမ်းမကြီးပေါ်က ၆ မိုင်ခွဲနားမှာရှိတဲ့ American Store ကို ဈေးဝယ်ထွက်ကြည့်ဖို့ လမ်းညွှန်ပေးလိုက်ပါတယ်။

## အိုလိုလေး ချက်ကြရအောင်

ဝိုက်ဖီ



## ဂျူးမြစ်သီးစုံချဉ်ရည်



ဒီတစ်ပတ်တော့ ဝိုက်ဖီက အရည်သောက်ဟင်းရည်လေး ချက်ထားပါတယ်။ ဂျူးမြစ်သီးစုံချဉ်ရည်ဟင်းလေးပါ။ မိုးအေးအေးလေးနဲ့ ဟင်းရည်ပူပူလေးကို ငရုတ်သီးစိမ်း ငါးပိထောင်းလေးနဲ့ တွဲဖက်စားနိုင်အောင် ပြင်ဆင်ထားတာဖြစ်ပါတယ်။

ဒီချဉ်ရည်ဟင်းလေးအတွက် လိုအပ်တာတွေက ငါးကြင်းဗိုက်သားအနည်းငယ်၊ ဂျူးမြစ်၊ အာလူး၊ ပဲစောင်းလျားသီး၊ ပဲသီး၊ ခရမ်းသီး၊ ပန်းဂေါ်ဖီစတာတွေပဲဖြစ်တယ်။

ပထမဆုံး ငါးအသားကို အတုံးသေးသေးလေးတုံးပြီး ကြက်သွန်ဖြူ၊ နနွင်းလေးနဲ့တွဲပြီး ဆီသတ်ပါမယ်။ ဒန်အိုးထဲထည့်မယ့် အသီးရွက်စုံကိုဆေးကြောလှီးဖြတ်ပြီးမှထည့်ပါ။ ဟင်းခတ်မှုန့်၊ ဆားတို့ကိုလည်း လိုအပ်သလို ထည့်ပြီးမှ ခုနက ဆီသတ်ထားတဲ့ငါးကိုလောင်းထည့်ပါမယ်။ မီးဖိုပေါ် ဒီအတိုင်း တင်ထားပြီး အသီးအရွက်တွေ နွမ်းကျလာပြီဆိုမှ ရေနည်းနည်းထည့်ပေးပါ။ ရေပွက်ပွက်ဆူလာပြီး အသီးတွေ နူးလောက်မှ မန်ကျည်းချဉ်ရည်လေး နည်းနည်းလောင်းထည့်ပေးပြီး အရသာအနေတော်မြည်းပြီး ချလို့ရပါပြီ။

ဒါဆိုရင် သီးစုံချဉ်ရည်ဟင်းပူပူလေးနဲ့ ငါးပိထောင်းစပ်စပ်လေးတွဲဖက်ပြီး မိုးအေးအေးမှာ ခံတွင်းမြိန်ကြပါစေ။

7DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012



# ဦးသန့်စာကြည့်တိုက်ကို ပန်းတနော်မြို့တွင် တည်ဆောက်ရန်စီစဉ်

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင် - ၁၉**

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ ရုပ်တုနှင့် စာကြည့်တိုက်ကို ၎င်း၏ ဇာတိပန်းတနော်မြို့တွင် တည်ဆောက်ထားရှိရန် စီစဉ်နေပြီး စာကြည့်တိုက် ဖြစ်မြောက်ရေးအတွက် ကျပ်သိန်းတစ်ထောင်ခန့် ကုန်ကျမည်ဖြစ်ကြောင်း အဆိုပါအစီအစဉ်ကို အဓိကလုပ်ဆောင်နေသည့်ပန်းတနော်မြို့နယ်အသင်း ဥက္ကဋ္ဌ ဦးသိန်းအောင်က 7Day News သို့ပြောသည်။

"ကျွန်တော်တို့မှာ ရုပ်တုနဲ့ စာကြည့်တိုက်လုပ်ဖို့ စုစုပေါင်း သိန်း ၁၅၀ ပဲရှိတယ်။ အခု ရုပ်တုက သိန်း ၅၀ နဲ့ အပြီးထုလုပ်ပြီးပြီ။ စာကြည့်တိုက်ကတော့ ရန်ကုန်-ပုသိမ်ကားလမ်းဘေးက ပန်းတနော်မြို့အဝင်နားလေးမှာ ပေ၄၀×ပေ ၁၂၀ မြေကွက်မှာ၊ အဆောက်အအုံက လေးပုံတစ်ပုံပဲ ပြီးသေးတယ်။ စာကြည့်တိုက်ဖြစ်မြောက်ဖို့က သိန်းတစ်ထောင်လောက် အနည်းဆုံးလိုအပ်နေပါတယ်"ဟု ဦးသန့်ကြေးရုပ်တုကို ပန်းတနော်မြို့သို့ မသယ်ယူမီ သတင်းစာရှင်းလင်းပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

**တစ်ဖက်သို့**











## အယ်ဒီတာထံ ပေးစာ

### လယ်သမားများကို ပြန်ကြည့်ပေးပါ

ကျွန်တော်သည်ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအုပ်စု မအူချောင်းကျေးရွာတွင် နေထိုင်သော လယ်သမားစစ်စစ်တစ်ယောက်ဖြစ်ပါသည်။ အယ်ဒီတာမှတစ်ဆင့် ပြောကြားလိုသည်မှာ ကျွန်တော်အပါအဝင် ကျေးရွာအုပ်စုတစ်ခုလုံးတွင် လယ်သမားတစ်ထောင်ကျော်ရှိပါသည်။ လယ်သမားများအား နိုင်ငံတော်မှ စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးပေးသည်မှာ ထက်ဝက်မျှသာ ရှိပါသည်။ ကျန်ရှိသော လယ်သမားများ မရှိကြပါ။ သို့ပါ၍ ကျန်ရှိသော လယ်သမားများ ယခုစိုက်ပျိုးချိန်အမီ စိုက်ပျိုးစရိတ်ချေးငွေရရှိအောင် ဆောင်ရွက်ပေးပါရန် အယ်ဒီတာမှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးမှ အဖွဲ့အစည်းများနှင့်တကွ နိုင်ငံတော်သမ္မတကြီးထံသို့ အသနားခံတင်ပြအပ်ပါသည်။

ကျွန်တော်အပါအဝင် တောင်သူလယ်သမားအများစုမှာ နီးစပ်ရာကုန်သည်များထံမှ အတိုးငွေ နှင့် ရင်းနှီးလုပ်ကိုင်ရသဖြင့် ဈေးနှိမ်၊ အလေးခိုး၊ အတိုးယူစနစ်ဖြင့် နာလန် မထူနိုင်အောင် ဆင်းရဲတွင်း နစ်သထက်နစ်နေသည်မှာ နိုင်ငံတော်သမ္မတကြီး အသိဖြစ်ပါသည်။ ထို့ကြောင့် ဆင်းရဲတွင်းမှ အမြန်ဆုံးကယ်တင်ပေးပါရန် အ ကြိမ်ကြိမ်အသနားခံတင်ပြအပ်ပါသည်။

**မန်းအောင်ထွန်းကျော်**



# ဗုဒ္ဓ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## ဘဝ ဆိုတာ နာမ်နဲ့ရုပ်တို့ရဲ့ ပေါင်းစည်းမှုတစ်ခု

စိတ်ဆိုတာဘာလဲ၊ ရုပ်မဟုတ်တာ။ ရုပ်ဆိုတာဘာလဲ၊ စိတ်မဟုတ်တာ။ စိတ်ဆိုတဲ့အထဲမှာ ဝေဒနာရယ်၊ သညာရယ်၊ သင်္ခါရရယ်ပါတယ်။ ရုပ်ထဲမှာတော့ မဟာဘုတ်ဓာတ်ကြီးလေးပါးဖြစ်တဲ့ ပထဝီ(အစိုင်အခဲသဘော)၊ အာပေါ(အရည်သဘော)၊ ဝါယော(လှုပ်ရှားခြင်းသဘော)နဲ့ တေဇော(အပူသဘော)တွေပါတယ်။ ဘဝဟာ စိတ်နဲ့ ရုပ် တစ်ခုကို တစ်ခု မှီတည်နေကြတဲ့ဖြစ်တည်မှုသဘောပဲ။ ဇရာ(အိုမင်းရင့်ရော်ခြင်း)ဆိုတာက စိတ်နဲ့ ရုပ်တစ်ခုနဲ့တစ်ခု အကျိုးတူဆောင်ရွက်ခြင်းသဘော၊ ဆုတ်ယုတ်သွားခြင်းပဲဖြစ်တယ်။ စုတိ(သေခြင်း)သဘောဆိုတာက စိတ်နဲ့ ရုပ်ခွဲခွာသွားကြခြင်းပဲဖြစ်တယ်။ ဇာတိပဋိသန္ဓေဆိုတာက ဘဝတစ်ခုမှ ဘဝတစ်ခုကို ဆက်စပ်ကြခြင်းသဘောပါ။ ရုပ်ခန္ဓာသေဆုံးသွားတဲ့အခါ စိတ်ရဲ့စွမ်းက တခြားရုပ်ခန္ဓာသစ်တစ်ခုမှာ သွားပေါင်းပြီး နောက်ထပ်ဘဝဖြစ်တည်မှုတစ်ခုကို ဖြစ်ပေါ်စေတာပဲဖြစ်တယ်။

ဗုဒ္ဓဘာသာက ဘဝဖြစ်တည်ခြင်းသဘောဟာ ရုပ်ရဲ့ ဂုဏ်သတ္တိတစ်မျိုးတည်းမဟုတ်ဘူး။ ဘဝဖြစ်စဉ်ဆက်တိုက်ဖြစ်ပေါ်နေတာဟာလည်း အကြောင်းကြောင့် အကျိုးပေါ်တဲ့သဘောနဲ့ဖြစ်ဖြစ်နေတာလို့ဆိုတယ်။ ဒီရုပ်ဓာတ်နဲ့ နာမ်ဓာတ်တွေဟာ လူအပါအဝင် သက်ရှိရုပ်တိုင်းမှာ ဒီဘဝတွင်မကဘူး၊ ရှေးက ဖြစ်ခဲ့ဖူးတဲ့ ဘဝဖြစ်တည်ပုံအမျိုးမျိုးမှာလည်း ဒီအတိုင်းပဲဖြစ်တယ်။ ပရမတ္ထသဘောအရ ကျွန်ုပ်တို့အားလုံး လူတိုင်းလူတိုင်းဟာ နာမ်ရုပ်ချည်းပဲ။ နာမ်နဲ့ ရုပ်ပေါင်းစပ်ထားတဲ့ ဖြစ်တည်ခြင်း သဘောသက်သက်ပဲဖြစ်တယ်။ နာမ်ရုပ်ကို ဖြစ်စေတဲ့ ပရမတ္ထသစ္စာ တရားမှအပ အခြား အတ္တတို့၊ ဝိညာဉ်ကောင်တို့၊ ငါကောင်တို့ဆိုတာ ဘာမှမရှိဘူး။ စိတ်ရဲ့သဘောက အာရုံတွေ ထိတွေ့ခံစားသိမြင်တဲ့ သဘောသက်သက်ဖြစ်ပြီး၊ ရုပ်က ဘာမှသိမြင်ခံစားတာမဟုတ်ဘူး။ ဗုဒ္ဓ ဘာသာရဲ့ သဘောတရားအရဆိုရင် ဘဝဆိုတာ နာမ်နဲ့ ရုပ်တို့ရဲ့ ပေါင်းစည်းမှုတစ်ခုပဲဖြစ်တယ်။



ရည်ညွှန်း- ဆန်းလွင် (ရှင်အာဒိစ္စရံသီ)၏ 'ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက'

## ၈ ၁၀၊ ဦးသန့်စာကြည့်တိုက်ကို ပန်းတနော်မြို့တွင် တည်ဆောက်ရန်စီစဉ် မှ

ဦးသန့်၏ သုံးပေခန့်အမြင့်ရှိ ကိုယ်တစ်ပိုင်းပုံ ကြေးရုပ်တုကို ပန်းပုဆရာတင်ဝင်းထွန်း(ပေါင်းတည်)က ၂၀၁၁ခုနှစ် နိုဝင်ဘာ ၆ရက်တွင် စတင်ထုလုပ်ခဲ့ပြီး ၂၀၁၂ ဇူလိုင် ၁၅ရက်တွင် အပြီးသတ်ထုလုပ်နိုင်ခဲ့ကာ အဆိုပါရုပ်တုကို ပန်းတနော်မြို့ မြတောင် ကျောင်းတိုက်ဆရာတော် ဦးကုမာရက ပန်းတနော်မြို့သို့ သယ်ယူသွားပြီဖြစ်သည်။

"ကျွန်တော်က ပန်းချီဆရာ ဦးသုခရဲ့ရုပ်တုကို ထုလုပ်နေတုန်း ကျွန်တော့်လက်ရာကိုသဘောကျတဲ့ပန်းတနော်အသင်းကလူကြီးတွေကမ်းလှမ်းလို့ ထုလုပ်ဖြစ်တာပါ။ ကမ္ဘာကျော် ပုဂ္ဂိုလ်တစ်ယောက်ရဲ့ ရုပ်တုကို ထုလုပ်ရတဲ့အတွက် ဂုဏ်ယူပါတယ်"ဟု ဦးသန့်ရုပ်တု ထုလုပ်သည့် ပန်းပုဆရာ တင်ဝင်းထွန်း (ပေါင်းတည်)ကပြောသည်။

ဦးသန့်၏ ရုပ်တုနှင့် စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် ဦးသန့်၏ တပည့်ကျောင်းသားဟောင်းများက ကြိုးစားလုပ်ကိုင်နေကြပြီး ဝေဖန်မှုများ အမျိုးမျိုး ထွက်ပေါ်နေသော်လည်း ပြီးဆုံး သည်အထိ ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ ရန်ပုံငွေအင်အား တောင့်တင်းခိုင်မာရန် အများပြည်သူများက ဝိုင်းဝန်းလှူဒါန်းကြစေလိုကြောင်း ဦးသိန်းအောင်ကပြောသည်။

## စာ-၉၊ အထွက်အမြတ်ထားရာနှင့် လျှပ်ပေါ် လော်လည်အတွဲအဖက်များ မှ

ယင်းဓာတ်ပုံများရိုက်ကူးနေစဉ်ကာလကပင် ပုဂံရှိဒေသခံအချို့၏ မကျေနပ်မှုများကို ရင်ဆိုင်ခဲ့ရကြောင်း ဓာတ်ပုံရိုက်ကူးခဲ့သည့် ထက်အောင်ကျော်က ပြောသည်။ "ကျွန်တော် တို့ရိုက်နေတုန်း ဖြတ်သွားဖြတ်လာလမ်းသွားလမ်းလာတွေက ပြောတယ်။ ဟာ. . . ပုဂံမှာဘယ်လို လာရိုက်နေလဲမသိဘူး။ ဒီလိုပုံစံနဲ့ မသင့်တော်ဘူးပေါ့" ဟု ဒေသခံများ၏ ပြောစကားကို ၎င်းက ပြန်လည်ပြောကြားသည်။

ပုဂံဘုရားများနှင့် မော်ဒယ်၏ခန္ဓာကိုယ်အစိတ်အပိုင်းအနည်းငယ်ပေါ်လွင်သောဝတ်စုံတို့ဖြင့် ရိုက်ကူးခဲ့သော ယင်းဓာတ်ပုံများ မတိုင်မီက ရန်ကုန်မြို့၏ အထင်ကရတန်ခိုးကြီးစေတီတစ်ဆူဖြစ်သည့် ရွှေတိဂုံဘုရားကိုနောက်ခံထား၍စကတ်အတို၊ အင်္ကျီလည်ဟိုက်တို့ဝတ်ဆင်ထားသည့် မင်းသမီးတစ်ဦး၏ဓာတ်ပုံများလည်း ထွက်ပေါ်လာခဲ့သည်။ "သရုပ်မှန်ဓာတ်ပုံဆရာတစ်ယောက်အနေနဲ့ အနောက်တိုင်းယဉ်ကျေးမှုနဲ့ ကျွန်မတို့ရဲ့သာသနိကအဆောက်အအုံတွေနဲ့ တွဲဖက်ရိုက်တာမျိုး ရိုက်ကူးဖြစ်မယ်မထင်ဘူး။ မဂ္ဂဇင်းထုတ်ဝေသူဘက်ကတောင်းဆိုလာရင်လည်း ပြောပြညှိနှိုင်းရမှာပေါ့။ ညှိနှိုင်းလို့မရဘူးဆိုရင်လည်း ဒီ အလုပ်ကို လက်မခံရုံပဲရှိတယ်။ အနှစ်ကိုးရာကျော်လောက်က ယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ ဒီလိုပုံတွေရိုက်ဖို့က ကျွန်မရဲ့ခံယူချက်၊ အနုပညာ အာရုံဝင်စားမှုနဲ့ ကိုက်ညီမှုမရှိဘူး" ဟု ဓာတ်ပုံဆရာ မလိမ္မာ(မြန်မာစာ)ကပြောသည်။

ပြည်ပအဆိုတော် A Kon ၏ အမ်တီဗီဂီတဗီဒီယိုတစ်ခုတွင် ဗုဒ္ဓဆင်းတုတော်များကို မလျော်ကန်သောအသုံးပြုမှုများဖြင့်ထည့်သွင်းရိုက်ကူးထားသောကြောင့် ဗုဒ္ဓဘာသာကိုးကွယ်သည့် နိုင်ငံတို့မှ လူထုအချို့၏အမျက်ဒေါသနှင့်ရင်ဆိုင်ခဲ့ရသည့်ဖြစ်ရပ်များ ရှိခဲ့ဖူးသည်။ ထို့ပြင် ယခုလတ်တလောမြို့ရွာကျေးလက်မကျန် ပရိသတ်အားပေးမှုကို ရရှိနေသည့် လူငယ်အဆိုတော်တစ်ဦး၏ ဗီစီဒီတွင်လည်း ဘုရားပရိဝုဏ်အတွင်း အဆိုတော်နှင့်အတူ တီးဝိုင်းသမားများ ဖိနပ်များစီးလျက် ရိုက်ကူးထားသော ပြကွက်များအပေါ် သတိထားမိသည့်ပရိသတ်များ၏ ဝေဖန်မှုများလည်း ထွက်ပေါ်နေပြန်သည်။

"ဒါတွေကို စာမျက်နှာပေါ်တင်သင့်၊ မတင်သင့်ဆုံးဖြတ်ပိုင်ခွင့်က မီဒီယာသမားတွေဆီမှာရှိတယ်။ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံဆိုတာရှိတယ်လေ။ မီဒီယာတွေအပေါ်မှာဒါမျိုးတွေဖော်ပြလာတာသဘောမကျဘူး။ အဲဒီအတွက်မီဒီယာသမားတွေမှာတာဝန်ရှိပါတယ်"ဟု မန္တလေးမြို့ခံ စာကြည့်တိုက်မှူး ဦးအောင်မြင့်ဦးက ပြောသည်။

မီဒီယာအသီးသီးတွင် ဖက်ရှင်ကဏ္ဍအနေဖြင့် သီးသန့်တီထွင်ရိုက်ကူးနေကြသော ဖက်ရှင်အသားပေးကဏ္ဍများစွာရှိကြပြီး ဖက်ရှင်ဒီဇိုင်းဖန်တီးမှုအပေါ် အကောင်းအဆိုးအကြောင်းအကျိုးဝေဖန်မှုများရှိနေကြသည်။ ယခုဖြစ်ရပ်မှာတော့ ဖက်ရှင်ဒီဇိုင်းဖန်တီးမှုဝတ်စုံများအပေါ် ဝေဖန်မှုထက်သာသနိကအဆောက်အဦများကိုနောက်ခံထားပြီး ရိုက်ကူးခဲ့ခြင်းကြောင့် သာ ဝေဖန်ပြောကြားမှုများရှိလာခြင်းဖြစ်သည်။

"ကျွန်မတို့က မွေးကတည်းက ဒီနိုင်ငံမှာမွေးခဲ့တာဆိုတော့ ဒီဇိုင်းတစ်ခုခုကိုလုပ်မယ်လို့စဉ်းစားမိတဲ့အခါ ဒီနိုင်ငံနဲ့ကိုက်ညီတဲ့ ဒီဇိုင်းကိုပဲ ဖန်တီးဖို့ စိတ်ကူးမိတယ်။ Antique (ရှေးဟောင်း)ပုံစံရိုက်ချင်ရင်သာသနိကအဆောက်အအုံတွေမဟုတ်တဲ့ရှေးဟောင်းမြို့ရိုးတွေနဲ့ ရိုက်လို့ရပါတယ်။ ဒီလိုဘုရားတွေနောက်ခံထားပြီး ရိုက်မယ်ဆိုရင် လိုက်ဖက်တဲ့ဝတ်စုံဒီဇိုင်းတော့ဖြစ်ရမှာပါ" ဟုမြန်မာဒီဇိုင်နာကလပ်အဖွဲ့ဝင်၊ပြည်တွင်းပြည်ပဖက်ရှင်ရှိုးပွဲများစွာအတွက် ဝတ်စုံများ တီထွင်ချုပ်လုပ်သည့် ဖက်ရှင်ဒီဇိုင်နာ မပုံ့ (My Favourite) ကပြောသည်။

စာပေအမျိုးအစားခြောက်မျိုးကို စာပေစိစစ်ရေးကို တင်ပြရန်မလိုဘဲ တင်ပြပြီးမှ ထုတ်ဝေသည့်စနစ်(တင်ထုတ်)မှ ထုတ်ဝေပြီးမှတင်ပြသည့်စနစ်(တင်ထုတ်) သို့ ကူးပြောင်းခဲ့ပြီးနောက် စာပေစိစစ်ရေးတင်ပြစရာမလိုသည့် အမျိုးအစားထဲမှ ဖက်ရှင်အသားပေး စာနယ်ဇင်းများ၌ စာအရေးအသားဖော်ပြမှုများ၊ ဓာတ်ပုံဖော်ပြမှုများအပေါ် ပရိသတ်အချို့အငြင်းပွားမှုများဖြစ်ပေါ်လာခဲ့ပြီး အချို့ကလည်း ယင်းဖော်ပြချက်များအပေါ် ကြိုဆိုမှုများ ရှိနေပြန်သည်။ သို့ရာတွင် ဘာသာရေးနှင့်ပတ်သက်သည့်ဖော်ပြချက်များနှင့် ပတ်သက်၍မူ ယင်းသို့မလုပ်ဆောင်သင့်ကြောင်း အများစုက သုံးသပ်ပြောကြားသည်။

ရွှေအမြုတေနှင့် အလင်းတန်းဂျာနယ် တာဝန်ခံအယ်ဒီတာဦးမျိုးမြင့်ညိမ်းက "လွတ်လပ်ခွင့်နဲ့အတူ တာဝန်ယူမှုရှိရမယ်။ လွတ်လပ်စွာရေးသားခွင့်ရှိတယ်ဆိုတိုင်း ရေးချင်တိုင်းရေးမယ်။ စည်းမဲ့ကမ်းမဲ့တင်ပြချင်တိုင်း တင်ပြမယ်ဆိုရင် တာဝန်ယူမှုဆိုတာ မရှိနိုင်တော့ဘူး။ ကျွန်တော်တို့က အာရှနိုင်ငံသားတွေဖြစ်တဲ့အတွက် ယဉ်ကျေးမှုနဲ့ ကိုက်ညီဖို့လိုတယ်။ အရှက်အကြောက်တရားရှိရမယ်။ ဘုရားပေါ်ကိုတက်ရင် စကတ်နဲ့ မတက်ရဘူးဆိုတာ တကယ်လိုအပ်လို့ ထုတ်ထားတဲ့ စည်းကမ်း။ ဘုရားမှာကော့လန်ကန်ကားပုံစံ၊ မိဘနဲ့မောင်နှမသားအမိအမြင်မတင့်တယ်တဲ့ပုံစံမျိုး မလုပ်ရဘူးဆိုတာ မြန်မာဖြစ်ရင် လိုက်နာဖို့လိုတဲ့ လူမှုရေးကျင့်ဝတ်တွေပဲ။ ဒါ စာနယ်ဇင်းကျင့်ဝတ်တောင်မဟုတ်ဘူး။ အယ်ဒီတာဆိုတာ မဂ္ဂဇင်းမှာလုပ်လိုက်တဲ့ ကိစ္စတိုင်းမှာတာဝန်ယူရမယ်။ ကိုယ့်မဂ္ဂဇင်းရောင်းရဖို့ တစ်ခုတည်းကိုကြည့်လို့မရဘူး။ အယ်ဒီတာက စီးပွားရေးသမား မဟုတ်ဘူး။ သူပေးလိုက်တဲ့မက်ဆေ့ချ်မှာ သူ့စေတနာပေါ်လွင်နေရမယ်။ ခုတောင် ဒီပြဿနာက ဖေ့စ်ဘွတ်ခ်မှာ ဝေဖန်နေပြီဆိုတော့ တာဝန်ရှိသူအနေနဲ့ ဖြေရှင်းဖို့လိုတယ်" ဟု ပြောကြားသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာနေရာဒေသများဖြစ်ပြီး အထူးသဖြင့် ပွင့်လင်းလွတ်လပ်လာသော ယနေ့ကာလမျိုးတွင် မိမိတို့၏ တိုင်းရင်းသား ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံသားတို့က စံပြု အလေးထားတန်ဖိုးမြှင့်တင်ပေးမှသာ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်ကို တိုင်းတစ်ပါးသားတို့က တန်ဖိုးထားလေးစားတတ်မည်ဖြစ်သည်။

"ဒီပုံတွေကို ပုဂံမှာသွားရိုက်မယ်ဆိုတာတော့သိတယ်။ ပုဂံရောက်မှဝတ်စုံကိုကြည့်တော့ဗိုက်ပေါ်နေတာတို့၊ ကျောပေါ်နေတာတို့ဖြစ်နေတာကို တွေ့လိုက်ရတာပါ။ နောက်ဆိုရင်တော့ ကျွန်တော်အတတ်နိုင်ဆုံး ဖက်ရှင်နဲ့ သာသနာ့နယ်မြေနဲ့မတွဲမိအောင် လုံးဝရှောင်သွားမယ်" ဟု ဓာတ်ပုံများ ရိုက်ကူးခဲ့သည့် ဓာတ်ပုံထက်အောင်ကျော်က ပြောကြားခဲ့သည်။

"ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း သာသနိကအဆောက်အအုံတွေကို နောက်ခံပြုပြီးမြန်မာ့ယဉ်ကျေးမှုနဲ့မလျော်ညီတဲ့သရုပ်ပျက်ဝတ်စားဆင်ယင်မှုနဲ့ ဓာတ်ပုံရိုက်ကူးတာကိုခွင့်မပြုပါဘူး။ ဘုရား ပရိဝုဏ်အတွင်း စကတ်၊ ဘောင်းဘီမဝတ်ရ၊ ရင်ဟိုက်၊ လည်ဟိုက်အင်္ကျီမဝတ်ရဆိုတဲ့ ဆိုင်းဘုတ်တွေစိုက်ထူထားပါတယ်။ မြန်မာ့ယဉ်ကျေးမှု၊ ဘာသာ၊ သာသနာအပေါ် နိုင်ငံခြားသားတွေအထင်မလွဲမှားဖို့ လုံခြုံရေးဝန်ထမ်းအင်အားပေါ်မူတည်ပြီးဘုရားတွေမှာ လှည့်လည်စစ်ဆေးသွားပါမယ်" ဟု ဦးမျိုးညွန့်က ပြောသည်။

လူမျိုးရှိလျှင် ရိုးရာရှိမည်။ ရိုးရာရှိလျှင် ယဉ်ကျေးမှုရှိမည်။ လူမျိုးတစ်မျိုး၏ အဆင့်ကို ၎င်းတို့၏ယဉ်ကျေးမှုအဆင့်အတန်းကို ကြည့်၍ သတ်မှတ်ဆုံးဖြတ်ကြသည်သာဖြစ်သည်။ လွန်ခဲ့သည့် လေးနှစ်ခန့်က မဲခေါင်ဒေသတွင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် လာအိုနိုင်ငံရှိ လွန်ပရာဘန်မြို့တော်ကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းမှ ပယ်ဖျက်မခံရရေးအတွက် ယင်းမြို့တော်ဟောင်း ဗဟိုချက်၌ ဟိုတယ်သစ်များ တည်ဆောက်မည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်သည်ဟု သိရသည်။ အခြားသောတိုင်းတစ်ပါးနိုင်ငံများတွင် မိမိတို့ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးအကျိုးအမြတ်ရလိုမှုရှိပါလျက်နှင့် ပင် ငွေကြေးရလိုမှုတစ်ခုတည်း မကြည့်ဘဲယဉ်ကျေးမှုအမွေအနှစ်များကို အလေးထားထိန်းသိမ်းစောင့်ရှောက်နေကြသည်။ မိမိတို့နိုင်ငံတွင် ဘာသာခြား၊ လူမျိုးခြားတို့၏ အမြင်၌မတင့်တယ်သောဝတ်စားဆင်ယင်မှုများဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကိုအသုံးချနေခြင်းအား ရှောင်ရှားကြရန် ဝိုင်းဝန်းထိန်းသိမ်းသွားရမည်သာ ဖြစ်ပါသည်။

7 DAY NEWS JOURNAL
Vol.11, No.20 ▪ JULY 26 , 2012

## စာ-၅၊ ကုမ္ပဏီ ၁၅ခုနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်နေသော လယ်သမား ၂၇၀ဦး ဆန္ဒပြ မှ

ဒဂုံဆိပ်ကမ်းစံပြစက်မှုလယ်ယာစီမံကိန်းကို ၂၀၀၈ ခုနှစ်က နိုင်ငံတော်ခွင့်ပြုချက်ဖြင့် အိုးအိမ်နှင့် သုံးနှစ်စာချုပ်ချုပ်ဆို၍ အကောင်အထည်ဖော်ခဲ့သည်။ ယခုသုံးနှစ်ပြည့်သွားချိန်တွင် နိုင်ငံတော်က နှစ်(၃၀)ထိ ကုမ္ပဏီများကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခဲ့သည်။ အဆိုပါစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့စဉ်က လယ်ဧက ၅၀၀ ကို မြေပြင်ခြင်း၊ ကုန်ထုတ်လမ်းဖောက်ခြင်း၊ လျှပ်စစ်မီးသွယ်ခြင်းတို့ကို လုပ်ကိုင်ခဲ့ရသဖြင့် ကျပ်သန်း ၁၅,၀၀၀ ကျော် ရင်းနှီးမြှုပ်နှံခဲ့ရကြောင်း ဦးအောင်သန်းဦးက ရှင်းပြသည်။

ထိုသို့ စက်မှုလယ်ယာကို ဖော်ထုတ်ရာတွင် လယ်သမားများနှင့် အကျိုးတူလုပ်ကိုင်ခဲ့သည့် ကုမ္ပဏီများရှိသကဲ့သို့ လယ်ယာလုပ်ငန်းကို စွန့်ခွာပြီး အခြားလုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်ရန် လျော်ကြေးယူသူများလည်း ရှိခဲ့သည်။ လယ်တစ်ဧကကို ကျပ်လေးသောင်းနှုန်းနှင့် ပေးလျော်ခဲ့ရကြောင်း သတင်းရရှိသည်။

"စံပြစက်မှုလယ်ယာတွေ ဖော်ထုတ်တာက နိုင်ငံတကာက လာရင်လည်း Farm show (လယ်ယာပြပွဲ)တွေ လုပ်လို့ရတာပေါ့" ဟု ဦးအောင်သန်းဦးကဆိုသည်။

ထို့အပြင် အိုးအိမ်မှ လယ်သမားများကို လျော်ကြေးငွေကျပ် ၂၈,၀၀၀ နှင့် ပေ(၂၀×၆၀) မြေတစ်ကွက်သာပေးပြီး ပြောင်းရွှေ့ခဲ့ရကြောင်း တောင်တလုတ်ရပ်ကွက်မှလယ်သမားကြီးဦးတင်အေးက ပြောသည်။

"ကျွန်တော်တို့က လယ်သမားသားသမီးတွေပဲ။ လယ်မလုပ်ချင်လို့ မြို့ပေါ်တက်လာတာ။ နိုင်ငံတော်က တာဝန်ပေးလို့ လုပ်ရတာ"ဟုပင်လယ်ကိုးသွယ်ကုမ္ပဏီမှ ဥက္ကဋ္ဌဦးအောင်သန်းဦးက ဆိုသည်။

ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းခဲ့သဖြင့် လယ်သမားများ အလုပ်လက်မဲ့ ဘဝရောက်သည်ကို မူလအတိုင်း ပြန်လည်လုပ်ကိုင်ခွင့် ရရှိအောင် သက်ဆိုင်ရာပြည်ထောင်စုအစိုးရအား ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင်ကပြည်သူ့လွှတ်တော်တွင် မေးမြန်းခဲ့သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ခေတ်မီစက်မှုလယ်ယာစနစ်သို့ကူးပြောင်းပြီးဖြစ်သောလယ်ယာမြေများပေါ်တွင် မိမိကျွမ်းကျင်သည့် လုပ်ငန်းအလိုက်ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် ထိုက်တန်သော လုပ်အားခများ ရရှိပြီး မိသားစုအလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေများ တိုးတက်ရရှိနေကြောင်းပြန်လည်ဖြေကြားခဲ့သည်။

"လယ်ကလုပ်အားခ မရတာ နှစ်နှစ်ကျော်ပြီ။ ကျေးရွာထဲမှာ သားသမီးတွေရဲ့ လုပ်စာနဲ့ စားနေရတာ။ ကိုယ်ကအသက် ၆၀ ကျော်ပြီဆိုတော့ မလုပ်နိုင်ဘူး။ လယ်ကလေးရှိရင် သီးစားချစားလို့ရတာပေါ့"ဟု ညောင်ပင်ကျေးရွာမှ လယ်သမားကြီး ဦးဝင်းစိန်ကဆိုသည်။

"ကျွန်တော်တို့မှာစပါးရောင်းစရာမရှိဘူး။ ဆန်လည်းရောင်းစရာမရှိဘူး။ စားဖို့ကို ဈေးက ဝယ်စားနေရတယ်"ဟု ဒဂုံဆိပ်ကမ်းမြို့နယ် သရက်ပင်ချောင်ကျေးရွာမှ အသက် ၅၀ ကျော်အရွယ် လယ်သမားကြီး ဦးမောင်ညိုက ဆိုသည်။

## မျက်နှာဖုံး-အမေရိကန်ဇိမ်ခံသင်္ဘောလိုင်း ဧရာဝတီမြစ်အတွင်း ပြေးဆွဲရန်စီစဉ်နေ မှ

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံသို့ တာဝန်ယူမှုရှိသော ခရီးသွားများလာရောက်ခြင်းကို အားပေးကြောင်း ပြောကြားခဲ့ပြီးနောက် မြန်မာနိုင်ငံမှာ ကမ္ဘာလှည့်ခရီးသွား ပိုများလာပြီး ခရီးသွားဒေသတစ်ခု ဖြစ်လာကြောင်း Mr.Alan Lewis က ပြောကြားခဲ့သည်။

အဆိုပါကုမ္ပဏီအနေဖြင့် ခရီးစဉ်များကို အမေရိကန်အခြေစိုက် Overseas Adventure Travel (OAT) က တစ်ဆင့်ရောင်းချမည်ဖြစ်ပြီး ပုဂံ-မန္တလေး ပြေးဆွဲနေသော သင်္ဘောကုမ္ပဏီတစ်ခုနှင့် ညှိနှိုင်းမှုများပြုလုပ်နေကြောင်း သတင်းရရှိသည်။

Grand Circle Cruises Line သင်္ဘောလိုင်းသည် ခရီးသည် ၃၄ ဦးနှင့် မန္တလေး ပုဂံ ခုနစ်ညအိပ်ခရီး၊ ရန်ကုန်သုံးညအိပ်၊ ဘန်ကောက် လေးညအိပ် ခရီးစဉ်တို့ပါ ပူးတွဲရောင်းချမည်ဖြစ်ပြီး ခရီးစဉ်အား လူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃,၇၉၅ ဖြင့် ရောင်းချပေးမည်ဖြစ်သည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက မြန်မာနိုင်ငံတွင် အမေရိကန်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဇူလိုင်လ ၁၁ ရက်တွင် တရားဝင်ခွင့်ပြုခဲ့ပြီး အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဝင် ကုမ္ပဏီ ၃၆ ခုမှ တာဝန်ရှိသူများသည် ဇူလိုင်လဆန်းက မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြသည်။ထိုခရီးစဉ်တွင်GE (General Electric)ကုမ္ပဏီမှ ဆေးရုံသုံးပစ္စည်း ဒေါ်လာနှစ်သန်းဖိုး အရောင်းအဝယ်စာချုပ်အား မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဆေးရုံနှစ်ရုံနှင့် ချုပ်ဆိုနိုင်ခဲ့သည်။

အမေရိကန်အခြေစိုက် သတင်းမီဒီယာဌာနဖြစ်သော CNN က မြန်မာနိုင်ငံအား ၂၀၁၂ ခုနှစ်လည်ပတ်ရန် အကောင်းဆုံးဒေသအဖြစ် ရွေးချယ်ခဲ့ပြီးနောက် အမေရိကန်နှင့် ဗြိတိန်နိုင်ငံသားများ မြန်မာနိုင်ငံသို့ လာရောက်မှု မြင့်တက်လာခဲ့သည်။

ဧရာဝတီမြစ်အတွင်း ပုဂံ-မန္တလေး ရေကြောင်းခရီးစဉ်အား Road To Mandalay သင်္ဘောက ပြေးဆွဲလျက်ရှိပြီး RV Pandaw နှင့် RV ပေါက်ကွဲ့ သင်္ဘောများသည် ခရီးသွားရာသီတွင် ပြေးဆွဲလျက်ရှိသည်။

## မျက်နှာဖုံး-မြန်မာ-ထိုင်း စီးပွားရေး ပိုမိုပူးပေါင်းဆောင်ရွက်ရန် သဘောတူ မှ

၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်ဝတ္တရားများအတွက် အရည်အသွေးပြည့်မီအောင် ထူထောင်ပေးရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများတွင် ကူညီပံ့ပိုးပေးရန် သဘောတူညီခဲ့သည်။

ထို့အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများကနားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ထားဝယ်၌ အထူးစီးပွားရေးဇုန်တစ်ရပ် ထူထောင်သွားရေးအတွက် နှစ်နိုင်ငံကြားနားလည်မှုစာချွန်လွှာတစ်ရပ်ရေးထိုးခဲ့သည်။ ထို့အတွက် ထိုင်းနိုင်ငံက လိုအပ်သောကဏ္ဍများတွင် အကူအညီပေးရန် သဘောတူညီခဲ့သည်။ နှစ်နိုင်ငံကြား ဆက်စပ်နေသောကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန်ဝန်ကြီးအဆင့် ဆက်သွယ်မှုများ ထူထောင်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော မြန်မာနိုင်ငံတော်သမ္မတ ဦးသိန်း စိန်နှင့် တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ထိုင်းဝန်ကြီးချုပ် မစ္စယင်လပ်ခ်ရှင်နာဝပ်က ပြောကြားသည်။

"ကျွန်မတို့ရဲ့ ဆွေးနွေးမှုတွေမှာ ထားဝယ်ဆိပ်ကမ်းတည်ဆောက်ရေးနဲ့ပတ်သက်ပြီး ခိုင်မာတဲ့တိုးတက်မှုတွေ ရရှိအောင် မြန်မာနိုင်ငံနဲ့ ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားဖို့ ထိုင်းအစိုးရရဲ့ စိတ်ပိုင်းဖြတ်ထားမှုကို ထပ်မံအတည်ပြုခဲ့ပါတယ်"ဟု မစ္စယင်လပ်ခ်က ပြောကြားသည်။

ယင်း စီမံကိန်းအား ထိုင်းစက်မှုလုပ်ငန်းကုမ္ပဏီကြီးဖြစ်သော Ital-Thaiက ဦးဆောင်နေပြီး ရန်ပုံငွေရှာဖွေရေးတွင် ပြဿနာရှိနေသည်ဟု ဆို-သော်လည်း စီမံကိန်းမှာ အစီအစဉ်အတိုင်း ဆက်သွားနေသည်ဟု ထိုင်းကုမ္ပဏီကပြောကြားသည်။

သို့သော် ထားဝယ်တွင် တည်ဆောက်မည့် မဂ္ဂါဝပ် ၄,၀၀၀ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးကို မြန်မာအစိုးရက ယခုနှစ် စောစောပိုင်းတွင် တားဆီးခဲ့ပြီးနောက် ဆိပ်ကမ်းတည်ဆောက်ရေးအပေါ် သံသယရှိလာခဲ့သည်။

သမ္မတဦးသိန်းစိန်သည် ဇူလိုင်လ ၂၂ ရက်တွင် ထိုင်းပင်လယ်ကွေ့ရှိ လမ်ချာဘန်းရေနက်ဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။ ယင်းဆိပ်ကမ်းနှင့်ထားဝယ်ဆိပ်ကမ်းအား ကုန်းလမ်းမှ ဆက်သွယ်သွားမည်ဖြစ်သည်။ ခေါင်းဆောင်နှစ်ဦး၏ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံကြား လက်ရှိနယ်စပ်ဂိတ်များအပြင် ချင်းမိုင်၊ မဲဟောင်ဆောင်နှင့် ကန်ချာနာဘူရီဒေသများ၌ နယ်စပ်ဂိတ်အသစ်များ ထပ်မံဖွင့်လှစ်သွားရန်သဘောတူညီခဲ့ကြသည်။

—Ref: AFP

## စာ-၈၊ မြေလွတ်မြေရိုင်းများတွင် အမည်ပေါက်များရှိနေ မှ

အလားတူ နေပြည်တော်ကောင်စီတွင်လည်း မွေးမြူရေးဇုန်လေးဇုန် ဖော်ထုတ်ထားရာ အမည်ပေါက်ပိုင်ရှင်များက လုပ်ငန်းမလုပ်ကြသောကြောင့် မွေးမြူသူများက အမှန်တကယ်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်ဟူ၍ ဇွန်လ ၁ ရက်မှ စတင်ကာ နိုင်ငံပိုင်သတင်းစာများတွင် ကြေညာချက်များ ထုတ်ပြန်ခဲ့သည်။

"နေပြည်တော်ကောင်စီနယ်မြေမှာ မွေးမြူရေးဇုန်လေးဇုန် ဖော်ထုတ်နေတယ်။ အဲဒီမွေးမြူရေးဇုန်လေးဇုန်မှာလည်း အခက်အခဲအမျိုးမျိုးရှိနေပါတယ်။ အဲဒီအခက်အခဲအမျိုးမျိုးကတော့ လုပ်ငန်းရှင်များက မြေနေရာဦးထားတာလည်း တစ်ကြောင်းပါရှိပါတယ်။ နောက်တစ်ချက်ကတော့ သစ်တောကျူး၊ မြေလွတ်၊ မြေရိုင်းကျူးကျော်ဝင်ရောက် စိုက်ပျိုးမှုတွေကိုလည်း ရှိနေတာကို အင်န်ဂျီအိုတွေက ပြတ်ပြတ်သားသား မဆောင်ရွက်နိုင်ဖြစ်နေပါတယ်"ဟု နေပြည်တော်ကောင်စီ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ဒေါက်တာသန်းလင်းက ပြောသည်။

လယ်ယာမြေနည်းဥပဒေများနှင့် မြေလွတ်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ၂၀၁၂ ခုနှစ်မတ်လ ၃၀ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယအဆင့် ပြုပြင်ပြောင်းလဲ လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြောကြားသော မိန့်ခွန်းတွင် အခြားနိုင်ငံများနှင့်မတူဘဲ အခက်အခဲတွေ့နေသော မြေအသုံးချမှုနှင့် မြေကစားမှု ပြဿနာများအား ဖြေရှင်းရာတွင် ဖွဲ့စည်းထားပြီးဖြစ်သော မြေယာခွဲဝေအသုံးချမှု စိစစ်ဆောင်ရွက်ရေးကော်မတီက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

## မျက်နှာဖုံး-ဒေါ်အောင်ဆန်းစုကြည် လွှတ်တော်တွင် စတင်ဆွေးနွေးမည် မှ

ဇူလိုင် ၁၁ ရက်တွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေပြဋ္ဌာန်းရေးအဆိုကိုပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကွတ်ခိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်က တင်သွင်းခဲ့ခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်က ယင်းအဆိုကို ဆွေးနွေးရန် တိုင်းရင်းသားပါတီများထံမှ သဘောထားမှတ်ချက်များ တောင်းခံခဲ့ရာ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ချင်းတိုးတက်ရေးပါတီ၊ ရခိုင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စသည့် တိုင်းရင်းသားပါတီခုနစ် ပါတီကလည်း သဘောထား အကြံပြုချက်များ ပေးပို့ခဲ့သည်ဟုတိုင်းရင်းသားပါတီများထံမှသိရသည်။

တိုင်းရင်းသားပါတီများမှ ပေးပို့သော သဘောထားတွင် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပြဿနာများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပုံစံမကျမှုကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းသည်သာ အဓိကကျသော ဖြေရှင်းချက်ဖြစ်မည်ဟု မှတ်ချက်ပေးခဲ့ကြောင်း ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးစိုင်းလိတ်ကပြောကြားသည်။

ချင်းတိုးတက်ရေးပါတီဒုဥက္ကဋ္ဌဦးနိုးထန်ကပ်ကလည်း "အခြေခံဥပဒေကိုပြင်လိုက်မယ်။ ဥပဒေမှာပြည်နယ်လွှတ်တော်တွေအတွက် အပြည့်အဝဥပဒေပြုခွင့်ပေးထားရင်ပြည်ထောင်စုအနေနဲ့အလုပ်ရှုပ်ခံပြီးတော့ ဆောင်ရွက်ပေးစရာတောင် မလိုတော့ပါဘူး။ ဒါကြောင့် ဥပဒေ ပြဋ္ဌာန်းပေးဖို့ မလိုဘူးထင်တယ်"ဟုပြောကြားခဲ့သည်။

အဆိုတွင် ပါဝင်ဆွေးနွေးရန် ဒေါ်အောင်ဆန်းစုကြည်က လွှတ်တော်ရုံးသို့ စာရင်းပေးသွင်းထားပြီဖြစ်ပြီး ဆွေးနွေးမည့်ရက်ကိုမူ မသိရသေးကြောင်း သတင်းရရှိသည်။

တိုင်းရင်းသားပါတီများအနေဖြင့်မူ တိုင်းရင်းသားများ အမှန်တကယ်လိုလားသည်မှာ တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ရည်ညွှန်းသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုသာ လိုလားခြင်းဖြစ်ပြီး တပ်မတော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းပါဝင်နေခြင်း၊ နိုင်ငံတော်တစ်ခုလုံး၏ အချုပ်အခြာအာဏာကို ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတစ်ခုတည်း၏ လက်ထဲတွင် ဝကွက်အပ်ထားခြင်းမျိုးကိုပြင်ဆင်ရန်သာဖြစ်သည်ဟု ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးစိုင်းလိတ်က ပြောကြားခဲ့သည်။

## စာ-၂၊ ကိုလိုနီခေတ်လက်ကျန်အဆောက်အအုံများ အန္တရာယ်ရှိ အဆောက်အအုံများအနေအထားဖြင့် ခြိမ်းခြောက်လာ မှ

ကိုလိုနီခေတ်လက်ကျန် အဆောက်အအုံ(၁၈၉)လုံးအနက် နှစ်သက်တမ်းရာကျော်အဆောက်အအုံမှာ လေးငါးလုံးခန့်ပါဝင်နိုင်ပြီး တစ်လုံးမှာ မီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးခဲ့ရပြီး ၁၈၈ လုံးသာကျန်ရှိတော့သည်ဟု ဗိသုကာ ပညာရှင်တစ်ဦးကပြောသည်။

လက်ရှိတွင်အဆိုပါအဆောက်အအုံများအနက်အချို့အဆောက်အအုံများကို ၂၀၁၁ က တစ်ကြိမ်၊ ၂၀၁၂ ဇွန်လကတစ်ကြိမ်ပုဂ္ဂလိကလုပ်ငန်းရှင်များအားတင်ဒါခေါ်ယူ၍ ဟိုတယ်အဖြစ်လုပ်ကိုင်ခွင့်ပြုတော့မည်ဖြစ်ကြောင်းမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်ထားသည်။

ယင်းအဆောက်အအုံများမှာရန်ကုန်မြို့ပြ၏ ဖွံ့ဖြိုးလာသောအဆောက်အအုံများအကြားမှ မြင်ကွင်းအားဖြင့် ပျောက်ကွယ်လုနီးပါးဖြစ်နေပြီဖြစ်သောကြောင့် နိုင်ငံခြားခရီးသွားများ လေ့လာ ရန် အခက်အခဲများစွာရှိနေခြင်းကြောင့် အမြန်းဆုံးပြုပြင်ထိန်းသိမ်းစောင့်ရှောက်နိုင်မှသာ ရန်ကုန်မြို့ ခရီးသွားလုပ်ငန်း၏ ဈေးကွက်တစ်ခုဖြစ်လာနိုင်ကြောင်း အီးဂဲလ်ခရီးသွားလုပ်ငန်းမှ ဈေးကွက်မန်နေဂျာ ဒေါ်ယမင်းလှိုင်ကပြောသည်။

"ရုံးရဲ့အတွင်းပိုင်းက သံတိုင်တွေဆွေးနေပြီ။ တချို့ရုံးတွေမှာ ဆိုစတီးကြိုးနဲ့သွားတဲ့ ဓာတ်လှေကားတွေရှိတယ်။ ဒါပေမဲ့ မသုံးဘဲ ပစ်ထားတာကြာပြီဆိုတော့ အန္တရာယ်ရှိနိုင်တယ်"ဟု ပန်းဆိုးတန်းအနီးရှိ အစိုးရအဆောက်အအုံတစ်ခုတွင် ညစောင့်လုပ်ကိုင်နေသူတစ်ဦးကပြောသည်။

ကိုလိုနီခေတ်လက်ကျန် အဆောက်အအုံ ၁၈၈ လုံးအနက် အများစုမှာ အစိုးရရုံးများ၊ သာသနိက အဆောက်အအုံများ၊ စာသင်ကျောင်းများ ပါဝင်ပြီး အလုံး ၉၀ကျော်မှာ ဘာသာရေးဆိုင်ရာ အဆောက်အအုံများပါဝင်ကြောင်း ဗိသုကာပညာရှင်များအသင်း၏ စစ်တမ်းများကဖော်ပြသည်။

Health
7 DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012



## အသက်အရွယ်၊ ခန္ဓာကိုယ် ဝဖြိုးမှုနှင့်ဆက်စပ်ဖြစ်တတ်သည့်

# အသားပိုထွက်ခြင်း

မေဝင်းမွန်

ခန္ဓာကိုယ်နေရာအနှံ့အပြားတွင် ပုံမှန်အရေပြားကဲ့သို့မဟုတ်ဘဲ အသားပို (Skin Tag) များဖြစ်လာမှုမှာ လူတိုင်းနီးပါးဖြစ်နိုင်သည့်အနေအထားရှိကြောင်းအရေပြားရောဂါကျွမ်းကျင်ဆရာဝန်များ၏ ပြောသည်။

ထိုသို့အသားပိုထွက်ခြင်းကို ရောဂါတစ်ခုအဖြစ် သတ်မှတ်ထားခြင်းမျိုးမဟုတ်ဘဲ အသက်အရွယ်ကြီးလာချိန်တွင်ဖြစ်ပေါ်လာတတ်သည့် အရေပြားပြောင်းလဲမှုဖြစ်စဉ် တစ်ခုဟုဆိုနိုင်သည်။ အရေပြားတွင်အသားပိုထွက်ခြင်းမှာ အသက်အရွယ်ကြီးသူများ၊ ခန္ဓာကိုယ်ဝသူများ၊ အမျိုးသမီးဆိုပါက ကိုယ်ဝန်ဆောင်ချိန်တွင် ဖြစ်ပေါ်တတ်ကြောင်းသိရသည်။ အသက်အရွယ်ကြီးလေ အသားပိုပိုများလေဖြစ်လာတတ်ကာ အရွယ်အစားလည်း ပိုမိုကြီးလာတတ်သည်ဟုဆိုသည်။

အသက်အရွယ်ငယ်သဖြင့် အသားပိုမဖြစ်သေးသော်လည်း အသက်ကြီးလာပါက ဖြစ်လာနိုင်ခြေများသည်ဟုဆိုသည်။ အသားပိုအရွယ်အစား အရေအတွက်မှာ အသားစအချွန်သေးသေးလေးမှ အစပြုကာ မန်ကျည်းစေ့အရွယ် အထိဖြစ်လာတတ်ပြီး တဖြည်းဖြည်းပွားလာကာ အရေအတွက်များစွာဖြစ်လာနိုင်သည်ဟု သိရ သည်။

"များသောအားဖြင့် လူအတော်များများကအသားပိုဖြစ်တတ်တယ်။ အသက်အရွယ်နဲ့ဆိုရင် အသက် ၄၀ လောက်မှာ များသောအားဖြင့် စပြီးဖြစ်တတ်တယ်။ တဖြည်းဖြည်းအဲဒီနောက်ပိုင်းမှာ အသားပိုတွေများလာတတ်တယ်။ ရောဂါရယ်လို့မသတ်မှတ်ထားပါဘူး" ဟုရန်ကုန်ဆေးရုံကြီး၊ အထူးအရေပြားရောဂါကုဌာနမှဒေါက်တာလင်းထက်ကပြောကြားသည်။

အသားပိုမှာ များသောအားဖြင့် ချိုင်း၊လည်ပင်း၊ မျက်ခွံစသည့် တွန့်ခေါက်တတ်သည့်အရေပြားနေရာတွင်ပိုဖြစ်တတ်သည်ဟုသိရသည်။

"အသားပိုထွက်ပြီဆိုရင် အမျိုးသမီးတွေကပိုပြီးစစ်ဆေးလာကြတာများတယ်။ စိုးရိမ်ကြတာလဲပါသလို အလှအပအတွက်လည်း အသားပိုဖြတ်ထုတ်ပစ်ဖို့လာကြတယ်။ မြန်မာနိုင်ငံက အမျိုးသမီးတွေက ဝတဲ့အတွက် အမျိုးသမီးအများစုမှာပိုဖြစ်ကြတယ်" ဟုဒေါက်တာ လင်းထက်ကပြောသည်။

အသားပိုထွက်ရှိနေသူများအနေဖြင့် မဖြတ်ထုတ်ဘဲထားရှိပါ ကမည်သည့်ဆိုးကျိုးအန္တရာယ်မှ မရှိဘဲပုံမှန်အတိုင်းနေထိုင်နိုင်ပြီး အသားပိုမှတစ်ဆင့်ရောဂါဖြစ်ပွားကူးစက်မှုအတွက် စိုးရိမ်ဖွယ်ရာမရှိဟုသိရသည်။ အသားပိုကိုကုတ်မိ၊ ဖဲ့မိရာမှ အနာတရဖြစ်ခြင်း၊ ဆွဲကြိုးနှင့်ငြိခြင်း၊ ပစ္စည်းတစ်ခုခုနှင့်ငြိခြင်းတို့ကြောင့် အသားပိုပြတ်ထွက်ကာ ရောဂါပိုးဝင်နိုင်သည့် အနေအထားတစ်ခုသာရှိကြောင်း သိရသည်။

"ပုံမှန်ကအဲဒီအသားပိုကိုထုံဆေးနဲ့ထိုးပြီးဖြတ်ထုတ်ပစ်ကြပါတယ်။ အသားပိုအတံလေးမှာသွေးကြောမျှင်လေးပါတယ်။ တချို့လည်းဆံပင်နဲ့ချည်ပြီး ဖြတ်တာတို့၊ အပ်ချည်ကြိုး၊ နိုင်လွန်ကြိုးတို့နဲ့ ချည်ပြီးဖြတ်တာတွေလုပ်ကြတယ်။ အဓိကလုပ်ချင်တာက အသားပိုရဲ့အောက်ခြေကိုချည်လိုက်ခြင်းဖြင့် သွေးကြောမျှင်လေးကိုသွေးမလျှောက်တော့ဘဲ အပေါ်ကအသားပိုကို ပြတ်ကျသွားအောင်ဖြစ်ပါတယ်။ နောက်တစ်ခုက အသားပိုနေရာကိုထုံဆေးထိုးတယ်။ လျှပ်စစ်နဲ့တို့တယ်။ လျှပ်စစ်နဲ့တို့လိုက်တဲ့အတွက် အသားပိုလေးက အပူကြောင့်ကြွေကျသွားပြီး သွေးကြောလေးလည်း ပိတ်သွားမယ်။ ပုံမှန်အရတော့ အ သားပိုဖယ်ထုတ်ပြီးရင် လုံးဝထပ်မဖြစ်တော့ဘူး" ဟုဒေါက်တာ လင်းထက်ကပြောသည်။ သေးငယ်သောအရွယ်အစားရှိပြီး အသားပိုအရေအတွက် နည်းသူများကိုအထက်ပါနည်းများဖြင့် ဖယ်ထုတ်ပေးသော်လည်း အသားပိုရာပေါင်းများစွာ ထွက်နေသူများကိုမူ အထူးကုသနည်းတစ်မျိုးဖြင့်ဆောင်ရွက်ရသည်ဟု သိရသည်။

အပြင်အမြင်အားဖြင့် ရိုးရိုးအသားပိုဟုထင်ရသော်လည်း အရေပြားကို နေလောင်ဒဏ်ခံရမှုများခြင်းကြောင့်ဖြစ်သည့် အသားပိုတစ်မျိုးဖြစ်သော (Hypertrophic Actinic Keratosis)မှာမူ ကင်ဆာအထိဖြစ်ပွားနိုင်ကြောင်းသိရသည်။ သို့ဖြစ်၍ အသက်အရွယ်ကြောင့်သော်လည်းကောင်း၊ခန္ဓာကိုယ်ဝခြင်းကြောင့်သော်လည်းကောင်း လူတိုင်းနီးပါးဖြစ်တတ်သည်ဆိုသော အသားပိုဖြစ်လာပါက ဖြစ်ရိုးဖြစ်စဉ်အသားပိုဟုတ်၊မဟုတ်သိရှိရန်နှင့် အခြားသောရောဂါနှင့်ဆက်စပ်ဖြစ်ပွားသည့်အသားပိုဆိုပါက အချိန်မီကုသနိုင်ရေးအတွက် ကျွမ်းကျင်အရေပြားအထူးကုဆရာဝန်များနှင့်တိုင်ပင်ကုသမှုကို အလေးထား ဆောင်ရွက်ရမည်ဖြစ်သည်။




# မြန်မာကလေးငယ်များပါ သတိပြုရမည့် EV-71 ဗိုင်းရပ်စ်

ဝတ်ရည်အောင်

**ယခုအချိန်တွင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံများရှိ ကလေးငယ်များတွင် ပြင်းထန်သည့် ဗိုင်းရပ်စ်တစ်မျိုး ကူးစက်ဖြစ်ပွားနေပြီး ကလေးများ သေဆုံးမှုများ ဖြစ်ပွားလျက်ရှိသည်။**

ဧပြီလနှောင်းပိုင်းက ကမ္ဘောဒီယားနိုင်ငံတွင်စတင်သည့်EV-71 ဟု ခေါ်သော အဆိုပါဗိုင်းရပ်စ်မှာ သုံးလနှင့် ၁၁နှစ်ကြား ကလေးငယ်၇၀ ကျော်တွင်ဖြစ်ပွားခဲ့ပြီး ၅၂ ဦးကျော် သေဆုံးနေပြီဖြစ်ကြောင်း ပြီးခဲ့သည့် ရက်ပိုင်းအ တွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ကမ္ဘောဒီးယား ကျန်းမာရေးဝန်ကြီးဌာနတို့က ကြေညာခဲ့ပြီး မကြာခင် ထိုင်းနိုင်ငံရှိ ကလေးများတွင်ပါ ကူးစက်ဖြစ်ပွားနေပြီဖြစ်ကြောင်း ထိုင်းကျန်းမာရေးဝန်ကြီးဌာနကလည်း ထုတ်ပြန်ကြေညာခဲ့သည်။

ယခုအခါ ကူးစက်ရောဂါများသည် တစ်နိုင်ငံမှတစ်နိုင်ငံသို့လွယ်ကူစွာကူးစက်နိုင်သောအခြေအနေများရှိသောကြောင့် မြန်မာနိုင်ငံမှ ကလေးများတွင်လည်း ကူးစက်ဖြစ်ပွားလာနိုင်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ နိုင်ငံတွင်းသို့ ရောဂါကူးစက်မှု မရှိစေရန် ကာကွယ်တားဆီးရေးလုပ်ငန်းများအား ဆောင်ရွက်နေပြီး ပြည်သူများဘက်မှလည်း မိမိကလေးငယ်များ ရောဂါကူးစက်မှု မရှိစေရန် တစ်ကိုယ်ရေ ကျန်းမာရေးအား ပိုမိုဂရုပြုရမည့်အချိန် ဖြစ်သည်။

EV-71 ဗိုင်းရပ်စ်ကြောင့် ခြေ၊ လက်နှင့် ပါးစပ်များတွင် ဖြစ်ပွားသည့် (Hand,Foot and Mouth Disease-HFMD) ရောဂါသည် ဖြစ်ပွားလာပါက ကလေးငယ်များမှာ ဖျားနာခြင်း၊ ခေါင်းကိုက်ခြင်း၊ အန်ခြင်း၊ နုံးခြင်း ၊ လည်ချောင်းနာခြင်းများနှင့် ခြေ၊ လက်နှင့် မျက်နှာများတွင် အနာလေးများ၊ ပြည်ဖုများ၊ အနီစက်များ ဖြစ်ပေါ်ခြင်း စသည့်ရောဂါလက္ခဏာများ ပြသကြောင်း ညွှန်ကြားရေးမှူး (ကူးစက်)မှ ဒေါက်တာစိုးလွင်ငြိမ်းက ပြောသည်။

အဆိုပါဗိုင်းရပ်စ်သည် လွန်ခဲ့သည့် ၂၅ နှစ်ကတည်းက စတင်ဖြစ်ပေါ်ခဲ့သည့် ဗိုင်းရပ်စ်အမျိုးအစားဖြစ်ပြီး ၂၀၁၁ ခုနှစ်အထိ နိုင်ငံအချို့ရှိ ကလေးများတွင် ဖြစ်ပွားခဲ့သော်လည်း အသေအပျောက်မများခဲ့ကြောင်း သိရသည်။

သို့သော် ယခုနှစ်အတွင်း ကမ္ဘောဒီယားနိုင်ငံတွင် ပြန်လည်ဖြစ်ပွားသည့်အခါတွင်မူ ဗိုင်းရပ်သည် ယခင်ဖြစ်ပွားသော အခြေအနေနှင့် မတူဘဲ ပြင်းထန်လွန်းသည့်အတွက် ကလေးများတွင် သေဆုံးမှု မြင့်တက်သွားခြင်းဖြစ်ကြောင်း သိရသည်။

"အဓိက လက်ဖဝါး၊ ခြေဖဝါး၊ တင်ပါးတွေမှာ အနာတွေ၊ ပြည်ဖုတွေ၊ အနီစက်တွေ ဖြစ်ကြတယ်။ အဲဒါတွေကလည်း အရမ်းကိုနာတဲ့ဝေဒနာခံစားကြရတယ်။ အရည်ကြည်ဖုတွေက အရည်တွေကနေ တခြားလူတစ်ဦးကို ထပ်ကူးစက်တယ်။ ဆေးကုသမှု စောစောမရရင် နောက်ဆက်တွဲဖြစ်တဲ့ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါတွေနဲ့ အသက်သေဆုံးကြတယ်" ဟု ဒေါက်တာစိုးလွင်ငြိမ်းက ပြောပါသည်။

စာ(၁၄)သို့



7 DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012

## ARV ဆေးလိုအပ်နေသည့်လူနာ ၂,၀၀၀အတွက် နယ်စည်းမထား ဆရာဝန်များအဖွဲ့ တိုးမြှင့်ပေးမည်

ဝတ်ရည်အောင်

ရန်ကုန်၊ဇူလိုင်-၁၃

ARV ဆေးလိုအပ်နေသည့် လူနာများထဲမှ ၂,၀၀၀ ခန့်ကို ယခုနှစ်အတွင်း ဆေးထပ်မံတိုးမြှင့်ပေးမည်ဖြစ်ကြောင်း နယ်စည်းမထား ဆရာဝန်များအဖွဲ့ (MSF)မှ သိရသည်။

မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှု ရောဂါပိုးကူးစက်ခံထားရသူ ၁၅ နှစ်အထက် ဝေဒနာရှင်ပေါင်း ၂၁၀,၀၀၀ကျော် ရှိပြီး(ဝ ဒသမ ၅၃ ရာခိုင်နှုန်း)ဖြစ်သည်။ ထိုလူနာများထဲမှ လူနာ ၁၂၀,၀၀၀ ခန့်သည် ARV သောက်သုံးရမည့် အခြေအနေတွင် ရှိနေပြီး ထိုလူနာများထဲမှ သုံးပုံတစ်ပုံသာဆေးရရှိနေပြီး ကျန်လူဦးရေခုနှစ်သောင်းကျော်သည် ဆေးရရှိရန် အရေးတကြီးလိုအပ်နေကြောင်းUNAIDS မှ ထုတ်ပြန်ချက်များအရ သိရသည်။

လက်ရှိအချိန်တွင် ဟော်လန်နိုင်ငံအခြေစိုက်နယ်စည်းမထားဆရာဝန်များအဖွဲ့မှ HIV/AIDS လူနာ ၂၆,၀၀၀ အား ARV ဆေးဝါးများ ထောက်ပံ့ပေးနေပြီး ၂၀၁၂ အ တွင်း ယခုကျန်ရှိသည့် ငါးလကျော်အတွင်း လူနာ ၂,၀၀၀ ကို ထပ်မံပေးဝေမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့မှ Deputy Head of Mission, Ms.Vickie Hawkins မှ ပြောသည်။ ယင်းအဖွဲ့သည် ခုခံအားကျဆင်းမှု ရောဂါပိုးကူးစက်ခံထားရသူများအတွက် ARV ဆေးဝါးအများဆုံး ထောက်ပံ့ပေးသည့် အဖွဲ့လည်း ဖြစ်သည်။

ပဋိပက္ခအခြေအနေများ ဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိစစ်တွေ၊ ဘူးသီးတောင်၊ မောင်တောဒေသများတွင် နယ်စည်းမထား ဆရာဝန်များအဖွဲ့မှ ARV ဆေးဝါးရယူနေသည့် လူနာ ၇၀၀ ခန့်ရှိပြီး ပဋိပက္ခများ စတင်ဖြစ်ပေါ်လာသည့်အချိန်မှ စတင်၍ ဆေးဝါးပြတ်လပ်သွားသည့် လူနာမှာ ၉၀ ဦးခန့်ရှိကြောင်း အဆိုပါအဖွဲ့မှ သိရသည်။

## အသည်းရောင် အသားဝါစီပိုး ကူးစက်ခံရသူများနေ

ဝတ်ရည်အောင်


ရန်ကုန်၊ ဇူလိုင်-၂၁

အသည်းခြောက်ရောဂါဖြင့် ဆေးရုံရောက်ရှိလာသူများ၏ ထက်ဝက်ကျော်သည် အသည်းရောင် အသားဝါစီပိုးကြောင့်ဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ အချက်အလက်များအရ သိရသည်။

အသည်းရောင် အသားဝါရောဂါများသည် ကမ္ဘာပေါ်တွင်သာမက မြန်မာနိုင်ငံအတွင်း ကူးစက်မှု တဖြည်းဖြည်းများပြားလာသည့် ရောဂါတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါစီပိုးရှိသူများမှာ အကြမ်းအားဖြင့် ၄-၅ ရာခိုင်နှုန်းအထိရှိနေကြောင်း ယနေ့ပြုလုပ်သည့် ကမ္ဘာ့အသည်းရောင်အသားဝါနေ့အခမ်းအနားတွင် မန္တလေးပြည်သူ့ဆေးရုံကြီး အသည်းရောဂါပညာဌာနမှ ဌာနမှူး ဒေါက်တာညိုမီခိုင်သန်းလှိုင်ကပြောသည်။

အသည်းရောင်အသားဝါရောဂါပိုးတစ်ခုချင်းစီသည် လူထုအတွင်း ကူးစက်မှုနှုန်း အလွန်များပြားပြီး အချို့ရောဂါပိုးများသည် လုံလောက်စွာ အနားယူပါက ပြန်လည်ကောင်းမွန်သွားသော်လည်း နာတာရှည်ခံစားရစေသည့် ရောဂါပိုးများသည် နောက်ပိုင်းတွင် အသည်းခြောက်ခြင်း၊ အသည်းပျက်စီးခြင်းမှ အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

အသည်းရောင် အသားဝါစီပိုးသည် စီပိုးပါသော သွေးမှတစ်ဆင့် ကူးစက်ခြင်းဖြစ်ပြီး ရောဂါကူးစက်ခံရပါက အသည်းရောင်ခြင်း၊ အသည်းမာခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာရောဂါ၊ အသည်းအလုပ်မလုပ်တော့ခြင်း ဝေဒနာများအား ခံစားရပြီး မြန်မာနိုင်ငံတွင် အသည်းရောင် အသားဝါ အေ၊ ဘီ၊ စီ၊ ဒီ၊ အီး၊ ဂျီ ရောဂါပိုးများအားလုံး ဖြစ်ပွားမှုရှိနေကြောင်း



အသည်းရောဂါ အထူးကုဆရာဝန်ကြီးဒေါက်တာခင်မောင်ဝင်းကပြောသည်။

"အသည်းရောင် အသားဝါဘီပိုးဆိုရင်လည်း အေအိုင်ဒီအက်စ်ပိုးထက် အဆတစ်ရာခန့် ပိုမိုကူးစက်လွယ်တယ်" ဟု အဆိုပါ အခမ်းအနားတွင် ပါမောက္ခဒေါက်တာဝင်းနိုင်က ပြောကြားသည်။

**TRADEMARK CAUTION**
MONSANTO TECHNOLOGY LLC, a Company incorporated in USA at 800 North Lindbergh Boulevard, St. Louis, Missouri, United States of America is the Owner and Sole Proprietor of the following Trademarks:-

**ROUNDUP**
**Reg: 4/3272/1992**
**Reg: 4/2021/2002**
In respect of : "Herbicides, Pesticides and Preparations for Killing Weeds and Destorying Vermin (Glyphosate)."

**MONSANTO**
**Reg: 4/4413/1992**
**Reg: 4/2021/2002**
In respect of : " Organic and Inorganic Chemicals; Resin and Plastic Materials, Whether of Natural or Synthetic Origin; Pharmaceutical Compounds; Fertilizers and Soil Conditioning Agents; Flavours and Chemical Adjuvants for Foods, Food Preservatives; Mineral Supplements for Foods, Phosphate Salts; Insecticides; Fungicides and Herbicides."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph : 371990 26.July.2012

## စာ-၁၃၊ မြန်မာကလေးငယ်များပါ သတိပြုရမည့် EV-71 ဗိုင်းရပ်စ် မှ

ကမ္ဘောဒီးယားနိုင်ငံတွင် ရောဂါပိုးအား အတည်မပြုနိုင်ခင် ကလေးများ ထူးဆန်းစွာ သေဆုံးနေရခြင်းမှာ လက်နှင့်ခြေထောက်တွင် အရည်ကြည်ဖုများ ပေါက်၍ ပါးစပ်၌ အနာများဖြစ်တတ်သော ဗိုင်းရပ်စ်တစ်မျိုးကြောင့်ဖြစ်နိုင်ကြောင်း ကြေညာခဲ့သော်လည်း နောက်ပိုင်းတွင် EV-71 ဗိုင်းရပ်ကြောင့်ဖြစ်ကြောင်း အတည်ပြု ထုတ်ပြန်ခဲ့ကြောင်း နိုင်ငံတကာသတင်းများတွင် ဖော်ပြထားသည်။

ဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားခြင်းဖြစ်၍ ရောဂါနှင့်ပတ်သက်သော ကာကွယ်နိုင်သည့် ဆေးဝါးများ မရှိဘဲ ရောဂါကူးစက်မှု မရှိစေရန် တစ်ကိုယ်ရေသန့်ရှင်းရေး အလေးပေးခြင်းဖြင့်သာ ကြိုတင်ကာကွယ်ရေး နည်းလမ်းဖြင့် ကာကွယ်နိုင်မည်ဖြစ်သည်။

ရောဂါဖြစ်ပွားနေသည့်နိုင်ငံများတွင်လည်း မကြာခဏ လက်ဆေးခြင်းဖြင့် ရောဂါကာကွယ်နိုင်ရန် နှိုးဆော်ထားပြီး ကလေးငယ်များသာမက ကလေးငယ်များအား ပြုစုထိန်းကျောင်းနေသည့် သူများပါ လက်ဆေးသည့် အကျင့်ကို အဓိက ဆောင်ရွက်ရမည်ဖြစ်ကာ ကလေးများတွင် ရောဂါလက္ခဏာ တစ်စုံတစ်ရာပြသပါက စောစီးစွာ ကုသမှုခံယူရန် ဆေးရုံများသို့ အမြန်ဆုံးလာရောက်ရမည်ဖြစ်ကြောင်း ဒေါက်တာစိုးလွင်ငြိမ်းကပြောသည်။

ရောဂါပိုးသည် ကိုယ်ခံအားနည်းသည့်အသက်(၃)နှစ်အောက် ကလေးများတွင် အဖြစ်များနေပြီး ကျန်းမာရေးဝန်ကြီးဌာနဘက်မှ ရန်ကုန်ကလေးဆေးရုံကြီးအပါအဝင် နိုင်ငံတွင်းရှိ ဆေးရုံတိုင်းတွင် ရောဂါဖြစ်ပွားလာပါက ကုသမှုများပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတွင်း ကူးစက်ပြန့်ပွားမှု မရှိစေရန် ကုန်းလမ်း၊ ရေလမ်းဝင်ပေါက်များနှင့် လေဆိပ်ဝင်ပေါက်များရှိ ကျန်းမာရေးအဖွဲ့များမှလည်း စစ်ဆေးမှုများအား ပိုမို ထိထိရောက်ရောက် ဆောင်ရွက်နေပြီး ယခုအချိန်ထိပြည်တွင်းတွင် ရောဂါကူးစက်မှု မရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။

"မြန်မာနိုင်ငံမှာ ဒီရောဂါနဲ့ပတ်သက်ပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနဲ့ ထိရောက်တဲ့ ဆေးကုသရေးလုပ်ငန်းများကိုလည်း စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု ဒေါက်တာစိုးလွင်ငြိမ်းကပြောသည်။

ထိုင်းနိုင်ငံအနေဖြင့်လည်း ယခုလ ၁၃ ရက်မှစတင်ပြီး ထိုင်း-မြန်မာနယ်စပ်ရှိ အဝင်အထွက်နေရာများတွင် စစ်ဆေးမှုများဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

ထိုင်းနိုင်ငံတွင်မူကြိုကျောင်းတစ်ခုမှ ကလေးငယ်များ၌စတင်စမ်းသပ်တွေ့ရှိခဲ့ပြီး နောက်ပိုင်းမြန်မာနိုင်ငံမှ ဝင်ထွက်သွားလာနေသူများအား ဇူလိုင်လ ၁၃ရက်တွင်စစ်ဆေးခြင်းများစတင်ဆောင်ရွက်နေပြီး ရောဂါကူးစက်မှုသည် မိုးရာသီနှင့် စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်ဖြစ်၍ ထိုင်းနိုင်ငံအတွင်းရှိခရိုင်အများအပြားသို့ ပျံ့နှံ့မည်ဖြစ်ကြောင်း ထိုင်းပြည်သူ့ ကျန်းမာရေးဝန်ကြီးကပြောကြားထားကြောင်း ထိုင်းနိုင်ငံသတင်းစာများတွင် ဖော်ပြထားသည်။

ထိုဗိုင်းရပ်စ်ပိုးသည် ၁၉၉၇ ခုနှစ်ခန့်မှ စတင်ပြီး ကလေးများတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယ၊ တရုတ်၊ စင်ကာပူ၊ ဘရူနိုင်း၊ ဗီယက်နမ်စသည့် နိုင်ငံအများအပြားတွင် ဖြစ်ပွားခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် တရုတ်ရှိကလေးအများတွင်ဖြစ်ပွားခဲ့သည်။ ၂၀၁၁ ခုနှစ်တွင်လည်း ဗီယက်နမ်ရှိ ကလေးငယ် လေးသောင်းခန့်တွင် ဖြစ်ပွားခဲ့သော်လည်း ပြင်းထန်မှုမရှိခဲ့ပေ။ ၂၀၁၂ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံတွင် မဖြစ်ပွားမီ အမေရိကန်ပြည်ထောင်စုတွင်ဖြစ်ပွားခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံတွင် ဖြစ်ပွားသည့်အခါပြင်းထန်သည့်ဗိုင်းရပ်စ်အဖြစ်ထွက်ပေါ်လာခြင်းဖြစ်သည်။

ယခင်ကလည်း ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားခဲ့သည့် ဆားစ်ရောဂါ၊ လူတုပ်ကွေးရောဂါများမှာလည်း တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကူးစက်ပျံ့နှံ့ဖြစ်ပွားခဲ့ပြီး အချို့နိုင်ငံများတွင် အသက်သေဆုံးမှုများထိ ဖြစ်ပေါ်ခဲ့သည်။

မိဘပြည်သူများအနေဖြင့် ကလေးငယ်များ၏ တစ်ကိုယ်ရေသန့်ရှင်းရေးအား အလေးထားပြီး ကလေးများတွင်အထက်ပါရောဂါလက္ခဏာပြသလာပါက ကျန်းမာရေးဌာနသို့ အလျင်မြန်ဆုံး ဆက်သွယ်၍ ဆေးကုသမှုခံယူရန် လိုအပ်ကြောင်း သိရသည်။

**မွန်မြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**

**ရန်ကုန်/မော်လမြိုင်**

**လိပ်ခေါင်းရောဂါကုသခြင်း**
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။

**သွေးတိုးနှင့်ဆက်နွယ်သောနလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း**
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။

**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၄၅

**မန္တလေးမြို့တွင် ရောင်းမည်။**

ဆက်သွယ်ရန် - ဖုန်း - ၀၉ ၄၂၁၀ ၄၀၁၇၈၊ ၀၉ ၅၀၅ ၆၆၂၂၊ ၀၉ ၄၄၈၀ ၀၄၁၃၀

■ (Show Room) ပြခန်းဖွင့်ရန် ကောင်းသောနေရာ၊
(Office) ရုံးခန်းဖွင့်ရန် ကောင်းသောနေရာ၊
(၇၃) လမ်း၊ (၃၅ × ၃၆) လမ်းကြား၊ (၂၂ × ၆၀) ပေ၊
RC-2 ထပ်၊ Foundation (၅) ထပ်စာချပြီးသား၊
ဘိုးဘွားပိုင်မြေ၊ မန္တလေးမြို့။
■ အမှတ် ၃၇၊ ၁၃/ညီတော်ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့ အကျယ်(၆၀)ပတ်လည်၊ နှစ်(၆၀)ဂရန်

# Regional

7DAY NEWS JOURNAL

Vol.11, No.20 • JULY 26 , 2012


# လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေးစီမံကိန်းနယ်မြေ ပုဒ်မ(၁၄၄)ထုတ်ခြင်းကိုဒေသခံများကန့်ကွက်

**ရန်နိုင်ကျော်**

**မုံရွာ၊ ဇူလိုင်-၁၈**

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေးစီမံကိန်းနယ်မြေအား ပုဒ်မ(၁၄၄)ထုတ်ပြီး ယခုလ ၁၅ ရက်တွင် အဆိုပါ စီမံကိန်းနယ်မြေအဝင် ဂိတ်များတွင် 'ပုဒ်မ (၁၄၄)နယ်မြေ၊ ဝင်ရောက်သွားလာပါက သေနတ်ဖြင့် ပစ်ဖမ်းနိုင်သည်'စသည့်စာတန်းများစိုက်ထူခြင်းနှင့် ပတ်သက်၍ ဒေသခံများက ကန့်ကွက်ခဲ့ကြသည်။

"ဒီနေ့ပဲပုဒ်မ(၁၄၄)နယ်မြေ၊ ဝင်ရောက်သူများကို သေနတ်ဖြင့် ပစ်ဖမ်းနိုင်သည်စတဲ့ကြေညာချက်တွေ စိုက်ထူသွားတယ်။ ဇွန်လ ၂ ရက်မှာ တောင်းဆိုတဲ့ အချက်လေးချက်ထဲက လယ်ယာမြေအတွင်း စွန့်ပစ်မြေမစွန့်ပစ်နဲ့ လယ်ယာမြေအတွင်းကြေးနီလုပ်ငန်းအဆောက်အအုံတွေ ဆောက်လုပ်ခြင်းမပြုဖို့ တောင်းဆိုခဲ့တာ လိုက်လျောခဲ့တယ်။ စီမံကိန်းအတွက် ယမ်းထားမယ့် အဆောက်အအုံတွေ၊ကြေးနီထုတ်လုပ်ဖို့အဆောက်အအုံတွေကိုလယ်ယာမြေအတွင်းမှာ ဆောက်လုပ်နေလို့ ဝက်မှေးကျေးရွာအနေနဲ့ကန့်ကွက်ဖို့ကျော်ရွာဂိတ်မှာ တောင်းဆိုတာပါ" ဟု ပုဒ်မ (၁၄၄) ရုပ်သိမ်းပေးရန် တောင်းဆိုနေသောဝက်မှေးကျေးရွာ ဒေသခံတစ်ဦးက ပြောကြားသည်။

"လက်ပန်းတောင်းတောင် ကြေးနီစီမံကိန်း စတင်ဆောင်ရွက်ချိန်ကစပြီး ပုဒ်မ(၁၄၄)ထုတ်ထားတဲ့ နယ်မြေဖြစ်ပါတယ်။ ပုဒ်မ (၁၄၄)နဲ့ပတ်သက်တဲ့စာတန်းတွေကို ဇူလိုင်လလယ်မှ စိုက်ထူဖြစ်တဲ့အတွက် ဒီပြဿနာဖြစ်ခဲ့တာပါ။ ဒေသခံတွေက ပုဒ်မ (၁၄၄)ထုတ်တာတော့ အစောပိုင်းကတည်းက သိပြီးဖြစ်ပါလိမ့်မယ်။ ဖြတ်သန်းသွားလာသူတွေကို သေနတ်နဲ့ ပစ်ဖမ်းနိုင်သည်ဆိုတဲ့ စာသားကိုဒေသခံတွေလက်မခံတာဖြစ်ပါလိမ့်မယ်။ ပုဒ်မ(၁၄၄) ထုတ်တာကကြေးနီကုမ္ပဏီက ထုတ်ပြန်ခွင့်မရှိပါဘူး။ ဒေသဆိုင်ရာ အာဏာပိုင်တွေကသာ ထုတ်ပြန်ခွင့်ရှိပါတယ်"ဟုမြန်မာဝမ်ပေါင် ကြေးနီတူးဖော်ရေး ကုမ္ပဏီ တာဝန်ရှိသူတစ်ဦးက ပြောသည်။

## PHOTO NEWS





ယခုနှစ်တွင် အလယ်ပိုင်းဒေသများဖြစ်ကြသော မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့၌ မိုးခေါင်မှုများနှင့်ကြုံတွေ့နေရသည်။မိုးဦးကာလကုန်ဆုံးတော့မည်ဖြစ်သော်လည်း ထိုဒေသများတွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်ခန့်သာ ရွာသွန်းသေး၍ တောင်သူများ အခက်တွေ့နေပြီး အချို့ဒေသများ၌ သောက်သုံးရေနှင့်တိရစ္ဆာန်အစာအတွက်ပင် အခက်အခဲတွေ့နေရသည်။ထို့ကြောင့် မန္တလေးတိုင်းဒေသကြီးကျောက်ပန်းတောင်းမြို့နယ်၊ ဆည်ရွာတွင် ဒေသခံများက မိုးရွာသွန်းရန် လွန်ဆွဲခြင်း၊ ကန်ဖော်ခြင်းများကို ဇူလိုင်လလယ်က ပြုလုပ်နေစဉ်

ဓာတ်ပုံ - အားမာန်

# နေပြည်တော်တွင် အာဇာနည်နေ့ ဆန္ဒထုတ်ဖော်ပြသရန် လျှောက်ထားသူနှစ်ဦး ပယ်ချခံရ

**ထူးသန့်**

**နေပြည်တော်၊ ဇူလိုင်-၁၇**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခွင့် ရရှိရန်နှင့် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တွင် လွမ်းသူ့ပန်းခွေချရန်၊စီတန်းလမ်းလျှောက်ခွင့်ပြုရန်အတွက် သက်ဆိုင်ရာအာဏာပိုင်များထံခွင့်ပြုချက်လျှောက်ထားခဲ့သူနှစ်ဦး၏ လျှောက်လွှာများ ပယ်ချခံခဲ့ရကြောင်း စုံစမ်းသိရသည်။

လျှောက်ထားသူနှစ်ဦးအနက် တစ်ဦးဖြစ်သည့် နေပြည်တော် ပျဉ်းမနားမြို့မှ နိုင်ငံရေးစိတ်ဝင်စားသူ ကိုမျိုးတေဇမောင်က "ည ၇ နာရီလောက်ကပဲ ခေါ်လို့သွားလိုက်တယ်။ ကျွန်တော်တို့လမ်းလျှောက်မယ့်နေရာကမြို့လယ်လူစည်တဲ့နေရာဖြစ်လို့ အသွားအလာ ပိတ်ဆို့မှုတွေ၊ နှောင့်ယှက်မှုတွေ ဖြစ်မှာစိုးလို့ ဒါကို ပယ်ချတယ်လို့ ပြောပါတယ်။ အခုလည်း အယူခံထပ်တင်မလို့ပဲ။ ဒါပေမဲ့မရဖို့တော့များပါတယ်"ဟု ပြောသည်။ ၎င်းသည် လူအင်အား ၅၀ မှ ၁၀၀ ကြားဖြင့် ပျဉ်းမနားမြို့ ငွေဆောင်ရုပ်ရှင်ရုံရှေ့မှ စတင်ကာ ရှမ်းကန်အထိ လမ်းလျှောက်ပြီး ရှမ်းကန်ရှိ ဗိုလ်ချုပ်ကြေးရုပ်တွင် လွမ်းသူ့ပန်းခွေ ချခွင့်ပြုရန် လျှောက်ထားခဲ့ခြင်းဖြစ်သည်။ ယခင်တပ်မတော်အစိုးရလက်ထက်က နိုင်ငံပိုင်သတင်းစာများတွင် ဆောင်းပါးများ ရေးသားသူ ငါးမင်းဆွေ(ဦးမင်းဆွေ)၏ တစ်ကိုယ်တော် ဆန္ဒထုတ်ဖော်ခွင့် ရရှိရန် လျှောက်ထားမှုမှာလည်း ပယ်ချခံခဲ့ရကြောင်း စုံစမ်းသိရသည်။

ငါးမင်းဆွေ(ဦးမင်းဆွေ)အနေဖြင့် ဒက္ခိဏသီရိမြို့နယ်ရှိပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးချုပ်ရှေ့တွင်လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ်ရှိ ရွှေကြာပင်ရပ်ကွက်တွင်လည်းကောင်း၊ တစ်ကိုယ်တော် ဆန္ဒထုတ်ဖော်ခွင့်ရရန် လျှောက်ထားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ၎င်းသည် လွှတ်တော်ကိုယ်စားလှယ်များ ယခင်နှစ်က ကားပါမစ်ယူပြီး အကျိုးအမြတ်ယူသည့် အကြောင်းအရာအပေါ် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခြင်းကို အာဇာနည်နေ့တွင်ပင် ထုတ်ဖော်ခွင့်ရရှိရန် သက်ဆိုင်ရာ အာဏာပိုင်များထံ လျှောက်ထားခဲ့ခြင်းဖြစ်သည်။


# တကောင်းတောင် နီကယ်စီမံကိန်းဧရိယာတွင်ပုဒ်မ(၁၄၄) ရုပ်သိမ်း

**စိုင်းသာအောင်**

**ထီးချိုင့်၊ဇူလိုင်-၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မောင်းကုန်း ကျေးရွာအုပ်စုရှိတကောင်းတောင်နီကယ်စီမံကိန်း ကုန်တင်ကုန်ချ ဆိပ်ကမ်းဧရိယာနှင့် ရေသန့်စက်ရုံ ဧရိယာများတွင် ထီးချိုင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အမိန့်ကြေညာစာ ၁/ ၂၀၁၁ ပုဒ်မ(၁၄၄)ထုတ်ပြန်ကြေညာထားမှုကို ဇွန်လနောက်ဆုံးပတ်က ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ဒေသခံများထံမှ သိရသည်။

ထိုကြေညာချက်သည် တစ်နှစ်ခန့်ကြာမြင့်ခဲ့ပြီး ပုဒ်မ(၁၄၄) ထုတ်ပြန်မှုအပေါ် ဒေသခံများကသွားရေး၊လာရေးတွင်ပိတ်ပင်တား ဆီးမှုများရှိနေပြီး စိတ်အနှောင့်အယှက်ဖြစ်ရမှုများ ဖြစ်ပေါ်ခဲ့ရကြောင်း မောင်းကုန်းကျေးရွာအုပ်စုမှ တောင်သူတစ်ဦးက ပြောသည်။ အဆိုပါပုဒ်မ(၁၄၄)ကို မောင်းကုန်းကျေးရွာအုပ်စုရှိတကောင်းတောင်နီကယ်စီမံကိန်း ကုန်တင်ကုန်ချဆိပ်ကမ်းဧရိယာနှင့် ရေသန့်စက်ရုံဧရိယာတို့တွင် ထီးချိုင့်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်က ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ တကောင်းတောင် ဖယ်ရိုနီကယ်စက်ရုံကို ၂၀၀၈ ခုနှစ်ကစတင်တည်ဆောက်ခဲ့ပြီး ၂၀၁၂ခုနှစ်မတ်လတွင်စတင်လည်ပတ်ခဲ့ကာ တရုတ်နိုင်ငံ ဂရိတ်ချန့်ကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းစက်ရုံတွင် တရုတ်နိုင်ငံသားဝန်ထမ်း ၆၀၀ ကျော်အပါအဝင် မြန်မာလုပ်သား ၁,၀၀၀ ကျော်ရှိသည်ဟု ဒေသခံများထံမှ သိရသည်။

7 DAY NEWS JOURNAL
Vol.11, No.20 · JULY 26 , 2012

# ဒေသခံများအား မဖွယ်မရာပြုသော မြန်မာဝမ်ပေါင်ကုမ္ပဏီဝန်ထမ်းသုံးဦးကို အမှုဖွင့်တိုင်ကြား

**ရန်နိုင်ကျော်**

**မုံရွာ၊ ဇူလိုင်-၁၉**

လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသော မြန်မာဝမ်ပေါင်ကုမ္ပဏီမှ ဝန်ထမ်းသုံးဦးသည် မေလ ၃၀ ရက် ညပိုင်းတွင် လယ်ယာမြေများအတွင်း လုပ်ငန်းများ ရပ်ဆိုင်းပေးရန် တောင်းဆိုသော ဝက်မှေးကျေးရွာဒေသခံများအား မဖွယ်မရာပြုလုပ်မှုနှင့် နာကျင်စေရန်အလို့ငှာ ကျောက်တုံးများကို ကုန်းမြင့်မှ လှိမ့်ချခြင်းအတွက်ဟု ဆိုကာ ယခုလ ၁၂ ရက်က ဝက်မှေးကျေးရွာဒေသခံ ဒေါ်သွဲ့သွဲ့ဝင်း အပါအဝင် ဒေသခံ (၁၁) ဦးက တရားလိုပြုလုပ်၍ ဆားလင်းကြီးမြို့နယ် ရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သတင်းရရှိသည်။

"ဝက်မှေးကျေးရွာ အနောက်ဘက်က လယ်တောမှာ စက်ယန္တရားထိုးနေတဲ့ လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေး လုပ်ငန်းခွင်က မြန်မာဝမ်ပေါင်ကုမ္ပဏီဝန်ထမ်းသုံးဦးက မေလ ၃၀ ရက် ည (၈)နာရီလောက်မှာ ဒေသခံတွေကို မဖွယ်မရာပြုလုပ်မှုနဲ့ နာကျင်စေဖို့ ရည်ရွယ်ပြီး စွန့်ပစ်မြေပုံပေါ်ကနေ ကျောက်တုံးတွေ လှိမ့်ချပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဒေသခံတွေအနေနဲ့ လယ်ယာလုပ်ငန်းခွင်အတွင်း စွန့်ပစ်မြေမပုံစေဖို့ တောင်းဆိုမှုကို ဇွန်လ ၂ ရက်ကစပြီး နေ့ရောညပါ တောင်းဆိုခဲ့ပါတယ်။ ဒေသခံတောင်သူတွေကို ကာကွယ်ပေးမယ့် ဥပဒေကို အားကိုးပြီး ဇူလိုင်လ ၁၂ ရက်က ဆားလင်းကြီးမြို့နယ် ရဲတပ်ဖွဲ့စခန်းမှာ ဝက်မှေးကျေးရွာဒေသခံ ဒေါ်သွဲ့သွဲ့ဝင်းက အမှုဖွင့်တိုင်ကြားခဲ့ခြင်းဖြစ်ပါတယ်"ဟု ဆားလင်းကြီးမြို့နယ် ဝက်မှေးကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ပြောကြားသည်။

မြန်မာဝမ်ပေါင်ကုမ္ပဏီဝန်ထမ်းသုံးဦးနှင့် ပတ်သက်၍ မဖွယ်မရာပြုလုပ်မှုနှင့် ကျောက်တုံးပစ်ချခြင်းကို ဥပဒေအရ အရေးယူပေးပါရန် ဆားလင်းကြီးမြို့နယ် ရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်တိုင်ကြားခြင်းကို ယခုလ ၁၂ ရက်က လက်ခံထားရှိပြီး ဆားလင်းကြီးမြို့နယ် ရဲတပ်ဖွဲ့စခန်းက ထိုအမှုအား စစ်ဆေးဆောင်ရွက်နေကြောင်း ဆားလင်းကြီးမြို့နယ် ရဲတပ်ဖွဲ့စခန်းမှူးက ဖုန်းမှတစ်ဆင့် အတည်ပြုဖြေကြားခဲ့သည်။

"မြန်မာဝမ်ပေါင်ကုမ္ပဏီမှာ မြန်မာဝန်ထမ်းလား၊ ပြည်ပဝန်ထမ်းလားတော့ မသိရသေးဘူး။ သက်ဆိုင်ရာက ကုမ္ပဏီကို အကြောင်းကြားတာ၊ ခေါ်ယူစစ်ဆေးတာတော့ မရှိသေးပါဘူး။ တရားရုံးတော်မှာ ဖြေရှင်းရုံနဲ့တော့ ကုမ္ပဏီက အရေးယူမှာ မဟုတ်ပါဘူး။ တရားရုံးရဲ့ အဆုံးအဖြတ်အပေါ်မူတည်ပြီး အပြစ်ရှိတယ်ဆိုရင် အလုပ်က ထုတ်ပယ်တဲ့အထိ အရေးယူနိုင်ပါတယ်" ဟု မြန်မာဝမ်ပေါင်ကုမ္ပဏီဝန်ထမ်းခေါင်းဆောင်တစ်ဦးက ပြောသည်။

ဆားလင်းကြီးမြို့နယ် လယ်ရှည်ကျေးရွာအုပ်စု ဝက်မှေးကျေးရွာသည် လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေးစီမံကိန်း နယ်မြေအတွင်း ကျရောက်သည့်အတွက် ပြောင်းရွှေ့ရမည့် ကျေးရွာလေးရွာတွင် ပါဝင်ခဲ့ပြီး အဆိုပါကျေးရွာတွင်အိမ်ခြေ(၁၀၀)ကျော်ရှိသည့်အနက် အိမ်ဂရန်ထားရှိသော နေအိမ်(၄၈)လုံးမှာ ပြောင်းရွှေ့ခြင်းမပြုဘဲ မိရိုးဖလာ လယ်ယာမြေ လုပ်ကိုင်စားသောက်လျက်ရှိသည်။ ဝက်မှေး ကျေးရွာမှ ဦးဆောင်၍ ဇွန်လ ၂ ရက်မှစတင်ကာ မြန်မာဝမ်ပေါင် ကြေးနီတူးဖော်ရေးလုပ်ငန်း ရုံးရှေ့တွင် တောင်းဆိုသောလယ်ယာမြေများအပေါ် စွန့်ပစ်မြေပုံခြင်း မပြုရန်၊ လယ်ယာမြေများအပေါ် ကြေးနီတူးဖော်ရေးလုပ်ငန်း အဆောက်အအုံများ ဆောက်လုပ်ခြင်း မပြုလုပ်ရန်၊ ဝက်မှေး ကျေးရွာတွင် ချိတ်ပိတ်ထားသော ဘုန်းတော်ကြီးကျောင်းအား ပြန်လည်ဖွင့်လှစ်ပေးရန်၊ ဝက်မှေးကျေးရွာ မူလတန်းကျောင်းအား ပြန်လည်ဖွင့်လှစ်သင်ကြားခွင့်ပြုရန် စသည့်အချက်များတောင်းဆိုခဲ့ရာ သက်ဆိုင်ရာ ကုမ္ပဏီမှ ဖြေလျှော့၍ တောင်းဆိုချက်နှစ်ချက်အားလိုက်လျောမှုများ ပြုလုပ်ခဲ့ပြီး ကျန်နှစ်ချက်အား သက်ဆိုင်ရာသို့ တင်ပြထားသည်။

## မောင်တောသို့ ရောက်ရှိနေသည့် ဘင်္ဂါလီ ၃၀ ကျော် ပြန်လည်ထွက်ခွာ

**မောင်ကံ**


**မောင်တော၊ ဇူလိုင်-၁၇**


ဇွန်လ ၈ ရက် မောင်တောမြို့ ဆူပူအကြမ်းဖက်မှု မဖြစ်ပေါ်မီကပင် ပြည်ပမှရောက်ရှိနေသော ဘင်္ဂါလီလူမျိုး (၃၃)ဦးမှာ ဇူလိုင်လ ၁၄ ရက်တွင် မောင်တောမြို့မှ ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း သက်ဆိုင်ရာဌာန တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ ဘင်္ဂါလီလူမျိုး (၃၃) ဦးမှာ မောင်တောမြို့သို့ ဘာသာရေးတရားဟောရန်နှင့် ဆွေမျိုးများထံသို့ လည်ပတ်ရန် ရောက်ရှိနေခြင်းဖြစ်ပြီး ဇွန်လ ၈ ရက်ဆူပူအကြမ်းဖက်မှု ကာလတွင် မောင်တောမြို့တွင်း၌ ရှိနေခဲ့ကာ ဒေသတွင်း အခြေအနေများကြောင့် ပြန်လည်မထွက်ခွာနိုင်ဘဲ ဇူလိုင် ၁၄ ရက်ကျမှ သက်ဆိုင်ရာအာဏာပိုင်များ၏စီစဉ်မှုဖြင့် ဘူးသီးတောင်မြို့မှတစ်ဆင့် ပြန်လည်ထွက်ခွာသွားကြခြင်းဖြစ်သည်ဟုဆိုသည်။

မောင်တောမြို့မှ ထွက်ခွာသွားသည့် ဘင်္ဂါလီလူမျိုး(၃၃)ဦးတွင် ရန်ကုန်မြို့ အပါအဝင် မြန်မာနိုင်ငံ အနှံ့အပြားမှ ဘာသာရေးခေါင်းဆောင်များပါဝင်ကြောင်း သိရသည်။

မောင်တောမြို့နယ်မှ ထွက်ခွာသွားသည့် ဘင်္ဂါလီများကဲ့သို့ယခင်ကလည်း ဒေသအသီးသီးမှ ဘင်္ဂါလီလူမျိုးများ မောင်တောဒေသသို့ အမြဲလာရောက်နေကြပြီး ဇွန်လ ၈ ရက် ဆူပူအကြမ်းဖက်မှု ဖြစ်ပေါ်ပြီးနောက် လာရောက်သူ မရှိသေးကြောင်းနှင့် မောင်တောဒေသမှလည်း အခြားဒေသများသို့ သွားရောက်သည့် ဘင်္ဂါလီများ မရှိသေးကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ထုတ်ပေးရေးဌာန (လဝက) မှ စုံစမ်းသိရှိရသည်။



# လိင်အင်္ဂါပုံမှန်မဟုတ်ဘဲ စအိုပေါက် လုံးဝမပါသည့် နေပြည်တော်မှ ကလေးငယ် အကူအညီလိုအပ်နေ

**ကျော်ဇေယျ**

**နေပြည်တော်၊ ဇူလိုင်-၁၈**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် R 1 လမ်းတွင် နေထိုင်သော အသက်လေးနှစ်အရွယ်ရှိကလေးငယ်တစ်ဦးမှာ မွေးရာပါ ကျင်ကြီးစွန့်အင်္ဂါရပ်တစ်ခုဖြစ်သည့် စအိုပေါက်မပါရှိဘဲ ခွဲစိတ်ကုသရမည့် အနေအထားရှိသော်လည်း ငွေကြေးမတတ်နိုင်သဖြင့် အကူအညီလိုအပ်နေကြောင်း သိရသည်။

ကလေးငယ်၏ နာမည်မှာ မောင်မျိုးဇော်ဖြစ်ပြီး မွေးရာပါစအိုပေါက် မပါလာသဖြင့် ငယ်စဉ်က မန္တလေးဆေးရုံကြီးတွင် ကျင်ကြီးစွန့်ရာ အပေါက်ကို လက်ယာဘက်နံရိုးအောက်တွင် အပေါက်ဖောက်ထားကြောင်း၊ ဝမ်းဗိုက်ရှိ ချက်မှာလည်း ပုံမှန်နေရာမဟုတ်ဘဲ ယောက်ျားအင်္ဂါနှင့် ဆက်သွယ်နေပြီး အဆိုပါ ယောက်ျားအင်္ဂါမှာလည်း ပုံမှန်လူများကဲ့သို့ ဆီးသွားခြင်းမပြုနိုင်ဘဲ ချက်နှင့်ဆက်စပ်သည့် နေရာမှ တစ်စက်စက်ကျနေကြောင်း၊ ကျင်ကြီးစွန့်ရန် ဖောက်ထားသည့် လက်ယာနံရိုးအောက်မှ ကျင်ကြီးများ အမြဲတမ်းနည်းနည်းချင်း ကျဆင်းနေသည့်အတွက် ကလေးငယ်နားကပ်လျှင်ပင် အနံ့အသက်များ ထွက်နေကြောင်းဆိုသည်။

ဂျပန်နိုင်ငံမှ အထူးကုဆရာဝန်ကြီးများ နေပြည်တော်ဆေးရုံသို့ ကွင်းဆင်းလာရောက်စဉ်က သွားရောက်ပြသခဲ့သော်လည်းအထူးကုများလာရောက်သည့်ရက်မှာ တိုတောင်းသဖြင့်(ရန်ကုန်)သို့မဟုတ်မန္တလေးသို့ သွားရောက်ကုသရန် ပြောဆိုခဲ့သော်လည်း မိဘနှစ်ပါးလုံးမှာ နွမ်းပါးသူများဖြစ်၍ မကုသနိုင်သေးကြောင်း သိရသည်။

“ကလေးအရွယ်က လေးနှစ်ကျော်ပြီဆိုတော့ နောက်နှစ်ကျောင်းထားရတော့မယ်။ ကလေးကိုယ်တိုင်ကိုက ခွဲစိတ်ကုသပြီးမှ ကျောင်းတက်နိုင်မယ့် အနေအထားရှိနေတာပဲ”ဟု ကလေးငယ်နှင့် ပတ်သက်၍ ပေါက်တောရဲစခန်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော် ဒုရဲအုပ်တင်မောင်ဆွေက ပြောသည်။

အကူအညီပေးလိုသူများ အနေဖြင့် ပေါက်တောရဲစခန်း၊ ဒက္ခိဏသီရိမြို့နယ် ဖုန်းနံပါတ် - ၀၉ ၄၉၂၈၂၆၀၆မှတစ်ဆင့်ဆက်သွယ်နိုင်ကြောင်းလည်း သိရသည်။

# နေပြည်တော်တွင် လယ်ယာလုပ်အားခ ကွာဟမှုမြင့်မားနေ၍ လယ်သမားများ အခက်တွေ့

**ထူးသန့်**

**နေပြည်တော်၊ ဇူလိုင်-၂၀**


နေပြည်တော်ကောင်စီနယ်မြေအတွင်း လယ်ယာလုပ်အားခတစ်ရက်တာနှုန်းများ ကွာဟမှုမြင့်မားနေ၍ လုပ်အားခတိုးမြှင့်ပေးရန် တောင်းဆိုခြင်း၊ လုပ်သားရွှေ့ပြောင်းခြင်းများကြောင့် အလှမ်းဝေးသော ဒေသမှ လယ်သမားများ အခက်အခဲကြုံတွေ့နေရကြောင်း သတင်းရရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ယမန်နှစ်မှစ၍ ပုလဲသွယ်နှင့် အခြားအထွက်တိုးစပါးများအား ခေတ်မီနည်းစနစ်ဖြင့် စိုက်ပျိုးပညာပေးခဲ့ရာ လိုအပ်သော လုပ်သားအင်အား အမြောက်အမြားကို တစ်နေ့ ၃,၀၀၀ ကျပ်ဖြင့် ခေါ်ယူခဲ့ရာမှ ဒေသအတွင်း လုပ်အားခများကြီးကြီးမားမား ကွာခြားသွားခဲ့ခြင်းဖြစ်ကြောင်းလည်း လယ်သမားများက ပြောသည်။

“အရင်တုန်းက တစ်နေရာနဲ့ တစ်နေရာ ၅၀၀ ကျပ်လောက်ပဲ ကွာခဲ့တာ။ ပြီးခဲ့တဲ့နှစ်ကစပြီး နေပြည်တော်(အထက်ပါစိုက်ခင်းများ)က ၃,၀၀၀ ပေးတယ်။ မနက်စာကောက်ညှင်းလည်းကျွေးတယ်။ ကားနဲ့လည်း ကြိုပို့လုပ်ပေးတယ်ဆိုပြီး အဲဒီဘက်ကို ရွှေ့ကုန်တယ်။ အခုလည်း လုပ်သားတွေဘက်က လုပ်အားခ ပိုပေးဖို့ တောင်းဆိုကြတယ်”ဟု နေပြည်တော် လယ်ဝေးမြို့နယ်မှ လယ် ၁၀ ဧကကျော် လုပ်ကိုင်သော လယ်သမားကြီးတစ်ဦးက ဆိုသည်။

အဆိုပါမြို့နယ်မှ အသက် ၄၀ ခန့်ရှိ လယ်ယာမဲ့ လုပ်သားတစ်ဦးဖြစ်သူ ကိုဝင်းဦးကမူ “ဒီနှစ်တော့ အဲဒီလို မခေါ်တော့ပါဘူး။ ဒါပေမဲ့ ဒီမှာ ကျွန်တော်တို့ရနေတာက တစ်နေ့မှ ၁,၅၀၀ ကျပ်။ ကျွန်တော်တို့ဘက်ကလည်း ၃,၀၀၀ မရရင်တောင် ၂,၀၀၀၊ ၂,၅၀၀ တော့ ရချင်တယ်။ အဲဒါကြောင့် သက်ဆိုင်တဲ့ရွာသူကြီးတွေကို တောင်းဆိုထားတယ်” ဟု လုပ်သားများ၏ အခြေအနေကို ပြောဆိုသည်။

လက်ရှိအထွေထွေကုန်ဈေးနှုန်းနှင့် အဆိုပါ လုပ်အားခသည် လုပ်သားများအတွက် ရိက္ခာဖူလုံမှု မရှိသကဲ့သို့ သွင်းအားစု ဈေးနှုန်းများမြင့်မားသည့်အပြင် ထွက်ကုန်သီးနှံများ ဈေးမကောင်း၍ လယ်သမားများဘက်ကလည်း လုပ်အားခတိုးပေးရန် ဆန္ဒမရှိကြောင်း သိရှိရသည်။ ယခုကဲ့သို့ လုပ်အားခပိုပေး၍ ခေါ်ယူခဲ့ခြင်းသည် ကျေးလက်လူထုအတွက် ဝင်ငွေတိုးရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း လယ်/ဆည်ဝန်ကြီး ဦးမြင့်လှိုင်က ယမန်နှစ်က ပြုလုပ်ခဲ့သော အစီအစဉ်တစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.20 ▪ JULY 26 , 2012

# နယ်စပ်ဖြတ်ကျော်သွားလာမှုရပ်ဆိုင်းထား၍ တစ်ပိုင်တစ်နိုင်သမားများ မောင်တောနှင့် ဘူးသီးတောင်သို့သာ သွားလာရောင်းဝယ်လာ

မောင်ကံ

**မောင်တော၊ ဇူလိုင်-၁၇**

မောင်တောနယ်စပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့နယ်စပ်ဖြတ်ကျော်သွားလာနေကြသည့်တစ်ပိုင်တစ်နိုင်သမားများမှာဇွန်လ ၈ ရက်မှစ၍ နယ်စပ်ဖြတ်ကျော်သွားလာမှု ရပ်ဆိုင်းထားသည့်အတွက် မောင်တောနှင့် ဘူးသီးတောင်သို့သာ ကုန်သွယ်သွားလာနေကြကြောင်း စုံစမ်းသိရသည်။

"ဆူပူမှုစဖြစ်ကတည်းက အခုထိနယ်စပ်လမ်းကြောင်း ပိတ်ထားတဲ့အတွက် ဘူးသီးတောင်ဘက်ကိုလှည့်တာဖြစ်ပါတယ်။ အခုလို ကုန်ဈေးနှုန်းတွေ မြင့်နေတဲ့အချိန်မှာ ရတဲ့အလုပ်ကို ထလုပ်ကြတာဖြစ်ပါတယ်။ ဒါပေမဲ့ ဘင်္ဂလားကို သွားတာလောက်တော့ အဆင်မပြေပါဘူး"ဟု တစ်ပိုင်တစ်နိုင်ကုန်သည်တစ်ဦးက ပြောသည်။ မောင်တောနှင့် ဘူးသီး တောင်သို့ကုန်သွယ်သွားလာမှုကြောင့် တစ်ရက်လျှင်စရိတ်နုတ်၍ ငွေသုံးထောင်၊ လေးထောင် ကျပ်ခန့် ကျန်ကြောင်းနှင့် ဘူးသီးတောင်မှ မောင်တောနယ်စပ်သို့ အများဆုံးသယ်လာသည့် ကုန်စည်မှာ အခြေခံစားသောက်ကုန်များဖြစ်ကြောင်း သိရသည်။

# မန္တလေးမြို့ကို ဗဟိုပြု၍ ပညာရေးပြုပြင်ပြောင်းလဲမှုကော်မတီဖွဲ့စည်း

ညီညီဇော်

**မန္တလေး၊ ဇူလိုင် - ၂၁**

မန္တလေးမြို့ကိုဗဟိုပြု၍ ပညာရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် အဖွဲ့အစည်းအချို့က စတင်ကြိုးပမ်းနေကြောင်း သတင်းရရှိသည်။

ဇူလိုင် ၂၀ရက်က မန္တလေးမြို့ Oriental House ခန်းမတွင် လူငယ်ပြုစုပျိုးထောင်ရေးအဖွဲ့က ဦးဆောင်၍ လူငယ်ပြုစုပျိုးထောင်ရေး ပညာရေးဆွေးနွေးပွဲကိုကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံပညာရေးပြုပြင်ပြောင်းလဲမှုအခြေခံအချက် မူကြမ်းများအဖြစ် မနက်ပိုင်းတစ်ပိုင်း ကျောင်းတက်ခြင်းစနစ်၊ ညနေပိုင်းအချိန် အသက်မွေးဝမ်းကျောင်း ပညာကို ကလေးများ ဗီဇဝါသနာပါရာ ရွေးချယ်ပြီး လွတ်လပ်စွာ သင်ယူခွင့်စနစ်၊ အလယ်တန်းပညာရေးငါးတန်းမှစ၍ ကလေးများ ဗီဇဝါသနာပါရာ အသက်မွေးဝမ်းကျောင်းပညာရွေးချယ်သင်ယူခြင်းစနစ်၊ အမှတ်အနည်းအများဖြင့် ကလေးများကို အဆင့်သတ်မှတ်သည့် စာမေးပွဲပညာရေးစနစ် ပြုပြင်ပြောင်းလဲသင့်သည့်စနစ် အစရှိသည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ပညာရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန်အတွက်၊ ကျောင်းသားမိဘများ၊ ဥပဒေပညာ၊ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စာပေ၊ ပန်းချီ ပန်းပုအနုပညာ၊ ကျန်းမာရေး၊ အားကစား၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ နိုင်ငံရေး အစရှိသည့် သက်ဆိုင်ရာ နယ်ပယ်အလိုက် အစုအဖွဲ့များ ဖွဲ့စည်းခဲ့ကြပြီး ယင်းအစုအဖွဲ့ပေါင်းစုံပါဝင်သော မြန်မာနိုင်ငံမန္တလေးဗဟိုပြုပညာရေးပြုပြင်ပြောင်းလဲမှုကော်မတီကိုလည်း ဖွဲ့စည်းခဲ့ကြသည်။

ယင်းကော်မတီမှ ပညာရေးပြုပြင်ပြောင်းလဲမှု အခြေခံမူကြမ်းကို ညှိနှိုင်းဆွေးနွေးပြီးနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံတင်ပြသွားမည်ဟု ယင်းကော်မတီတွင် ပါဝင်သူ လူငယ်ပြုစုပျိုးထောင်ရေးအဖွဲ့မှ ဦးရဲအောင်တင်ကပြောသည်။ "ကျောင်းသားမိဘ အစုအဖွဲ့က နေပြီး ကျောင်းတွေက ကလေးတွေဆီသွားပြီး ကလေးတွေဘာဝါသနာပါလဲ၊ဘာတွေသင်ချင်လဲဆိုတာကိုဆန္ဒခံယူမယ်။ ဒါမှနည်းလမ်းကျမယ်လို့ထင်တယ်"ဟု ၎င်းကပြောသည်။

အသက် ၇၅ နှစ်အရွယ် ပညာရေးဝန်ထမ်းဟောင်း အမျိုးသမီးကြီး တစ်ဦးက "ဒီနေ့ စာစောင်ထဲမှာပါလို့ လာခဲ့တာပါ။ ဖိတ်လို့ လာတာမဟုတ်ပါဘူး။ ပညာရေး ဆွေးနွေးပွဲဆိုတော့ ပညာရေး ဝန်ထမ်းတွေ တော်တော်များများ လာမယ်ထင်ထားတာ။ ပညာရေးဝန်ထမ်းတွေ မပါဘူး" ဟုပြောသည်။ ယင်းအခမ်းအနားသို့ ကျောင်းသားမိဘများ၊ နိုင်ငံရေး ပါတီများမှ တာဝန်ရှိသူများ၊ ဥပဒေပညာရှင်များ၊ ဆရာဝန်များ၊ ကျူရှင်ဆရာများ၊ တက်ရောက်ခဲ့ကြပြီး ဝင်ရောက်ဆွေးနွေးခဲ့ကြသည်။

**TRADEMARK CAUTION**
PT MASSINDO INTERNATIONAL, a company incorporated in Indonesia at Kedoya Centre, Blok B No. 1-2, Jl. Raya Perjuangan, Kebon Jeruk, Jakarta Barat 11530 is the Owner and Sole Proprietor of the following Trademark:-

COMFORTA
comfort your life!

Reg: 4/6307/2012
In respect of : Int'l class 20 :
" Spring bed, mattresses, divans, headboard, latex, pillow, bolster."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990    26.July.2012

# ထိုင်းအလှူရှင်များက ဘတ်ငွေခုနစ်သန်းတန်ဖိုးရှိ သင်္ကန်း၊ သပိတ်နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း

စိုင်းသာအောင်

**မန္တလေး၊ ဇူလိုင်-၁၈**

ရွှေတိဂုံစေတီတော်မြတ်နှစ်(၂၆၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံမှ အလှူရှင်များက မြန်မာနိုင်ငံသို့ ထိုင်းဘတ်ငွေခုနစ်သန်းတန်ဖိုးရှိ သင်္ကန်းနှင့် သပိတ် ၃၀၀၀ စုံနှင့် အခြားလှူဖွယ်ပစ္စည်းများကို ယခုလအတွင်း လှူဒါန်းသွားမည်ဖြစ်ကြောင်း သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

ဇူလိုင် ၂၁ ရက် နံနက်တွင် ရွှေတိဂုံစေတီတော် ရှေးဟောင်းတန်ဆောင်း၌ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီး ၁၈ ပါး အမှူးပြုသော နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)မှ သံဃာတော်အပါး ၅၀၀ အား ရေစက်ချလှူဒါန်းပွဲ ပြုလုပ်ပြီး သင်္ကန်းနှင့် သပိတ်အစုံ ၅၀၀ ကို ကျောင်းတိုက်များသို့ ပေးပို့လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင်လ ၂၂ ရက် နံနက်တွင် မန္တလေးမြို့ မဟာမြတ်မုနိဘုရားဩဝါဒစရိယ ဆရာတော် ၉ ပါး၊ မန္တလေးမြို့မှ ထင်ရှားကျော်ကြားသော ဆရာတော်ကြီး ၉ ပါး အမှူးပြုသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ သံဃာတော်အပါး ၁,၀၀၀ တို့အား ရေစက်ချလှူဒါန်းပြီး သံဃာအပါး ၁၀၀၀ အား နေ့ဆွမ်းဆက်ကပ်မည်ဖြစ်ကြောင်း သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိန်ဝင်းက 7Day News သို့ပြောသည်။

ကျန်ရှိသော သင်္ကန်းနှင့် သပိတ်အစုံ ၁,၀၀၀ တို့အား နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုရဟန်းတော်များအား သာသနာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

## နယ် သ တင်း တို များ

### ပုဂံအမြန်ရထား လမ်းချော်မှုနှစ်ကြိမ်ဖြစ်ပွား

ခင်ဇာမွန်မြင့်

**နွားထိုးကြီး၊ ဇူလိုင် -၁၇**

ပုဂံမှမန္တလေးသို့ထွက်ခွာလာသော ၁၁၉ ပုဂံအမြန်အဆန်ရထားသည် ယခုလ ၁၇ ရက်ကလမ်းချော်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့သည်။ ရွာကြီးနှင့်နွားထိုးကြီးဘူတာကြားမိုင်တိုင်မိုင်တိုင်(၃၉၃-၈/၉)ကြားတွင် လမ်းချော်ကျခဲ့ရာ လမ်းချော်ကျသောရထားတွဲဖြုတ်ချထားခဲ့ပြီး နွားထိုးကြီးဘူတာမှ အထွက်တွင် ဒုတိယအကြိမ် တွဲနှစ်တွဲထပ်မံချော်ကျခဲ့ခြင်းဖြစ်သည်။

### စိုက်ပျိုးစရိတ်ချေးငွေနှင့် ကျေးလက်ချေတာစုဆောင်းအပ်ငွေထုတ်ပေး

မောင်ထီလာ

**မိတ္ထီလာ၊ ဇူလိုင် -၁၆**

မိတ္ထီလာမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မိတ္ထီလာမြို့နယ်ရှိ ကျေးရွာ ၃၅ ရွာမှ တောင်သူလယ်သမား ၄,၉၀၅ ဦးအတွက်ကျေးလက်ချေတာစုဆောင်းအပ်ငွေကျပ် ၁၉၈,၄၀၆,၆၈၀ ကိုပြန်လည်ထုတ်ပေးပြီးဖြစ်သည်။ ၂၀၁၂ဘဏ္ဍာရေးနှစ်တွင်စပါးဧကေ ၂၁,၁၀၀၊နှမ်း၃၂,၉၅၂ဧကေ၊ ပဲစင်းငုံဧက ၁၀,၀၀၀ နှင့် ချည်မျှင်ရှည်ဝါ ဧက ၃,၀၀၀ တို့အတွက် ချေးငွေစုစုပေါင်းကျပ် ၁၅,၁၄၅ ဒသမ ၂သိန်း ထုတ်ချေးပေးရန် စီစဉ်ထားပြီး စိုက်ပျိုးစရိတ်ချေးငွေများကို ဩဂုတ်လအထိ ဆက်တိုက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

### ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်ဖုန်းများ ဇူလိုင်လကုန်တွင် မောင်တော၌ သုံးစွဲနိုင်မည်

မောင်ကံ

**မောင်တော၊ ဇူလိုင် -၁၆**

ဇွန်လအတွင်း ချထားပေးရန်စီစဉ်ခဲ့သော မောင်တောနယ်စပ်၌ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်ဖုန်းများကို ယခုလကုန်ပိုင်းတွင် ဆက်သွယ်ပြောဆိုနိုင်မည် ဖြစ်ကြောင်း ဆက်သွယ်ရေးစခန်းမှစုံစမ်းသိရှိရသည်။ မောင်တောနယ်စပ်မြန်မာ့ဆက်သွယ်ရေးခြံဝင်းတွင် ဂျီအက်စ်အမ်တာဝါတိုင်သစ်တစ်ခုကိုတည်ဆောက်နေပြီဖြစ်ပြီး မြို့သူကြီးကျေးရွာရှိ စက်မှုအဆောက်အအုံမှစက်မှုပစ္စည်းများကို မောင်တောစက်မှုအဆောက်အအုံသို့ ပြောင်းရွှေ့တပ်ဆင်ပြီးပါက ချက်ချင်းချထားပေးသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးစခန်းမှဝန်ထမ်းတစ်ဦးက ပြောသည်။ ဘူးသီးတောင်မြို့အတွက် နှစ်သိန်းတန်ဖုန်းများကို ဇွန်လအတွင်းက ချထားပေးပြီးဖြစ်ကြောင်း သိရသည်။

### သီလရှင်တစ်ပါး ဆွဲကြိုးချသေဆုံးမှု ဖြစ်ပွား

စောရန်နိုင်

**ရေစကြို ဇူလိုင် -၁၆**

ရေစကြိုမြို့နယ်တွင် သီလရှင်တစ်ပါးဆွဲကြိုးချသေဆုံးခဲ့မှု ယခုလ ၁၃ ရက်က ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။ အမှတ်(၇)ရပ်ကွက်၊ လယ်တောင်ညောင်ပင်ဘုရားဝိုင်းအနောက်ဘက်တွင်သီလရှင်တစ်ပါးတည်း သီတင်းသုံးနေထိုင်သည့်ကျောင်းရှိ(၈)ပေခန့်ထုပ်တန်း၌ အရှည်(၆)ပေခန့်ရှိ(၆)ပင်လိမ်၊ သွပ်နန်းကြိုးဖြင့် ဆွဲကြိုးချသေဆုံးနေသည်ကို တွေ့ရှိရသဖြင့် အဆိုပါသေဆုံးမှုကို ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် သိရှိနိုင်ရန်ရေစကြိုမြို့ရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ်၄/၁၂ဖြင့် ရေးဖွင့်ထားကြောင်း သတင်းရရှိသည်။




နီလာ
အပြည်ပြည်ဆိုင်ရာခရီးသွားကုမ္ပဏီ
မအေးအေးမော်ဦးစီးသောနီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
(၁၂)ရက်ခရီး - ဗုဒ္ဓဂယာ (ဖွားပွင့်၊ဟောစံ)(အိန္ဒိယ - နီပေါ) → (၈)သိန်း
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဋ္ဌမဟာတလေးဌာန + နယူးဒေလီ၊ တစ်ချိုမဟာ → (၉)သိန်း
ကိုလ်းကတ္တား Shopping နှင့် ဗဟုသုတရစရာ နေရာများ
အထူးအစီစဉ်အနေဖြင့် ဗုဒ္ဓဂယာနှင့် နယူးဒေလီတွင် ဟိုတယ်၌ တည်းခိုနိုင်ရန် စီစဉ်ထားပါသည်။
ရက်ရှည်ခရီးမသွားချင်သူများအတွက် (၇)ညအိပ် (၈)ရက်ခရီးကို အထူးအစီစဉ်ဖြင့် ပို့ဆောင်ပေးနေပါပြီ။
မည်သည့်ခရီးစဉ်မဆို(၁၆)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ပါသည်။
[illegible]
စက်တင်ဘာလ နောက်ဆုံးပတ်မှစ၍ အပတ်စဉ် (တနင်္လာ ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ)နေ့များတွင် ပို့ဆောင်ပေးမည်ဖြစ်ပါသည်။
(၆)ညအိပ်(၇)ရက်ခရီး - သီရိလင်္ကာ (ဓွယ်တော်) + ဘန်ကောက် (မြဘုရား) → (၁၂)သိန်း (စရိတ်ငြိမ်း)ထွက်ခွာမည့်ရက်(၂၅-၈-၂၀၁၂)
(ရုံးချုပ်) အမှတ် - ၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(မန္တလေးရုံးခွဲ) အမှတ် (၈၁၂)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
(မော်လမြိုင်ရုံးခွဲ) အမှတ် (၃၅၉)၊ အောက်လမ်းမကြီး၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့။
(ပုသိမ်ရုံးခွဲ) အခန်း(A)မြေညီထပ်၊ ကိုးနဝင်းဈေးရုံအောက်ထပ်၊ ကုန်စုံလမ်းနှင့် ဓနုဖြူလမ်းထောင့်၊ ပုသိမ်မြို့။
(တောင်ကြီးရုံးခွဲ) အမှတ်(၂၇/၃)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့။
(လားရှိုးရုံးခွဲ) အမှတ်(၈/၁၂/၁၉)၊ သုခလမ်းနှင့်သဇင်လမ်းထောင့်၊ နယ်မြေ(၁၂)၊ (၃)ရပ်ကွက်၊ လားရှိုးမြို့။
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉။

7DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012


# စင်ကာပူပုံစံနမူနာယူ၍ နိုင်ငံတွင်း ကျွမ်းကျင်လုပ်သားတိုးပွားရန် မြန်မာဆောင်ရွက်နေဟုဆို

**ရန်ကုန်၊ ဇူလိုင်-၂၁**

မြန်မာအာဏာပိုင်များသည် နိုင်ငံတွင်း၌ ကျွမ်းကျင်လုပ်သား အင်အားစု ဖွံ့ဖြိုးတိုးတက်ရေးအတွက် စင်ကာပူပုံစံ နမူနာယူကာ ဆောင်ရွက်နေကြောင်း စီအင်န်အေသတင်းက ဖော်ပြသည်။

မြန်မာတာဝန်ရှိသူများသည် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်ရေး၊ ၎င်းတို့အတွက် ကျွမ်းကျင်လက်မှတ်များ ထုတ်ပေးရာတွင် အမျိုးသားအဆင့် သတ်မှတ်ထားသော စံချိန်စံညွှန်းဖြစ်ပေါ်ရေးတို့အတွက် စင်ကာပူပေါ်လီတက္ကနစ်ကျောင်းနှင့်လည်း ပူးပေါင်းဆောင်ရွက်နေသည်။

Swiss လုပ်သား လေ့ကျင့်ရေးစင်တာကို ဦးဆောင်သူ ဒေါ်ရင်ရင်အေးကလည်း ပြည်တွင်း၌ အဖွဲ့အစည်းမျိုးစုံက အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ သင်တန်းများဖွင့်ကာ အသိအမှတ်ပြုလက်မှတ်များထုတ်ပေးလျက်ရှိကြောင်း ဆိုသည်။

သို့သော် သူမက "ကျွန်မတို့မှာ အမျိုးသားအဆင့် (တစ်နိုင်ငံလုံး အတိုင်းအတာနဲ့) သတ်မှတ်ထားတဲ့ ကျွမ်းကျင်မှု လက်မှတ်မျိုး ရှိမယ်ဆိုရင် တူညီတဲ့ စံသတ်မှတ်ချက်တွေ၊ လေ့ကျင့်ပေးမှု အရည်အသွေးနဲ့ လုပ်သားတွေရဲ့ ကျွမ်းကျင်မှု အရည်အသွေးတွေကို ပိုကောင်းမွန်စေလာမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာ အလုပ်သမားဝန်ကြီးဌာန ဒုဝန်ကြီးဦးမြင့်သိန်းကလည်း နိုင်ငံတွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရရှိရန် ဆောင်ရွက်နေပြီး ၂၀၁၅ခုနှစ်တွင် စတင်မည့် အာဆီယံ၏ ပန်းတိုင်ဖြစ်သော ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာစီးဆင်းရေးအတွက်လည်း ပြင်ဆင်နေကြောင်း ပြောကြားသည်။

"မြန်မာ လုပ်သားတွေက (အဲဒီအချိန်ကျရင်) ပြည်ပထွက်ကြပါလိမ့်မယ်။ လုပ်သားတော်တော်များများလည်း မြန်မာကို လာကြမှာပါ။ ဒီလိုလုပ်သားတွေ လွတ်လပ်စွာ စီးဆင်းမှုအတွက် အမျိုးသားအဆင့် ကျွမ်းကျင်မှု အရည်အသွေး စံသတ်မှတ်ချက်တွေရှိဖို့ အရေးကြီးပါတယ်။ ဒါဟာ လုပ်ငန်းရှင်တွေအတွက် အရည်အသွေး အာမခံချက် ပုံစံတစ်မျိုးပါပဲ"ဟု ၎င်းကပြောသည်။

မြန်မာအစိုးရသည် ၁၉၅၀ နှစ်များက ပြဋ္ဌာန်းခဲ့သော အလုပ်သမားဥပဒေများကို ပြင်ဆင်ရန် ကြိုးစားနေပြီး တီမားဆက်ဖောင်ဒေးရှင်း၏ ထောက်ပံ့မှုဖြင့် စင်ကာပူပေါ်လီတက္ကနစ်ကျောင်းသည်လည်း မြန်မာသို့ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု အကူအညီများပေးအပ်နေသည်။

-Ref: CNA

---

## Free Classified | ဝန်ထမ်းအလိုရှိသည် | အခမဲ့ကြော်ငြာကဏ္ဍ

**အမြန်အလိုရှိသည်**

၁။ Staff - မ ၃ ဦး (Tour လုပ်ငန်းအတွေ့အကြုံရှိသူ၊ ဘွဲ့ရ၊ အင်္ဂလိပ်စာ ကောင်းရမည်။ ဆက်ဆံရေး ပြေပြစ်ရမည်)
၂။ ယာဉ်မောင်း - ကျား ၂ ဦး (ရန်ကုန်မြို့နှင့်အနီးပတ်ဝန်းကျင် ကျွမ်းကျင်ရမည်၊ အသောက်အစားကင်းရမည်)

**ဖုန်း-၀၉၄၃၁၉၇၉၇၃**
**၀၉-၅၀၇၈၃၀၇ (ရုံးချိန်အတွင်း)**

-------------------------

**ယာဉ်မောင်းအလိုရှိသည်**

-လိုင်စင်အနီ
-လုပ်ငန်းအတွေ့အကြုံ ၂နှစ်ရှိပြီးသူဖြစ်ရမည်။

**ဖုန်း-၀၉-၈၆၂၇၇၇၁၊**
**၀၉-၇၃၀၂၀၀၂၉**

လိပ်စာ-အမှတ်(၄၃)၊ မင်းရဲကျော်စွာလမ်း၊ စက်မှုဇုန်(၇)၊ လှိုင်သာယာမြို့နယ်။

-------------------------

Video၊ VCD၊ TV-Program နှင့် မဂ္ဂဇင်းရိုက်ကူးရေးများအတွက် သရုပ်ဆောင်သစ်များ အလိုရှိသည်။ (အလှဓာတ်ပုံ ၃ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အခမဲ့လာရောက်လျှောက်ထားနိုင်ပါသည်။) **ဖုန်း-၀၁-၂၀၉၃၇၇**

-------------------------

English (4 Skills) (သို့မဟုတ်) Business English သင်ကြားပေးနိုင်သူနှင့် Business Management, Human Resource Management, Marketing Management သင်တန်းဆရာ/ ဆရာမ အမြန်အလိုရှိသည်။

**ဖုန်း-၃၈၆၆၉၃**

-------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**

အကင်စားသောက်ဆိုင်အတွက်
၁။ မန်နေဂျာ(ကျား) - ၁ ဦး (ဘွဲ့ရ၊ အတွေ့အကြုံ ၃ နှစ်၊ အသက် ၃၅ မှ ၄၅ နှစ်အတွင်း)
၂။ အကင်လက်ထောက် (ကျား/ မ) - ၁ ဦး (အတွေ့အကြုံ ၂နှစ်၊ အသက် ၁၈ မှ ၃၀ နှစ်အတွင်း)

**ဖုန်း-၀၉-၄၃၀၃၈၈၄၈**

လိပ်စာ-အမှတ်(၄၈)၊ ကန်လမ်း၊ လှိုင်မြို့နယ်။

-------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ Account - 1 Post (လုပ်သက် ၂နှစ်နှင့် အထက်၊ အသက် ၂၅နှစ်နှင့်အထက်၊ Full Set of Account ဆွဲနိုင်ရမည်)
၂။ Admin Staff - 1 Post
၃။ Personal Secretary - Female 1 Post (ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်၊ လုပ်သက် ၂နှစ်နှင့် အထက်၊ အသက် ၂၅မှ ၃၀)

**ဖုန်း-၀၉-၅၁၃၀၅၁၂**
**လှိုင်သာယာစက်မှုဇုန်(၄)**

-------------------------

မုန့်နှင့် အအေးထုတ်လုပ်ရေးဝန်ထမ်း ၂ ဦး အလိုရှိသည်။ မုန့်ဆိုင်နှင့်မုန့်လုပ်ငန်းများတွင် လုပ်ကိုင်ဖူးသူ (သို့) မုန့်လုပ်သင်တန်းတက်ဖူးသူများ၊ လုပ်ငန်းအပေါ် ရိုးသားကြိုးစားပြီး သစ္စာရှိသူများ လျှောက်ထားနိုင်သည်။

**ဖုန်း-၀၉-၅၀၄၇၃၁၄၊**
**၀၉-၄၂၀၀၈၂၁၆**

အမှတ်-၁၀၁၈၊ တိုက်စီ၊ သီရိဂုဏ်အိမ်ရာ၊ ၉ မိုင်၊ ပြည်လမ်း။

-------------------------

မိသားစုပိုင်လုပ်ငန်းများတွင် စီမံခန့်ခွဲအုပ်ချုပ်နိုင်သော မန်နေဂျာ (သို့)အုပ်ချုပ်ရေးတာဝန်ခံတစ်ဦး အလိုရှိသည်။ (ဘွဲ့ရ၊ အုပ်ချုပ်စီမံမှုအတွေ့အကြုံရှိသူ၊ လုပ်ငန်းခွင်တွင်နေနိုင်သူဦးစားပေးမည်)

**ဖုန်း-၅၀၃၁၃၉**

လိပ်စာ-ခြံဘီ၊ အောင်ချမ်းသာ(၁) လမ်း၊ အောင်မြေသာစည်၊ ကမာရွတ်။

-------------------------

We are seeking two local English Teachers for part time hours. Candidates must be experienced teaching 4 Skills and Business English to different levels. Course materials provided.
Please send your C.V to big.daz.s@gmail.com

-------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ ယာဉ်မောင်း - ကျား ၃ ဦး (လုပ်သက် ၂နှစ်၊ ကုမ္ပဏီကားမောင်းရမည်)
၂။ ရုံးခန်းသန့်ရှင်းရေး - မ ၂ ဦး (အခြေခံပညာအထက်တန်း)

**ဖုန်း-၀၁-၂၄၀၃၆၃၊**
**၀၁-၂၄၀၃၇၃ (HR ဌာန)**

-------------------------

**Job Vacancies**
(Local Service Only)

1. Chief Accountant (for Mandalay) - 1 Post (M/F) (B.Com, CPA, age 33 years and above, 5 years experience in related field)
2. Accountant (for Mandalay) - 1 Post (M/F) (B.com, age 25 years and above, at least 2 to 4 years experience in related field)
3. Programmer (for Yangon) - 1 Post (M/F) (age between 25-35 years old, Bachelor of Computer Science (or ) Master Degree)

**Ph: 652536, 652544, 652545**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

အိတ်ချုပ်သမား - မ ၁ ဦး
Marketing - မ ၁ ဦး

**ဖုန်း-၃၉၃၃၈၂၊**
**၀၉-၇၃၁၇၂၀၉၇**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ Courier စာပို့ဝန်ထမ်း - ကျား ၅ဦး၊ ၂။ Customer Service - မ ၃ ဦး၊ ၃။ Cashier - မ ၁ ဦး၊ ၄။ Driver - ကျား ၂ဦး
UCS - United Courier Services Co., Ltd.
ပြည်တွင်းအမြန်ချောစာပို့လုပ်ငန်း။

**ဖုန်း-၀၁-၆၅၀၅၂၂၊**
**၀၉-၇၃၀၇၃၀၉၉**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ Sale Supervisor - ကျား ၂ ဦး၊ ၂။ အရောင်းဝန်ထမ်း - ကျား ၂ဦး
Majestic Trading Co., Ltd

**ဖုန်း-၂၁၁၉၆၆**
**(လိုင်းခွဲ ၂၁၆/ ၂၁၇)၊ ၂၁၅၉၁၈**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

ဟိုင်းနန်းနီး(Hainanese)ကြက်ဆီထမင်း ချက်တတ်ပြီး ကျန်းမာသန့်ရှင်းသော စားဖိုဝန်ထမ်း အလိုရှိသည်။

**ခိုင်ဇာအအေးခန်းညှော်ရိပ်သာ**
**ဖုန်း-၀၁-၆၈၀၄၈၂**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ ဆံပင်ညှပ်၊လျှော် (ကျွမ်းကျင်) - ၃ ဦး၊ ၂။ ခေါင်းလျှော် (အလုပ်သင်) - ၁၀ ဦး
(လစာ၊ နေရေး၊ စားရေး စီစဉ်ပေးမည်) **ဖုန်း-၀၉-၇၃၀၀၅၆၁၁**
အမှတ်-86-$C_2$၊ တာမွေလေး သံလမ်း၊ ရန်ကုန်။

-------------------------

**ဝန်ထမ်းအလိုရှိသည်**

ကျောင်းကြို/ပို့ ယာဉ်မောင်း - ၁ ဦး (တောင်ဒဂုံနှင့်နီးသူပိုအဆင်ပြေသည်)

**ဖုန်း-၀၉-၄၅၀၂၂၂၃၃၊**
**၀၉-၇၃၀၁၉၀၆၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Merchandiser- Boutique Manager - မ ၁ ဦး၊ ၂။ Waiter - ကျား ၂ဦး၊ ၃။ Juicer - ကျား ၂ ဦး၊ ၄။ Steward - ကျား ၂ဦး

**Zawgyi House Co., Ltd**
**ဖုန်း-၃၈၀၃၉၈၊**
**၀၉-၄၂၁၁၂၅၈၆၀**

-------------------------

Vacancies in our factories

1. Accounting Manager/ financial controller
2. Shipping Manager
3. Translators
4. Office administration officer/manager
5. Garment production manager
6. Warehouse logistics officer

(all preferred to be able to speak Cantonese/Putonghua or English)
We pay above the market rate and benefits included.
Please send CV to moelwin999@gmail.com

-------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ Lenovo Sales Promoter - 5 Posts (Female)
၂။ Graphic Designer - 1 Post (Male)
KMD Computer Group

**ဖုန်း-၂၄၅၁၈၀၊ ၃၈၅၁၇၇**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

အင်တာနက်ဆိုင်အကူဝန်ထမ်း - ကျား ၁ ဦး၊ မ ၂ ဦး (အတွေ့အကြုံရှိရန်မလို) (နေ/စားငြိမ်း)

**ဖုန်း-၀၉-၇၃၄၉၄၅၀၄**

-------------------------

ဝန်ထမ်းအလိုရှိသည်

Korean Translator M/F-1
-Age 25-40
No. D-6, 7th Floor, Maha Bandoola Street, Bo Myat Tun Housing, Pazundaung Township.

**Ph: 09 448004743**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



circle tech
Connecting Tomorrow
S-600
Super long stand by never power off
Android Phone
Network : GSM / WCDMA
Display : 4.3"
Resolution : 800 x 480(WVGA) Capacitive touch
Memory : EMMC 4GB + 4GB
Camera : 8M AF + VGA Camera
Battery : Dual Battery(1800 + 800mAh)
Wi-Fi
Free Gifts
• Bluetooth earphone &
• Leather bag
P-410
Android Phone
Network : GSM / WCDMA
Display : 4.1"
Resolution : 800 x 480(WVGA) Capacitive touch
Memory : 512MB NAND + 512MB
Camera : F/R - 0.3M / 8.0M AF
Battery : Li-Ion 2000mAh
Wi-Fi
M-800
Network : GSM
Display : 2.6"
Resolution : 240 x 320 Pixels
Memory : 128MB NAND + 64MB
Camera : 3.0 M Pixels
Battery : 1280mAh
Java
Available Colour
The world is calling ...
• ထိုင်ဝမ်နိုင်ငံမှ ထုတ်လုပ်သည့် နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့် ဖုန်းဖြစ်သည်။
• Hardware & Software ပိုင်းဆိုင်ရာ တစ်နှစ်အာမခံ *
• (၄၈)နာရီအတွင်း ပြင်ဆင်လဲလှယ်ပေးသည့် After Sale Service*
• ဖုန်းနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးရန် Hotline
* ဤအချက်အလက်များနှင့်ပတ်သက်၍အသေးစိတ်ကို Customer Care Counter တွင် မေးမြန်းဆွေးနွေးနိုင်ပါသည်။
Junction Square : C 121/ 122, 1st Floor. Ph: 01 527242, (Ext: 2072)
HOTLINE: 09421015168
Comes from TAIWAN

# Education

7DAY NEWS JOURNAL

Vol.11, No.20 • JULY 26 , 2012

## အထက်တန်းတွင် စိတ်ကြိုက်မြန်မာစာဘာသာရပ် သင်ယူသူ မရှိ

**နေလင်းထွန်း**

**ရန်ကုန်၊**

**ဇူလိုင်-၂၀**

၂၀၁၁-၂၀၁၂ ပညာသင်နှစ်၊ အထက်တန်း အဆင့်ကျောင်းသားများသည် စိတ်ကြိုက်မြန်မာစာဘာသာရပ်ကို ရွေးချယ်သင်ယူသူ လုံးဝမရှိကြောင်း၊ ပထဝီဝင် နှင့် သမိုင်းဘာသာကို ရွေးချယ်သင်ယူသူ အလွန်နည်းပါးနေကြောင်း ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော အခြေခံပညာကဏ္ဍအစီရင်ခံစာတွင် ဖော်ပြထားသော အချက်အလက်များအရ သိရသည်။

အထက်တန်းအဆင့်ကျောင်းသားများအား ၂၀၀၁-၂၀၀၂ပညာသင်နှစ်မှစတင်၍ ဘာသာတွဲ(၈)ခုမှ နှစ်သက်ရာ ဘာသာတွဲတစ်ခုအားရွေးချယ်သင်ယူစေခဲ့ရာကျောင်းသားများက သိပ္ပံဘာသာရပ်များပါဝင်သည့်ဘာသာတွဲများကိုသာ ရွေးချယ်သင်ယူနေကြခြင်းဖြစ်သည်။

သိပ္ပံဘာသာရပ် နှစ်ခု(သို့မဟုတ်)သုံးခုပါဝင်သည့်ဘာသာတွဲများကို ရွေးချယ်သင်ယူသော ပမာဏမှာ နဝမတန်းတွင် ၉၅ ဒသမ ၃၇ ရာခိုင်နှုန်း၊ ဒသမတန်းတွင် ၉၄ ဒသမ ၂၄ ရာခိုင်နှုန်းရှိပြီး ဝိဇ္ဇာဘာသာတွဲသက်သက်ရွေးချယ်သင်ယူသော ပမာဏမှာ နဝမတန်းတွင် ၄ ဒသမ ၆ ရာခိုင်နှုန်း၊ ဒသမတန်းတွင် ၅ ဒသမ ၆၇ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

“ဟိုးအရင်တုန်းက အထက်တန်းမှာ သမိုင်းယူတဲ့သူတွေကို ပဲ တက္ကသိုလ်မှာ သမိုင်းဘာသာရပ်ယူခွင့်ပေးတယ်။ သမိုင်းဌာနက လူတွေက ဘာပြောလဲဆိုရင် ဆယ်တန်းမှာ သမိုင်းယူတဲ့သူ အလွန်နည်းတယ်တဲ့။ အဲဒီတော့ သူတို့မှာ ပညာရှင်မရဘူးလို့ပြောတယ်။ အဲဒါကြောင့် သုံးနှစ်ရှိပြီ ဆယ်တန်းတုန်းက ဘယ်ဘာသာနဲ့မဆို အောင်တဲ့သူတွေ သမိုင်းမေဂျာယူလို့ရတယ်ဆိုပြီး လုပ်ထားပါတယ်။ ပထဝီကတော် သေးတယ်။ စိတ်ကြိုက်မြန်မာစာနဲ့သမိုင်းသင်တဲ့သူက တော်တော်နည်းနေတယ်”ဟု အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ်၊ အထက်တန်းအဆင့် နဝမတန်းနှင့် ဒသမတန်း ကျောင်းသား၊ ကျောင်းသူများ၏ ဘာသာတွဲအလိုက် ရွေးချယ်သင်ယူမှုကို စိစစ်လေ့လာရာတွင် စိတ်ကြိုက်မြန်မာစာပါဝင်သော ဘာသာတွဲအမှတ်(၃)၊ (၄)နှင့် (၆) တို့ကို ရွေးချယ်သင်ယူသူ မရှိကြောင်းနှင့် ဝိဇ္ဇာတွဲဖြစ်သော ဘာသာတွဲအမှတ်(၅)နှင့် ပထဝီဝင်နှင့်သိပ္ပံဘာသာရပ် နှစ်ခုပါဝင်သော ဘာသာတွဲအမှတ်(၈) တို့တွင် သင်ယူသူ အလွန်နည်းပါးကြောင်း သိရသည်။

တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ပြီးနောက် တက္ကသိုလ်သင်တန်းများသို့ ဆက်လက်တက်ရောက်သင်ယူရာတွင် သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူအများစုမှာ ဝိဇ္ဇာဘာသာရပ်အထူးပြုဖြင့် ပြောင်းလဲသင်ယူလျက်ရှိသဖြင့် ဝိဇ္ဇာဘာသာရပ်သင်ယူသူအရေအတွက် တိုးတက်လာရေးအတွက် ကျောင်းအဆင့်ဆွေးနွေးညွှန်ပြရေးအဖွဲ့များက ဆွေးနွေးညွှန်ပြပေးကြရန် လမ်းညွှန်ထားသည်။

၎င်းပညာသင်နှစ်တွင် နဝမ တန်းကျောင်းသား သုံးသိန်းခြောက်သောင်းကျော်နှင့် ဒသမတန်းကျောင်းသား သုံးသိန်းကျော် တက်ရောက် ပညာသင်ယူခဲ့ကြပြီး ဆရာနှင့် တပည့် အချိုးမှာ ၁း၂၅ ရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

## ပညာရေးတစ်ခေတ်ဆန်းတော့မလား

**နေလင်းထွန်း**



ရေကြောင်းပညာတက္ကသိုလ်တွင် ပညာသင်ယူနေသော ကျောင်းသားအချို့

အဆင့်မြင့်ပညာကဏ္ဍတွင် ဆယ်စုနှစ်ကျော်အတွင်း အကြီးမားဆုံးပြောင်းလဲမှုအနေဖြင့် ပညာသင်နှစ်များပြန်လည်တိုးမြှင့်လိုက်ခြင်းနှင့်အတူ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ၏ ကျောင်းသားလက်ခံမှုကို သိသိသာသာ လျှော့ချခဲ့ပြီဖြစ်သည်။ ယင်းမှာအရေအတွက်ကို ဦးစားပေးသောစနစ်မှ အရည်အချင်းကိုဦးစားပေးသော စနစ်သို့ပြောင်းလဲသော ခြေလှမ်းကို စတင်လိုက်ခြင်းဖြစ်သည်။

တက္ကသိုလ်စာသင်ခန်းများတွင် ကျောင်းသားများ ဖောင်းပွနေခြင်း၊ ဆေး၊ စီးပွားရေးနှင့် နည်းပညာစသည့် တက္ကသိုလ်များ၏ ဘွဲ့ရကျောင်းသား အရေအတွက်နှင့် အလုပ်အကိုင် အခွင့်အလမ်း အချိုးကွာခြားချက် ကြီးမားနေခြင်းတို့က ပညာတန်ဖိုးကိုကျဆင်းစေခဲ့သည်။

ယခုအချိန်တွင် တက္ကသိုလ်များကို အဆင့်မြှင့်တင်ရန် စီစဉ်လျက်ရှိသလို အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ဝင်ခွင့်များအတွက်လည်း အရည်အချင်း သတ်မှတ်ချက်ကို ကန့်သတ်တင်းကျပ်လိုက်ခြင်းဖြစ်သည်။

“အသက်မွေးဝမ်းကျောင်း ပညာသင်ချင်ရင်တော့ ပေးဆပ်ရမယ့် အချိန်ကာလကို လျှော့လို့မရဘူး။ ဝင်ခွင့်လက်ခံမယ့်ကျောင်းသားရဲ့ အရည်အချင်း သတ်မှတ်ချက်ကိုလည်း လျှော့လို့ မရဘူး။ ဒါက ဖြစ်သင့်ဖြစ်ထိုက်လို့ ဖြစ်ခဲ့တဲ့ဟာပဲ။ ကြားမှာပျက်စီးသွားလို့အခုမှပြန်ပြင်တာပါ”ဟု အငြိမ်းစားတက္ကသိုလ်ပါမောက္ခဒေါ်ရှယ်လီနန်းဟွမ်လိတ်ကဆိုသည်။

တစ်ချိန်က တိုင်းပြည်တွင် ဘွဲ့ရဦးရေ များပြားစေလိုသော ရည်ရွယ်ချက်ဖြင့် သက်ဆိုင်ရာ တက္ကသိုလ်အသီးသီးမှ နှစ်စဉ် ဘွဲ့ရကျောင်းသား အမြောက်အမြား မွေးထုတ်ခဲ့ကြသည်။ သို့သော် ကျောင်းသားနှင့် ဆရာအင်အား အချိုးကွာဟမှု၊ သင်ထောက်ကူပစ္စည်းများမလုံလောက်မှုစသည့်လိုအပ်ချက်ပေါင်းများစွာကြောင့် ဒီဂရီဘွဲ့များ အသီးသီးရရှိခဲ့သော်လည်း ထိုက်သင့်သော ပညာအရည်အသွေးပြည့်မီရန် အားနည်းခဲ့သည်။

ထို့ပြင် အချို့သော အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များသည် တိုင်းပြည်လိုအပ်ချက်ထက် ပိုမို၍ ကျောင်းသားများကို မွေးထုတ်ခဲ့ခြင်းကြောင့် ကျောင်းသားများသည်ကျောင်းပြီးချိန်တွင် မိမိရရှိထားသော ဘွဲ့နှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ကို ရှာဖွေရာ၌ အခက်အခဲများ ကြုံတွေ့လာခဲ့သည်။

“ပညာရေးမှာ Diploma Mills ဆိုတဲ့ အခေါ်အဝေါ် သတ်မှတ်ချက်တစ်ခုရှိတယ်။ ဒီပလိုမာ၊ ဒီဂရီတွေကို စက်ရုံတစ်ခုလို ရိုက်ထုတ်တာမျိုးပေါ့။ အခု လုပ်ခဲ့တဲ့ နည်းမျိုးပေါ့။ တစ်နှစ်၊တစ်နှစ်ကို ဘွဲ့ရတွေအများကြီး မွေးထုတ်လိုက်တော့ အရည်အချင်းက ပါမသွားဘူး။ ဒါကတော့ ပြန်ပြုပြင်သင့်တာပါ။ အခု ပထမခြေလှမ်းဆိုတော့ အန်တီတို့ လက်ခံပါတယ်”ဟု ဒေါ်ရှယ်လနန်းဟွမ်လိတ်က သုံးသပ်သည်။

အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ ကျောင်းသားလျှော့ချ လက်ခံမှုကြောင့် သိသိသာသာ အပြောင်းအလဲတစ်ခုအနေဖြင့် ၎င်းတက္ကသိုလ်များတွင် ကျောင်းဝင်ခွင့်အမှတ်ပြည့်မီခြင်း မရှိသော ကျောင်းသားအများအပြားသည် ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များတွင် တက်ရောက်ပညာသင်ယူရမည့် အနေအထားဖြစ်နေသည်။

“ဆေးတို့၊ နည်းပညာတို့ လျှော့တယ်ဆိုတာက ဝန်ကြီးဌာနတွေမှာ အကြောင်းတော့ ရှိမှာပဲ။ ဘွဲ့ရဦးရေနဲ့ တိုင်းပြည်လိုအပ်ချက်နဲ့ အချိုးချတာလား၊ ဘာလားတော့မသိဘူး။ အကျိုးဆက်ကတော့ ဘာဖြစ်လာမလဲဆိုရင် အရင်က အမှတ်ကောင်းတဲ့သူတွေကို သူတို့က ယူသွားတဲ့အတွက် ဝိဇ္ဇာ၊ သိပ္ပံမှာ အမှတ်နည်းတဲ့သူတွေပဲ ရောက်လာတယ်။ အခုသူတို့ လျှော့ခေါ်တဲ့အတွက် ဝိဇ္ဇာ၊ သိပ္ပံ အမှတ်တက်လာတာပေါ့။ အဲဒီတော့ ဝိဇ္ဇာ၊ သိပ္ပံမှာ လူတော်တွေ ရောက်လာဖို့ မျှော်လင့်ပါတယ်။ ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်တွေကလည်း သင်ရိုးတွေကို နိုင်ငံတကာအဆင့်မီအောင် တိုင်ပင်ဆွေးနွေးတင်ပြထားပါတယ်။

**စာ(၂၂)သို့**

**ပညာရေးသတင်းတို**

### ဒေါက်တာအောင်ထွန်းသက် ဟောပြောပွဲ

**ရန်ကုန်၊ ဇူလိုင်-၂၀**

‘အမျိုးသားကြွယ်ဝချမ်းသာမှုကို တိုင်းတာခြင်း’ ခေါင်းစဉ်ဖြင့် ဒေါက်တာအောင်ထွန်းသက် ဆွေးနွေးမည့် ဟောပြောပွဲကို ဇူလိုင် ၂၈ ရက်တွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပပြုလုပ်မည် ဖြစ်သည်။ အဆိုပါ ဟောပြောပွဲကို ဇူလိုင် ၂၈ရက် နေ့လယ် ၂နာရီတွင် စတင်ဟောပြောဆွေးနွေးမည်ဖြစ်သည်။

### အင်ဂျင်နီယာဘာသာရပ်နှင့် ဇီဝဗေဒဆေးပညာ စိတ်ဝင်စားသူများအတွက် ဟောပြောပွဲ

**ရန်ကုန်၊ ဇူလိုင်-၂၀**

အင်ဂျင်နီယာဘာသာရပ်နှင့် ဇီဝဗေဒဆေးပညာကို စိတ်ဝင်စားလေ့လာလိုသော ကျောင်းသားများအတွက် ပညာရေးဆွေးနွေးပွဲကို ဇူလိုင် ၂၉ရက် ညနေ ၂ နာရီမှ ၅နာရီထိ ဆန်းမစ်ပ့်ါခ်ဗျူး ဟိုတယ်၌ကျင်းပမည်ဖြစ်သည်။ စင်ကာပူနိုင်ငံရှိနန်ယမ်နည်းပညာတက္ကသိုလ်နှင့်စင်ကာပူအမျိုးသားတက္ကသိုလ်တို့မှ ပါရဂူဘွဲ့ရဆရာများက ဆွေးနွေးဟောပြောမည်ဖြစ်ကြောင်း Crown ပညာရေးဝန်ဆောင်မှုမှ သိရသည်။

### ဘာသာစကားနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခမဲ့သင်တန်းများဖွင့်မည်

**ရန်ကုန်၊ ဇူလိုင်-၂၀**

မနောရမ္မပညာဒါနကျောင်းတွင် ဘာသာစကားသင်တန်းများ၊ အီလက်ထရွန်နစ်၊ လျှပ်စစ်ဝိုင်ယာရိန်း၊ စာရင်းကိုင်နှင့် ဆေးဝါးသုတ သင်တန်းများကို ဇူလိုင် ၂၈ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါသင်တန်းများကို ပညာရေးတစ်ခေတ်ဆန်းတော့မလား ပညာဒါနဖွင့်လှစ်သင်ကြားနေခြင်းဖြစ်ပြီး စိတ်ဝင်စားသူများတက်ရောက်နိုင်ကြောင်း သိရသည်။

### ဗြိတိန်နှင့် ဩစတြေးလျတွင် ပညာသင်ယူလိုသူများကို အခမဲ့ဝန်ဆောင်မှု ပေးမည်ဟုဆို

**ရန်ကုန်၊ ဇူလိုင်-၂၀**

ဗြိတိန်နှင့်ဩစတြေးလျနိုင်ငံတို့တွင် ပညာသင်ယူလိုသော ကျောင်းသားများအား အခမဲ့ ဝန်ဆောင်မှုပေးရန် Mentor International ပညာရေးဝန်ဆောင်မှုလုပ်ငန်းကို ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်းရှိ အမှတ် ၉၆/၉၈ ၌ ဖွင့်လှစ်လိုက်ကြောင်း သိရသည်။ ပြည်ပနိုင်ငံများသို့ သွားရောက်ပညာသင်ယူမည့် ကျောင်းသားများအတွက် သာမက ပြည်တွင်း၌ ပညာသင်ယူမည့် ကျောင်းသားများအတွက်လည်း အကြံပေးတိုင်ပင်သွားမည်ဖြစ်ကြောင်း ယင်းဝန်ဆောင်မှုလုပ်ငန်း၏ ဒါရိုက်တာဖြစ်သူ ဦးကျော်ထင်ကပြောသည်။

# ကန်ဒေါ်လာ ခြောက်ထောင်တန် တရုတ်အမ်ဘီအေသင်တန်း ရန်ကုန်တွင် ဖွင့်မည်

**နေလင်းထွန်း**
**ရန်ကုန်၊ ဇူလိုင်-၂၀**

တရုတ်နိုင်ငံမှ တက္ကသိုလ်တစ်ခုသည် စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့(MBA)သင်တန်းကိုပြည်တွင်း၌ ပထမဆုံးအကြိမ် လာရောက်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ Jinan တက္ကသိုလ်သည် အမေရိကန်ဒေါ်လာ ခြောက်ထောင်တန် မဟာဘွဲ့သင်တန်းကို ရန်ကုန်မြို့၌ ဩဂုတ်လ ၁၆ ရက်တွင် စတင်သင်ကြားပို့ချမည်ဖြစ်ကြောင်း အဆိုပါသင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တရုတ်လူမျိုးနှင့် မြန်မာလူမျိုးဆရာများက မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် သင်ကြားပို့ချမည့်သင်တန်းသည် (၂)နှစ်ကြာမြင့်မည်ဖြစ်ပြီး ဘာသာရပ် ၁၅ ခုကို လေ့လာသင်ယူရမည်ဖြစ်သည်။

၎င်းသင်တန်းတက်ရောက်ရန် ဒီဂရီဘွဲ့တစ်ခု ရရှိထားရမည်ဖြစ်ကာ ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ပြီး သင်တန်းသား ၄၀ ဦးခန့် လက်ခံသင်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။ သင်တန်းချိန်မှာ ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် သောကြာနေ့တို့တွင် ညနေပိုင်းနှင့် စနေနှင့် တနင်္ဂနွေတို့တွင် အချိန်ပြည့်တက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတရုတ်ကုန်သည်ကြီးများ အသင်းမှ ဖွင့်လှစ်သည့် တရုတ်အမ်ဘီအေသင်တန်းကို ဩဂုတ်လနှင့်စက်တင်ဘာလများ၌ တစ်နှစ်လျှင် နှစ်ကြိမ်ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသားများအနေဖြင့် စာတမ်းစုံလင်စွာ ပြုစုရေးသားတင်ပြရမည့်အပြင် နှုတ်ဖြေစာမေးပွဲအောင်မြင်ပြီးမှသာ ဘွဲ့ရရှိနိုင်မည်ဖြစ်ဟု ဆိုသည်။

ပြည်တွင်း၌ စီးပွားရေးစီမံခန့်ခွဲမှု မဟာဘွဲ့ကို စီးပွားရေးတက္ကသိုလ်များတွင် ဖွင့်လှစ်သင်ကြားနေသကဲ့သို့ ပုဂ္ဂလိက သင်တန်းအဖွဲ့အစည်းနှစ်ခုက ထိုင်းနိုင်ငံရှိ တက္ကသိုလ်နှစ်ခုနှင့် ချိတ်ဆက်၍ ယင်းဘွဲ့သင်တန်းကို ဖွင့်လှစ်သင်ကြားလျက်ရှိပြီးသင်တန်းကြေးမှာ အမေရိကန်ဒေါ်လာ တစ်သောင်းကျော်ကျသင့်သည်။

## စာ- ၂၁၊ ပညာရေးတစ်ခေတ်ဆန်းတော့မလား မှ

နောက်ပိုင်းဆိုရင်တော့ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွေလည်း အဆင့်မြင့်ဖို့ပဲ ရှိပါတယ်။ ဒီထက်နိမ့်ဖို့တော့ မရှိတော့ပါဘူး”ဟု အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျောင်းသားများတက္ကသိုလ်ဝင်ခွင့်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရေးအဖွဲ့သည်ဝင်ခွင့်လျှောက်ထားသူ၏ သင်တန်းရွေးချယ်မှုကတ်ပြားများကို အမှတ်အနည်းအများအလိုက်စဉ်ခြင်း၊ အမှတ်အများဆုံးရသည့်လျှောက်ထားသူ၏ ကတ်ပြားမှစ၍ အမှတ်အနည်းအများအလိုက် ကတ်ပြားတစ်ခုခြင်းကို စိစစ်ခြင်း၊ သင်တန်းရွေးချယ်မှုကတ်ပြားတွင် ဖော်ပြထားသည့်ဦးစားပေးအစီအစဉ်အတိုင်း စိစစ်ခြင်းနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံအလိုက် အထူးပြုဘာသာရပ်အလိုက် လက်ခံရန် သတ်မှတ်သည့် ဦးရေဘောင်အတွင်း ခွင့်ပြုဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်တွင် ထူးခြားချက်အနေဖြင့် ရန်ကုန်နှင့် မန္တလေးနည်းပညာ တက္ကသိုလ်များကို ပြန်လည်ဖွင့်လှစ်လိုက်ခြင်းကြောင့် ကျောင်းဝင်ခွင့် အမှတ်ပြည့်မီ၍ အဆိုပါ တက္ကသိုလ်များတွင် တက်ရောက် ပညာသင်ယူလိုသော ကျောင်းသားများအနေဖြင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရာတွင် သတိပြုရမည့်အချက် ရှိနေသည်။

“ဒီနှစ်က ရန်ကုန်နဲ့ မန္တလေးနည်းပညာတက္ကသိုလ်တွေ ဖွင့်လိုက်တဲ့အတွက် ရိုးရိုးနည်းပညာတက္ကသိုလ်နဲ့ ဘာကွာလဲဆိုတာဖြစ်လာတယ်။ ဘာကွာလဲဆိုတော့ ရန်ကုန်နဲ့ မန္တလေးနည်းပညာတွေက B.E ဘွဲ့တန်းပေးတာ၊ ရိုးရိုးနည်းပညာတွေက AGTI ပြီးတော့ B.Tech နောက်ဆုံးမှ B.E ဘွဲ့ရတာပါ။ အရင်တုန်းက ကျောင်းသားတွေက နည်းပညာလို့ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာမှာ ရေးလိုက်တာနဲ့ ပေးလိုက်တာပေါ့။ အခု B.E ဘွဲ့ကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် တက်ချင်တဲ့ ကျောင်းသားတွေအနေနဲ့ ရန်ကုန်ဒါမှမဟုတ် မန္တလေးနည်းပညာတက္ကသိုလ်လို့ ရေးပြီးရင် အောက်က ဒုတိယကွက်မှာ နည်းပညာတက္ကသိုလ်လို့ ထပ်ရေးရမယ်။ မဟုတ်ဘဲနဲ့ အင်္ဂလိပ်စာလို့ ရေးလိုက်ရင် တကယ်လို့ ရန်ကုန် ဒါမှမဟုတ် မန္တလေးနည်းပညာတက္ကသိုလ်တွေက ကျောင်းသားသတ်မှတ်ချက် ပြည့်သွားရင် သူက အင်္ဂလိပ်စာမေဂျာကို ရောက်သွားလိမ့်မယ်”ဟု အထက်ပါ တာဝန်ရှိသူက ပြောသည်။

ယင်းကဲ့သို့ အခြေအနေများကြောင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားသော ကျောင်းသားများသည် သင်တန်းရွေးချယ်မှု ကတ်ပြားတွင် တက္ကသိုလ်နှင့် အထူးပြုဘာသာရပ်များကို မိမိဦးစားပေး အစီအစဉ်အလိုက် နေရာလပ်မကျန်ဖြည့်သွင်းရေးသား ထားသင့်သည်။ ဦးစားပေးအစီအစဉ် ၃၊ ၄ ခုခန့်သာဖြည့်သွင်းထားပါက ၎င်းတက္ကသိုလ်များတွင် သတ်မှတ်ဦးရေ ကျော်လွန်နေပြီဖြစ်ပါက အခြားတက္ကသိုလ်နှင့် အထူးပြုဘာသာရပ်များတွင် နေရာရှိစေကာမူ မိမိလျှောက်လွှာ အပယ်ခံရမည်ဖြစ်ကြောင်း တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်တွင် ဖော်ပြထားသည်။

ယခုနှစ်မှစတင်၍ လူကြိုက်များနေသည့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် ပညာသင်ခွင့် ရရှိရန် ပိုမိုခက်ခဲလာမည်ဖြစ်သောကြောင့် ကျောင်းသားများအနေဖြင့် မိမိနှင့်ကိုက်ညီမည့် အခြားဘာသာရပ်များကိုလည်း လေ့လာရွေးချယ် ရတော့မည်ဖြစ်သည်။

“အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တွေ ဝင်ခွင့်မရတဲ့ ကျောင်းသားတွေက ဘာလုပ်ကြမလဲဆိုရင် တက္ကသိုလ်အဆင့်မြင့်ပညာတွေကို သင်ထားရမှာပဲ။ သူလိုအပ်လာတဲ့အချိန်မှာ ပညာအရည်အချင်းတွေကို ပြန်သုံးတာပါပဲ။ နိုင်ငံတကာမှာလည်း ဒီလိုပဲရှိတာပဲ။ ကိုယ်တတ်ထားတဲ့ဘွဲ့နဲ့ ကိုယ်တစ်ချိန်မှာ လုပ်ရတဲ့အလုပ်က ချွတ်စွပ်ကြီးတူဖို့ မလိုပါဘူး။ ပညာတကယ်တတ်ဖို့ပဲလိုတာ။ တက္ကသိုလ်မှာသင်ခဲ့တဲ့ အတွေးအခေါ်၊ အယူအဆတွေကို ဘယ်အလုပ်မှာမဆို ပြန်အသုံးချလို့ရပါတယ်”ဟု ဒေါ်ရှယ်လီနန်းဟွမ်လိတ်က အကြံပြုသည်။

အစိုးရသစ်လက်ထက် ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ အဆင့်မြင့်ပညာကဏ္ဍတွင် ပညာသင်နှစ် တိုးမြှင့်ခြင်းနှင့် ကျောင်းသားလက်ခံမှု လျှော့ချခြင်းသည် ပြည်တွင်းပညာရေးကို နိုင်ငံတကာအဆင့်မီ ပြန်လည်တည်ဆောက်ရန် ကနဦးလှုပ်ရှားမှုဖြင့် ပညာရှင်များက ရှုမြင်ကြသည်။

ယခင်က တက္ကသိုလ်ပညာရေးကို လူတိုင်းလက်လှမ်းမီစေရန် စီစဉ်ဆောင်ရွက်ခဲ့ရာ အရေအတွက်အားဖြင့် အကောင်အထည်ပေါ်ခဲ့သော်လည်း တစ်ချိန်က နိုင်ငံတကာ အသိအမှတ်ပြုခဲ့သော မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းသည် အိမ်နီးချင်းနိုင်ငံများထက်ပင် နိမ့်ကျသွားခဲ့သည်။

ယခုကဲ့သို့ အပြောင်းအလဲသည် ကျောင်းသားများ အရည်အသွေး တိုးတက်ရေးအတွက် အကျိုးရှိသော ဆောင်ရွက်မှုဖြစ်သော်လည်း အဆင့်မြင့်ပညာရေးတွင် သင်ကြားရေးပုံစံ၊ သင်ထောက်ကူပစ္စည်း၊ စာအုပ်စာတမ်းများ စသည့်လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းလုပ်ဆောင်ရန် လိုအပ်နေကြောင်း ဒေါက်တာအောင်ထွန်းသက်က သုံးသပ်သည်။

“ဆရာတို့ ကနဦးပြဿနာက အရေအတွက်ကို ဦးစားပေးခဲ့တာပေါ့။ အရေအတွက်တွေ အများကြီးလက်ခံလိုက်တော့ ကျောင်းသားအများကြီးကို အရည်အသွေးရှိတဲ့ သင်ကြားရေးတွေမလုပ်နိုင်တော့ဘူး။ မနိုင်မနင်းဖြစ်တာပေါ့။ အခုလို ကျောင်းသားအရေအတွက်တွေ လျှော့ချလိုက်တာဟာ အရည်အသွေးတွေ မြင့်တက်လာမလားဆိုတာလည်းစဉ်းစားစရာပါ။ အရေအတွက်လျှော့တာကောင်းတာပါပဲ။ ဒါပေမဲ့ သင်ကြားပို့ချမှုပုံစံ၊ သင်ထောက်ကူပစ္စည်းတွေ အစသဖြင့်ပေါ့။ ပြီးတော့ စာအုပ်စာတမ်းတွေ အရည်အသွေးပြန်မြှင့်မှရမယ်”ဟု ၎င်းက ဆိုသည်။

အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များ ဝင်ခွင့်လက်ခံမှု လျှော့ချလိုက်ခြင်းကြောင့် ကျောင်းသားများ၏ အရည်အသွေး မြင့်တက်လာခြင်းနှင့်အတူ အလုပ်အကိုင်ဈေးကွက်တွင် လုပ်သားနှင့် အလုပ်လိုအပ်ချက်ကွာဟမှု ကျဉ်းမြောင်းလာစေရန် မျှော်လင့်ချက်ကောင်းများ ရှိလာနေသည်။ အခြားတစ်ဖက်တွင်လည်း တက္ကသိုလ်ဝင်စာမေးပွဲကို ရည်မှန်းချက်ကြီးစွာဖြင့် ဝင်ရောက်ဖြေဆိုခဲ့ပြီး တက္ကသိုလ်ကျောင်းဝင်ခွင့် လက်ခံမှုပုံစံ ပြောင်းလဲခြင်းကို ရုတ်တရက် သိရှိလိုက်ရသော ကျောင်းသားများအတွက် ကြီးမားသော ထိုးနှက်မှုများ ဖြစ်ပေါ်စေခဲ့သည်။

“သမီးက ဆယ်တန်းမှာ စာကို တအားကြိုးစားခဲ့တာ။ ဆေးကျောင်းပဲ တက်ချင်တယ်လို့ ပြောတယ်။ ဆေးကျောင်းဝင်ခွင့်မရရင် တခြားဘာမှ မတက်တော့ဘူးလို့လည်း ပြောနေတယ်။ ဒီနှစ်က မန္တလေးမှာလည်း ဂုဏ်ထူးရတာ နည်းတယ်လေ။ ဒါလုံးဝမတရားဘူး။ ကလေးကို ဘယ်လိုဖျောင်းဖျရမှန်းတောင် မသိတော့ပါဘူး။ ဆေးပညာကို နိုင်ငံခြားမှာ သွားသင်မယ်ဆိုရင်လည်း ပိုက်ဆံက အများကြီးကုန်မှာလေ”ဟု ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ထားသည့် မန္တလေးမြို့မှ ကျောင်းသူတစ်ဦး၏ မိခင်က ပြောသည်။

မြန်မာနိုင်ငံတွင် တက္ကသိုလ်ဝင်ခွင့် သတ်မှတ်သည့်စနစ်သည် တက္ကသိုလ်ဝင် စာမေးပွဲတွင် ရရှိခဲ့သော ရမှတ်ပေါင်းပေါ်အခြေခံဆုံးဖြတ်ချက် ချနေသည့်စနစ်ဖြစ်သောကြောင့် နိုင်ငံတကာတွင် ကျင့်သုံးနေသော ကျောင်းသားများ၏ ဝါသနာနှင့် စိတ်ဝင်စားမှုပေါ် အခြေခံသည့် ကျောင်းဝင်ခွင့် (Entrance Exam)စနစ်ကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရန် လိုအပ်လာကြောင်း ပညာရှင်များက ဝေဖန်ထောက်ပြကြသည်။




Technology

7 Day News Journal

Vol.11, No.19 • JULY 19 , 2012

# Apple iPhone အသစ် အပါးလွှာဆုံး မျက်နှာပြင်ဖြင့် ပေါ်ထွက်ဖွယ်ရှိ

**လန်ဒန်၊ ဇူလိုင် - ၁၇**

Apple ကုမ္ပဏီမှ ထပ်မံထုတ်လုပ်မည့် အိုင်ဖုန်းအသစ်သည် အပါးလွှာဆုံး စကရင်မျက်နှာပြင်ဖြင့် ထွက်ပေါ်လာဖွယ်ရှိကြောင်း သိရသည်။ ထိုနောက်ဆုံးပေါ်ဖုန်းတွင် in-cell နည်းပညာအသုံးပြုထား၍ လက်နှင့်ထိတွေ့မှုကို အာရုံခံနိုင်သော Touch Sensor များကိုဖုန်းထိပ်ပိုင်းတွင်မထားဘဲစကရင်အောက်တွင် ထားရှိမည်ဟု ဆိုသည်။ ထို့ကြောင့် အိုင်ဖုန်းအသစ်သည် လက်ရှိနောက်ဆုံးထွက်ထားသော အိုင်ဖုန်းဖိုးအက်စ်ထက် တစ်မီလီမီတာခန့်ပို၍ ပါးလွှာမည်ဖြစ်သော်လည်း ရုပ်ပုံအရည်အသွေးပို ကောင်းမွန်လာမည်ဟု ဝေါလ်စထရိဂျာနယ်တွင် ဖော်ပြသည်။



ယခုအခါ Apple သည် ဆမ်ဆောင်းနှင့် ဈေးကွက်တွင် ယှဉ်ပြိုင်နေရပြီး ၎င်း၏ အိုင်ဖုန်းဖိုးအက်စ်မှာ အထူ ၉ ဒသမ ၃ မီလီမီတာရှိ၍ ဆမ်ဆောင်း၏ Galaxy SIII ဖုန်းမှာ အထူ ၈ ဒသမ ၆ မီလီမီတာသာရှိသည်။ ယခင် Apple မန်နေဂျာဟောင်း လတ်စလီဂရမ်ဒီကလည်း အိုင်ဖုန်းအသစ်သည် ယခင်ဖုန်းများထက် စကရင်ပိုကြီးပြီး မျက်နှာပြင်အရွယ် ၇ လက်မခန့်ရှိပါကပိုကောင်းကြောင်း ပြောကြားခဲ့သည်ဟု ဆိုသည်။ *—Ref: Dailymail*

## နည်းပညာဆိုင်ရာဟောပြောပွဲ ကျင်းပမည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇူလိုင် - ၂၁**

ပြည်တွင်းအိုင်စီတီကဏ္ဍ၌လိုအပ်နေသည့်လူ့စွမ်းအားအရင်းအမြစ်ရရှိရေးအတွက် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်အတွင်း ကွန်ပျူတာနည်းပညာရပ်များနှင့် သက်ဆိုင်သော ဟောပြောပွဲတစ်ရပ်ကို လာမည့်ဩဂုတ်လလယ်ဝန်းကျင်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

MCPA Day အမည်ရ အဆိုပါနည်းပညာဆိုင်ရာ ဟောပြောဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့က ပူးပေါင်းပြုလုပ်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ သိရသည်။

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကျောင်းသားများအတွက် ပထမဆုံး ကျင်းပပြုလုပ်ပေးသည့် အဆိုပါ MCPA Day အစီအစဉ်တွင် နည်းပညာဆိုင်ရာဟောပြောဆွေးနွေးပွဲများ၊ အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်မည့်အိုင်စီတီလုပ်ငန်းများနှင့်သက်ဆိုင်သောစာမေးပွဲများအကြောင်း အစရှိသည့်ကဏ္ဍများကို အဓိကထည့်သွင်းပေးသွားမည်ဖြစ်သည်။

ပြည်တွင်း ကွန်ပျူတာနယ်ပယ်တွင် အောင်မြင်နေသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ကျောင်းသားလူငယ်များကို ဆုံတွေ့ခွင့်ရနိုင်မည့် အခွင့်အလမ်းတစ်ရပ်အဖြစ် ရည်ရွယ်သည်ဟု မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၏ တာဝန်ရှိသူတစ်ဦးကဆိုသည်။

## ဘားကမ့်ရန်ကုန်ပွဲ ဩဂုတ်လတွင် ကျင်းပမည်


**ယုဇနကိုကို**

**ရန်ကုန်၊ ဇူလိုင် - ၂၁**

မြန်မာနိုင်ငံ၏အိုင်စီတီနည်းပညာနီးနှောဖလှယ်ပွဲကြီးတစ်ခုဖြစ်သော ဘားကမ့်အား ယခုနှစ်အတွက် ကျင်းပပြီးစီးခဲ့ပြီဖြစ်သော်လည်းကဏ္ဍသုံးခုအတွက်တစ်ရက်ချင်းပြုလုပ်မည့် ဘားကမ့်ပွဲတစ်ခုကို လာမည့်ဩဂုတ်လ ပထမပတ်အတွင်း ထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယခုနှစ်အတွက် ဒုတိယအကြိမ်မြောက်ဖြစ်လာမည့် BarcampX Yangon တွင် Data Camp ၊ Health Camp နှင့် EduCamp ဟူ၍ ကဏ္ဍသုံးခုခွဲခြားလိုက်ကာ တစ်ရက်ချင်းစီ ခွဲခြားကျင်းပသွားမည်ဖြစ်သည်။

ပထမဆုံးနေ့တွင် ကျင်းပမည့် Data Camp တွင်နည်းပညာနှင့်ပတ်သက်သည့် အချက်အလက် သိုလှောင်ရေးဆိုင်ရာအကြောင်းအရာများကို ဆွေးနွေးဟောပြောကြမည်ဖြစ်ပြီး ဒုတိယနေ့တွင် ကျန်းမာရေးနှင့်သက်ဆိုင်သည့်ကဏ္ဍကို ပြုလုပ်မည်ဖြစ်သည်။ နောက်ဆုံးနေ့တွင် ပညာရေးကဏ္ဍနှင့်ပတ်သက်သည်များကိုဆွေးနွေးကြမည်ဖြစ်သည်။




## ဒပ်ဗလော်ပါကွန်ဖရင့် ကျင်းပမည်

**ယုဇနကိုကို**

**ရန်ကုန်၊ ဇူလိုင်-၁၄**

ကွန်ပျူတာပညာရပ်ဆိုင်ရာ ဆော့ဖ်ဝဲရေးဆွဲသည့်လုပ်ငန်းကို စိတ်ဝင်စားသူများနှင့် လုပ်ကိုင်နေသူများအတွက် ဒုတိယအကြိမ်မြောက် Developer Conference 2012 ကို လာမည့်စက်တင်ဘာလ ၁၄ ရက်မှ ၁၆ ရက်အထိ မြန်မာအင်ဖိုတက်ခ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

Road to e 2 Developer ဟူသောခေါင်းစဉ်သည်ဒုတိယအကြိမ်ဆွေးနွေးပွဲ၏ အဓိကကျသော အကြောင်းအရာတစ်ခုဖြစ်ပြီး ထိုခေါင်းစဉ်ပေါ် အခြေခံကာ e-Government, e-hotel, e-solution အစရှိသည့်ကဏ္ဍများအပြင် အခြားသောဆက်စပ်အကြောင်းအရာများကို ဆွေးနွေးဟောပြောခြင်းများပြုလုပ်သွားမည်ဟုသိရသည်။

**စာ(၂၄)သို့**



# ကုန်ပစ္စည်းအတုများကို စကန်ဖတ် စစ်ဆေးနိုင်မည့်ဆော့ဖ်ဝဲ ဂူးဂဲလ်နှင့်ပေါင်း၍ အင်တာပို တီထွင်

**သောင်ဇင်အုတ်ခ်၊**
**ဇူလိုင် - ၁၈**

နိုင်ငံတကာရဲတပ်ဖွဲ့ (အင်တာပို) သည် ကုန်ပစ္စည်းအတုများကို စစ်ဆေးနိုင်သည့် ဆော့ဖ်ဝဲတစ်ခုအား အင်တာနက်ကုမ္ပဏီကြီး ဂူးဂဲလ်နှင့် ပူးပေါင်းတီထွင်ခဲ့ကြောင်းသိရသည်။ လော့စ်အိန်ဂျလိစ်တွင် ကျင်းပခဲ့သည့် ဂူးဂဲလ်ကွန်ဖရင့်၌ ထိုဆော့ဖ်ဝဲ Interpol Global Register (IGR) ကိုထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။ ယင်းဆော့ဖ်ဝဲ(app)သည် ဆေးဝါးပစ္စည်းများ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထုတ်ကုန်များ၊ အိမ်သုံးပစ္စည်းများကို အတုနှင့်အစစ်ခွဲ ခြားပေးနိုင်ပြီး စကန်ဖတ် စစ်ဆေးကာ ခွဲခြားပေးနိုင်ကြောင်းသိရသည်။

အင်တာပိုအကြီးအကဲ ရော်နယ်နိုဘယ်က "ကျွန်တော်တို့ဟာပစ္စည်းတစ်ခုကို အစစ်ဟုတ်၊ မဟုတ် ဆုံးဖြတ်ပေးနိုင်တဲ့ ကုဒ်ကို စကန်ဖတ်ပြီး သိရှိနိုင်တဲ့ ဒီဆော့ဖ်ဝဲကို တီထွင်ခြင်းအားဖြင့် စားသုံးသူတွေရော၊ ဥပဒေပြုအဖွဲ့တွေနဲ့စီးပွားရေးလုပ်ငန်းတွေကိုပါ ကူညီဖို့အကြံရခဲ့တာပါ။ စစ်ဆေးတဲ့ပစ္စည်းစစ်မှန်ရင် မီးစိမ်းပြပါမယ်။ အနီရောင်ပြရင် မစစ်မှန်လို့ပါ" ဟုပြောသည်။ ဂူးဂဲလ်သည်ယင်းဆော့ဖ်ဝဲကို Android Os သုံး ဖုန်းနှင့်ကွန်ပျူတာများတွင်အသုံးပြုရန်သာ ဒီဇိုင်းထုတ်ရေးဆွဲခဲ့သော်လည်း အင်တာပိုက အခြားမိုဘိုင်းအင်တာနက်



ပစ္စည်းများဖြစ်သည့် မိုက်ကရိုဆော့ဖ် OS သုံး ကွန်ပျူတာများ၊ Blackberry ဖုန်းများ၊ Apple ကွန်ပျူတာပစ္စည်းများတွင်ပါ အသုံးပြုနိုင်ရန် စီစဉ်နေသည်။ အင်တာပိုသည် ဗြိတိသျှ၊ အမေရိကန်နှင့် ဂျပန်ဆေးလိပ်ကုမ္ပဏီများနှင့်လည်း ၎င်း၏ IGR စနစ် တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဟု သိသည်။—*Ref: AFP*




# အွန်လိုင်းမှ ဈေးဝယ်နိုင်တော့မည်ဟုဆို

**ယုဇနကိုကို**
**ရန်ကုန်၊ ဇူလိုင်-၁၄**

ဗဟိုဘဏ်၏ ခွင့်ပြုချက်ကို ရရှိပြီဖြစ်သဖြင့် MPU (Myanmar Payment Union) Card စနစ်ရပြည်တွင်းပုဂ္ဂလိဘဏ်များက ယခုနှစ်အတွင်း အွန်လိုင်းမှ ဈေးဝယ်နိုင်သည့် ဝန်ဆောင်မှုကိုပေးနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါဘဏ်အချို့မှ တာဝန်ရှိသူများက ပြောသည်။

ဘဏ်များနှင့် ချိတ်ဆက်ကာ အွန်လိုင်းမှတစ်ဆင့် ဈေးဝယ်နိုင်မည့်ဝန်ဆောင်မှုကို ပထမဆုံးပေးလာမည့် ပုဂ္ဂလိကဘဏ်မှာ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ် (AGD Bank)ဖြစ်သည်။

AGDဘဏ်အနေဖြင့်ရတနာပုံတယ်လီပို့ကုမ္ပဏီဖြင့် ချိတ်ဆက်ထားသည့် ၎င်းတို့၏ အွန်လိုင်းဈေးဝယ်ဝန်ဆောင်မှုကို လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း စတင်ရန်အသင့်ဖြစ်နေပြီဟု ယင်းဘဏ်၏ Customer Service Department မှ ဒါရိုက်တာ ဦးသက်လွင်ရွှေကဆိုသည်။

"အွန်လိုင်းရှော့ပင်း ဝန်ဆောင်မှုကို ကမ္ဘောဇဘဏ်ကလည်း ဝန်ဆောင်မှုပေးသွားဖို့ရှိပါတယ်။ ဒီလို အွန်လိုင်းကနေ ဈေးဝယ်လို့ ရနိုင်တဲ့ဝန်ဆောင်မှုတွေကို ဘဏ်တွေက တဖြည်းဖြည်းချင်းပေးလာဖို့ ရှိနေပါတယ်" ဟု ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သော မန်နေဂျင်းဒါရိုက်တာဦးညိုမြင့် (International Banking)က ပြောသည်။

အွန်လိုင်းမှ ဈေးဝယ်နိုင်မည့်စနစ်ကိုဝန်ဆောင်မှုကို သုံးစွဲလိုသူများသည် အဆိုပါဘဏ်များထဲမှ ဘဏ်တစ်ခုတွင် ငွေစာရင်းအကောင့်တစ်ခု ဖွင့်လှစ်ထားသူရှိရမည်ဖြစ်သည်။

"မြန်မာပေးမန့်ယူနီယမ်ကတ်ကိုသုံးနိုင်တဲ့ဘဏ် ၁၁ ဘဏ်အပြင် အဲ့ဒီထက်လည်း ပိုရင်ပိုမယ်။ အဲ့ဒီဘဏ်တွေအားလုံး အွန်လိုင်းရှော့ပင်းစနစ်ကို စတော့မှာဖြစ်တယ်။ ဒီစနစ်ရှိတဲ့ ဘဏ်အားလုံး မရှေးမနှောင်းမှာပဲ အွန်လိုင်းဈေးဝယ်စနစ်ကိုစပြီးဝန်ဆောင်မှုပေးကြမှာပါ။ အပြိုင်အဆိုင်တွေဖြစ်လာမှာပေါ့"ဟု CB ဘဏ်၏ မန်နေဂျင်းဒါရိုက်တာ ဦးဖေမြင့်ကလည်း အွန်လိုင်းမှဈေးဝယ်နိုင်မည့်ဝန်ဆောင်မှုနှင့်ပတ်သက်ပြီး 7Day News သို့ပြောသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏MPU ကတ်စနစ်လုပ်ပိုင်ခွင့်ရရှိထားသောဘဏ် ၁၁ ဘဏ်ရှိပြီး ယင်းတို့ထဲတွင် အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၊ ရောဝတီဘဏ်၊ ကမ္ဘောဇဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊မြန်မာ့ရှေ့ဆောင်ဘဏ်၊ CB ဘဏ်တို့ပါဝင်သည်။ ထို့ကြောင့် အွန်လိုင်းပေါ်မှတစ်ဆင့် ကုန်ပစ္စည်းများ ရောင်းချလိုကြသည့် လုပ်ငန်းများအနေဖြင့် အပြိုင်အဆိုင် လှုပ်ရှားမှုများ ပြုလုပ်နေကြပြီဖြစ်ကြောင်း သတင်းရရှိသည်။

## စာ(၂၃) - ဒပ်ဗလော်ပါကွန်ဖရင့် ကျင်းပမည် မှ

DevCon 2012- Yangon တွင် ဆွေးနွေးပွဲနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို တက်ရောက်ဆွေးနွေးလိုသူများ အနေဖြင့် မိမိဆွေးနွေးဟောပြောလိုသည့်အကြောင်းအရာကို မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၏ ဝက်ဘ်ဆိုက်သို့ ပေးပို့ရမည်ဖြစ်သည်။

ဆော့ဖ်ဝဲရေးဆွဲခြင်းကိုလုပ်ကိုင်နေသည့် လုပ်ငန်းများ၊ Web Application ရေးဆွဲသည့် လုပ်ငန်းလုပ်ကိုင်သူများ၊ မိုဘိုင်းဆိုင်ရာလုပ်ငန်းများ၊ ဂိမ်းပရိုဂရမ်မာများအပြင် အဆိုပါညှိနှိုင်းဆွေးနွေးပွဲနှင့်သက်ဆိုင်သည့်နယ်ပယ်အသီးသီးမှ စိတ်ဝင်စားသူများနှင့် အခြားမည်သူမဆို လွတ်လပ်စွာ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

**စာရေးသူသည် ဤအကြောင်းအရာများနှင့် ပတ်သက်သော အချက်အလက်အပြည့်အစုံကို ၂၀၁၀ ပြည့်နှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း(Myanmar Geosciences Society) ၏ (၁၃)ကြိမ်မြောက် စာတမ်းဖတ်ပွဲ၌ ဖတ်ကြားတင်သွင်းခဲ့ပြီးဖြစ်သည်။ ကျောက်စိမ်းတူးဖော်ခြင်းကြောင့် ဖြစ်ပေါ်နေသော ပတ်ဝန်းကျင်ရေးရာ အကျိုးသက်ရောက်မှုများ၊ နစ်နာဆုံးရှုံးနိုင်မှုများကို အများပြည်သူသိရှိစေရန်နှင့် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းမှ အချိန်မီပြောင်းလဲဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဤဆောင်းပါးကို ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။**

ယနေ့အချိန်အခါထိ ရတနာတန်းဝင်သော ဂျေတိုက်(Jadeite) ကျောက်စိမ်းကို ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံတည်းမှာသာ တူးဖော်ရရှိနိုင်သေးသည်။ ထိုကဲ့သို့သော ကျောက်စိမ်းမျိုးကို မြန်မာပြည်မြောက်ဖျားပိုင်း ကချင်ပြည်နယ်အတွင်းရှိ ဖားကန့်၊ လုံးခင်၊ တောမှော်ဒေသများတွင် သဘာဝတွင်းထွက် အရင်းအမြစ်ကြီး နှစ်မျိုးနှစ်စားအနေဖြင့် တွေ့ရှိရပါသည်။


မြေပြိုနိုင်မှုအနေအထားရှိသော တူးဖော်ရေးလုပ်ငန်းနှင့် မြေပြိုနိုင်မှုအန္တရာယ်ရှိ ကျေးရွာများ

အယ်စိုးမင်း

# ကမ္ဘာကျော်ကျောက်စိမ်းများ ထုတ်လုပ်မှု၏ နောက်ကွယ်

မူလဖြစ်တွင်းထွက် အရင်းအမြစ်ဖြစ်သော ဒေသအခေါ် (ငုတ်ကျောက်)ကို တောမှော်နှင့် ပတ်ဝန်းကျင်ဒေသတွင် ဖေစ့်လွန်မီးသင့်ကျောက်(Ultrabasic rocks) များ အကြားတွင် အကြောလိုက် အနေအထားဖြင့် တွေ့ရပါသည်။

တိုက်စားပို့ချ တွင်းထွက်အရင်းအမြစ်ဖြစ်သော ဒေသအခေါ် (ဂတေကြော)ကို ဖားကန့်၊ လုံးခင်ဒေသများတွင်အနည်ကျကျောက်လွှာများဖြစ်သည့် ဥရုစရစ်ဖြုန်းကျောက်လွှာကြီးများတွင် အတုံးအခဲလိုက် အနေဖြင့် တွေ့ရှိရသည်။ ယင်းတိုက်စားပို့ချတွင်းထွက် အရင်းအမြစ်မှ ကျောက်ရိုင်းတုံးများကို ဝေခါ၊ မိုးညှင်းအနောက်ဘက်ရှိ နန့်ချီမှော်ဒေသ၊ မော်ဟန်၊ မော်လူးဒေသနှင့် တာမခံ၊ ဟောင်ပါး စသည့်ဒေသများတွင်လည်း တွေ့ရှိရပါသည်။

ယနေ့အခါတွင် နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် ကျောက်စိမ်းတွင်းထွက်များကို ဖားကန့်၊ လုံးခင်ဒေသများတွင် ဥရုစရစ်ဖြုန်းကျောက်လွှာကြီးများမှ အကျိုးတူလုပ်ကွက် (၁၄၉)ကွက်နှင့် ပုဂ္ဂလိကလုပ်ကွက်ပေါင်း (၁၀၀၀) ကျော် သတ်မှတ်ကာ တူးဖော်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းဒေသ၌ လုပ်ကွက်အသီးသီးက နေရာအသီးသီးတွင် အမိုးဖွင့်စနစ် (open pit mining system) ဖြင့် စက်ယန္တရားကြီးများကို အသုံးပြုကာ နေ့ညမပြတ် အရှိန်အဟုန်ဖြင့်(မှတ်ချက်-အစိုးရနှင့် ကေအိုင်အေတိုက်ပွဲများကြောင့် ကျောက်စိမ်းတူးဖော်မှုများ မရပ်နားခင်အချိန်အထိ) တူးဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့သော တူးဖော်ရေးစနစ်ကြောင့်ဖြစ်ပေါ်နေသော နောက်နောင်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ရေးရာ အကျိုးသက်ရောက်မှုများကို ပတ်ဝန်းကျင်ရေးရာ ဘူမိဗေဒ (Environmental Geology) ရှုထောင့်မှမြေပြိုခြင်း၊ အနည်အနှစ်များ အရှိန်အဟုန်ဖြင့် စီးဆင်းခြင်း၊ ရေကြီးရေလျှံခြင်း၊ သဘာဝမြေမျက်နှာသွင်ပြင် ပျက်စီးခြင်း၊ သဘာဝသစ်တောများ ပျက်စီးခြင်း စသည့် သတင်းအချက်အလက်များ၊ နေရာထိုင်ခင်းရွှေ့ပြောင်းရခြင်း၊ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးရခြင်း၊ ဈေးကွက်ထိခိုက်နစ်နာမှုများ စသော လူမှုစီးပွားဆိုင်ရာ နစ်နာမှု (Socio-economic impacts) သတင်း အချက်အလက်များကို စနစ်တကျ ဆွေးနွေးတင်ပြထားပါသည်။

လက်ရှိအချိန်တွင် အကျိုးတူလုပ်ကွက်များ၊ ပုဂ္ဂလိကလုပ်ကွက်များ စသည်တို့သည် မိမိတို့လုပ်ကွက် နေရာအတွင်း၌ မတူညီသော တူးဖော်မှုနှုန်းထားများဖြင့် အောက်ခြေကို နှိုက်၍ လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့် မတ်စောက်သော တွင်းနက်ကြီးများ နေရာအနှံ့အပြားတွင် ဖြစ်ပေါ်လျက်ရှိသည်။ ထိုတွင်းနက်ကြီးများ၏ လျှောစောက်များမှာ မတ်စောက်၍ နက်ရှိုင်းသောကြောင့် မြေပြိုမှုများစွာ ဖြစ်နိုင်သည့် အခြေအနေများကို တွေ့မြင်ရပါသည်။

မြေပြိုခြင်းကြောင့် လုပ်ငန်းခွင်အတွင်း အန္တရာယ် ရှိနိုင်ရုံသာမက အနိမ့်ပိုင်းတွင်ရှိသည့် အချို့သောရွာများ၏ အသက်အိုးအိမ်စည်းစိမ်များပါ စိုးရိမ်ရသည့် အနေအထားအချို့ကိုလည်း တွေ့မြင်နိုင်သည်။ မြေပြိုမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများကို သတင်းစာ၊ ဂျာနယ်များတွင်လည်း မကြာခဏ တွေ့ရတတ်သေးသည်။ ၎င်းအပြင် ထိုတွင်းနက်ကြီးများသည် မိုးတွင်းအခါ ရေများဖြင့် ပြည့်နေတတ်သဖြင့်နောက်တစ်ရာသီလုပ်ငန်းစတင်သောအခါ ဂါလန်သန်းပေါင်းများစွာသောရေကိုစုပ်ထုတ်ရသည့် ကုန်ကျစရိတ်မှာလည်း မနည်းပေ။ သည့်အတွက် မလိုအပ်သော တူးဖော်ရေးကုန်ကျစရိတ် (Mining Cost) များစွာကို တွေ့ရှိရသည်။


ထိုမျှမက တူးဖော်ရှာဖွေ၍ ထွက်ရှိလာသော စွန့်ပစ်မြေစာများကို တောင်ကုန်းတောင်စောင်းများ၊ ရေစီးရေလာရှိသော တောင်ကြား ချိုင့်ဝှမ်းများ၊ တူးဖော်ပြီးသော ကျင်းဟောင်းကြီးများတွင် စနစ်တကျစွန့်ပစ်ခြင်း မရှိသည်ကို တွေ့ရသည်။ ထိုစွန့်ပစ်မြေစာများကို မိုးအခါ၌ မိုးရေများအရှိန်အဟုန်ဖြင့်သယ်ဆောင်လာပြီး ဥရုမြစ်ကြောင်း ပိတ်ဆို့ကာ လုံးခင်၊ ဖားကန့်၊ စိမ်းတောင်ဒေသများတွင် ရေကြီးခြင်း၊ အနည်အနှစ်များ ဖုံးလွှမ်းခြင်း စသည်တို့ကို နှစ်စဉ်နှစ်တိုင်း တွေ့ကြုံရသည်။ စွန့်ပစ်မြေစာများကို စနစ်တကျစွန့်ပစ်မှု မရှိခြင်း၊ သစ်ပင်များပြန်လည်စိုက်ပျိုးမှု မရှိခြင်းတို့ကြောင့် ၎င်းနေရာ၌ သဘာဝသစ်တောကြီးများ ဆုံးရှုံးရသည့်အပြင် သဘာဝမြေမျက်နှာသွင်ပြင်(Natural Landform) လည်း ပျက်စီးဆုံးရှုံးရသည်။ စာရေးသူ ရောက်ဖူးသော ဘော်ဆိုင်းဒေသ၊ နယားဆိပ်ဒေသ၊ ပြင်ကြီးတောင် (မတ္တရာ)ဒေသ၊ မိုင်းရှူးဒေသအစ ရှိသော နေရာများတွင် သဘာဝမြေမျက်နှာသွင်ပြင် ပျက်စီးမှုမှာ အလွန်ဆိုးဝါးသည်။ ချုံနွယ်များဖြင့် ဖုံးအုပ်နေသော ကျင်းဟောင်းများသည် ထောင်ချောက်သဖွယ်ဖြစ်နေ၍ မြေမျက်နှာသွင်ပြင် အကောင်းအတိုင်းဖြစ်ရန်ပင် ဝေးစွ နွားပင် ကျောင်း၍ မရပေ။ ဤကဲ့သို့သော အကြောင်းတရားတို့ကြောင့် ရတနာမြေများ၏ နိဂုံးမှာ မလှမပ ဖြစ်သွားတတ်သည်ကို သတိပြုသင့်သည်။


သည့်အပြင် ရပ်နီးရပ်ဝေးမှ သန်းချီ၍ ရောက်ရှိလာသော ကျောက်ရှာသူလူအုပ်ကြီးများ ဒေသအခေါ်(ရေမဆေးရှာသူများ) ကို စွန့်ပစ်မြေစာပုံများကြားတွင် သက်စွန့်ဆံဖျားရှာဖွေနေသည်ကို တွေ့မြင်နိုင်သည်။ ဆိုလိုသည်မှာ ယင်း စွန့်ပစ်မြေစာပုံများတွင် အလေအလွင့်များ မပါရှိပါက ထိုလူအုပ်ကြီးများ လာရောက်ရှာဖွေနေစရာအကြောင်း မရှိပေ။ အကျိုးဆက်အားဖြင့် လူ့စွမ်းအား (Man Power) သည်လည်း ဆုံးရှုံးစရာ မရှိပေ။

ယနေ့အချိန်အခါတွင် မြန်မာ့ကျောက်စိမ်းကို စက်ယန္တရားကြီးများကို အသုံးပြု၍ အကြီးအကျယ် ရှာဖွေထုတ်ယူလျက်ရှိပါသည်။ မြန်မာမင်းများ လက်ထက်မှ ၁၉၈၈ ခုနှစ်အထိ တူးဖော်ခဲ့သော ပမာဏသည် ယနေ့တစ်ရက် တူးဖော်နှုန်းနှင့် တူညီနေနိုင်သည်။

ဤနေရာတွင် ဤကဲ့သို့သော ရတနာများ ဤသို့တည်ရှိနေသည်ဟု ရှေးပဝေသဏီကတည်းက သိရှိပြီးသား ဖြစ်သည်။ သို့သော် ဤကဲ့သို့သော ရတနာမျိုးကို ကျွန်ုပ်တို့ တစ်နိုင်ငံတည်းတွင်သာ ရှိသည်ကို သတိပြုသင့်သည်။ များများတူး၊ များများရှာ၊ များများတွေ့၊ များများရောင်းက ရေရှည်၌ ဈေးကွက်တွင်များစွာ နစ်နာမှုရှိနိုင်သည်။

နောက်ဆုံး၌ စာရေးသူ အကြံပြုတင်ပြလိုသည်မှာ ပတ်ဝန်းကျင်ရေးရာ အကျိုးသက်ရောက်မှုများ လျော့ကျစေရန်၊ မလိုအပ်သော တူးဖော်ရေးကုန်ကျစရိတ် (Mining Cost)များမရှိရန်၊ အလေအလွင့် နည်းပါးစေရန်၊ နိုင်ငံတော်၏ လူ့စွမ်းအား (Man Power)များ လေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် ဈေးကွက်တွင် များစွာနစ်နာဆုံးရှုံးမှုမရှိစေရန်စသည်တို့အတွက် တူးဖော်ရေးမူဝါဒ (Mining Policy)နှင့် တူးဖော်ရေးစနစ် (Mining Method)တို့အပြင် ရောင်းဝယ်မှုပုံစံ (Marketing System)ကိုပါ ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်သည်။ တူးဖော်ရေးမူဝါဒ အနေဖြင့် အကျိုးတူလုပ်ကွက်များအစား နိုင်ငံတော်မှ တစ်ဦးတည်း ကွပ်ကဲ၍ အောက်တွင် အကြံပြုထားသည့်အတိုင်း ရေရှည်ခံတန်ဖိုးရှိ တူးဖော်ရေးစနစ်အဖြစ် အဆင့်လိုက်တူးဖော်ဆောင်ရွက်သင့်သည်။ ရောင်းဝယ်မှုပုံစံအနေဖြင့် ကျောက်ရိုင်းတုံးများအတိုင်း ရောင်းချမည့်အစား ပိုမိုတန်ဖိုးရရှိနိုင်သော အနုပညာလက်ရာများ ဖန်တီး၍ ရောင်းချသင့်သည်။ ထို့အပြင် တစ်ဖက်တစ်လမ်းမှလည်း ဈေးကွက်ကို စိုးမိုးနိုင်ရန် ပညာရှင်များက နည်းဗျူဟာများ ချမှတ်ဆောင်ရွက်သင့်သည်ဟု အကြံပြုတင်ပြလိုက်ရပါသည်။ ။


ဖားကန့်ကျောက်စိမ်းတူးဖော်ရေးလုပ်ကွက်နှင့် တူးဖော်ရေးစနစ်ပုံကြမ်း




အကြံပြုတူးဖော်ရေးစနစ် အဆင့်ဆင့်ပြပုံ

7 ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
1, No.20 • JULY 26 , 2012

# လူသားဖွံ့ဖြိုးမှု

ပါမောက္ခဒေါက်တာအောင်ထွန်းသက်




နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အတွက် လိုအပ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှု မျိုးစုံကို ဆောင်ရွက်လျက်ရှိပါသည်။ တစ်လောက သူ့ရဲ့မိန့်ခွန်းမှာ တိုင်းပြည်တိုးတက်မှုအတွက် လိုအပ်မယ့်မဟာဗျူဟာများကို ဖော်ထုတ်ခဲ့ပါတယ်။ အမှန်စင်စစ် တိုင်းပြည်၏ တိုးတက်ဖွံ့ဖြိုးမှုဟာ နိုင်ငံတော်အစိုးရသာမက ပြည်သူရွေးချယ်တင်မြှောက်ခဲ့သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များအနေနဲ့ ဦးစားပေးဆောင်ရွက်နေတဲ့ကိစ္စပဲ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်နေတဲ့အချိန်မှာ ၂၀၁၁ ခုနှစ်က ကုလသမဂ္ဂအဖွဲ့ အစည်းဖြစ်တဲ့ UNDP မှာထုတ်ဝေခဲ့တဲ့ လူသားဖွံ့ဖြိုးမှုအစီရင်ခံစာ Human Development Report (HDR)ရဲ့ဆောင်ပုဒ်ကို သတိရမိပါတယ်။ 'နိုင်ငံများရဲ့ ကြွယ်ဝချမ်းသာမှုဟာ ပြည်သူပြည်သားတွေအထဲမှာရှိတယ်'ဆိုတဲ့ဆောင်ပုဒ်ပဲဖြစ်ပါတယ်။ ဒီအယူအဆဟာ ဖွံ့ဖြိုးမှုနဲ့ပတ်သက်ပြီး စဉ်းစားနေကြတဲ့ စီစဉ်နေကြတဲ့သူတွေအတွက် ထည့်သွင်းစဉ်းစားထိုက်တဲ့ အတွေးအခေါ်သစ်တစ်ရပ်ဖြစ်ပါတယ်။ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးမှုဟာ အမှန်တော့ ပြည်သူပြည်သားတွေ အသက်ရှည် အနာမဲ့ပြီး မိမိရဲ့အတွေးအခေါ်၊ ဉာဏ်ပညာ၊ အတွေ့အကြုံကိုအခြေခံပြီး အကျိုးရှိတဲ့ ဘဝရပ်တည်နိုင်စွမ်းရှိစေမယ့် ပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်းသာဖြစ်ပါတယ်။

လွန်ခဲ့တဲ့ အနှစ် ၂၀ ကာလကို ပြန်သုံးသပ်တဲ့အခါ လူသားဖွံ့ဖြိုးမှုနဲ့ပတ်သက်ပြီး တိုးတက်မှုတွေရှိတာ တွေ့မြင်ရပါတယ်။ မျက်မှောက်ခေတ်မှာ အရင်အနှစ် ၂၀နဲ့နှိုင်းယှဉ်ရင် လူတွေဟာ ပိုပြီးကျန်းမာကြတယ်၊အသက်ရှည်ကြတယ်၊ ပညာတွေပိုတတ်ကြတယ်။ အရင်တုန်းက မရှိခဲ့တဲ့ပစ္စည်းတွေ၊ ဝန်ဆောင်မှုတွေကို သုံးစွဲမှီဝဲနိုင်စွမ်းရှိနေတာတွေ့ရပါတယ်။ စီးပွားရေးအရ စိန်ခေါ်မှုတွေ ရင်ဆိုင်နေကြရတဲ့ နိုင်ငံတွေမှာတောင် ကျန်းမာရေးအခြေအနေတွေ၊ ပညာရေးအခြေအနေတွေဟာ တိုးတက်နေတာတွေ့ရပါတယ်။

လူမှုရေး၊စီးပွားရေးတိုးတက်မှုများသာမက ပြည်သူပြည်သားတွေဟာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေရဲ့ အကျိုးအမြတ် အသီးအပွင့်အတွက် ခံစားခဲ့ရတယ်။ မိမိဆန္ဒနဲ့အညီ ဒီမိုကရေစီကျင့်ထုံးတွေအရ မိမိကို စီမံအုပ်ချုပ်မယ့်သူတွေကို လွတ်လပ်စွာရွေးချယ်ခွင့်တွေ ရရှိခဲ့ပါတယ်။

တစ်ခုတော့ရှိပါတယ်။ တစ်ဖက်က အကောင်းတွေရှိသလို တစ်ဖက်မှာလည်း စိန်ခေါ်မှုတွေက ရှိဆဲဖြစ်နေတယ်။ ဆင်းရဲချမ်းသာကွဲပြားခြားနားကွာဟမှုတွေ များလာတာတွေ့ရတယ်။ ချမ်းသာတဲ့သူတွေ ပိုချမ်းသာလာသလို ဆင်းရဲတဲ့သူတွေ ပိုပြီးဆင်းရဲလာတာတွေ့ရပါတယ်။ အခုလို ဆင်းရဲချမ်းသာကွာဟမှုတွေဟာ တိုင်းပြည်တွင်းသာမက တိုင်းပြည်တစ်ပြည်နဲ့နှိုင်းယှဉ်ရင်လည်း ကွဲပြားလာတာတွေ့ရပါတယ်။ လက်ရှိအခြေအနေမှာ ကျင့်သုံးနေကြတဲ့ ထုတ်လုပ်မှုပုံစံတွေ၊ စားသုံးမှုပုံစံတွေဟာ ရေရှည်မှာ ပြဿနာရှိနိုင်ပြီး စဉ်ဆက်မပြတ် တိုးတက်မှုမရှိနိုင်ကြောင်း သတိပြုမိလာကြတယ်။

နိုင်ငံများရဲ့ တိုးတက်ဖွံ့ဖြိုးမှုတွေဟာမညီမျှတာတွေ့ရပါတယ်။ အာဖရိကတောင်ပိုင်းမှာ တည်ရှိတဲ့နိုင်ငံတွေ၊တစ်ချိန်က ဆိုဗီယက်နိုင်ငံတွေမှာ ကျန်းမာရေးအခြေအနေတွေဟာ ဆိုးရွားလာခဲ့တာကို တွေ့မြင်ရပါတယ်။ အခုလို လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး အန္တရာယ်တွေနဲ့ ရင်ဆိုင်နေကြရသူတွေ များလာတဲ့ အတွက် ဆန်းစစ်တဲ့ အများနဲ့ သက်ဆိုင်တဲ့ ပေါ်လစီမူဝါဒများ ချမှတ်နိုင်စွမ်းရှိဖို့ လိုအပ်ပါတယ်။ ထိရောက်မှုရှိတဲ့ ပေါ်လစီမူဝါဒတွေကို ဖော်ထုတ်နိုင်စွမ်းရှိမှုဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ရဲ့အင်အားကို အများပြည်သူအတွက် အသုံးချနိုင်အောင် ဖန်တီးပေးရမှာဖြစ်ပါတယ်။

အခုလိုဆောင်ရွက်ဖို့ အဆုံးအဖြတ်ပေးသူတွေမှာ မူဝါဒဖော်ထုတ်နိုင်မယ့် စဉ်းစားတွေးခေါ်မှုအသစ်တွေ လိုအပ်ပါတယ်။ အတွေးအခေါ် အယူအဆတွေဟာ သမားရိုးကျ ခေါက်ရိုးကျိုးနေတဲ့ အမြင်တွေ အယူအဆတွေနဲ့ကိုင်တွယ်လို့ မဖြစ်တာတွေ့မြင်ရပါတယ်။ မျက်မှောက်ခေတ်မှာ တွေ့ကြုံနေရတဲ့ စိန်ခေါ်မှုတွေရင်ဆိုင်နိုင်ဖို့ မူဝါဒအသစ်တွေ လိုအပ်ပါတယ်။ ဒီမူဝါဒတွေကို ဖော်ထုတ်ရာမှာ အခြေခံသဘောတွေကို နားလည်ရမှာဖြစ်ပါတယ်။ ချမ်းသာတဲ့နိုင်ငံတွေ ကျင့်သုံးခဲ့တဲ့ အမူအကျင့်တွေကို ဆင်းရဲတဲ့နိုင်ငံများက အတုခိုးပြီး ပုံတူကူးလို့မရနိုင်ပါဘူး။ အခုအချိန်ကာလမှာ တစ်ချိန်လုံး မကြုံဖူး၊ မရင်ဆိုင်ဖူးတဲ့စိန်ခေါ်မှုတစ်ရပ်ကို ကိုင်တွယ်ဖြေရှင်းရမှာဖြစ်ပါတယ်။ ဒါကတော့ ရာသီဥတုပြောင်းလဲမှုရဲ့ အကျိုးဆက်တွေဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွက် တိုးတက်ဖွံ့ဖြိုးမှုတွေကို စဉ်းစားဖော်ထုတ်ရာမှာ စိန်ခေါ်မှုမျိုးစုံရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဖော်ထုတ်စဉ်းစားတဲ့ပေါ်လစီမူဝါဒတွေဟာပကတိအခြေအနေမှန်နဲ့ ကိုက်ညီဖို့ လိုအပ်သလို ဒီမူဝါဒတွေဟာ သီအိုရီ အခြေခံကောင်းများအပေါ် မှီခိုပြီး ရပ်တည်ရမှာဖြစ်ပါတယ်။ စိတ်ကူးပေါက်တဲ့အတိုင်း ဖော်ထုတ်လို့မဖြစ်ပါဘူး။ တချို့ကိစ္စတွေဟာ နိုင်ငံတစ်နိုင်ငံချင်း ဖြေရှင်းနိုင်စွမ်းမရှိတာမို့ နိုင်ငံတွေပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့နေရာမှာ တာဝန်သိတဲ့၊ တာဝန်ကျေတဲ့ ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းတွေလိုအပ်ပါတယ်။

လူသားဖွံ့ဖြိုးမှုကို ဘယ်အရာ၊ ဘယ်အချက်တွေက တွန်းအားပေးနိုင်သလဲ။ ဘယ်မေးခွန်းကို ဖြေဖို့လိုအပ်သလို မှန်ကန်တဲ့ အဖြေကို ထုတ်ဖို့လည်း လိုအပ်ပါတယ်။ လူသားဖွံ့ဖြိုးမှုနဲ့ပတ်သက်ပြီး အထူးခြားဆုံး တွေ့ရှိချက်တစ်ရပ်ဟာ အံ့သြစရာကောင်းတဲ့ကိစ္စဖြစ်ပါတယ်။ ဒါကတော့ အများယူဆသလိုနိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှုနဲ့ ဒီနိုင်ငံရဲ့ ကျန်းမာရေး၊ ပညာရေးတိုးတက်မှုဟာ ဆက်စပ်မှုမရှိဘဲ ဆက်စပ်မှုဟာ အားနည်းတာတွေ့ရပါတယ်။ ပြောချင်တာက စီးပွားရေးတိုးတက်တိုင်း ကျန်းမာရေး၊ ပညာရေးအခြေအနေ မတိုးတက်ဘူးဆိုတဲ့သဘောဖြစ်တယ်။ တစ်ချိန်တုန်းက ဆရာတို့ ယူဆခဲ့သလို 'ရေမြင့်တိုင်း ကြာမတင့်'သဘောဖြစ်တယ်။ သုံးသပ်ချက်က ကျန်းမာရေးနဲ့ ပညာရေးအခြေအနေတိုးတက်ဖို့ တိကျမှန်ကန်တဲ့မူဝါဒတွေ ဖော်ထုတ်ချမှတ်အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ ကျန်းမာရေးနဲ့ ပညာရေး ဆောင်ရွက်မှုများနဲ့ပတ်သက်လာရင် ထိရောက်မှုရှိပြီး စရိတ်စကသက်သာတဲ့ ချဉ်းကပ်မှုတွေရှိနေတာလည်းတွေ့ရပါတယ်။ ဒါကြောင့် ဝင်ငွေတိုးစရာမလိုဘဲ ကျန်းမာရေး၊ ပညာရေးတိုးတက်မှု များခံစားနိုင်မှာဖြစ်ပါတယ်။

ဝင်ငွေဟာအရေးကြီးပါတယ်။ ဝင်ငွေများရင် လူတစ်ယောက်ရဲ့ လွတ်လပ်မှုကို ချဲ့ထွင်နိုင်ပြီး လိုအပ်တဲ့ အခြေခံလိုအပ်ချက်တွေကိုဖြည့်စွမ်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် အမိန့်ရှိခဲ့သလို မြန်မာနိုင်ငံမှာလူတစ်ဦးကျဝင်ငွေတိုးတက်မှုဟာ တိုင်းပြည်ဖွံ့ဖြိုးမှုရဲ့ အခြေတစ်ရပ်ဖြစ်ပါတယ်။

အရေးကြီးလှတဲ့ အယူအဆက နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးမှုဟာ နိုင်ငံရဲ့ လူသားဖွံ့ဖြိုးနဲ့ မတူညီဘူးဆိုတဲ့အချက်ပဲဖြစ်ပါတ်။ တစ်ဦးကျဝင်ငွေနည်းတဲ့ ကျူးဘားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနဲ့ ကော်စတာရီကာနိုင်ငံတို့ဟာ တစ်ဦးကျဝင်ငွေနည်းပေမယ့် လူသားဖွံ့ဖြိုးမှုဟာ မြင့်မားနေတာကိုတွေ့ရပါတယ်။

အခုလိုနိုင်ငံ၏လူသားဖွံ့ဖြိုးမှုရအောင် ဖန်တီးဆောင်ရွက်တဲ့နေရာမှာ အဖွဲ့အစည်းတွေဟာ အရေးပါလှပါတယ်။ဘယ်လောက်ပဲ ကောင်းတဲ့၊ ဘယ်လောက်ပဲ ပြီးပြည့်စုံတဲ့မူတွေ၊ ပေါ်လစီတွေ ချမှတ်ပေမယ့် ဒီမူတွေ ဒီပေါ်လစီတွေကို လက်တွေ့အကောင်အထည်ဖော်ရာမှာ ဦးစီးဦးဆောင်လုပ်တဲ့အဖွဲ့အစည်းတွေရဲ့အရည်အသွေးဟာ အလွန်အရေးကြီးပါတယ်။ ဒါကြောင့်လည်း အဖွဲ့အစည်းတွေရဲ့လုပ်ရည်ကိုင်ရည်တိုးတက်ဖွံ့ဖြိုးမှု (Capacity Development) ဦးစားပေးဆောင်ရွက်ရတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုကို စဉ်းစားရာမှာ အစိုးရနဲ့ ဈေးကွက်အကြား ဆက်သွယ်ဆက်ဆံမှုဟာ အရေးကြီးလှပါတယ်။ အလွယ်ပြောရရင် အစိုးရနဲ့ပုဂ္ဂလိက ကဏ္ဍအကြား ဆက်ဆံမှုဖြစ်တယ်။ မြန်မာနိုင်ငံလိုနှစ်ပေါင်းများစွာ အုပ်ချုပ်ရေးအာဏာကျင့်သုံးတဲ့ စီးပွားရေးစနစ် (Command Economy) ယဉ်ပါးရင်းနှီးတဲ့နိုင်ငံမှာ ဒီကိစ္စဟာ ခက်ခဲပါတယ်။ တစ်ချိန်က နိုင်ငံတော်အနေနဲ့ ပုဂ္ဂလိကကဏ္ဍကို ရန်သူအဖြစ် သတ်မှတ်ခဲ့တယ်။ စွန့်ထွင်ဦးစီးမှုကို ပိတ်ပင်ခဲ့တယ်။ အမိန့်အာဏာနဲ့ စီးပွားရေးစနစ်ကိုကိုင်တွယ်ခဲ့တယ်။ အခုလို ကျင့်သားရနေတဲ့စနစ်ကနေ ဈေးကွက်စီးပွားရေးအဖြစ်သို့ ကူးပြောင်းလာတဲ့အခါ အခြေခံအဆောက်အအုံတွေပြုပြင်ခဲ့ပေမယ့် အတွေးအခေါ် အယူအဆတွေကမပြောင်းသေးဘူး။ ဈေးကွက်လှုပ်ရှားမှုကို အမိန့်ပေးပြီး ထိန်းချုပ်လို့ရတယ်လို့ယူဆနေတဲ့ ဈေးနှုန်းထိန်းချုပ်မှု (Price Control)လုပ်ရမယ့် တာဝန်ရှိသေးတယ်လို့ အယူအဆစွဲလမ်းနေတယ်။

အမှန်တော့ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံသော့ချက်က ဈေးကွက်ပဲဖြစ်တယ်။ ဈေးကွက်ကို ယုံကြည်မှုရှိရမယ်။ ဈေးကွက်ရဲ့စွမ်းဆောင်မှုဟာ အခြေခံလိုအပ်ချက်တစ်ခုဖြစ်ပေမယ့်ဈေးကွက်တစ်ခုတည်း မလုံလောက်ပါဘူး။

ဈေးကွက်ဟာ အများနဲ့ပတ်သက်တဲ့ကုန်စည်ဝန်ဆောင်မှုတွေ ပေးဆောင်ရာမှာ အင်အားနည်းပါတယ်။ ဥပမာအားဖြင့် ကျန်းမာရေး၊ ပညာရေးစောင့်ရှောက်မှုကို ပေးဆောင်ဖို့ဈေးကွက်ကိုအားကိုးလို့မဖြစ်နိုင်တာတွေ့ရပါတယ်။ ပတ်ဝန်းကျင်စောင့်ရှောက်ထိန်းသိမ်းဖို့ ဈေးကွက်ကို အားကိုးလို့မဖြစ်နိုင်ပါဘူး။ တစ်ခုတော့ရှိပါတယ်။ ဈေးကွက်ရဲ့ အစွန်းတွေ ထိန်းချုပ်နိုင်ဖို့ ကျွမ်းကျင်တတ်မြောက်တဲ့ နိုင်ငံတော်အစိုးရပါတယ်။ နိုင်ငံတော်အစိုးရဟာ ဈေးကွက်လှုပ်ရှားမှု ချောမွေ့နိုင်ဖို့ လိုအပ်တဲ့ ပတ်ဝန်းကျင်ဖန်တီးပေးရမှာဖြစ်ပါတယ်။ ကိုယ်တိုင်ကိုယ်ကျ ဝင်လုပ်ဖို့မလိုပါဘူး။ အစိုးရဟာ ဈေးကွက်ရဲ့ အစွန်းတရားတွေကို ထိန်းသိမ်းပေးနိုင်သလို အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ မီဒီယာတွေဟာလည်း အလွန်အရေးပါလှပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ပြည်သူပြည်သားအားလုံးအတွက် ဖြစ်ဖို့လိုအပ်ပါတယ်။ လူတစ်စု၊ လူတစ်ဖွဲ့ ကောင်းစားဖို့ မဟုတ်ပါဘူး။ ဒါကြောင့် ဒီမိုကရေစီစနစ်ဟာ အရေးပါလှပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုတွေကြောင့် နိုင်ငံနဲ့ စီးပွားရေး၊ လူမှုရေးကဏ္ဍတွေမှာ သိသာတဲ့တိုးတက်ဖွံ့ဖြိုးမှုတွေ မကြာမီပေါ်ပေါက်လာတော့မှာဖြစ်ပါတယ်။

တိုင်းပြည်ရဲ့စီးပွားရေးဖွံ့ဖြိုးမှုနဲ့ပတ်သက်လို့ စိုးရိမ်စိတ်ပူစရာကိစ္စတစ်ရပ်က ဆင်းရဲချမ်းသာကွာဟမှုနှုန်းဖြစ်ပါတယ်။ ချမ်းသာတဲ့သူတွေ များသလို တစ်ဖက်ကလည်း ဆင်းရဲတဲ့သူတွေ တိုးလာတာတွေ့ရပါတယ်။ နိုင်ငံတကာမှာ ဆင်းရဲချမ်းသာမှုကွာဟမှုနှုန်းကို (Gini-Coefficient) ညွှန်ကိန်းနဲ့တိုင်းထွာပါတယ်။ ဒီညွှန်ကိန်းအရ နိုင်ငံတစ်နိုင်ငံမှာ ဆင်းရဲချမ်းသာမှုကွာဟမှုဘယ်လောက်ရှိသလဲဆိုတာကို တိုင်းနိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီညွှန်ကိန်းကို တိုင်းနိုင်ဖို့ စာရင်းဇယားမရှိတာမို့ မတိုင်းနိုင်သေးပါဘူး။ ဆရာကတော့ ဒီညွှန်ကိန်းကို အမြန်ဆုံးတိုင်းစေချင်ပါတယ်။ အခုလို တိုင်းတဲ့အတွက် သိရုံသက်သက်မဟုတ်ဘဲ အခြေအနေတိုးတက်လာအောင် ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာကို ဖော်ထုတ်စေချင်ပါတယ်။ အကြမ်းဖျင်းအနေနဲ့ (80/20 rule) ၈၀/၂၀ ဥပဒေသကို သုံးလို့ရပါတယ်။ ဒီဥပဒေသအရ နိုင်ငံတစ်နိုင်ငံ လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းဟာ ဒီနိုင်ငံမှာရှိတဲ့ ကြွယ်ဝချမ်းသာမှုရဲ့ ၈၀ ရာခိုင်နှုန်းကိုပိုင်ဆိုင်တာတွေ့ရပါတယ်။ တစ်ဖက်ကကြည့်ရင် ကျန်ရှိတဲ့လူဦးရေရဲ့ ၈၀ ရာခိုင်နှုန်းဟာ ပိုင်ဆိုင်မှုရဲ့ ၂၀ ရာခိုင်နှုန်းကိုသာ ပိုင်ဆိုင်တာတွေ့ရပါတယ်။ နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုကို စဉ်းစားရာမှာ ခေတ်စားလာတဲ့အယူအဆတစ်ခုက အဆက်မပြတ်ဖွံ့ဖြိုးမှု (Sustainable Development)ပဲဖြစ်ပါတယ်။

အခုလို အဆက်မပြတ်တဲ့ တိုးတက်ဖွံ့ဖြိုးမှုရရှိအောင် လက်ရှိစားသုံးမှုပုံစံ၊ ထုတ်လုပ်မှုပုံစံတွေကိုစွန့်လွှတ်ရမှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ပျက်စီးစေတဲ့ စက်မှုလုပ်ငန်းတွေ၊ စားသုံးမှုပုံစံတွေကို စွန့်လွှတ်ရမှာဖြစ်ပါတယ်။ ဒါကြောင့် အစိမ်းရောင်ဖွံ့ဖြိုးမှု (Green Growth)၊ အစိမ်းရောင်စီးပွားရေးစနစ် (Green Economy) တွေကို နိုင်ငံမှာ ဖော်ဆောင်ဖို့လိုအပ်မှာဖြစ်ပါတယ်။

နိုင်ငံဖွံ့ဖြိုးတိုးတက်စေဖို့ လက်ဝယ်ရှိ စွမ်းအားစုများကို စနစ်တကျသုံးစွဲပြီး ဖြစ်နိုင်တာတွေ့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှု အမြောက်အမြား သုံးစွဲဖို့မလိုအပ်ပါဘူး။ အရေးကြီးတာက ဘယ်နေရာကို ဦးစားပေးပြီး ရင်းနှီးမြှုပ်နှံမယ်ဆိုတဲ့ အဆုံးအဖြတ်ပဲဖြစ်ပါတယ်။စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုနဲ့ပတ်သက်လာရင် အရေးကြီးဆုံးအချက်ဟာ အခြေခံအတွေးအခေါ်ကို ပြောင်းလဲဖို့ဖြစ်ပါတယ်။ စီးပွားရေး ပညာရှင်လို့ပြောတဲ့သူတွေက စီးပွားရေးတိုးတက်မှု (Economy Growth) နဲ့ ဖွံ့ဖြိုးမှု (Growth) ဟာ အတူတူဖြစ်တယ်လို့ဆိုကြတယ်။ ဒီအခြေခံအယူအဆဟာ ခေါက်ရိုးကျိုးနေတဲ့အမြင်ဖြစ်တယ်။ လူသားဖွံ့ဖြိုးမှုရဲ့ အခြေခံကတော့ ဝင်ငွေတစ်ခုတည်းကို အာရုံမပြုပါဘူး။ ဝင်ငွေဟာ အရေးကြီးပေမယ့် မပြည့်စုံပါဘူး။ ကျန်းမာဖို့လိုသလို ပညာတတ်ဖို့လည်း လိုပါတယ်။ ဒါကြောင့် ဆရာကတော့ စီးပွားရေးအယူအဆသစ် တစ်ရပ်ကို စဉ်းစားသင့်ကြောင်း တိုက်တွန်းလိုပါတယ်။ ဒီစီးပွားရေးပညာအသစ်အရ နိုင်ငံတစ်နိုင်ငံရဲ့ ရည်မှန်းချက်ဟာပြည်သူတွေရဲ့သက်သာချောင်ချိမှုကိုဦးတည်ပြီး လူသားဖွံ့ဖြိုးမှုကိုရအောင် ကြိုးစားရမှာဖြစ်ပါတယ်။

လူသားတွေရဲ့တိုးတက်မှုကို တစ်စိုက်မတ်မတ် ကြိုးစားအားထုတ်ပြီး ဆောင်ရွက်ဖို့လိုအပ်မှာဖြစ်ပါတယ်။ ပြည်သူပြည်သားတွေကို ဖွံ့ဖြိုးမှုရဲ့အလယ်ဗဟိုမှာထားပြီး အများအတွက် အကျိုးရှိအောင် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ အခုလို ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နေတဲ့အခါ လူသားဖွံ့ဖြိုးမှု အယူအဆကိုကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ပြီး ပြည့်မီအောင်ကြိုးစားကြပါစို့။ ။

7 DAY NEWS JOURNAL

# Current Affairs

Vol.11, No.20 • JULY 26 , 2012

## ဥပဒေကြမ်းများ လွှတ်တော်အတည်မပြုမီ ပြည်သူများ အကြံပြုနိုင်ဟုဆို

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဇူလိုင် - ၂၂**

လွှတ်တော်များတွင် ဆွေးနွေးနေသော ဥပဒေကြမ်းများ အတည်ပြုပြဋ္ဌာန်းခြင်းမပြုမီ ပြည်သူများအနေဖြင့် အကြံပြုချက်များပေးပို့နိုင်ကြောင်း လွှတ်တော်နှစ်ရပ်၏ ဥပဒေကြမ်းကော်မတီများထံမှ သတင်းရရှိသည်။

"ကော်မတီအနေနဲ့ ပြည်သူတွေပေးလိုက်တာကို မှတ်တမ်းယူပါတယ်။ ထည့်သွင်းပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားပါတယ်"ဟု ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းကပြောသည်။

ဆက်လက်၍ ၎င်းက အကြံပြုချက်များ စတင်လက်ခံခြင်းနှင့်ပတ်သက်၍ "အရင်တုန်းက အဆင်သင့် မဖြစ်သေးလို့ပါ။ မူလက အစီအစဉ်ရှိပြီးသားပါ"ဟုပြောသည်။

"မူကြမ်းတွေက သတင်းစာထဲမှာ ထည့်ပြီးသား။ ဒါတွေ ဖတ်ပြီးတော့ ပြည်သူတွေက ဘာတွေအကြံပြုချင်လဲပေါ့။ အကြံပြုချင်တာကို ဥပဒေကြမ်းကော်မတီကို ပေးလို့ရပါတယ်"ဟု အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေးကဆိုသည်။

ပြည်သူများ လေ့လာနိုင်ရန် နိုင်ငံပိုင်သတင်းစာများတွင် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေကြမ်း၊ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးဥပဒေကြမ်း၊ ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ တရားရုံးများ မထိမ့်မြင်ပြုမှုဥပဒေကြမ်း၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း၊ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ဖော်ပြခဲ့ပြီးဖြစ်သည်။

ဥပဒေကြမ်းများ အတည်ပြုပြဋ္ဌာန်းခြင်းမပြုမီ အကြံပြုချက်များ ပေးပို့လိုပါက လွှတ်တော်အသီးသီးရှိ ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့သို့စာရေးဆက်သွယ်ပေးပို့နိုင်သည်။

## နိုင်ငံတော်သမ္မတနှင့် ဒီမိုကရေစီမိတ်ဆွေ ၁၀ပါတီ ခေါင်းဆောင်များတွေ့

**ရန်ကုန်၊ ဇူလိုင် - ၁၈**

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဒီမိုကရေစီမိတ်ဆွေ ၁၀ ပါတီနှင့် အခြားတာဝန်ရှိသူများ ဇူလိုင် ၁၈ ရက်က သမ္မတကြီး၏ လယ်တောရိပ်သာတွင် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။



အဆိုပါတွေ့ဆုံပွဲတွင် လယ်ယာမြေအသိမ်းခံရသောပြဿနာများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်ရင်းနှီးမြှုပ်နှံရေးကိစ္စများအား အမျိုးသားဒီမိုကရေစီအင်အားစုပါတီက ဆွေးနွေးခဲ့ပြီး နိုင်ငံတည်ဆောက်ရေးနှင့်ပတ်သက်၍ ရှေ့ဆက်ပြီး တိုင်းပြည်တွင် လုပ်ရမည့်ကိစ္စများအား နွေးနွေးထွေးထွေး ဆွေးနွေးခဲ့ကြသည်ဟု အဆိုပါဆွေးနွေးပွဲသို့တက်ရောက်ခဲ့သော လူမှုစီးပွား အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေကပြောသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပါဝင်ခဲ့သော ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးလှစောက "အခု ရခိုင်မှာဖြစ်နေတဲ့ကိစ္စ၊ ဂက်စ်ပိုက်လိုင်းကိစ္စ၊ လျှပ်စစ်မီးရရှိရေးနဲ့ ကျန်းမာရေးကိစ္စတွေ ဆွေးနွေးခဲ့ပါတယ်"ဟုပြောသည်။

ယခုလတ်တလော ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော ကိစ္စများနှင့်ပတ်သက်၍ မြန်မာ့သမိုင်းပညာရှင်များနှင့် နိုင်ငံတကာမှ သမိုင်းပညာရှင်များကိုဖိတ်ခေါ်၍ နေပြည်တော်တွင် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရန် ရခိုင်လုံခြုံရေးတပ်နှင့် နယ်ခြားစောင့်တပ်များ ဆောင်ရွက်ရေးကိစ္စများအား တင်ပြခဲ့ကြောင်းဦးလှစောကပြောသည်။

နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံစဉ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများကို တိကျစွာ ရရှိစေရန် ရှမ်းတိုင်းရင်းသား တိုးတက်ရေးပါတီအနေဖြင့် တင်ပြဆွေးနွေးခဲ့သည်ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းက ပြောသည်။

"ဖွဲ့စည်းပုံထဲမှာ ရေးဆွဲထားပြီးသားဖြစ်တဲ့ ဇယား-၂နဲ့ ဇယား-၅ ပါအချက်တွေကို လက်တွေ့ကျင့်သုံးတဲ့အခါ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကို ပေးထားတဲ့လုပ်ပိုင်ခွင့်တွေက တိတိလင်းလင်းဖြစ်ဖို့ ဆွေးနွေးခဲ့တာပါ"ဟု ဦးစိုင်းအိုက်ပေါင်းက ပြောသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဒီမိုကရေစီမိတ်ဆွေ ၁၀ ပါတီမှ တာဝန်ရှိသူများနှင့် ပထမဆုံးအကြိမ်အဖြစ် ယခုလ ၂၈ရက်က နေပြည်တော်၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး ပါတီတစ်ခုချင်းစီမှ အကြံပြုတင်ပြချက်များကိုလည်း ပြန်လည်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ချင်းအမျိုးသားပါတီ ဥက္ကဋ္ဌ ဦးဇိုဇမ်ကလည်း ဝန်ကြီးများ၊ သံအမတ်ကြီးများ ခန့်အပ်ရာတွင် တိုင်းရင်းသားများ ပါဝင်စေရေးနှင့် တိုင်းရင်းသားဒေသများ၌ ဝန်ထမ်းများ ခန့်အပ်ရာတွင်လည်း တိုင်းရင်းသားများ ဦးစားပေးခန့်ထားရေးကိစ္စများကို တင်ပြခဲ့သည်ဟုသိရသည်။

ရွေးကောက်ပွဲစနစ်ကိုပြုပြင်ပြောင်းလဲပြီး အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System)သို့ ကူးပြောင်းဆောင်ရွက်ရန် အကြံပြုချက်များကိုလည်း အမျိုးသားဒီမိုကရေစီအင်အားစုပါတီက တင်ပြခဲ့သည်ဟုလည်းသိရသည်။

ဒီမိုကရေစီမိတ်ဆွေများနှင့် တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက မိမိတို့သည် နိုင်ငံရေးအရ မတူကွဲပြားသည့် ခြားနားမှုများ ရှိသော်လည်း မိမိတိုင်းပြည်အတွက် အကျိုးရှိစေမည့် ဘုံအကျိုး စီးပွားကို ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ ဒီမိုကရေစီမိတ်ဆွေပါတီများမှ ခေါင်းဆောင်များကို တွေ့ဆုံခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံတော်သမ္မတက ပြောကြားသည်။ ရှမ်းတိုင်းရင်းသားများတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းက "သမ္မတကြီးက အရမ်းစိတ်ရှည်တယ်။ ပွင့်လင်းတယ်။ တင်ပြတဲ့ကိစ္စတွေကိုလည်း သမ္မတကြီးက ဆောင်ရွက်ပေးမယ်လို့ထင်ပါတယ်"ဟုပြောသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းအပါအဝင် နိုင်ငံရေးပါတီများမှ ဦးသုဝေ၊ ဦးခင်မောင်ဆွေ၊ ဒေါက်တာသန်းငြိမ်း၊ ဦးလှစော၊ ဦးဇိုဇမ်၊ ဦးစိုင်းအိုက်ပေါင်း၊ ဦးစောသိန်းအောင်၊ ဦးနိုင်လှအောင်အပါအဝင် စုစုပေါင်း ၃၃ဦးတက်ရောက်ခဲ့ပြီး နိုင်ငံတည်ဆောက်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

## တရုတ်က မြန်မာမှအမဲသားတင်သွင်းမှု ရပ်နား

**သန်းဌေး**

**ရန်ကုန်၊ ဇူလိုင် - ၁၇**

တရုတ်နိုင်ငံက မြန်မာနိုင်ငံမှ တင်သွင်းနေသော အသားထွက်ကုန်ပစ္စည်းများတွင် ခွာနာလျှာနာရောဂါရှိနေသောကြောင့် အေးခဲအမဲသားများ တင်သွင်းမှုကို ရပ်ဆိုင်းထားကြောင်း သတင်းရရှိသည်။

အဆိုပါအကြောင်းကြားစာသည် ဇူလိုင်လဆန်းတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)သို့ရောက်ပြီးနောက် မွေးမြူရေးနှင့် ကုသရေးဉ္စန်ကြားရေးမှူးထံမှတစ်ဆင့်မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်က လက်ခံရရှိထားကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၁) ဦးဝင်းစိန်က ဇူလိုင် ၁၇ရက်တွင်ပြောသည်။

"တရုတ်ကိုတင်ပို့နေတဲ့အသားတွေအမဲသားတွေမှာခွာနာလျှာနာရောဂါ မကင်းရှင်းတာကြောင့် တရုတ်နိုင်ငံရဲ့ ပြဋ္ဌာန်းထားတဲ့ဥပဒေဖြစ်တဲ့ တိရစ္ဆာန် များ၊ သစ်ပင်၊ ပန်းမန်များ အဝင်အထွက် ပိုးမွှားကင်းစင်ရေးဥပဒေအချက်နဲ့ ငြိစွန်းနေတဲ့အတွက် အခုကျွန်တော်တို့ဆီက ထွက်ကုန်ပစ္စည်းဖြစ်တဲ့အေးခဲအမဲသား တင်ပို့မှုတွေ လတ်တလော တစ်ဖက်နိုင်ငံကိုသွားတာရပ်ဆိုင်းသွားပါပြီ"ဟု၎င်းကပြောသည်။

အေးခဲအမဲသားအပြင်ကြက်၊ငှက်တိရစ္ဆာန်များ၏ အသားထွက်ကုန်ပစ္စည်းများပါ တရုတ်နိုင်ငံသို့တင်ပို့ရောင်းချခြင်းနှင့် အသားထွက်ကုန်များကို အခြားနိုင်ငံမှ ဝယ်ယူပြီး တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခြင်းကိုပါ ပိတ်ပင်လိုက်ကြောင်း အထက်ပါစာတွင်ပါရှိ သည်။

"မြန်မာမှာ ကြက်ငှက်တုပ်ကွေးနဲ့ ခွာနာလျှာနာရောဂါတွေ ကျရောက်နိုင်တဲ့အတွက် သူတို့ဆီကနေပြီးတော့ ဒီအသားတွေ တင်ပို့ခြင်းကို လက်မခံနိုင်ပါဘူးဆို ပြီး မြန်မာသံရုံးကို တရုတ်နိုင်ငံ မွေးမြူရေးဌာနက တရားဝင် အကြောင်းကြားထားတယ်"ဟုမြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၃)ဒေါက် တာလှလှသိန်းကပြောသည်။

ထို့ကြောင့်တရုတ်နိုင်ငံသို့အသားတင်ပို့သောလုပ်ငန်းရှင်များ၏ စက်ရုံ၊ အလုပ်ရုံများလည်း ရပ်ဆိုင်းသွား၍ အလုပ်သမားများအလုပ်လက်မဲ့ဖြစ်ကုန်ကြကြောင်းသတင်းရရှိသည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံသို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အစ ဧပြီမှ ဇွန်သုံးလအတွင်း အေးခဲအမဲသား တန်ချိန် ၄,၈၈၄ တန် တင်ပို့နိုင်ခဲ့သည်။ သို့ရာတွင် ပုံမှန်ရက်သတ္တတစ်ပတ်လျှင် အေးခဲအမဲသားတန်ချိန် ၄၀၀ ခန့် တင်ပို့နေရာမှ ဇွန် ၂၇ရက်မှ ဇူလိုင် ၃ရက်တွင်မူ ၁၄၅တန်သာ တင်ပို့နိုင်တော့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှစာရင်းဇယားများအရသိရသည်။ ယခုအချိန်တွင် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့နေသော အသားထွက်ကုန်ပစ္စည်းများအားလုံး လုံးဝရပ်ဆိုင်းသွားပြီဖြစ်ကြောင်းသတင်းရရှိသည်။

## စက်တင်ဘာလတွင် ဒေါ်အောင်ဆန်းစုကြည် အမေရိကန်နိုင်ငံသို့ သွားရောက်မည်

**နေပြည်တော်၊ ဇူလိုင်-၁၈**

လာမည့် စက်တင်ဘာတွင် အမေရိကန်နိုင်ငံ၌ ဆုတစ်ဆုလက်ခံရယူမည်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က အတည်ပြုပြောကြားလိုက်သည်။

ဒေါ်အောင်ဆန်းစုကြည်သည် မကြာသေးမီ ရက်ပိုင်းအတွင်း ထိုင်းနိုင်ငံနှင့် ဥရောပတိုက်သို့ ခရီးဆန့်ခဲ့ပြီး ကမ္ဘာ့ခေါင်းဆောင်များနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများ၏ အားတက်သရောကြိုဆိုမှုများရရှိခဲ့သည်။ ရှေ့လာမည့် အမေရိကန်ခရီးစဉ်တွင်လည်း ယင်းကဲ့သို့သော အာရုံစိုက်မှု ရရှိလိမ့်မည်ဖြစ်ကြောင်း အေပီသတင်းကဖော်ပြသည်။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ခရီးစဉ်အကြောင်းကြေညာခဲ့သည့် ဇူလိုင် ၁၇ရက်မှာပင် မကြာသေးမီက ကွယ်လွန် သွားသည့် ချက်သမ္မတဗာကလက်ဟေဗယ်လ်ကိုယ်စားအဝါရောင်နှင်းဆီပန်းခြောက်တစ်ပွင့်ရရှိခဲ့ပြီး ယင်းမှာ ၎င်းတို့နှစ်ဦးကြား မဆုံစည်းခဲ့မှုကိုသတိပေးထားခြင်းပင်ဖြစ်ကြောင်းနှင့် ဒီမိုကရေစီရေးအတွက် မဆုတ်မနစ်တိုက်ပွဲဝင်ခဲ့သူ ဗာကလက်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် အဆက်အသွယ်ပြုလုပ်ခဲ့ကာ သူမနှင့်တွေ့ဆုံရန်လည်း တမ်းတခဲ့သူဖြစ်ကြောင်း အေပီသတင်းကဖော်ပြသည်။ စက်တင်ဘာ ၂၁ရက်တွင် ဒေါ်အောင်ဆန်းစုကြည်အား နယူးယောက်မြို့၌ အမြော်အမြင်ကြီးမားသောကမ္ဘာ့ခေါင်းဆောင်များအား အသိအမှတ်ပြုပေးအပ်သော Global Citizen Award ကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း အမေရိကန် ဉာဏ်ကြီးရှင်များအဖွဲ့ဖြစ်သော Atlantic Council က ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည်က သူမ၏ခရီးစဉ်အကြောင်းကို အတည်ပြုပြောကြားခဲ့သော်လည်း သူမ၏ခရီးစဉ် အသေးစိတ်ကိုမူ ပြောကြားခြင်းမရှိပေ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်အတွင်း အမေရိကန်အစိုးရနှင့် အစည်းအဝေးများပြုလုပ်ရန် ဖိတ်ကြားသွားမည်ဟု ပြောကြားသော်လည်း အသေးစိတ်အချက်အလက်များ ဖော်ပြခြင်းမရှိကြောင်း အေပီသတင်းဌာနက ရေးသားသည်။ Ref: AP

7Day News Journal
Vol.11, No.20 • JULY 26 , 2012

# မျက်နှာဖုံး- ဆယ်စုနှစ်နှစ်ခုကျော်အတွင်း ပထမဆုံး မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ကြီးနှင့် တွေ့ဆုံခြင်း မှ

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ်နှင့်မူဝါဒရေးရာ ညှိနှိုင်းရေးမှူးအဖြစ် တစ်နှစ်ကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် မစ္စတာဒဲရစ်မစ်ချယ်ကို ခန့်အပ်လိုက်ခြင်းဖြစ်သည်။ ၎င်းမှာ အရှေ့တောင်အာရှရေးရာ ကျွမ်းကျင်သူလည်းဖြစ်သည်။ မစ္စတာမစ်ချယ်က မြန်မာသံအမတ်ဘဝ သက်တမ်း ၁၀ရက်ပြည့်သော ဇူလိုင် ၂၀ ရက်တွင် မီဒီယာနှင့်သံအမတ်ကြီးတို့၏ ပထမဆုံး တွေ့ဆုံမှုအဖြစ် 7Day News နှင့် တွေ့ဆုံခဲ့သည်။

ယင်းတွေ့ဆုံမှုမှ အချို့ကို စာဖတ်ပရိသတ်အတွက် ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

**မြန်မာသံအမတ်ကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့တာ ၁၀ ရက်ရှိခဲ့ပြီဆိုတော့ ဘယ်လိုနေလဲ ပြောပါဦး မစ္စတာမစ်ချယ်။**

တကယ့်ကို အဖြစ်အပျက်စုံကြုံတွေ့ခဲ့ရတဲ့ ၁၀ ရက် ခရီးပါပဲ။ ဒီ ၁၀ ရက်ကလေးအတွင်းမှာ အဖြစ်အပျက်တွေ အများကြီးရှိခဲ့တာကြောင့် ကျွန်တော့်အနေနဲ့တော့ နှစ်ပတ်လောက်၊ နှစ်လလောက်ရှိပြီလို့တောင် ထင်ရတယ်။ ဒါပေမဲ့ တကယ့်ကို အားတက်စရာတွေပါပဲ။ နေပြည်တော်မှာလည်း တကယ့်ကို အားရစရာကောင်းတဲ့ ဆွေးနွေးပွဲဖြစ်ခဲ့တယ်။ ကျေနပ်စရာအလွန်ကောင်းတဲ့ အစိုးရနဲ့ ဆွေးနွေးမှုလို့ ပြောရမှာပါ။ ပြီးခဲ့တဲ့ ရက်သတ္တပတ်အကုန်ပိုင်းကတကယ့်ကိုသမိုင်းဝင်ကာလလို့ ပြောရမှာပါ။ နှစ်ပေါင်း ၂၅ နှစ်အတွင်းမှာ ပထမဆုံး အမေရိကန်-အာဆီယံစီးပွားရေးအစည်းအဝေးကို စီစဉ်လက်ခံကျင်းပပေးနိုင်ခဲ့တယ်။ အစိုးရတာဝန်ရှိသူတွေ၊ လူထုအခြေပြု အဖွဲ့အစည်းတွေက အဖွဲ့ဝင်တွေကိုလည်း ကျွန်တော့်နေအိမ်ကို ဖိတ်ခေါ်တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ဖြစ်ခဲ့တယ်။ ရှေ့လျှောက် ဒီခရီးရှည်ကြီးမှာ အားတက်စရာ တိုးတက်မှုတွေကို ဆက်တိုက်မြင်တွေ့ရမှာပါ။ တကယ့်ကို အစကောင်းပါပဲ။ ဒီမှာ မိတ်ဆွေဟောင်းတွေနဲ့ ပြန်တွေ့ရတယ်။ ပြီးတော့ ကျွန်တော့်အတွက်တော့ သွားလိုက်ပြန်လိုက်လုပ်နေရတာထက် ဒီမှာ မြှုပ်နှံပြီးနေရတာ ပိုကောင်းပါတယ်။

**နှစ်ပေါင်း ၂၀ ကျော်အတွင်း ပထမဆုံးမြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် အိမ်ဖြူတော်က မစ္စတာမစ်ချယ်ကို ဘာကြောင့်ခန့်အပ်လိုက်တယ်လို့ ထင်ပါလဲ။**

အရမ်းကောင်းတဲ့မေးခွန်းပါပဲ။ ကျွန်တော်က လေ့ကျင့်သင်ကြားခဲ့လို့ သံတမန်တစ်ယောက်ဖြစ်လာတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်ထင်တယ်။ လွန်ခဲ့တဲ့နှစ်တွေက မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရင်း နှစ်နိုင်ငံကြားနားလည်မှုတွေနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေး တည်ဆောက်နိုင်ခဲ့တယ်လို့ထင်တယ်။ ဒါပေမဲ့လည်း မသိပါဘူးဗျာ။ ကျွန်တော်ကတော့ သမ္မတအိုဘားမားနဲ့ နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ကလင်တန်တို့က ကျွန်တော့်ကို ဒီအတွက် ယုံကြည်မှုရှိတာကို နှိမ့်ချစွာနဲ့ အလွန်ဂုဏ်ယူပါတယ်။ မြန်မာပြည်အရေးကိစ္စဟာ သူတို့အတွက် အရေးကြီးဆုံးသော အာရုံစိုက်မှုတွေထဲက တစ်ခုဖြစ်ပါတယ်။ ကမ္ဘာ့အခြားနေရာဒေသ ဘယ်နေရာမှာမဆို အကြောင်းအရာ ပြဿနာတွေက အချိန်ယူရပါတယ်။ ပြီးတော့ ပြဿနာအားလုံးကလည်း တကယ့်ကို ခက်ခဲနက်နဲပါတယ်။ အခု မြန်မာပြည်တွင်းက လက်ရှိပြောင်းလဲမှုတွေဟာ ကမ္ဘာမှာ အပြုသဘောဖြစ်တဲ့ အကြောင်းအရာတစ်ခုအဖြစ် ထွက်ပေါ်နေပါတယ်။ ဒါကြောင့် နှစ်နိုင်ငံကြား ကောင်းမွန်တဲ့ ဆက်ဆံရေး ဆက်လက်တည်တံ့ဖို့၊ ပြုပြင်ပြောင်းလဲမှုတွေကို ထောက်ခံအားပေးဖို့ သူတို့နှစ်ဦးက အလွန်ပဲအလေးထားပါတယ်။ ဒီအတွက် ကျွန်တော့်ကို အမေရိကန်နိုင်ငံရဲ့ ကိုယ်စားလှယ်တစ်ယောက်အဖြစ် ယုံကြည်နိုင်တယ်လို့ သူတို့ယူဆတယ် ထင်ပါတယ်။ ဒီလိုမျိုး တာဝန်ပေးအပ်ခြင်း ခံရတဲ့အတွက် အလွန့်အလွန်ပဲ ဂုဏ်ယူရပါတယ်။

**မစ္စတာမစ်ချယ်ရဲ့ သံအမတ်သက်တမ်းအတွင်းမှာ နှစ်နိုင်ငံကြားဘယ်လိုကိစ္စမျိုးတွေကို အောင်အောင်မြင်မြင် ဖော်ဆောင်မယ်လို့ ရည်မှန်းချက်ထားပါလဲ။**

ရည်မှန်းချက်တွေကတော့ မျိုးစုံပါပဲ။ နှစ်ပေါင်း ၂၀၊ ၂၅ နှစ်ကျော်အတိတ်က အခက်အခဲတွေကနေ ကျွန်တော်တို့ရဲ့ ဆက်ဆံရေးကို တိုးတက်ဆက်လက်ရှင်သန်အောင်လုပ်ဖို့ ကျွန်တော်တို့မှာ စိတ်ဝင်စားမှု ကြီးကြီးမားမား ရှိနေတာ အထင်အရှားပါပဲ။ မြန်မာနိုင်ငံက ဒေသတစ်ခုလုံးနဲ့ဆက်စပ်နေတာကြောင့် နှစ်နိုင်ငံကြား ယုံကြည်မှုရှိတဲ့ ဆက်ဆံရေးတည်ဆောက်ဖို့၊ အပြန်အလှန်နားလည်မှုရှိရှိနဲ့ လက်တွဲနိုင်ဖို့ကို ပြည်တွင်းမှာရော၊ နိုင်ငံပြင်ပကိစ္စရပ်တွေမှာပါကြိုးပမ်းသွားရမှာပါ။ မြန်မာနိုင်ငံအနေနဲ့ အိမ်နီးချင်းနိုင်ငံတွေ (အိမ်နီးချင်းတွေအားလုံးနဲ့) ပွင့်လင်းတဲ့ ချိတ်ဆက်ထားမှုတွေကို အားပေးထောက်ခံချင်၊ တွန်းအားပေးသွားချင်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့တွေဟာ နိုင်ငံအတွင်း ဆက်လက်ဖြစ်ပေါ်ဆဲ ဖွံ့ဖြိုးတိုးတက်မှုတွေမှာလည်း အထူးစိတ်ဝင်စားပါတယ်။ အကြောင်းက အမေရိကန်ရဲ့ တန်ဖိုး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး၊ မီဒီယာလွတ်လပ်ခွင့် စတာတွေ ပြောင်းလဲတိုးတက်လာဖို့က အလွန်အရေးကြီးပြီးတော့ ခင်ဗျားတို့တိုင်းပြည်မှာ ဒါတွေကို ကျွန်တော်တို့က ထောက်ခံပံ့ပိုးပေးသွားချင်ပါတယ်။ ကျွန်တော်တို့မူဝါဒရဲ့အဓိက အစိတ်အပိုင်းအနေနဲ့လည်း ခုကတော့ လက်ရှိပြောင်းလဲ တိုးတက်မှုတွေကို သိသိသာသာ ထောက်ပံ့ဖို့နဲ့ ပြည်သူပြည်သူချင်း ဆက်ဆံမှုဖြစ်ထွန်းမှုကလည်း ကျွန်တော်တို့ရဲ့ အလွန်အရေးပါတဲ့ မျှော်မှန်းချက်တစ်ရပ်ဖြစ်ပါတယ်။ လုံခြုံရေးအနေနဲ့လည်း မေးခွန်းထုတ်စရာရှိနေတာက ကုန်ကူးမှုပါပဲ။ လူကုန်ကူးမှုရော၊ မူးယစ်ဆေးဝါးကုန်ကူးမှုရောပါ။ ဒီမှာ မြောက်ကိုရီးယားနဲ့ ဆက်ဆံရေးကလည်း မေးခွန်းထုတ်စရာ ဖြစ်နေဆဲပါ။ ဆိုတော့ အဲဒီလို အမေရိကန်အစိုးရအတွက် အရေးပါတဲ့၊ ခက်ခဲတဲ့ တခြားကိစ္စတွေလည်း ရှိနိုင်ပါသေးတယ်။ ကျွန်တော်ထင်တယ်၊ ဒီကိစ္စတွေအားလုံးက ကျွန်တော်တို့ရဲ့ ရည်မှန်းထားတာတွေဖြစ်ပြီး ကျွန်တော်တို့ ဖြေရှင်းနိုင်မယ်ထင်ပါတယ်။ ပြည်တွင်းအခြေအနေနဲ့ ဒေသတွင်းအခြေအနေတွေက ကျွန်တော်စလုပ်ခဲ့ချိန်ကထက်ပိုကောင်းကျန်ရစ်မှာပါ။ ဒီကိစ္စဟာ ကျွန်တော်တစ်ဦးတည်းရဲ့ အောင်မြင်မှု ဒါမှမဟုတ် ဆုံးရှုံးမှု မဟုတ်ပါဘူး။ ဒီက ပြည်သူတွေ ဆုံးဖြတ်ရ၊ ရွေးချယ်ရမယ့် ကိစ္စဖြစ်တယ်။ ဒါပေမဲ့ နှစ်နိုင်ငံဖြစ်စဉ်တွေမှာတော့ အမေရိကန်ရဲ့ ထောက်ခံအားပေးမှုကို အသိအမှတ်ပြုမယ်လို့ မျှော်လင့်ပါတယ်။

**ဒါနဲ့ မစ္စတာမစ်ချယ် သမ္မတ ဦးသိန်းစိန်နဲ့ လတ်တလောတွေ့ဖြစ်တာ ကမ္ဘောဒီးယားမှာနော်။**

တကယ်တော့ နိုင်ငံခြားရေးဝန်ကြီး မစ္စစ်ကလင်တန်နဲ့ တွေ့တာပါ။ ကျွန်တော်ကလည်း အဲဒီမှာ ရှိနေတာပေါ့လေ။

**ဟုတ်ကဲ့။ ဒါပေမဲ့ မစ္စတာမစ်ချယ် သမ္မတနဲ့တွေ့တာ နှစ်ကြိမ်မကရှိပြီပေါ့။ ဆိုတော့ သမ္မတဦးသိန်းစိန်ကို ဘယ်လိုပုဂ္ဂိုလ်မျိုးလို့ မြင်ပါသလဲ။**

ကျွန်တော် သမ္မတဦးသိန်းစိန်ကို အမြဲတမ်းပဲ အထင်ကြီးလေးစားရပါတယ်။ ဒီဇင်ဘာတုန်းက မစ္စစ်ကလင်တန် ဒီကိုလာတော့ ဝန်ကြီးကလင်တန်နဲ့အတူ သူ့ကို တွေ့ခဲ့ရတာ ပထမဆုံးအကြိမ်တွေ့ဆုံမှုပါပဲ။ ဒါဟာလည်း ကျွန်တော်တို့ကြားက တစ်ခုတည်းသော သီးသန့်တွေ့ဆုံမှုပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့တုန်းကတော့ ကျွန်တော့် သံအမတ်ခန့်အပ်လွှာ သွားရောက်ပေးအပ်ရင်း ထပ်တွေ့ရပါတယ်။ ပြီးမှ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ကမ္ဘောဒီးယားမှာ တစ်ကြိမ်ထပ်တွေ့ရတာပေါ့။ သူနဲ့တွေ့တဲ့အချိန်တိုင်းမှာ လူတိုင်းဟာ သူနဲ့ပတ်သက်ပြီး ရိုးသားတယ်၊ နိုင်ငံအတွက် အလုပ်လုပ်ဖို့၊ နိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက်သန္နိဋ္ဌာန်ချလုပ်ဆောင်နေတယ်လို့တစ်ထပ်တည်းခံစားမိကြလိမ့်မယ်လို့ကျွန်တော်ထင်ပါတယ်။ သူ့အပေါ် ဒီအမြင်ခံစားမှုက အပြောင်းအလဲလမ်းကြောင်း လားရာအတွက် ကြီးမားတဲ့ အစွမ်းသတ္တိတွေ ရရှိစေတယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့် နားလည်ထားတာကလည်း ဝါရှင်တန်ရော၊ အမေရိကန်

စာ(၂၉)သို့



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012

စာ(၂၈) - အင်တာဗျူး မှ

လွှတ်တော်ကရော၊ ကမ္ဘာ့နေရာတွေအားလုံးကပါသူလုပ်ဆောင်ခဲ့တာဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ပူးပေါင်းဆောင်ရွက်တာ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်တာတွေဟာ အစိုးရခေါင်းဆောင်ပိုင်းက သူ့လုပ်ဖော်ကိုင်ဖက်တွေနဲ့ အခြားပုဂ္ဂိုလ်တွေကြားမှာ တစ်ခါမှမရှိဖူးတဲ့ဟာဖြစ်ပြီး ထူးခြားပြောင်မြောက်လှပါတယ်။ ပြီးတော့ သူဟာဝင့်ဝင့်ကြွားကြွား မနေတတ်တဲ့ သူတစ်ဦးဖြစ်ပြီး ဒါကို သူ့ရဲ့ပုဂ္ဂိုလ်ရေးအတွက် လုပ်နေတယ်လို့ မမြင်သင့်ဘဲ တိုင်းပြည်အတွက် လုပ်ဆောင်နေတယ်လို့ တကယ်မြင်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော့်နိုင်ငံမှာပဲဖြစ်ဖြစ် အခြားနိုင်ငံတစ်ခုခုမှာဖြစ်ဖြစ် သူ့လိုလူမျိုး ရှိစေချင်ပါတယ်။ ဒီလိုပြောင်းလဲမှုတွေ ရှေ့ဆက် ဆက်တိုက်မြင်ရဖို့လည်း ကျွန်တော်မြင်တယ်။

**မစ္စတာမစ်ချယ် နောက်ငါးမိနစ်အတွင်းမှာ သမ္မတဦးသိန်းစိန်နဲ့တွေ့ရမယ်ဆိုပါစို့။ အဲဒီမှာလက်ရှိအရပ်သားအစိုးရကို နိုင်ငံအကူးအပြောင်း ကာလအတွက် အကြံဉာဏ်တစ်ခုပေးခွင့်ရမယ်ဆိုရင် ဘယ်လိုဟာ မျိုးဖြစ်မလဲ။**

ကျွန်တော်တို့ အကြံဉာဏ်ပေးတယ်လို့ မပြောပါဘူး။ ကျွန်တော်တို့ အတွေးအခေါ်ပေးတာမျိုးပဲဖြစ်ပါတယ်။ ကျွန်တော်ထင်တာက ပြည်သူတွေကို ယုံကြည်မှုရှိဖို့၊ လွှတ်လပ်ပွင့်လင်းမှု ဆက်လက်ဖြစ်ပေါ်ဖို့၊ ပွင့်လင်းမြင်သာမှုရှိဖို့ ဆက်လက်လုပ်ဆောင်ရမယ်ထင်ပါတယ်။ ကျွန်တော်ထင်တာကလည်း ဒီမိုကရေစီရဲ့ ပိုပြီးအရေးပါတဲ့အချက်တစ်ခုကတော့ အစိုးရရဲ့ လုပ်ဆောင်ပုံဟာ ပွင့်လင်းမြင်သာမှုရှိဖို့၊ အစိုးရတွင်း လည်ပတ်နေတဲ့ငွေကြေးတွေဟာလည်း နိုင်ငံပိုင်လုပ်ငန်းအရင်းအမြစ်တွေကဖြစ်တာမို့ဒါကိုပွင့်လင်းမြင်သာမှု ရှိရှိနဲ့ ပြည်သူ့အကျိုးစီးပွားအတွက် သုံးစွဲရမှုမျိုးပါ။ အဲဒါကြောင့် ဒီလိုမျိုး ပွင့်လင်းမြင်သာမှုကတစ်ဆင့်သာ လူထုအတွက်တာဝန်ခံနိုင်မှုစွမ်းရည် ရှိလာမှာဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီရဲ့အခြေခံဖြစ်ပြီး ဒီကိစ္စဟာ တင်းကျပ်လွန်းပြီး ပွင့်ပွင့်လင်းလင်းမဖြစ်ဘူးဆိုရင်တော့ ဒီမိုကရေစီရဲ့အခြေခံကို အားယုတ်စေပါလိမ့်မယ်။ ဒါကြောင့် နိုင်ငံတော်လုံခြုံရေးဆိုတဲ့ အကန့်အသတ်ထဲကနေ အစိုးရရဲ့လုပ်ငန်းလည်ပတ်မှုနဲ့ ပတ်သက်ပြီး မေးခွန်းတွေကိုဖြေဆိုနိုင်ပုံ၊ ငွေကြေးကို ကိုင်တွယ်လည်ပတ်ပုံ၊နိုင်ငံတော်ဘတ်ဂျက်ကို စီမံပုံတွေနဲ့ ပတ်သက်လို့ ပွင့်လင်းမြင်သာမှုအမြင့်မားဆုံးရှိဖို့ဆိုတာတွေဟာ ကျွန်တော်သူတို့ကိုပေးမယ့် အရေးပါဆုံး သတင်းစကားဖြစ်ပါလိမ့်မယ်။

**ဒီရက်ပိုင်း မစ္စတာမစ်ချယ်ကြားတဲ့အတိုင်း အမေရိကန်ရဲ့ အရေးယူပိတ်ဆို့မှုနဲ့ပတ်သက်ပြီးပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကလည်း မျှတတဲ့ဖြေလျှော့မှုမျိုးဖြစ်ဖို့မေတ္တာရပ်ခံထားတယ်။ အခုလတ်တလော ဖြေလျှော့မှုက အမေရိကန်အကျိုးစီးပွားအတွက်ပဲဖြစ်နေတယ်၊ တစ်ဖက်သတ်ဖြစ်နေတယ်လို့ သာမန်ပြည်သူအချို့ကြားထဲမှာလည်း ဝေဖန်မှုတွေရှိနေတော့ ဒါနဲ့ပတ်သက်ပြီး မစ္စတာမစ်ချယ် ဘယ်လိုတုံ့ပြန်ချင်ပါသလဲ။**

ကျွန်တော်တို့ဒီရက်ပိုင်းတွေအတွင်းမှာ အခုပြောတဲ့ကိစ္စကိုကြားရပါတယ်။ ဒီကိစ္စကို ကျွန်တော်တို့ လေးလေးနက်နက်ထားပါတယ်။ ရိုးရိုးသားသားဖြေရရင် ကျွန်တော်တို့ရဲ့ ပိတ်ဆို့အရေးယူမှုဖြေလျှော့ပေးတာတွေဟာ ကျွန်တော်တို့အကျိုးသက်သက်အတွက် ရည်ရွယ်ပြီးတော့လုပ်တာမဟုတ်ပါဘူး။ ရင်းနှီးမြှုပ်နှံမှုတွေ ပိတ်ဆို့ထားခြင်းအစားအလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးရေးအတွက် အခြေခံကိစ္စတစ်ရပ် ဖြစ်ပါတယ်။ ဒါပေမဲ့ ဟုတ်ပါတယ်။ လူတွေက အမေရိကန်စီးပွားရေး လုပ်ငန်းတွေတော့ ဝင်လာပြီး ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေကို အကူအညီမဖြစ်ဘူးလို့ မြင်ကြမှာပါ။ ဘာကြောင့်လဲဆိုတော့ ဒီကလုပ်ငန်းရှင်တွေကပြည်ပကိုတင်ပို့မှု မလုပ်နိုင်လို့ပါပဲ။ ကျွန်တော်တို့ရဲ့ ပိတ်ဆို့အရေးယူမှုတွေပြန်လည်သုံးသပ်ခြင်း ဖြစ်စဉ်ကလည်း အဆုံးမသတ်သေးပါဘူး။ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွေနဲ့တွဲပြီး ဆက်လက်စဉ်းစားသုံးသပ်သွားမှာပါ။ ဒါကြောင့် ကျွန်တော်တို့ဟာ စီးပွားရေးဖွံ့ဖြိုးမှုနဲ့ အခွင့်အလမ်းတွေ ဆက်တိုက်ဖြစ်ပေါ်ရေးကို တားဆီးဖို့ ဘာမှလုပ်မနေပါဘူး။ ဒီတိုင်းပြည်ရဲ့ တည်ငြိမ်မှုနဲ့ နှစ်နိုင်ငံကြား ယုံကြည်မှုတွေကို မေးခွန်းထုတ်နေစရာမလိုပါဘူး။ နှစ်နိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်မှုတန်ဖိုးထားတဲ့အမြင် ရှိဖို့ပဲလိုပါတယ်။ ဒါဆိုရင် နှစ်ဖက်စလုံးဟာ အောင်မြင်မယ့် အခြေအနေဖြစ်လာမှာပါ။ ဒါကြောင့် ကျွန်တော်တို့ပြီးခဲ့တဲ့ရက်ပိုင်းက ကြားခဲ့ရတဲ့သတင်းတွေနဲ့အတူ တိုးတက်မှုနဲ့ ပြုပြင်ပြောင်းလဲမှုတွေ ကျွန်တော်တို့ ဆက်လက်မြင်တွေ့နေရတာနဲ့အမျှ ကျွန်တော်တို့လည်း ပို့ကုန်တင်သွင်းမှု ပိတ်ဆို့ထားခြင်းကို သေချာပြန်လည်သုံးသပ်သွားမှာပါ။ ဒီဖြစ်စဉ်က အဆုံးသတ်မသွားသေးပါဘူး။ ပြီးတော့လည်း ကျွန်တော်တို့ဟာ ပြည်သူတွေမှာရှိနေတဲ့ စိုးရိမ်မှုတွေကို သိနားလည်ထားပါတယ်။

**ဒီကိစ္စနဲ့ပတ်သက်ပြီး အမေရိကန်ကလည်း သူ့အကျိုးစီးပွားပဲကြည့်တာပါလို့ အခုလက်ရှိ လူမှုကွန်ရက်တွေမှာ ဝါဒဖြန့်နေတာမျိုးတွေလည်းရှိတော့ အဲဒီအပေါ်မှာ မစ္စတာမစ်ချယ်ရဲ့ စိုးရိမ်မှုကိုလည်း သိချင်ပါတယ်။**

လက်ရှိအခြေအနေက ဖြစ်စဉ်ရဲ့ အစောပိုင်းအဆင့်မှာပဲရှိနေပါသေးတယ်။ ကျွန်တော်သံအမတ်အဖြစ် လုပ်ဆောင်နေစဉ်ကာလအတွင်း ကျွန်တော်ဟာ ဝါရှင်တန်ဒီစီရဲ့ ခေါင်းဆောင်မှုအပိုင်းကို ကိုယ်စားပြုတယ်ဆိုတာ ကျွန်တော်ကတိပေးပါတယ်။ ပြီးတော့ ကျွန်တော်ဟာ အလုပ်အကိုင် အခွင့်အလမ်းတွေရှိဖို့နဲ့ ပွင့်လင်းမြင်သာမှုရှိမှုရဲ့ တန်ဖိုးကိုစိတ်ဝင်စားပါတယ်။ နှစ်နိုင်ငံလုံးအတွက် အကျိုးအမြတ်ဖြစ်မယ့် ပုံစံမျိုးကိုပဲ ကျွန်တော်တို့ ပုံသွင်းသွားမှာပါ။ အဲဒီတော့ နှစ်နိုင်ငံဆက်ဆံရေး တည်ဆောက်မှုဟာ အမေရိကန် ပြည်သူတွေအတွက်သာမဟုတ်ဘူး။ ဒီနိုင်ငံအတွင်းက ပြည်သူတွေအတွက်ဖြစ်တယ်လို့ ကျွန်တော်ရှုမြင်ပါတယ်။ ကျွန်တော်တို့ဟာ ဒေသဆိုင်ရာအနေအထားကို လေးစားလိုက်နာမှုမရှိဘူးလို့ လူတွေကစိုးရိမ်လာပြီဆိုရင်တော့ ဒါကို ကျွန်တော်တို့ သိဖို့လိုလာပြီ။ ဒါကြောင့် အခြေခံအားဖြင့် ကျွန်တော်တောင်းဆိုတာ သာတူညီမျှဖြစ်ဖို့ပါပဲ။

**တကယ်လို့သာ အစိုးရရဲ့ လက်ရှိပြောင်းလဲမှု ဖြစ်စဉ်တွေဟာ နောက်ပြန်သွားခဲ့မယ်ဆိုရင် အမေရိကန်ရဲ့လက်ရှိအရေးယူပိတ်ဆို့မှု လျှော့ချရေးမူဝါဒကို ဘယ်လိုတုံ့ပြန်မှာပါလဲ။**

အစိုးရနဲ့ ပတ်သက်လို့ ခင်ဗျားတို့ အမြဲတမ်းစိုးရိမ်နေတဲ့ အရာတစ်ခုကိုတော့ ဖြစ်နိုင်ခြေမှန်းဆပြီး ဘယ်တော့မှ အဖြေမပေးနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အမေရိကန်အစိုးရရဲ့ ပေါ်လစီဟာ ဘယ်လိုတုံ့ပြန်မှုရှိမလဲဆိုတာက ခင်ဗျား မခန့်မှန်းနိုင်တဲ့ အကြောင်းအရာတွေ အများကြီးရှိနေလို့ပါပဲ။ မေးမယ်ဆိုရင်လည်း ကျွန်တော်ဖြေနိုင်မှာမဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ ပေါ်လစီဟာ လက်ရှိဖြစ်ပေါ်နေတဲ့ သမ္မတကြီး အစိုးရနဲ့ လွှတ်တော်၊ ပြီးတော့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေကနေ မြင်ရတဲ့ သိသာတဲ့ ပြောင်းလဲမှုတွေ ဆက်လက်ဖြစ်ပေါ်နေတဲ့ကာလကို အခြေခံပါတယ်။ ဒါပေမဲ့ ကျွန်တော်ပြောချင်တာကတော့ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့ မူဝါဒတွေကို ဘယ်လိုလုပ်မယ် မလုပ်ဘူးဆိုတာ အဲဒီအငြင်းအခုံတွေပေါ်မှာ အခြေမခံဘူးဆိုတာပါပဲ။

**မကြာခင်သွားမယ့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမေရိကန်ခရီးစဉ်နဲ့ပတ်သက်ပြီး မေးချင်ပါတယ်။ သူ့ခရီးစဉ်အတွင်းမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမေရိကန်သမ္မတအိုဘားမားတို့သီးသန့်တွေ့ဆုံဖို့ရှိပါသလား။**

သေချာတာကကျွန်တော်လည်း သမ္မတရဲ့ အချိန်ဇယားတွေကို စီမံတာမဟုတ်တော့ မပြောတတ်ဘူး။ ပြီးတော့ သမ္မတက ကျွန်တော့်ကို ဒီကိစ္စလည်း ပြောမလာသေးပါဘူး(ရယ်လျက်)။ ဒါပေမဲ့ ကျွန်တော်ထင်ပါတယ်။ သူဒီကိစ္စကို အလေးထားလိမ့်မယ်လို့။ ကမ္ဘာ့ပေါ်က အခြားသူတွေလိုပဲ သမ္မတကလည်း ဒေါ်စုကို သူ့ရဲ့သူရဲကောင်းအဖြစ် သတ်မှတ်ထားတာပါ။ ဆိုတော့ ကျွန်တော်မျှော်လင့်ပါတယ်။ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ရောက်တဲ့အခါ သမ္မတက သူ့ရဲ့အချိန်ဇယားကို သေချာစေ့စေ့စပ်စပ် စီစဉ်ပါလိမ့်မယ်။

**မစ္စတာမစ်ချယ်လည်း တွေ့မှာပါ။ လတ်တလော အလုပ်သမား၊**

စာ(၃၀)သို့



**စာ(၂၉) - အင်တာဗျူး မှ**

**လယ်သမားတွေ သူတို့အခွင့်အရေးအတွက် တောင်းဆိုဆန္ဒပြမှုတွေကို။ အဲဒီတော့မစ္စတာမစ်ချယ်အနေနဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိလူ့အဖွဲ့အစည်းရဲ့ အခန်းကဏ္ဍကို ဘယ် လို မြင်ပါသလဲ။**

ယေဘုယျအားဖြင့်ပဲ ပြောပါရစေ။ ဒါဟာဒီမိုကရေစီအတွက် အရေးပါပြီး မရှိမဖြစ်ကိစ္စပါ။ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ စုစည်းနိုင်ဖို့၊ ပြည်သူတွေရဲ့ ရည်မှန်းချက်တွေ မြှင့်တင်နိုင်ဖို့၊ လူတွေရဲ့ အကျိုးစီးပွားကို မြှင့်တင်နိုင်ဖို့၊ အစိုးရအရာရှိတွေ တုံ့ပြန်ဆောင်ရွက်နိုင်ဖို့ အသံတစ်ခုလည်းဖြစ်ပါတယ်။ ဒီလိုအဖွဲ့အစည်းတွေရှိတာ ကျွန်တော်အရမ်းအားပေးပါတယ်။ အမေရိကန်မှာဆို အရပ်ဘက်လူ့အဖွဲ့အစည်းတွေက အစိုးရထဲက ပုဂ္ဂိုလ်တွေအပေါ် တင်းတင်းကျပ်ကျပ် ထိန်းကွပ်ထားပါတယ်။ သူတို့က မေးခွန်းတွေ ထုတ်တယ်။ ဝေဖန်ရေးလုပ်တယ်။ ဒါပေမဲ့ ဒါဟာ ဒီမိုကရေစီနဲ့ လွတ်လပ်ခွင့်အရလုပ်တာ။ ဒါကို မြန်မာအစိုးရထဲက လူတွေ နားလည်ထားဖို့ လိုအပ်တယ်။ အသံတွေကို လက်ခံဖို့ လိုအပ်တယ်။ သင့်လျော်သလို ကိုင်တွယ်ဖို့ လိုအပ်တယ်။ ဒါပေမဲ့ အဖွဲ့အစည်းတွေအတွက် မှတ်ပုံတင်ရတဲ့ဖြစ်စဉ်ဟာ သိပ်ပြီးမြန်ဆန်မှုမရှိတာက ကျွန်တော့်အတွက် စိုးရိမ်စရာပါပဲ။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ အကန့်အသတ်တွေ ရှိကောင်းရှိနိုင်ပါတယ်။ ဒါဟာ အစိုးရအတွက် ကိုင်တွယ်ဖြေရှင်းဖို့အတွက် အရေးကြီးတဲ့ ကိစ္စရပ်တစ်ခုဖြစ်တယ်။ အစိုးရက ဒီမိုကရေစီကို အလေးအနက်ထားရင်ပေါ့။

**ငြိမ်းချမ်းရေးကိစ္စလေးမေးချင်ပါတယ်။ လက်ရှိအစိုးရကဆောင်ရွက်နေတဲ့ နိုင်ငံတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ သမ္မတဦးသိန်းစိန်နဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အခန်းကဏ္ဍကို မစ္စတာမစ်ချယ် ဘယ်လိုနားလည်ပါသလဲ။**

သမ္မတဦးသိန်းစိန်နဲ့ပတ်သက်ပြီးပြောရရင် သူဟာ လူနည်းစုအရေးနဲ့ ပတ်သက်လို့ ငြိမ်းချမ်းရေးအဖွဲ့ဖွဲ့စည်းပုံမှာ သူကထိပ်ဆုံးကရှိနေပြီး တခြားသူတွေက သူ့အောက်မှာ ရှိနေတဲ့ ဗဟိုထိန်းချုပ်မှု ပုံစံပါ။ အစိုးရထဲက စစ်တပ်နဲ့ အခြားသူတွေအပါအဝင် ထိပ်ပိုင်းက ဦးဆောင်တဲ့ ဒီဖွဲ့စည်းပုံဟာ အလွန်အားတက်စရာကောင်းပြီး စုစည်းမှုရှိတဲ့ကြိုးပမ်းမှုဖြစ်ပါတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ဝင်ကူညီနိုင်မယ့် အလားအလာတွေ ရှိနိုင်ပါတယ်။ ကျွန်တော်တို့ဟာ အထောက်အကူပေးသူတွေဖြစ်ပါတယ်။ ဒီခရီးဟာရောက်ဖို့တော့ အတော်ဝေးပါသေးတယ်။ နက်နဲမှုတွေရှိပါတယ်။ ကျွန်တော့်ထက် ခင်ဗျားတို့ ပိုသိမှာပါ။ ဒါကြောင့် ဒါဟာ တစ်ဆင့်ချင်းသွားနေတဲ့ ဖြစ်စဉ်ဖြစ်ပြီးတော့ တိုးတက်မှုကို ကျွန်တော်တို့ မြင်နေရတယ်။ ကျွန်တော့်အနေနဲ့ဒီထက်ပိုပြီး ဝေဖန်မှုလုပ်ဖို့တော့ အနေအထားမရှိပါဘူး။

**ဒေါ်အောင်ဆန်းစုကြည်ရဲ့ အနေအထားကရော။**

ဘာကတော့ဖြစ်သင့်တယ်။ ဘာကတော့ ဘယ်လိုဖြစ်တယ်ဆိုတာ ပြောဖို့ကတော့ ကျွန်တော့်ကိစ္စမဟုတ်ပါဘူး။ သူမက အခုလွှတ်တော်ထဲရောက်နေပြီ။ လူနည်းစု တိုင်းရင်းသားရေးရာမှာ သူမရဲ့ အခန်းကဏ္ဍက ဘာဖြစ်သင့်တယ်ဆိုတာကို လူနည်းစုတိုင်းရင်းသားတွေကပဲ ပြောနိုင်ပါလိမ့်မယ်။ မနေ့က အာဇာနည်နေ့မှာ သူမရဲ့ဖခင် ဗိုလ်ချုပ်အောင်ဆန်းကို သတိရခဲ့ရပြီး သူကိုယ်စားပြုတဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့တယ်။ သူမကလည်း ယခုလိုပဲ အမျိုးသားရင်ကြားစေ့ရေးမှာ နှစ်ပေါင်းများစွာကိုယ်စားပြုရပ်တည်လာခဲ့ပါတယ်။ အနာဂတ်မှာ သူမဘယ်လို ပါဝင်ဆောင်ရွက်သွားမလဲဆိုတာ ကျွန်တော်တို့ ဆက်လက်ကြည့်ရှုသွားပါမယ်။ ဒါပေမဲ့ အနာဂတ်မှာ ဆုံးဖြတ်ရမှာကတော့ ပြည်သူတွေပါပဲ။

**ဒီ ငြိမ်းချမ်းရေးကိစ္စမှာ အမေရိကန်အစိုးရရဲ့ အနေအထားကရော ဘယ်လိုရှိပါသလဲ။**

ကျွန်တော်တို့ဆက်ပြီး ကူညီသွားဖို့ ဆန္ဒရှိပါတယ်။ ဒီကိစ္စမှာ ကျွန်တော်တို့ တရားဝင်ပါဝင်သွားမှာတော့ မဟုတ်ပါဘူး။ ဒါဟာ အထိအခိုက်မခံတဲ့ ပြည်တွင်းရေးကိစ္စတစ်ခုဖြစ်တာ အထင်အရှားပါပဲ။ ဒါပေမဲ့လဲ ဒေသတွင်း နယ်စပ်တွေတစ်လျှောက် တည်ငြိမ်ရေးကိစ္စလည်း ဖြစ်နေပါတယ်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ ကူညီရေးကိုတော့ ကျွန်တော်တို့ စိတ်ဝင်စားပါတယ်။ နိုင်ငံတွင်းက ဒုက္ခသည်စခန်းတွေနဲ့၊ နေရပ်စွန့်ခွာထွက်ပြေးရသူတွေရဲ့ စခန်းတွေ နှစ်ဖက်စလုံးမှာပါ လူတွေဒုက္ခခံစားနေရပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ ကြီးမားတဲ့ ပူပန်မှုပါ။ ဒါကြောင့် အကူအညီအထောက်ပံ့တွေ ပေးချင်ရတဲ့ အကြောင်း ပြောဆိုနေရတာပါ။ ဒီကိစ္စမှာ ပုံစံအမျိုးမျိုးနဲ့ ထောက်ပံ့ပေးသူအဖြစ် ရပ်တည်ပေးတာပါ။

**မကြာသေးခင်က ဖြစ်ပွားတဲ့ ရခိုင်ဒေသကပြဿနာတွေအပေါ်မှာ အမေရိကန်အစိုးရရဲ့ ရပ်တည်မှုက ဘယ်လိုရှိပါသလဲ။**

ဒီမှာဖြစ်နေတဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စတွေအတွက်လည်း ကျွန်တော်တို့ သိပ်စိုးရိမ်မိပါတယ်။ နယ်စပ်တစ်လျှောက် တည်ငြိမ်မှုယိုယွင်းပြီး စိုးရိမ်စရာဖြစ်ပါတယ်။ ရခိုင်ဗုဒ္ဓဘာသာဝင်တွေနဲ့ ရိုဟင်ဂျာလို့ ကျွန်တော်တို့ခေါ်တဲ့ ရခိုင်မွတ်ဆလင်တွေရဲ့ အခြေအနေကိုကျွန်တော်တို့ စောင့်ကြည့်နေပါတယ်။ အားလုံးဟာ ကြီးကြီးမားမား ပူပန်စရာတွေပါ။ ဘယ်လိုသာတူညီမျှမှု ပုံစံမျိုးမှာမှ ဆိုးရွားစွာဆက်ဆံခံရမှုမျိုး မရှိပါဘူး။ လက်ထပ်ထိမ်းမြားခွင့်မရှိဘူး၊ ခရီးသွားလာခွင့်မရှိဘူး၊ ကလေးယူခွင့်တွေ မရှိဘူးဆိုရင် အဲဒီလူတွေမှာ နိုင်ငံမရှိတော့ဘူးလို့ ကျွန်တော်ထင်ပါတယ်။ နိုင်ငံမဲ့ခြင်းကိစ္စဟာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုကလည်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေအနေအရကာလကြာရှည်ပြောနေခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဘယ်ဘက်ကမှ ရပ်တည်တာမဟုတ်ပါဘူး။ ကျွန်တော်တို့ ရှုမြင်သမျှအရာအားလုံးက အခြေခံကျတဲ့ လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှု သာတူညီမျှမှုဆိုင်ရာကိစ္စနဲ့ကြည့်တာဖြစ်ပါတယ်။ ဒါဟာ တကယ့်ကို စိတ်ပူစရာဖြစ်ပါတယ်။

**မစ္စတာမစ်ချယ် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ဆိုင်ရာ အမေရိကန်သံအမတ်ကြီးအနေနဲ့ စာဖတ်ပရိသတ်ကို ဘာသတင်းစကားများ ပေးချင်ပါသေးလဲ။**

နိုင်ငံအနှံ့သွားပြီး လူတွေကိုတွေ့နိုင်သမျှတွေ့ဖို့ တကယ်ကို မျှော်လင့်ပါတယ်။ ကျွန်တော်တို့က ဒီမှာ ပြောဆိုပို့ချဖို့ ရောက်နေတာ မဟုတ်ပါဘူး။ သင်ယူဖို့နဲ့ အပြန်အလှန် နားလည်မှု ရရှိစေဖို့ ရောက်နေတာပါ။ ကျွန်တော်လေ့လာရသမျှတွေကို ကျွန်တော့်လူမျိုးတွေဆီ ပြန်လည်တင်ပြရင်း လူမျိုးနှစ်မျိုးကြားက ဆက်ဆံရေးပိုမိုကောင်းမွန်လာအောင် တည်ဆောက်နိုင်မှာပါ။ သမ္မတမစ္စတာအိုဘားမားရယ်၊ သမ္မတဦးသိန်းစိန်ရယ်၊ ဒေါ်အောင်ဆန်းစုကြည်ရယ်၊ ကျွန်တော်တို့အားလုံးရယ် ဒီဆက်ဆံရေးကို ရေရှည်ထိန်းသိမ်းနိုင်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ရှေ့လျှောက်တတ်နိုင်သမျှ ခင်ဗျားတို့ရဲ့စာဖတ်ပရိသတ်နဲ့ အားလုံးကို ထိတွေ့ဆက်ဆံသွားဖို့ ကျွန်တော်စိတ်ပိုင်းဖြတ်ထားပါတယ်။


**OK** *parquet* (ပါကေး)

**okparquet@gmail.com**

ကျွန်း၊ ပျဉ်းကတိုး၊ Laminate (ကိုရီးယားပါကေး)နှင့် Decking များကို စင်ကာပူနည်းပညာများအတိုင်း စနစ်ကျသော လျှင်မြန်မှုများနှင့် Customers အကြိုက် ဈေးနှုန်းချိုသာစွာဖြင့် ဝန်ဆောင်မှုပေးပါသည်။

**ဆက်သွယ်ရန်** - 095402605, 098640749, 09 420097762, 09 420097835



## JOB VACANCY

Café Manager Male/Female (1 Position)

Requirements
- Under 40 years of Age
- 3 years working experience in the related field
- Degree Holder

Responsibilities

• Advertising and marketing the café, planning new campaigns to attract customers and constantly expanding the client base • Hiring, training, supervising, promoting, firing staff as required • Determining the correct amount to charge for various items on the menu from coffee and beverages through to food items • Greeting and talking with customers, getting feedback regarding both items offered on the menu and service to the customers • Managing the accounts payable and receivable systems, contracting for bookkeeping and accounting services or completing these tasks themselves • Setting a budget for wages, supplies and equipment and other expenses the café will have • Meeting with vendors and salespeople to order various food and supplies from various companies.

Please submit CV form with photo and expected salary within 2 weeks times.

Interested candidates, who wish to apply for the advertised position, please contact at 09 7323 8885 for a confidential discussion

**Black Bee Café**

Opening hour : 9:00 am - 9:00 pm

No.42, Kaing Dann Street, Lanmadaw T/S, Yangon.

Phone : 09 7323 8885, 09 7321 9988



**TRADEMARK CAUTION**

SIME DARBY MALAYSIA BERHAD, a Company incorporated in Malaysia at 19th Floor, Wisma Sime Darby, Jalan Raja Laut, 50350 Kuala Lumpur, Malaysia assigned to DUNLOPILLO (Malaysia) SDN BHD at Level 12A, West Wing, wisma Consplant 2, No.7, Jalan SS 16/1, 47500 Subang Jaya, Selangor Darul Ehsan, Malaysia is the Owner and Sole Proprietor of the following Trademarks:-

**ORTHOREST**

Reg.No.4/3226/2011, Reg.No.4/7086/2011, Reg.No.4/5673/2012

Orthorest

Orthorest

Reg.No.4/4100/2011, Reg.No.4/5672/2012

In respect of : Int'l class 20 : Beds; bed bases; bed boards; beddings; bolsters; coffins; funerary urns; coffin fittings; couches as well as the upholstery of the interior of vehicles and of domestic articles with material consisting of spongy or cellular rubber; cushions (upholstery); display boards; divans; furniture fittings, not of metal; natural and synthetic foamed rubber and foamed plastics in the form of sheets, slabs, blocks and shaped sections; pillows; headboard for beds; mattresses; spring mattresses; settees; sofa that can be used as bed; upholstered parts of furniture; upholstered furniture; upholstered chairs; bier-death carriage; mortuary tables; picture frames.

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990, 372712

26.July.2012



ကျော်ကျော်နိုင် မိသားစုနည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်ပိုင်
ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူမြောက်များစွာကို မွေးထုတ်ပေးခဲ့သည့်

**အောင်ချမ်းမြေ့**

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူ သင်တန်း**

အမှတ်(၂၄၉)၊ 2B,5B,6B,7B ထပ်၊ ဗားဂရာလမ်းမကြီး၊ }ကပ်လျက်တိုက်
အမှတ်(၂၅၁)၊ 6B,7B ထပ်၊ ဗားဂရားလမ်းမကြီး

မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
(မြေနီကုန်း၊-ဂမုန်းပွင့်ကုန်တိုက်အနီး) ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉၅၁၅၉၈၇၀
(Open 7:00 am To 7:00 pm) ပိတ်ရက်မရှိပါ။

- ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့်ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။
- ဝန်ဆောင်ခပေးစရာ မလိုဘဲ အလုပ်ရရန် ကူညီမည်။ နိုင်ငံတကာ အသိအမှတ်ပြုအောင်လက်မှတ်ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။
- တယ်လီဖုန်းဖြင့် နာမည်စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။
- ဓာတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉) 2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။ လူဦးရေကန့်သတ်ထားပါသည်။

**အောင်** ပြီး **ချမ်းမြေ့** မှုတွေရရှိရန် **အောင်ချမ်းမြေ့** ကိုလာခဲ့ပါ။

**(I) တစ်လပြတ်အထူး (တစ်ပတ်ငါးရက်သင်)**

(I)

ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ( တနင်္လာ မှ သောကြာနေ့အထိ)
စဉ် (၂၂၀၄) ၃၀. ၇. ၁၂ — စဉ် (၂၂၀၇) ၆. ၈. ၁၂
စဉ် (၂၂၀၅) ၃၁. ၇. ၁၂ — စဉ် (၂၂၀၈) ၈. ၈. ၁၂
စဉ် (၂၂၀၆) ၁. ၈. ၁၂ — စဉ် (၂၂၀၉) ၉. ၈. ၁၂

နှစ်လပြတ်အထူး (တစ်ပတ်နှစ်ရက်)
ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ
စဉ်(၂၂၁၀) ၂၈. ၇. ၁၂ (Sat & Sun) — စဉ်(၂၂၁၃) ၄. ၈. ၁၂ (Sat & Sun)
စဉ်(၂၂၁၁) ၃၀. ၇. ၁၂ (Mon & Tue) — စဉ်(၂၂၁၄) ၇. ၈. ၁၂ (Tue & Wed)
စဉ်(၂၂၁၂) ၃၁. ၇. ၁၂ (Tue & Wed) — စဉ်(၂၂၁၅) ၉. ၈. ၁၂ (Thur & Fri)

သုံးလပြတ်အထူး(တစ်ပတ်တစ်ရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ
စဉ်(၂၂၁၆) ၂၈. ၇. ၁၂ (Sat) — စဉ်(၂၂၁၉) ၅. ၈. ၁၂ (Sun)
စဉ်(၂၂၁၇) ၂၉. ၇. ၁၂ (Sun) — စဉ်(၂၂၂၀) ၁၁. ၈. ၁၂ (Sat)
စဉ်(၂၂၁၈) ၄. ၈. ၁၂ (Sat) — စဉ်(၂၂၂၁) ၁၂. ၈. ၁၂ (Sun)

**(II) နိုင်ငံတကာအဆင့်မီ ဒီပလိုမာ သင်တန်းများ**
(တနင်္လာ မှ သောကြာနေ့အထိ)
(I) သုံးလ၊ (II) ခြောက်လ၊ (III) တစ်နှစ် (IV) နှစ်နှစ်၊ (V) သုံးနှစ်၊
စဉ် (၂၂၂၂) ၃၁. ၇. ၁၂ — စဉ် (၂၂၂၅) ၆. ၈. ၁၂
စဉ် (၂၂၂၃) ၁. ၈. ၁၂ — စဉ် (၂၂၂၆) ၈. ၈. ၁၂
စဉ် (၂၂၂၄) ၃. ၈. ၁၂ — စဉ် (၂၂၂၇) ၉. ၈. ၁၂

**(III)သားဖွားမီးယပ် (၃)လ ဒီပလိုမာ (Fri, Sat, Sun, Mon, Tue)**
စဉ် (၂၂၂၈) ၃. ၈. ၁၂ — စဉ် (၂၂၂၉) ၁၀. ၈. ၁၂

သင်တန်းအားလုံးအတွက် သင်ကြားနိုင်သည့် အချိန်များ
(I) 07:00 am to 09:00 am — (IV) 11:00 am to 02:00 pm
(II) 08:00 am to 11:00 am — (V) 01:00 pm to 04:00 pm
(III) 09:00 am to 12:00 pm — (VI) 05:00 pm to 07:30 pm

7DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012

# အလွယ်တွေးခဲ့ကြတဲ့ မလွယ်ရေးချ မလွယ်ပုံတစ်ခု

မောင်သာချို

(တစ်)

မိုးခပ်ဖွဲဖွဲရွာ၍နေသော နေ့တစ်နေ့၌ တောသူတောင်သား လင်မယား နှစ်ယောက်တို့ သူတို့သားကလေး၏ ကြွင်းကျန်ရစ်သောအလောင်းကို ဆေးရုံ ရေခဲတိုက်ထဲ၌ထားရစ်ခဲ့ကာ ပစ္စည်းပစ္စယမျိုးစုံကို သိမ်းဆည်းပြီးနောက် ယောကျ်ားဖြစ်သူက သားငယ် ခွ၍ခွ၍ အိပ်လေ့အိပ်ထရှိသော ဖက်ခေါင်းအုံးကလေးကို ပိုက်လျက် မိန်းမဖြစ်သူက ကလေးငယ်ဆော့ကစားနေကျ မွေးပွဝက်ဝံရုပ်ကလေးကို ပွေ့ချီလျက် မျက်ရည်တို့ကို လက်ဖမိုးကလေးနှင့် သုတ်ကာသုတ်ကာ ကျောခိုင်းထွက်ခွာသွားကြသော မြင်ကွင်းကို ကျွန်တော့်ဘဝ၌ မေ့ပျောက်နိုင်တော့မည်မဟုတ်ပါ။

ကလေးက အသက်သုံးနှစ်ဝန်းကျင်အရွယ် ပြေးလွှားဆော့ကစားတတ်ခါစ၊ နှိုက်နှိုက်ချွတ်ချွတ်မေးခွန်းများကို မေးတတ်ခါစ အရွယ်ကလေးဖြစ်ပါသည်။ မိဘများက တောသူတောင်သား (သို့မဟုတ်) နယ်သူ နယ်သားများဖြစ်ဟန်တူပါရဲ့။ ရန်ကုန်မြို့နေ အသိမိတ်ဆွေတစ်ဦးဦး၏အိမ်ကို ခေတ္တတည်းခိုကာ သည်ကလေးကို ဆေးလာကုခြင်း ဟုနားလည်ရပါသည်။

ကလေး သေဆုံးသွားရခြင်း၏ အဓိကအကြောင်းကို စာဖတ်သူတို့သိလျှင် ဘယ်လောက်များ အံ့ဩသွားကြမှာပါလိမ့်ဆိုသည်ကို ကျွန်တော် မခန့်မှန်းတတ်နိုင်ပါ။ သို့သော် ကျွန်တော်ကတော့ အံ့ဩပါသည်။ အံ့ဩရုံမျှမက အသည်း တယားယားလည်းဖြစ်ရ၊ မချင့်မရဲလည်း ခံစားရ၊ ဒေါသလည်း နည်းနည်းတော့ထွက်ရပါသည်။

Coffee Mix တဲ့။ ဘယ်လိုမှကုသလို့မရတော့လောက်အောင် ကလေး၏နှလုံးကို အပြင်းအထန်ထိုးနှက်တိုက်ခိုက်လိုက်သည်မှာ Coffee Mix ဆိုပဲ့လား။

အမှတ်တံဆိပ်ကိုကျွန်တော် မပြောလိုပါ။ ယခုကိစ္စက အမှတ်တံဆိပ်ကိစ္စလည်းမဟုတ်ပါ။ မြန်မာ့ စားသောက်နေထိုင်မှုဘဝထဲသို့ ထိုးဖောက်ဝင်ရောက်နေရာယူလာရာက အန္တရာယ်ဖြစ်မှန်းမသိဖြစ်ဖြစ်လာရသည့် အဆင်သင့်ကော်ဖီ၏ အသက်အန္တရာယ်ထိုးနှက်ချက်တစ်ရပ်ကိုပြောလိုရင်းမျှသာ ဖြစ်ပါသည်။

(နှစ်)

သေဆုံးရှာသူ ကလေးငယ်က တောနယ်ဘက်က။ သူက Coffee Mix တော်တော်ကြိုက်သည်။ မိဘများကလည်း အသိအမြင် ဗဟုသုတဆွံ့အရှားပါးသူများဖြစ်လေရာ သားက "ကော်ကော်"ဟု အော်လိုက်သည်နှင့် ရေနွေးထဲ အထုပ်ဖောက်သည့်၊ "ဂလောက် ဂလောက်" ဟု တစ်ချက်နှစ်ချက် ခေါက်ကာ သားကိုတိုက်ကြစမြဲဟုဆိုပါသည်။ နောက်တော့ သည်ကလေးက Coffee Mix အမှုန့်၏ အရသာကိုကြိုက်လာပါသည်။ သည်တော့ အမှုန့်ကို လျက်ပါလေသတဲ့။ ဘယ်လောက်များ ကြိုက်လာပါသလဲဟုဆိုလျှင် အိပ်ရာကနိုးလာသည်နှင့် "ကော်ကော်"၊ ဗိုက်နည်းနည်းဆာလာသည်နှင့်"ကော်ကော်"၊က စားလို့ဝသည်နှင့်"ကော်ကော်"။

သည်တော့ ဘယ်နားက ဆိုင်မှာ ပြေးဆွဲဆွဲ တိုးလိုးတန်းလန်းနှင့်ချိတ်ဆွဲထားသည့် Coffee Mix အထုပ်တွေက ငွေကလေးတစ်ရာ၊တစ်ရာ့ငါးဆယ်ပေးရုံနှင့် ခပ်လွယ်လွယ်ရနိုင်ပေရာ ကလေးက "ကော်ကော်" ဟု ဆိုသည်နှင့် အခုဝယ် အခုဖောက်ပန်းကန်ထဲထည့်ပေး၊ သတင်းစာစက္ကူပေါ် ပုံပေး သားကလေးစိတ်တိုင်းကျ တစ်ဝလျက်ပေတော့။ တစ်ကြိမ်နှစ်ကြိမ်မဟုတ်။ တစ်ရက်နှစ်ရက်မဟုတ်။ တစ်လနှစ်လမဟုတ်။ နှစ်ပေါက်လေတော့ ကလေးငယ်၏နှလုံးဖောက်ပြန်ခဲ့ပါပြီဖြစ်လေရာ သမားတို့ လက်မြှောက်ခဲ့ကြရပါလေပြီ။

ယောကျ်ားက ဖက်ခေါင်းအုံးကလေးကို ပိုက်လို့။ မိန်းမက ဝက်ဝံရုပ်ကလေးကို ပွေ့လို့။ သားရေ. . တဲ့။ အော်. . ဆေးရုံအထွက် လမ်းကလေးပေါ် မှာ။

(သုံး)

ကျွန်တော်တို့ဆီ၌ သူများဓလေ့ကို ကိုယ့်ဓလေ့ဖြစ်အောင် လုပ်ယူကြသည့် အရာများထဲ၌ ကော်ဖီဓလေ့သည်လည်း တစ်ခုအပါအဝင်ဖြစ်လိမ့်မည်ဟုထင်ပါသည်။ အထူးသဖြင့် ခပ်လွယ်လွယ်နှင့် ကိစ္စပြတ်သော Coffee Mix ဓလေ့။ ဟုတ်ပါသည်။ သူက ချက်ချင်း မဟုတ်လား။

အင်္ဂလိပ်စာအလွယ်လမ်း၊ ခုနစ်ရက်နှင့် အရပ်ရှည်နည်း၊ အောင်မြင်မှုအတွက် ဖြတ်လမ်းများ၊ နိဗ္ဗာန်မဂ်ဖိုလ်ရက်တိုတိုနှင့် ရောက်နည်း စသည်စသည်ဖြင့် နောင်ခါလာ နောင်ခါချေး ချက်ချင်းကို သဘောကျသော လူသားတို့၏ သဘောကျ Instant Coffee Mix တွေက Instant ဆိုသည့်စကားနှင့်အညီ တကယ့်ကိုချက်ချင်းဖြစ်လေရာ ကျွန်တော်တို့ဆီက လူများ သဘောကျသည်မှာ ဘာမှမဆန်းကြယ်လှပါ။

ပကာသန အဆောင်အယောင်များနှင့် မြို့ပြ ညှော်ခန်းဆောင်များသည် ချောင်းစပ်မြောင်းစပ် လယ်ကွင်းပြင်နံဘေး ကန်သင်းရိုးဘေးက မိုးတိုးမတ်တတ် တောလက်ဖက်ရည်ဆိုင်ကလေးများအထိ ကော်ဖီမစ်ကို အလွယ်တကူ သောက်၍ရပါသည်။

အထုပ်ကို ဆွဲဖြဲ၊ ရေနွေးပူပူထဲလောင်းထည့်၊ ဇွန်းနဲ့ သုံးလေးချက်မွှေပြီးသည်နှင့် သောက်သုံး၍ ရပါပြီ။

သည်ဓလေ့ကျွန်တော်တို့ဆီမှာ ထွန်းကားလာတာ နှစ်အစိပ်လောက်ရှိပြီ။ ၁၉၈၈ အပြီးဟု ကျွန်တော်အမှတ်အသားရှိပါသည်။

(လေး)

Coffee Mix က ချက်ချင်းပျော်ဝင်သွားစေရန်အလို့ငှာ ဓာတုပစ္စည်းနှင့် ပေါင်းခံရပါသည်။ ထိုဓာတုပစ္စည်းက ရင်တုန်စေခြင်းဖြစ်ပါသည်။ ကော်ဖီထဲမှာက ကဖင်းဓာတ်ပါပါသည်။ ယင်းက ကတုန်ကယင်ဖြစ်စေ၊ ဂနာမငြိမ်ဖြစ်စေ၊ သွေးပေါင်ချိန်မြင့်စေပါသည်။ ကော်ဖီမစ်ထဲရှိ သကြားပါဝင်မှုက ဆီးချိုသမားများနှင့်ဘယ်လိုမှမဖြစ်အောင်ပါဝင်နေပါသည်။ ထို့ပြင် ကော်ဖီမစ်ထဲ၌ နို့တုပါပါသည်။

Non-Diary Creamer ခေါ် နို့တုကို စားအုန်းဆီ၊ အုန်းဆီတို့နှင့်လုပ်ရပါသည်။ ယင်းတို့က နှလုံးသွေးကြောကျဉ်းစေ၊ ဆီးချိုရောဂါကို ဖြစ်စေပါသည်။

ကော်ဖီထဲ၌ အက်ဆစ်လည်းပါဝင်ကာ ထိုအက်ဆစ်ကို ဘက်တီးရီးယားပိုးမွှားကကြိုက်၊ ထိုဘက်တီးရီးယားနှင့် ပါးစပ်ထဲက စားကြွင်းစားကျန်တို့ပေါင်းကာ ဆာလဖာခေါ် ကန့်ဖြစ်၊ ထိုဆာလဖာနှင့် ပလပ်(Plaque) ခေါ် အဖပ်ကလေးများပေါင်းကာ အနံ့ဆိုးဖြစ်၊ ခံတွင်းနံ့ အပုပ်အသိုးတွေက တထောင်းထောင်း။

ကျွန်တော် အခုလို ဆက်တိုက်ကြီး ချရေးပစ်လိုက်လေသောအခါ တချို့က ကျွန်တော့်အပေါ် အမြင်တိမ်းစောင်းနိုင်ပါသည်။ သည်လူက သူတစ်ပါး စီးပွားရေး သူတစ်ပါး လုပ်ငန်းပျက်စီးရာပျက်စီးကြောင်း လုပ်နေတာလား စသည် စသည်ဖြင့်။ မဟုတ်ရလေပါ။ ကျွန်တော်ကိုယ်တိုင်လည်း Coffee Mix နှင့်မကင်းပါ။ သောက်ပါသည်။ တံဆိပ်မျိုးစုံအောင်ကိုပင်လျှင် သောက်ဖူးပါသည်။ သောက်နေဆဲလည်းဖြစ်ပါသည်။ သို့သော် သတိကလေးနှင့်။ အထိန်းအကွပ်ကလေးနှင့်။ တစ်ခွက်စ နှစ်ခွက်စ စသည်ဖြင့်။

သို့သော် အခါခပ်သိမ်းသောက်၊ နေရာမရွေး သောက်၊ အရွယ်မရွေး သောက်၊ အပြစ်အနာအဆာ ဘာမှမရှိသည့် နတ်တို့ဖန်တီးသည့် ရောမအာဟာရဆေးတစ်ပါးသဖွယ် သုံးဆောင်နေကြခြင်းကမူ အန္တရာယ်ကြီးမားလှပါသည်။ နားအေးရင် ပြီးတာပဲဟူသည့်သဘောထားဖြင့် ကော်ဖီမစ်အထုပ်ကိုဖောက်ချကာ"လျက်ပေတော့ငါ့သား" ဟူ၍ လျက်ဆားသဖွယ် သုံးဆောင်ခိုင်းနေသောမြင်ကွင်းကို ကျေးလက်နယ်ပယ်ဒေသများ၌ မကြာခဏ တွေ့ရလေ့ရှိပါသည်။ သားက၊ သမီးက ကော်ဖီမစ် သိပ်ကြိုက်တာ ပဲဟူသည့် အတွေးဖြင့် ဂုဏ်ယူကာ မိန့်မိန့်ကြီးပြုံးနေသော အသိ ဆွံ့အရှားပါးသူ မိဘများကို ကျွန် တော် အသည်းယားလှပါဘိ။

အော်. . . သားအလောင်းကို ထားရစ်ခဲ့ကာ ဖခင်က ဖက်ခေါင်းအုံးကလေးကို ပိုက်၊ မိခင်က ဝက်ဝံရုပ်ကလေးကို ပွေ့ပြီး ဇနီးမောင်နှံနှစ်ယောက် မျက်ရည်ကိုယ်စီနှင့် ပြန်သွားလိုက်ကြတာ။ ကျန်နေရစ်ခဲ့တဲ့ ဝိညာဉ်မဲ့ကလေးလေးဟာ ကော်ဖီမစ်အထုပ်ပေါင်းများစွာကို ဖောက်ဖောက်ပြီးလျက်နေခဲ့ဖူးတဲ့ ကလေးလေးပေါ့။ ။

## မြန်မာနိုင်ငံမှ ကုန်ပစ္စည်းတင်သွင်းမှု ပိတ်ပင်ထားခြင်းကို အမေရိကန်အထက်လွှတ်တော် ကော်မတီသက်တမ်းတိုး

**ဝါရှင်တန်၊ ဇူလိုင် - ၁၈**

စီးပွားရေးနှင့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဖြစ်ပေါ်ရေး မြန်မာနိုင်ငံအား ဖိအားပေးရန်အတွက် မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများ အမေရိကန်သို့ တင်သွင်းမှုပိတ်ပင်ထားခြင်းကို နောက်ထပ် သုံးနှစ်သက်တမ်းတိုးရန် အမေရိကန်အထက်လွှတ်တော်ဘဏ္ဍာရေးကော်မတီက ဆုံးဖြတ်လိုက်သည်။

ယင်းဥပဒေအား ၂၀၀၃ ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ထပ်မံ၍ သက်တမ်းများတိုးလာခဲ့ရာ ယခုလကုန်ပိုင်းတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

အပြုသဘောခြေလှမ်းများအတွက် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့တားဆီးမှုများကို လျှော့ပေါ့ပေးခြင်း၊ အဆုံးသတ်ခြင်း ပြုနိုင်ရန် အိမ်ဖြူတော်၏ ဩဇာအာဏာကိုလည်း ယင်းဥပဒေက ဆက်လက်အသိအမှတ်ပြုထားသည်။

"သွင်းကုန်ပိတ်ဆို့မှုကို သုံးနှစ်ထပ်မံအာဏာတည်စေခြင်းဖြင့် ပြုပြင်ပြောင်းလဲမှုတွေလုပ်ဆောင်ဖို့မြန်မာအစိုးရကို ဆက်လက်ဖိအားပေးထားတာဖြစ်ပါတယ်"ဟု အမေရိကန် အထက်လွှတ်တော်ဘဏ္ဍာရေး ကော်မတီဥက္ကဋ္ဌမက်စ်ဘောကပ်စ်က ပြောသည်။

အထက်လွှတ်တော်နှင့် အောက်လွှတ်တော် နှစ်ရပ်ပေါင်းက ဩဂုတ်လတစ်လလုံး လွှတ်တော်ရပ်နားထားခြင်းမတိုင်မီ ယင်းဥပဒေကို ပြဋ္ဌာန်းလိမ့်မည်ဟု ပိတ်ဆို့မှုကို ထောက်ခံသူများက မျှော်လင့်ကြသည်။ ယင်းပိတ်ဆို့တားဆီးမှုများ မတိုင်မီ ၂၀၀၂ ခုနှစ်က အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံမှ အဝတ်အထည်နှင့် အခြားကုန်ပစ္စည်းကန်ဒေါ်လာ ၃၅၆ ဒသမ ၄ သန်းဖိုး တင်သွင်းခဲ့သည်။

အိုဘားမားအစိုးရကမူ ယခင်ရက်သတ္တပတ်အတွင်း ပိတ်ဆို့တားဆီးမှုအချို့ကိုလျှော့ပေါ့ပေးခဲ့ပြီး အမေရိကန်ကုမ္ပဏီများအားမြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခွင့်ပြုခဲ့သည်။ ယင်းနောက် နှစ်ရက်အကြာတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စကလင်တန်က မြန်မာနိုင်ငံသမ္မတဦးသိန်းစိန်နှင့် ကမ္ဘောဒီးယားနိုင်ငံ စီရမ်ရိမြို့တွင် တွေ့ဆုံပြီး ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်ရန် တိုက်တွန်းအားပေးခဲ့သည်။


အမေရိကန်၏ ဖြေလျှော့ပေးမှုများသည် အမေရိကန်ကုမ္ပဏီနှင့် လုပ်ငန်းများအတွက်သာ အကျိုးရှိစေသော တစ်လမ်းသွား၊ တစ်ဖက်သတ်ဆန်နေကြောင်း မကြာသေးမီက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမေရိကန်စီးပွားရေးပိတ်ဆို့မှုဆိုင်ရာ အရေးပေါ်အဆိုတင်သွင်းချက်အပေါ် မှတ်ချက်ပြုပြောကြားသည်။

—Ref: Reuters



# လယ်သမားထုကြီး ကြွေးတင်နေပြီ

ခွန်ရွှေ(တောင်ကြီး)



ဒီရာသီဟာ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်ဦးကြီး လယ်သမားများ၊ လယ်ယာလုပ်ငန်းခွင်ဝင်ရမယ့် လယ်ယာစိုက်ပျိုးရေး စရိတ်မရှိဘဲ လယ်သမားတွေက အများစု လိုဖြစ်နေပါတယ်။ စိုက်ပျိုးစရိတ် မပြောနဲ့ ပြီးခဲ့တဲ့ ရာသီက အစိုးရဆီက ယူထားတဲ့ အမတော်ကြေး၊ ဆန်အထူးပြုကုမ္ပဏီများက ချေးငွေတွေ မဆပ်နိုင်ကြသေးပါဘူး။ အစိုးရရော၊ ဆန်အထူးပြုကုမ္ပဏီတွေပါ။ လယ်သမားတွေဆီက ချေးငွေအဟောင်း မရဘဲနဲ့၊ မကျသေးဘဲနဲ့၊ စိုက်စရိတ်ချေးငွေ ပေးဖို့ အင်အားရှိတော့မှ မဟုတ်ပါဘူး။ လယ်သမားတွေကို စိုက်စရိတ်ချေးငွေချပေးခဲ့တဲ့ ဆန်အထူးပြုကုမ္ပဏီ ၅၇ ခုမှာ အနည်းစုက စိုက်စရိတ်ချေးငွေကို ဖြစ်ညှစ်ပြီးပေးရမယ့် အခြေအနေပါ။

ဘာကြောင့် လယ်သမားအများစု စိုက်စရိတ်ချေးငွေ ပြန်မဆပ်နိုင်ကြတာလဲ။ စပါးရောင်းရငွေကို လောင်းကစားပစ်ကြလို့လား၊ အသုံးကြမ်းပြီး အဖြုံးပါ ပါနေလို့လား၊ တစ်ခုမှ မဟုတ်ပါဘူး။ ဒါဆို ကြွေးမဆပ်နိုင်တဲ့အကြောင်းက ဘာလဲ၊ ကြိုးစားပမ်းစား စိုက်ပျိုးထုတ်လုပ်ထားတဲ့ စပါးတွေကို ရောင်းချင်တယ်။ ရောင်းလို့မရဘူး။ စိုက်စရိတ်အကြွေးတွေကိုဆပ်ချင်နေကြတယ်။

ဝယ်သူပေးတဲ့ ဈေးနဲ့ ရောင်းချင်တယ်။ ဈေးပဲနှိမ်နှိမ်၊ အရှုံးပဲပေါ်ပေါ် ရောင်းချတယ်။ စပါးဝယ်မယ့်သူ မရှိဘူး။ စပါးဝယ်သူတွေ လုံးဝမရှိဖြစ်နေတာ ဘာဖြစ်လို့လဲ။ ပြည်တွင်းမှာ ဆန်အရောင်း မကြုံဘူးအောင် အေးနေတယ်။ စားသူတွေထုံးစံအတိုင်း ဆိုင်တွေမှာ ဆန်တွေပုံနေပြီဆိုရင် ဆန်ဈေးဆက်ကျနိုင်သေးတယ်။ လိုသလောက်ပဲ ဝယ်စားတယ်။ ငွေကြေးတတ်နိုင်သူတွေလည်း ဆန်ရှားရိပ်ရှိတဲ့ အချိန်တုန်းကလို များများ ဝယ်မထားကြဘူး။ လိုသလောက်ပဲ ဝယ်စားကြတယ်။

ပြည်ပဝယ်လိုအား၊ နိုင်ငံခြားဈေးကွက် အနေအထားကတော့ ဘယ်လိုရှိသလဲ။ စပါးပေါ်စကနိုင်ငံခြားဈေးကွက်ကို အစိုးရဖွင့်ဖွင့်ပေးခဲ့တယ်။ ပို့ကုန်အခွန်တွေလည်း လျှော့ပေးတယ်။ ဝယ်သူအသင့်အတင့်ရှိခဲ့တယ်။ ဒါပေမဲ့ မကြာလိုက်ပါဘူး။ ဈေးကွက်အခြေအနေက မှန်းဆထားတာနဲ့ ပြောင်းပြန်ဖြစ်သွားပါတယ်။ အရောင်းအဝယ်စာချုပ်ချုပ်ထားတဲ့ နိုင်ငံတွေ အဝယ်ယုတ်သွားကြတယ်။ အရည်အသွေးမမီဘူး။ ဟိုအပြစ်ဒီအပြစ်တွေ လျှောက်ပြောလာကြတယ်။ ဥပမာ-အင်ဒိုနီးရှားဆန်တန်ချိန်ငါးသိန်း ဝယ်မယ်။ စာချုပ်ချုပ်ပြီး တန်ချိန်တစ်သိန်း မပြည့်ခင် ဆန်အမျိုးအစား ညံ့တယ်ပြောပြီး အဝယ်ရပ်ထားတယ်။ မြန်မာဆန်ကို ဝယ်ယူကြတဲ့ အာဖရိကနိုင်ငံများ ဈေးကွက်ကို တစ်ချိန်က ဆန်တင်သွင်းစားသုံးရတဲ့ နိုင်ငံများထဲမှာ ပါဝင်တဲ့ အိန္ဒိယနိုင်ငံဟာ ယခုအခါ ဆန်တင်ပို့ရောင်းချတဲ့ နိုင်ငံအဖြစ်ပြောင်းသွားပြီး သူရဲ့အရန်ဆန်ထဲက တန်ချိန်နှစ်သန်းကို အောက်ဈေးနဲ့ ဝင်တိုးတယ်။ မြန်မာ့ဆန်ဈေးကွက် ပျောက်ကွယ်လုမတတ်ဖြစ်သွားတယ်။ အဲဒါဟာ မြန်မာ့ဆန်ကုမ္ပဏီများ ဆန်အထူးပြုကုမ္ပဏီတွေ စပါးဆက်မဝယ်နိုင်တဲ့ အဓိကအကြောင်း တရားလို့ပဲ မှတ်ယူရမှာ ဖြစ်ပါတယ်။ ဒီလိုဘာကြောင့်ဖြစ်ရသလဲ ဒီနေ့ကမ္ဘာ့ဆန်ဈေးကွက်မှာ ဆန်က ပြည်တွင်း စားသုံးမှုထက် ပိုလျှံလာတယ်။ ပိုလျှံဆန်ကိုရောင်းဖို့ အပြိုင်အဆိုင်ဈေးကွက်ရှာလာတယ်။ ဆန်ဈေးကိုလည်း အပြိုင်လျှော့ပြီး ရောင်းလာတယ်။

ဒီအခြေအနေမှာ ကျွန်တော်တို့ ကျေးဇူးရှင်လယ်သမားတွေ လက်ထဲမှာ ကျန်ရှိနေတဲ့စပါးကို ဘယ်လိုလုပ်ပေးကြမလဲ၊ မျှော်လင့်ခြင်းကင်းပြီး ကြွေးတင်လယ်သမားအဖြစ်ဆိုးနဲ့ ပစ်ထားကြတော့မှာလား၊ ဒီလိုပဲ ပစ်ထားရင် နိုင်ငံတော်အစိုးရ မျှော်မှန်းလုပ်ဆောင်နေတဲ့ ပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးစီမံချက်ဟာ စာရွက်ပေါ်မှာပဲ တင်ကျန်ပြီး လက်တွေ့ဘဝမှာ လယ်သမားဦးကြီးများဟာ ဆင်းရဲတွင်းနက်သထက်နက်ဖို့ရှိပါတယ်။ သူတို့တစ်တွေတင်မက လက်လုပ်လက်စားအလုပ်သမများ၊ ဆင်းရဲတွင်းကရုန်းထွက်နိုင်ဖို့ရာ အသက်ဆက်နိုင်ဖို့ရာ ကမ္ဘာသုံးဆေးချက်ရှိပါတယ်။ အဲဒီဆေးချက်က တခြားမဟုတ်ပါဘူး။ လယ်သမားကြီးလက်ထဲက ကျန်ရှိတဲ့ ပိုလျှံစပါးကို လယ်သမားတွေ လယ်လုပ်စရိတ်လောက်ပြန်ကာမိတဲ့ဈေးနဲ့ အစိုးရ ဝယ်ယူသိမ်းဆည်းပေးတဲ့ ဆေးချက်ပဲဖြစ်ပါတယ်။ လယ်သမားတွေလက်ထဲမှာ ခံနေ၊ ကျန်နေတဲ့စပါးတွေ ရောင်းရမှ အစိုးရကြွေး၊ ဆန်အထူးပြုကုမ္ပဏီကြွေးတို့ ဆပ်နိုင်မှာဖြစ်ပါတယ်။ ဒီနှစ်အတွက် လယ်ယာစရိတ်လည်း ထွက်လာမှာဖြစ်ပါတယ်။

အမေရိကန်နိုင်ငံမှာ သမ္မတကနေဒီလက်ထက်က ရာသီဥတုညီညွတ်မျှတတဲ့ အတွက် ဂျုံအကြီးအကျယ်ရခဲ့တယ်။ အထွက်ကောင်း အထွက်တိုးဂျုံတွေကို ဂျုံရောင်းဝယ်ရေးကုမ္ပဏီကြီးတွေ ကုန်အောင်မသိမ်းနိုင်ခဲ့ဘူး။ နိုင်ငံခြားဈေးကွက်မှာလည်း ဈေးတွေကျတယ်။ ဂျုံဈေး အဆမတန်ကျပြီး အမေရိကန်လယ်သမားတွေ စီးပွားပျက်မယ့် အခြေဆိုက်ခဲ့ပါတယ်။ ကနေဒီအစိုးရက နိုင်ငံခြားဂျုံ တင်ပို့တဲ့ကုမ္ပဏီကို ရုရှားစတဲ့ ကွန်မြူနိုင်ငံတွေကိုတောင် တင်ပို့ခွင့်ပေးခဲ့တယ်။ ကုမ္ပဏီတွေကအနိမ့်ဈေးနဲ့ထုတ်ရောင်းတယ်။ အရှုံးခံပြီး ရောင်းလိုက်တယ်။ အကြီးအကျယ်ပိုလျှံနေတဲ့ ဂျုံထွက်ဖို့က အဓိကကျတယ်မဟုတ်လား။ ကုမ္ပဏီတွေ အရှုံးကို အစိုးရကျခံပေးလိုက်တယ်။ ကျွန်တော်တို့လည်း အဲဒီလမ်းအိုကို မဖြစ်မနေ လိုက်ရမယ့် အခြေအနေရောက်နေပြီလို့ ယူဆပါတယ်။ တစ်နည်းအားဖြင့် လယ်သမားဦးကြီးအများစု ကြွေးတင်နေပြီ။ ရှင်ဘုရင်အစိုးရက ဆပ်ပေးလိုက်ဖို့ဖြစ်ပါတယ်။

လယ်သမားတွေရဲ့ ကြွေးရှင်ဘုရင်ဆပ်လိုက်ပြီလို့ ဆိုကြပါစို့။ နောက်တစ်ကြိမ် ထပ်မဆပ်ရအောင်၊ နောက်ဆုံး အသက်ကယ်ဆေးထပ်မပေးရအောင် ကြွေးတင်ရောဂါ ထပ်မဖြစ်ရအောင် ရောဂါဖြစ်စေတဲ့ အကြောင်းတရားတွေကို ဝေးဝေးရှောင်ရပါလိမ့်မယ်။ စပါးအထွက်တိုး စီမံကိန်းချပြီး ဈေးကွက်မရှာတာ၊ စပါးပြီးစပါးဆိုပြီး စပါးသီးနှံတစ်မျိုးတည်းကိုပဲ စိုက်ပျိုးလုပ်ကိုင်နေတာမျိုးကို ရှောင်ပြီး သီးနှံအမယ်စုံစိုက်ပျိုးရပါမယ်။ ပို့ကုန်ဈေးကွက်ခိုင်မာတဲ့ သီးနှံတွေကို အဓိကစိုက်ပျိုးရပါမယ်။ ဆန်ဈေးကွက်ထဲကို အိန္ဒိယနိုင်ငံ ဝင်လာတာနဲ့ ဈေးကွက်ကမောက်ကမ ဖြစ်နေပြီ။ တရုတ်နိုင်ငံလည်း စပါးကို အများဆုံးစိုက်ပျိုးတဲ့ နိုင်ငံကြီးတစ်နိုင်ငံပါ။

တရုတ်နိုင်ငံလည်းဒီဈေးကွက်ဝင်လာရင် ဈေးကွက်က ကျဉ်းသထက်ကျဉ်းပြီး ကမ္ဘာ့ဆန်ဈေးလည်း အောက်ကြမ်းပြင်ထိဆင်းသွားနိုင်ပါတယ်။

ကမ္ဘာ့စပါးစိုက်ပျိုးထုတ်လုပ်မှုဟာ တဖြည်းဖြည်း တက်လာလိုက်တာ ၁၉၆၀ ခုနှစ်မှာ စပါးတန်ချိန်သန်းနှစ်ရာကျော်ကနေ ၂၀၀၉ ခုနှစ်မှာ တန်ချိန်သန်း ၉၇၈ အထိတက်လာခဲ့ပါတယ်။ နှစ်ငါးဆယ်လောက်မှာ ဆန်စပါးထုတ်လုပ်မှုနှုန်းက သုံးဆကျော်တက်လာတဲ့ အနေအထား ဖြစ်ပါတယ်။ ဆန်စားသုံးသူဦးရေက အဲဒီနှုန်းအတိုင်း တက်မလာပါဘူး။ စားသုံးမှုထက် ထုတ်လုပ်မှုကပိုလျှံနေပြီဆိုတဲ့သဘောဖြစ်ပါတယ်။ ဆန်တင်သွင်းနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဖိလစ်ပိုင်နိုင်ငံကလည်း ဒီ ၂၀၁၂ ခုနှစ်မှာ ဆန်တန်ချိန်တစ်သိန်း တင်သွင်းဦးမှာ ဖြစ်ပေမယ့် လာမယ့်နှစ်တွေမှာ သူလည်းဆန်ကို တင်ပို့ရောင်းချလိမ့်မယ်လို့ ကြွေးကြော်နေပါပြီ။

စပါးအထွက်စံချိန်တင်တဲ့ မျိုးတွေလည်း တမယ်ပြီးတမယ် ထွက်လာနေတယ်။ ဖိလစ်ပိုင်နိုင်ငံအခြေစိုက်တဲ့ ကမ္ဘာ့ဆန်အထွက်တိုးမျိုး သုတေသနက ထုတ်ပေးတဲ့ စကူဘာ(Scuba)မျိုးနဲ့ ၂၀၀၉ ခုနှစ်ကစပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံက စိုက်လိုက်ပါတယ်။ အထွက် ၅၀ ရာခိုင်နှုန်းတိုးပြီး ဘင်္ဂါလီလယ်သမားတွေ တပြုံးပြုံးဖြစ်နေကြတယ်တဲ့။

ဆန်စားသုံးမှု အပိုင်းမှာတော့ လျော့ကျလာတယ်။ ယနေ့မြို့နဲ့တော့ လူဦးရေဖြန့်ကြက်မှုမှာ တောနေလူဦးရေက လျော့ကျပြီး မြို့ပြတွေမှာ အဆမတန်တိုးလာတယ်။ ဆန်စားသုံးတဲ့နိုင်ငံတွေမှာ တောနေပြည်သူတွေက ဆန်ကို အားပြုစားသုံးကြပေမယ့် မြို့ပြနေမြို့သားတွေကျတော့ ဆန်ကို လျှော့စားလာကြတယ်။ ထမင်းများများစားရင် တောသားစရိုက်မပျောက်သေးဘူးဆိုတဲ့ အယူအဆကိုတောင်လက်ခံလာကြတယ်။ ကျန်းမာရေး အယူအဆတစ်မျိုးကလည်း ပေါ်လာတယ်။ ထမင်းများများစားရင် ဆီးချိုရောဂါဖြစ်နိုင်ခြေများတယ်တဲ့။ ဒီအကြောင်းကြောင့် ဗီယက်နမ်နဲ့ အင်ဒိုနီးရှားစတဲ့ နိုင်ငံတွေမှာ (၇)ရက် တစ်ပတ်မှာ တစ်ရက်ထမင်းမစားဘဲ တခြား အစားအသောက်ကို စားသုံးတာတွေရှိလာတယ်။

စာ(၄၀) သို့

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | လှထွဋ်ဦး |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းဌေး၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | ကျော်သီဟ၊ ကိုကိုကြီး၊ အေးမြတ်သူ၊ ကြူကြူဟာန် |
| အငယ်တန်းသတင်းထောက် | ရန်မျိုးနိုင်၊ ခိုင်ထွန်း၊ အေးမင်းထက်၊ ချယ်ရီမြင့်၊ အောင်ခိုင်မောင်၊ မင်းဟိန်းကျော်၊ ခင်ငြိမ်းချမ်းစိုး၊ ခိုင်ချိုနွယ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဒ္ဓိပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၇၀,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

7 DAY NEWS JOURNAL
# Business
Vol.11, No.20 • JULY 26 , 2012

## အိမ်ခြံမြေအရောင်းအဝယ် အခွန်စနစ်ပြောင်းလဲနိုင်ဟု ခန့်မှန်းနေကြ

**ပြည့်သိမ်း**

**ရန်ကုန်၊ ဇူလိုင် - ၁၉**

အိမ်ခြံမြေရောင်းဝယ်မှုတွင် အားသာချက်ဖြစ်သော အခွန်စနစ်ပြောင်းလဲနိုင်သည်ဟု ခန့်မှန်းချက်များကြောင့် တန်ဖိုးကြီး အိမ်ခြံမြေရောင်းဝယ်မှုများမှာ အရောင်းအဝယ်အေးနေကြောင်း အိမ်ခြံမြေလုပ်ငန်း ကျွမ်းကျင်သူများထံမှ သတင်းရရှိသည်။

ပြည်တွင်း အိမ်ခြံမြေဈေးနှုန်းသည် အာရှတွင် အမြင့်ဆုံးဖြစ်နေသည်ကို ကားဈေးကွက်ကဲ့သို့ဖြစ်စေရန် ပြုလုပ်မည့်အစီအစဉ်ရှိကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဦးစိုးသိန်းက ဇူလိုင် ၁ ရက်တွင် နေပြည်တော်၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။ ယင်းသို့ ပြုလုပ်ရာတွင် အခွန်စနစ်ကို ဥပဒေတစ်ခုပြဋ္ဌာန်းလုပ်ကိုင်မည်ဟုလည်း သတင်းထောက်များကို ရှင်းပြခဲ့သည်။

"အခွန်စနစ်က ပြောင်းမယ်လို့ မှန်းဆနေကြတယ်။ ဘယ်လိုပြောင်းမယ်ဆိုတာ စောင့်ကြည့်ရဦးမယ်"ဟု မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသန်းဦးကဆိုသည်။


ဓာတ်ပုံ - စိုးဇေယျထွန်း(ရိုက်တာ)

လက်ရှိ အခွန်စနစ်သစ် ၂နှစ်သက်တမ်းကို စတင်သည့် ၂၀၀၇ ခုနှစ် ဩဂုတ်လနောက်ပိုင်းတွင် အိမ်ခြံမြေဈေးကွက်တစ်ဟုန်ထိုးမြင့်တက်လာသည်။ နိုင်ငံရေးအပြောင်းအလဲများကြောင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာမည့် အခြေအနေ၊ နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်သည့် စီမံကိန်း စသည်တို့ကိုမျှော်မှန်းပြီး အရောင်းအဝယ်လုပ်ခဲ့ကြသဖြင့် လက်ရှိ အိမ်ခြံမြေဈေးနှုန်းများမှာ အမြင့်ဆုံးသို့ရောက်လာခဲ့ခြင်းဖြစ်သည်။

စာ(၃၄)သို့

## နိုင်ငံ့ဝန်ထမ်းများ ရထားလက်မှတ်ခ ၂၅ ရာခိုင်နှုန်း ထပ်မံတိုးမြှင့်ကောက်ခံမည်

**အောင်နိုင်၊ ချယ်ရီမြင့်**

**ရန်ကုန်၊ ဇူလိုင်-၁၇**

နိုင်ငံ့ဝန်ထမ်းများအတွက် ရထားလက်မှတ်ခများအား ၅၀ ရာခိုင်နှုန်း ကောက်ခံခဲ့သည့်အတွက် ၂၀၁၁နှစ်အတွင်းကျပ်သိန်းပေါင်းလေးထောင်ကျော် အရှုံးပေါ်ခဲ့သောကြောင့် နိုင်ငံ့ဝန်ထမ်းများအတွက် ရထားလက်မှတ်ခများကို ၂၅ ရာခိုင်နှုန်းတိုးမြှင့်၍ ကောက်ခံတော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထား၊ တိုင်းအမှတ် (၇) မှ မန်နေဂျာဦးသိန်းနိုင်က ပြောသည်။

"လက်မှတ်ခတွေ လျှော့ပြီးကောက်တဲ့အတွက် နှစ်စဉ်ဆုံးရှုံးမှုတွေ ရှိတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ကြောင့် ဌာနဆိုင်ရာဝန်ထမ်းများကို ယခုနှစ် ဩဂုတ်လ ၁ ရက်မှစကာ ယခင် ၅၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ခြင်း ဖြစ်သည်။

မြန်မာ့မီးရထားဌာနအနေဖြင့် ဝင်ငွေပိုင်းဆိုင်ရာ တိုးတက်မှုရရှိရန်နှင့် ဝန်ဆောင်မှုမြှင့်တင်ရန် ကောက်ခံခြင်းဖြစ်သည်ဟု နိုင်ငံပိုင်သတင်းစာများ၏ ဖော်ပြချက်အရ သိရသည်။

"ဌာနအနေနဲ့ ရသင့်ရထိုက်တဲ့ဝင်ငွေရမှ ဝန်ဆောင်မှုပိုင်းမှာ အဆင့်မြှင့်တင်နိုင်မယ်။ နှစ်စဉ် လက်မှတ်ခလျှော့ကောက်လို့ ဆုံးရှုံးထားတာတွေ ပြန်ကာမိအောင် အခုလို တိုးကောက်တာပါ" ဟု ဦးသိန်းနိုင်က ပြောသည်။

အထက်ပါ မြန်မာ့မီးရထား လက်မှတ်ခ ၂၅ ရာခိုင်နှုန်းတိုးမြှင့်ကောက်ခံခြင်းနှင့်ပတ်သက်၍ "ရထားပို့ဆောင်ရေးကလည်း သူ့အကြောင်းနဲ့သူတိုးတာ ဖြစ်မှာပေါ့။ ကျွန်တော်တို့ ဝန်ထမ်းတွေက ကောက်ခံတဲ့အတိုင်း ပေးရမှာပါ" ဟု နေပြည်တော်ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

ဝန်ထမ်းများ ပြောင်းရွှေ့ရာတွင် ရထားကိုသာ အသုံးပြုနေသည့် အတွက် ယခင်အတိုင်း ၅၀ ရာခိုင်နှုန်းသာ ကောက်သင့်ကြောင်း လက်ထောက်ဆရာဝန်တစ်ဦးက ပြောသည်။

နိုင်ငံ့ဝန်ထမ်းများအတွက် ရထားလက်မှတ်ခအား ၅၀ ရာခိုင်နှုန်းသာ ကောက်ခံခဲ့သည့် ၁၉၉၇ ခုနှစ် မေလမှစတင်၍ မြန်မာ့မီးရထားမှ နှစ်စဉ် ကျပ်သိန်းထောင်ချီ၍ အရှုံးပေါ်ခဲ့ကြောင်း ဦးသိန်းနိုင်က ပြောသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၇၀ | ၈၈၁ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၇၀ | ၈၈၁ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၀ | ၇၀၂ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၆၂ | ၁၀၈၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇ | ၂၈ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၀ | ၁၃၁ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၇၅ | ၈၇၆ | ကျပ် |

၂၀၁၂ ဇူလိုင် ၂၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၀၁ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၈၂၂၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၈. ၄၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၇၃၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၅. ၃၂ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၆၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၄၂. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၅၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၆၆ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၄၄၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၈၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၃၄ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၁၂၆ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၀၄၈၄ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၅၈၂. ၈၀၀ |
| ရေနံစိမ်း | စည် | ၁၀၆. ၈၃၀ |
| ငွေ | ၁ အောင်စ | ၂၇. ၃၀၂ |
| ကြေးနီ | ပေါင် | ၃၄၄. ၈၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၀၈၁ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ ဇူလိုင် ၂၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## အမြင့်ကား အရောင်းအဝယ်ပြန်ဖြစ်

**မိုးညို**

**ရန်ကုန်၊ ဇူလိုင်-၂၁**

ပြည်တွင်းကားဈေးကွက်၌ ယခုတစ်ပတ်အတွင်း အမြင့်ကား အများစု အရောင်းအဝယ်ပြန်ဖြစ်လာပြီး ဈေးနှုန်းများလည်း အနည်းငယ်ပြန်တက်လာကြောင်း ကားဝယ်ရောင်းတစ်ဦးက ပြောသည်။

"ဒီတစ်ပတ်ထဲမှာ အရောင်းအဝယ်တွေ ပြန်သွက်လာတယ်" ဟုဇူလိုင်လတတိယပတ်ကဟံသာဝတီကားပွဲစားဝင်းမှ ကားပွဲစားတစ်ဦးက ပြောသည်။ ပြည်ပမှ ကားတင်သွင်းမှုများ ဆက်တိုက်ဝင်ရောက်လာချိန်တွင်ပြည်တွင်းကားဈေးကွက်မှာ ပျက်လုနီးပါးအခြေအနေနှင့် အစောပိုင်းကာလက ကြုံတွေ့ခဲ့ရပြီးနောက်ပိုင်း ယခုဇူလိုင်လအတွင်း ဒုတိယအကြိမ် အရောင်းအဝယ်ပြန်ဖြစ်လာခြင်းဖြစ်သည်။

အမြင့်ကားအချို့ဖြစ်သည့် ပါရာဒို၊ Surf, Cygnus အစရှိသော ဇိမ်ခံအိမ်စီးကားအချို့ အဓိကအရောင်းအဝယ်ဖြစ်ခဲ့သည်။ ယင်းကားများ၏ ၉၇၊ ၉၈ မော်ဒယ်များမှာ ယခင်ကျပ်သိန်း ၃၀၀ မှ ယခုကျပ်သိန်း ၃၂၀၊ ၃၃၀ အထိ ဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး အရောင်းအဝယ်ပြန်လိုက်လာခဲ့သည်ဟု အထက်ပါကားပွဲစားကပင် ဆိုသည်။

ထို့အပြင် ဒုတိယအရောင်းအဝယ် အများဆုံးအဖြစ် မော်ဒယ်နိမ့်အိမ်စီးကားငယ်များမှာလည်း အနိမ့်ဈေးဖြင့်သာ ဈေးကွက်အတွင်း နေရာယူလျက်ရှိသည်။

"အနိမ့်ကားတွေထဲက ကားအကြီးတွေ နယ်ဘက်တွေကနေ အဝယ်အရမ်းလိုက်လာတယ်"ဟု အသက်(၄၀)အရွယ်ရှိ ကားဝယ်ရောင်းတစ်ဦးကပြောသည်။

ထို့အပြင် ပြည်ပမှ မော်တော်ယာဉ်များ စတင်တင်သွင်းခဲ့စဉ်က လူကြိုက်များပြီး အလုပ်ဖြစ်ခဲ့သည့် Harrier၊ ရွှေငါးအစရှိသော ကားများမှာလည်း ယခင်ကျပ်သိန်း ၁၅၀မှ ယခု ကျပ်သိန်း ၁၃၀ ဖြင့် ဈေးနှုန်းများ

စာ(၃၄)သို့



7DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012

# မြန်မာ့ဆန်တင်ပို့မှုအပေါ် အခွန်တိုးမြှင့် ကောက်ခံမှုကို တရုတ်၊ မြန်မာ ပူးပေါင်းဖြေရှင်းမည်ဟုဆို

**ကိုကိုကြီး**

**ရန်ကုန်၊ ဇူလိုင်-၂၁**

ပြည်တွင်းမှ တင်ပို့သည့် ညှော်မထ ၂၅ မှတ် ဆန်များအား နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ၎င်းတို့နိုင်ငံတွင်းသို့ တင်သွင်းသည့် အခွန်နှုန်းထားများ တိုးမြှင့်ထားသည့် အခြေအနေကို မြန်မာ့စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့ကြားတွင် နားလည်မှု စာချွန်လွှာတစ်ရပ်ရေးထိုးပြီး ပူးပေါင်းဖြေရှင်းသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ကပြောသည်။

ပြည်တွင်းမှ ဆန်တင်ပို့သည့် လုပ်ငန်းများအနေဖြင့် နယ်စပ်သို့ တင်ပို့ရာတွင် အခွန်ကင်းလွတ်ခွင့်ရရှိသော်လည်း တရုတ်နိုင်ငံအစိုးရက ၎င်းတို့နိုင်ငံတွင်းသို့ တင်သွင်းလာသည့် မြန်မာ့ဆန်များအား အခွန်နှုန်းထားများ ကောက်ခံမှုမြင့်တက်ထားခြင်းကြောင့် တရုတ်နိုင်ငံမှ ဝယ်ယူတင်သွင်းသည့် ဈေးကွက်တွင် အခက်အခဲ ကြုံတွေ့ပြီး မြန်မာ့ဆန်များ တင်ပို့သည့် လုပ်ငန်းကို ရိုက်ခတ်လာခြင်းဖြစ်ကြောင်း ဆန်တင်ပို့သည့်လုပ်ငန်းများက ပြောသည်။

"အခွန်အခတွေလျှော့ပေါ့ဖို့ လုပ်မှာ။ အခု ဒီကပို့လိုက်တဲ့ဆန်တွေ မူဆယ်ဘက်မှာ ပုံနေတယ်။ ဈေးလည်း ရသင့်သလောက် မရဘူးဖြစ်နေတယ်" ဟု ဝန်ကြီး ဦးဝင်းမြင့်က ရန်ကုန်မြို့ အမ်စီစီ ခန်းမတွင် ကျင်းပသည့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း၏ ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေး၌ ပြောသည်။

"ရှေ့နေချုပ် ရုံးတင်ထားတယ်။ ဆန်စပါးအပါအဝင် လယ်ယာထွက်ကုန်တွေ ပစ္စည်းတွေ တင်ပို့တဲ့အခါ အခွန်အခတွေ လျှော့နည်းအောင် ညှိနှိုင်းထားတယ်။ မကြာခင်အကောင်အထည်ဖော်မယ်" ဟု ဝန်ကြီးဦးဝင်းမြင့်က 7Day News သို့ ပြောသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီးပွားရေးအကြံပေးပညာရှင်ဒေါက်တာမောင်အောင်က "တရုတ်ဘက်က အခွန်မြှင့်ထားတာဆိုတာ သူတို့ဘက်မှာရှိတဲ့သူတွေကို ကာကွယ်ပေးထားတဲ့ သဘောပဲ။ တရုတ်နိုင်ငံနဲ့ နားလည်မှု စာချွန်လွှာထိုးပြီး လုပ်ဖို့ ကမ်းလှမ်းထားဆဲပဲ ရှိသေးတယ်။ သူတို့ရဲ့ တုံ့ပြန်မှုကို မသိရသေးဘူး။ သူတို့ဘက်က သဘောတူတဲ့ အချိန်စမှာ" ဟု ပြောသည်။

တရုတ်နိုင်ငံသို့ နယ်စပ်မှတစ်ဆင့် ဆန်တင်ပို့နေသည့် ရန်ကုန်အခြေစိုက် လုပ်ငန်းရှင်တစ်ဦးက "မြန်မာနိုင်ငံက ဆန်ဆိုရင် အခွန်ကို အရမ်းမြှင့်လိုက်တဲ့အတွက်အခွန်ကို ပြန်လျှော့ပေးပေါ့။ ဒါမှ ဒီကဆန်ကို ဝယ်နိုင်မှာလေ။ အစောပိုင်းမှာ ဝင်ခွင့်မပြုဘူး။နောက်ဝင်ခွင့်ပြုပြီးတော့ အခွန်ကိုမြှင့်လိုက်တာ။ ဒီကနေသွားရင်တော့ တရားဝင်သွားတာ။ သူတို့ဘက်က သွင်းတဲ့သူကျတော့ မှောင်ခိုသွင်းတာပေါ့။ အခုလည်း ပို့နေတာရှိတယ်" ဟု ပြောသည်။

ဝါးခယ်မ ဆန်စပါး ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဒေါက်တာစိုးထွန်းက နယ်စပ်မှတစ်ဆင့်တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀မှ ၄၆၀ ကြား ရရှိသော်လည်း နယ်စပ်သို့ ရောက်ရှိရန် သယ်ယူပို့ဆောင်ရေးစရိတ်သည် တစ်တန်လျှင် ဒေါ်လာ ၁၀၀ မှ ၁၂၀ ရှိကြောင်း ပြောသည်။




## စာ(၃၃) - အမြင့်ကား အရောင်းအဝယ်ပြန်ဖြစ် မှ

ကျဆင်းလာပြီး အရောင်းအဝယ်လိုက်လာခဲ့ကြောင်း သိရသည်။

"နောက်ပိုင်းကားလေးတွေပဲ ပိုသွင်းကြလိမ့်မယ်။ သူက သွင်းရင်သွင်းနိုင်သလောက် ပိုမြတ်တယ်" ဟု အထက်ပါဝယ်ရောင်းက သုံးသပ်သည်။

လက်ရှိတွင် ရန်ကုန်မြို့သို့ ဇူလိုင် ၁၇ ရက်အထိ နောက်ဆုံးစာရင်းများအရ ဇူလိုင်လအတွင်း ဂျပန်နိုင်ငံမှ ကားသင်္ဘော ၁၀ စီး ရန်ကုန်မြို့ရှိ ဆိပ်ကမ်းအသီးသီးသို့ဝင်ရောက်ခဲ့ပြီး ယာဉ်အစီးရေ ၆,၀၀၀ ကျော်ပါဝင်လာကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ထုတ်ပြန်ချက်များအရသိရသည်။

"ဒီဇူလိုင်လထဲ ဝင်တဲ့ကားတွေမှာ အိမ်စီးကားတွေအများဆုံး ပါလာတယ်။ နောက်ထပ် ဒီလမကုန်ခင် ကားတင်သင်္ဘောသုံးစီးနဲ့ အစီးရေ နှစ်ထောင်ကျော် ထပ်ဝင်ဖို့ရှိတယ်" ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အကြီးတန်းအရာရှိတစ်ဦးကပြောသည်။

ထို့အတူ ယာဉ်အို ယာဉ်ဟောင်းအပ်နှံမှုလျော့နည်းလာချိန်တွင် 'ပ'အက္ခရာထဲမှ ယာဉ် ၂,၂၆၅စီးအပ်နှံထားပြီး ၂,၁၁၅စီးမှာ ထပ်မံ၍ အပ်နှံရန် ကျန်ရှိနေပြီး နေ့စဉ်ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုမှာ အစီးရေ ၅၀ အထိသာ ပျမ်းမျှရှိကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

တစ်ဆက်တည်းမှာပင် ယာဉ်အို ယာဉ်ဟောင်းများ အပ်နှံပြီး မော်တော်ယာဉ်အသစ်များ ပြည်ပမှ တင်သွင်းခွင့် ရှိသည့် စလစ်ပေါက်ဈေးမှာ လက်ရှိတွင် စလစ်တစ်စောင်လျှင် အမြင့်ဆုံး ကျပ်သိန်း ၆၀ အထိရှိနေပြီး အဝယ်ပြန်လိုက်လာကြောင်း စလစ်ကိုင် ဆောင်ထားသည့် ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

## စာ(၃၃) - အိမ်ခြံမြေ အရောင်းအဝယ်အခွန်စနစ် ပြောင်းလဲနိုင်ဟု ခန့်မှန်းနေကြ မှ

"ဈေးကွက်ရော ဈေးနှုန်းပါ အမြင့်ဆုံးရောက်ခဲ့တော့ ပြန်ငြိမ်သွားတာပါ။ နိုင်ငံတော်လေလံနေရာကောင်းတွေကို ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးတွေက ဝယ်ထားပြီဆိုတော့ ပြန်ငြိမ်သွားတာပါ" ဟု ယူနတီအိမ်ခြံမြေအကျိုးဆောင် ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးဇော်ဇော်ကဆိုသည်။

လက်ရှိရန်ကုန်၊ မန္တလေးမြို့များရှိ မြေကွက်များ၊ စက်မှုဇုန်များရှိ ဈေးနှုန်းများမှာ အမြင့်ဆုံးသို့ရောက်နေသည်။ မြေကွက်အများစု ပိုင်ဆိုင်သူများမှာ ချမ်းသာသော လုပ်ငန်းရှင်များနှင့် အစိုးရအဖွဲ့နှင့်နီးစပ်သူများဖြစ်ကြသည်။ ယင်းကြောင့် ပြုပြင်ပြောင်းလဲမှုလုပ်ရန် ခက်ခဲကြောင်း အိမ်ခြံမြေအကျိုးဆောင်များက ဆိုသည်။

လက်ရှိ အခွန်စနစ်သစ်သက်တမ်းတိုးခဲ့သည်မှာ သုံးကြိမ်ရှိခြင်း၊ နိုင်ငံတော်မှလည်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်နိုင်ရန် အိမ်ခြံမြေဈေးနှုန်းများ ကျဆင်းစေရန် ဆန္ဒရှိခြင်းကြောင့် ပြောင်းလဲနိုင်သည်ဟု ခန့်မှန်းနေကြသည်။ အခွန်စနစ်သစ်မှာ လုပ်ကိုင်ရလွယ်ကူပြီး အခွန်နှုန်းထားမှာဝယ်သူ ၁၅ ရာခိုင်နှုန်း၊ ရောင်းသူ ၁၀ ရာခိုင်နှုန်းဖြစ်သဖြင့် အဆင်ပြေကြောင်း အိမ်ခြံမြေအကျိုးဆောင်များက ဆိုသည်။

"စနစ်ကိုတော့ မပြောင်းလဲစေချင်ဘူး။ နှုန်းထားကိုတော့ နိုင်ငံတော်အကြိုက် စီမံသင့်ပါတယ်" ဟု ဦးသန်းဦးကဆိုသည်။

လက်ရှိအိမ်ခြံမြေဈေးကွက်တွင် အိမ်မြေများထက် တိုက်ခန်း၊ ကွန်ဒိုများသာ အရောင်းအဝယ် အနည်းငယ်ဖြစ်ပေါ်လျက်ရှိသည်။ အငှားများမှာ လုံးချင်းအိမ်မြေသာမက တိုက်ခန်းကွန်ဒိုများပါ ကောင်းနေကြောင်း အကျိုးဆောင်များ ထံမှ စုံစမ်းသိရသည်။

7 DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012



# မတ်ပဲဈေးခုန်တက်

**ပြည့်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၂၁**

ပြည်တွင်းပဲဈေးကွက်တွင် မတ်ပဲဈေးနှုန်းမှာ တစ်နေ့အတွင်း၌ တစ်တန်ကိုကျပ်သုံးသောင်းကျော် ဈေးအတက်အကျဖြစ်နေကြောင်း မြန်မာနိုင်ငံပဲနှမ်းကုန်သည်များအသင်းမှ သတင်းရရှိသည်။

အိန္ဒိယနိုင်ငံတွင် မိုးခေါင်ပြီး စိုက်ပျိုးချိန်နောက်ကျသဖြင့် ပဲကုန်သည်များမှာ မြန်မာပဲကို ဈေးကောင်းပေးဝယ်ယူလာကြသည်။ ယင်းကြောင့် ပြည်တွင်း ရှိ ငွေကြေးတတ်နိုင်သူများက ပဲဈေးကွက်တွင် အမြတ်ရမည်ကို မျှော်လင့်ပြီး ဝယ်ယူသိုလှောင်မှုများကြောင့် ယခုကဲ့သို့ ဈေးနှုန်းများ မတည်မငြိမ်ဖြစ်လာရကြောင်း အဆိုပါ အသင်းမှ အထွေထွေအတွင်းရေးမှူးဦးမင်းကိုဦးက ရှင်းပြသည်။

"အတက်အကျ အရမ်းမြန်တာ။ ဒီနေ့ဝယ် နောက်နေ့မြတ်မှာကို သိလို့ဝင်ကစားကြတာ"ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေးမှာ ဇူလိုင် ၂၀ ရက် ကုန်စည်ဒိုင်ဖွင့်ချိန်က တစ်တန်လျှင် ကျပ်ခြောက်သိန်းငါးသောင်းရှိရာ မှညနေပိုင်းတွင်ခြောက်သိန်းခုနစ်သောင်းထိ ဈေးမြင့်လာသည်။ ဇူလိုင် ၂၁ ရက်တွင် မနက်ပိုင်းက တစ်တန်လျှင် ကျပ်ခုနစ်သိန်းထိ ဈေးမြင့်ခဲ့သည့် မတ်ပဲမှာ ညနေပိုင်းတွင် ခြောက်သိန်းခြောက်သောင်းငါးထောင်သို့ ပြန်ကျလာသည်။ "အခုအခြေအနေက ပြည်တွင်းဈေးက ပြည်ပဈေးထက် များလာပြီ။ ဒီအခြေအနေမှာ မပို့နိုင်ရင် ဒုက္ခရောက်ကုန်မယ်"ဟု ပြည်ပသို့ပဲတင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

အိန္ဒိယနိုင်ငံတွင်လက်ရှိမတ်ပဲဈေးနှုန်းမှာ FOB 750 ထိ ပေးသည်။ သို့သော် ယင်းဈေးနှုန်းကို ပြည်တွင်းမှ ပဲကုန်သည်များက တင်ပို့နိုင်ခြင်း မရှိပေ။ ပြည်ပသို့ တင်ပို့နေသည့် ပဲစင်းငုံ၊ ပဲတီစိမ်းတို့မှာမူ ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။

"တန် ၁၀၀ ကို အခုက သိန်း ၄၀၊ ၅၀ လောက် အတက်အကျဖြစ်နေတာ ရောင်းရေးဝယ်ရေးခက်တယ်"ဟု အဆိုပါပဲကုန်သည်က ဆိုသည်။

လက်ရှိ မတ်ပဲဈေးနှုန်းမှာ နယ်မြို့များတွင် တစ်တင်းကျပ် ၁၅,၀၀၀ မှ ကျပ် ၂၂,၀၀၀ ထောင်ထိ ဈေးနှုန်းမြင့်တက်လာသည်။ သို့သော် တောင်သူများ လက်ထဲတွင် လက်ကျန်ပဲမရှိဘဲ ကုန်သည် သိုလှောင်သူများ၌သာ ရှိကြောင်း ပန်းတနော်မြို့နယ်မှ ပဲစိုက်တောင်သူတစ်ဦးက ဆိုသည်။

# ရွှေဈေး ပိုမိုတည်ငြိမ်နိုင်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင်-၂၁**

ဈေးကွက်အတွင်း၌ ရွှေအရောင်းအဝယ်ပြုလုပ်သူ နည်းနေသောကြောင့် ရွှေဈေးနှုန်း အတက်အကျများစွာ ပြောင်းလဲမှုမရှိနိုင်ဘဲ ဈေးနှုန်းတည်ငြိမ်နိုင်ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

"ပြည်တွင်းရွှေဈေးကွက်က ကမ္ဘာ့ရွှေဈေးနှုန်းပေါ် မူတည်နေတယ် ဆိုပေမယ့် ကမ္ဘာ့ဈေးဒေါ်လာဆယ်ဂဏန်းလောက် အတက်အကျဖြစ်ရုံနဲ့ ပြည်တွင်းဈေးကွက်က ပြောင်းလဲမှုသိပ်မဖြစ်နိုင်ဘူး။ ဈေးကွက်မှာက အရောင်းအဝယ်လုပ်တဲ့သူတွေ နည်းတော့ ပြည်တွင်းဈေးက ပြောင်းလဲမှုအများကြီး မဖြစ်နိုင်ဘူး။ ဈေးငြိမ်နိုင်တယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အထည်ဈေးကွက်တွင် လက်ရှိဈေးကွက်၌ ရွှေဝယ်ယူမှုသည် ပုံမှန်အနေအထားတွင်ရှိနေပြီး အပိုင်းဈေးကွက်တွင် ဝယ်ယူမှုရှိသော်လည်း ဝယ်လိုအားနည်းနေကြောင်း ရွှေဆိုင်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

"အပိုင်းဈေးကွက်က အရင်ရက်တွေနဲ့စာရင်တော့ ဝယ်တဲ့သူတော့ ပြန်ရှိလာတယ်။ လုံးဝရပ်နေတာတော့ မဟုတ်ဘူး။ အများကြီးဝယ်တဲ့သူလည်းမရှိသေးဘူး" ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းနှင့် ဒေါ်လာဈေးနှုန်းများမှာ အတက်အကျ ရှိသော်လည်း ယခုရက်ပိုင်းတွင်ပြည်တွင်းရွှေဈေးနှုန်းမှာ ကျပ်ထောင်ဂဏန်းသာ အတက်အကျဖြစ်နေသည်။ သို့သော် ကမ္ဘာ့ရွှေဈေးနှုန်း၏ အတက်အကျ ပြောင်းလဲမှုမှာလည်း ကွာဟချက်နည်းနေကြောင်း သိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ဇူလိုင် ၂၀ ရက်တွင် တစ်အောင်စလျှင် ၁,၅၈၂ ဒေါ်လာ ရှိသည်။ ပြည်တွင်းရွှေဈေးနှုန်းများမှာ အခေါက်ရွှေ တစ်ကျပ်သားလျှင် ၇၃၁,၀၀၀ ကျပ်ရှိနေပြီး ၁၅ ပဲရည်ဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ၆၈၈,၀၀၀ ကျပ်ရှိနေသည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 230,000 |
| Panasonic(LCD) | 32SC4S | 245,000 |
| Sony (LCD) | 32BX | 255,000 |
| Toshiba (TV) | LZE 21-28 | 95,000 |
| **DVD** | | |
| EVD (coeco) | 8082 | 23,000 |
| EVD(Sony) | DVK75 | 25,000 |
| LG | DV808 | 26,000 |
| EVD (AEK) | 8TMI | 31,500 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 165,000 |
| Hitachi | 19AGV7 | 242,000 |
| Panasonic | NR.BT223 | 238,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 150,000 |
| | MAS 70 V2 | 190,000 |

**အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၂၁) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယွန်းယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ယွန်းယား INSee) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ် (ကုန်းအုတ်လှ-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၀၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၃,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၉,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၆၀-၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၀၅၀ |
| Posco ကြယ်စိမ်း (၆၊၇၊၈ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း (၉၊၁၀ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း (၁၁၊၁၂ ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆၊၇၊၈၊၉၊၁၀၊၁၁၊၁၂) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆၊၇၊၈) | ၁ ပေနှုန်း | ၃၂၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

**အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၁၅) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy S3(16 GB) | 575,000 |
| Galaxy S2(16 GB) | 375,000 |
| Galaxy Nexus | 365,000 |
| Galaxy S Plus | 265,000 |
| Galaxy Fit | 140,000 |
| Galaxy Pocket | 115,000 |
| Galaxy Gio | 125,000 |
| Galaxy Y | 112,000 |
| Galaxy Mini | 110,000 |

**KMD Mobile Corner, Best More Smart Mobile, Do Co Mo, New Force Mobile, AMT Mobile ဆိုင်မှ ဈေးနှုန်းများ ဖြစ်သည်။**

### HTC

| Model | Price |
|---|---|
| One X | 490,000 |
| Desire V | 293,000 |
| Explorer | 125,000 |

### iPhone

| Model | Price |
|---|---|
| iPhone 4S(16 GB) | 573,000 |
| iPhone 4S(32 GB) | 660,000 |
| New iPad(16 GB) | 600,000 |
| New iPad(32 GB) | 700,000 |
| iPod Touch(32GB) | 290,000 |
| iPod Nano(8GB) | 130,000 |

### Huawei

| Model | Price |
|---|---|
| U 8850 (GSM) | 210,000 |
| U 8661 (GSM) | 93,000 |
| U 8650 (GSM) | 98,000 |
| U 8500 (GSM) | 75,000 |
| T 8300 (GSM) | 96,000 |
| C 8800 (CDMA 800) | 150,000 |
| C 8812 (CDMA 800) | 150,000 |
| C 8810 (CDMA 800) | 145,000 |

**ဇူလိုင်(၂၁)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၂၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၅၀၀-၉၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၇၀၀ |
| ဆား(အိုင်အွှိုင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၇၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀-၉၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၆၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၀,၀၀၀ ဝန်းကျင် |
| ငေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၂,၆၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၃၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၅,၀၀၀-၃၀,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၆၀၀-၃,၃၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၇၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၅,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၀၀၀-၁,၉၀၀ |

**ဇူလိုင်(၂၁) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| July(15) | 3,550 | 3,900 | 4,000 | 4,100 |
| July(16) | 3,550 | 3,900 | 4,000 | 4,100 |
| July(17) | 3,550 | 3,900 | 4,000 | 4,100 |
| July(18) | 3,550 | 3,900 | 4,000 | 4,100 |
| July(19) | 3,550 | 3,900 | 4,000 | 4,100 |
| July(20) | 3,550 | 3,900 | 4,000 | 4,100 |
| July(21) | 3,550 | 3,900 | 4,000 | 4,100 |

**ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i5 2.5Ghz 4GB DDR3,750 HDD,2GB VGA ,15.6” | 640,940 |
| Intel Core i5 2.5Ghz 4GB DDR3,75 HDD,1GBVGA,14.0” | 597,000 |
| Intel Core i3 2.3Ghz 2GB DDR3,500 HDD,14.0” | 525,900 |
| Intel DualCore1.5Ghz 2GB DDR3,500 HDD,HD,14.0” | 403,000 |
| Intel Atom 1.86Ghz 2GB DDR3, 320GB HDD,10.1” | 280,900 |
| **HP** | |
| Intel Core i7 2.3Ghz 8GB DDR3, 750HDD, 1GBVGA,15.6” | 965,800 |
| Intel Core i7 2.2Ghz 8GB DDR3, 1TB HDD, 15.6” | 816,540 |
| Intel Core i5 2.4Ghz 8GB DDR3, 750 HDD, 14.5” | 816,540 |
| Intel Core i5 2.3Ghz 8GB DDR3, 750 HDD, 17.3” | 921,900 |
| **Lenovo** | |
| Intel Core i5 2.5Ghz 4GB DDR3,500 HDD,2GBVGA,14” | 613,722 |
| Intel Core i3 2.3Ghz 4GB DDR3,500 HDD, 14” | 561,042 |
| Intel Core i3 2.3Ghz 4GB DDR3,500 HDD,1GB VGA,14” | 508,362 |

7DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012

# အာရှနိုင်ငံများ ကမ္ဘာ့စီးပွားရေး အကျပ်အတည်းမှ ရှောင်လွှဲနိုင်မလား

ကြည်နေဝင်းမင်း




စီးပွားရေးအင်အားကြီးမားလာသော အာရှတိုက်မှ ပေါ်လစီချမှတ်သူများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှိုးဆွပေးရန် ပိုမိုကြိုးပမ်းလုပ်ဆောင်နေကြသည်။ အစိုးရကြွေးမြီနည်းပါးပြီး ပြည်သူလူထုငွေစုဆောင်းမှုမြင့်မားသောကြောင့်လည်း အာရှဒေသသည် ချမ်းသာသော ကမ္ဘာ့နိုင်ငံများ၏ အဆိုးဆုံးဒုက္ခသုက္ခများမှ ရှောင်လွှဲနိုင်ဖွယ်ရှိသည်။

ယင်းသို့ကြိုးပမ်းဆောင်ရွက်ခြင်းမှာလည်း ကောင်းပါသည်။ အကြောင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကညွှန်ပြသော အခြင်းအရာများ၊ အထူးသဖြင့် ကုန်ထုတ်လုပ်ရေးကဏ္ဍ၌ ပို့ကုန်စွဲလမ်းသော အာရှသည် လေဟာနယ်တစ်ရပ်အတွင်း ရောက်ရှိနေပြီး ယင်းလေဟာနယ်မှာလည်း လပေါင်းများစွာကြာမြင့်နိုင်သောကြောင့်ဖြစ်သည်။

“နိုင်ငံခြားကုန်ပစ္စည်းတင်ပို့မှုတွေဟာ သိသိသာသာ လျော့ကျသွားပါတော့မယ်” ဟု HSBC ဘဏ်မှ အာရှစီးပွားရေး ပူးတွဲအကြီးအကဲ ဖရီဒါရစ်နျူမန်းက သတိပေးပြောကြားပါသည်။ “ရုတ်တရက် စီးပွားရေးအားနည်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှု လျော့ကျသွားတာကို တံတားထိုးဖို့ ဒီထက်ပိုမိုကြိုးပမ်းလုပ်ဆောင်ရပါမယ်”ဟု ၎င်းကပြောသည်။

၂၀၀၈-၂၀၀၉ က အာရှပို့ကုန်လုပ်ငန်းများအပေါ် ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးစေခဲ့သော ဘဏ္ဍာရေးရုတ်တရက်ပြတ်လပ်မှုဖြစ်ပေါ်နိုင်သည့် လက္ခဏာများမရှိသောကြောင့်လည်း ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းအပေါ် တုံ့ပြန်မှုမှာ ပိုမို၍ တွန်းတွန်းတိုက်တိုက်ရှိရန် လိုအပ်သည်။

အာရှတိုက်ဒေသအများစုတွင် ငွေကြေးဖောင်းပွမှုအနေအထားလျော့ပါးလာပါသည်။ ထို့အတွက် ဗဟိုဘဏ်များနှင့် အစိုးရများမှာ ဖွံ့ဖြိုးပြီး နိုင်ငံအများအပြားထက်စာလျှင် စီးပွားရေးနှိုးဆွမှုများ အသစ်တစ်ဖန် စတင်ခြင်းနှင့်ပေါ်လစီအရလျှော့ပေါ့ပေးခြင်းများ လုပ်ဆောင်နိုင်ပါသေးသည်။

အမေရိကန်နိုင်ငံနှင့် ယူရိုဇုန်၏ စက်မှုကုန်ထုတ်လုပ်မှုမှာ အကျပ်အတည်းမတိုင်မီ ကာလအနေအထား အောက်တွင်သာရှိ နေဆဲဖြစ်ပြီး စီးပွားရေးအားကောင်းလာနေသည့် အာရှ၌ယင်းကဏ္ဍမှာ ၄၀ ရာခိုင်နှုန်း မြင့်တက်သွားသည်ဟု HSBC မှ မစ္စတာနျူးမန်းက မှတ်ချက်ပြုသည်။

အရေးကြီးသော အချက်မှာ ကမ္ဘာ့စီးပွားရေးနာလန်ထူမှုအား အာရှမှ ဝယ်လိုအားနှင့် မောင်းနှင်ခြင်းဖြစ်ပြီး ခါတိုင်းကဲ့သို့ အနောက်နိုင်ငံများသို့ ကုန်ပစ္စည်းတင်ပို့ခြင်းဖြင့် နာလန်ထူခြင်းမျိုးမဟုတ်ပေ။ ယင်းအတွက်ကြောင့်ပင်စီးပွားရေးအင်အားကြီးလာသောအာရှဒေသမှာ ကမ္ဘာ့စီးပွားရေးကျကပ်အတွင်း ဆုံးရှုံးခဲ့သည့် ကုန်ထုတ်လုပ်မှုအား ပျမ်းမျှအားဖြင့် ၁၁ လအတွင်း ပြန်လည်အမီလိုက်လာခြင်း ဖြစ်သည်။

“အခုလာမှာက နောက်ထပ်ကုန်သွယ်ရေးထိတ်လန့်မှုပဲဖြစ်ပါတယ်။ ကုန်သွယ်ရေးအတွက် ဘဏ္ဍာရေး ပြတ်လပ်သွားတာ မဟုတ်တာကြောင့်လည်း ဒီကုန်သွယ်ရေးထိတ်လန့်မှုဟာ ၂၀၀၈ လောက်တော့ပြင်းထန်မှာမဟုတ်ပါဘူး။ စီးပွားရေးနှိုးဆွပေးဖို့လည်း လိုအပ်နေပါတယ်။ ဒါဆိုရင် အာရှဒေသတစ်ဖန်ပြန်ပြီး ရုန်းထလာမှာပါပဲ”ဟု မစ္စတာနျူးမန်းက ဆွေးနွေးသည်။

စီးပွားရေးနှိုးဆွရန်အတွက် အာရှမှ ပေါ်လစီချမှတ်သူများ အများအပြား လုပ်ဆောင်ပြီး ဖြစ်ပါသည်။ သို့သော် ယခုထက်မက ထပ်မံ၍လည်း စွမ်းဆောင်နိုင်ပါသေးသည်။ အကြောင်းမှာ အာရှနိုင်ငံများ၌ အမေရိကန်၊ ဥရောပ၊ ဗြိတိန်၊ ဂျပန်စသော နိုင်ငံများထက်စာလျှင် လက်နက်ခဲယမ်းအမြောက်အမြားကျန်ရှိနေသေး၍ ဖြစ်သည်။ ယင်းနိုင်ငံများ၌ စီးပွားရေးကို တွန်းနှိုးရန် ကိရိယာတန်ဆာပလာ ပြတ်သလောက်ရှိနေပါပြီ။

အာရှဒေသနိုင်ငံအများအပြားတွင် အတိုးနှုန်းများ စံချိန်တင်နိမ့်ပါးနေပြီး နိုင်ငံအများစုမှာ အနောက်နိုင်ငံများကဲ့သို့ အသုံးစရိတ်များ လျှော့ချရန် မလိုအပ်သေးပေ။

ကိုရီးယားဗဟိုဘဏ်က ယခင်ရက်သတ္တပတ်အတွင်း အံ့အားသင့်စရာ အရေးယူမှုတစ်ရပ် လုပ်ဆောင်ရင်း အတိုးနှုန်းအား ၀ ဒသမ ၂၅ လျှော့ချကာ ၃ ရာခိုင်နှုန်းတွင် ထားရှိလိုက်ပါသည်။ ယင်းမှာ ကြိုတင်အကာအကွယ်ယူတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပြီး လိုအပ်လျှင် ထပ်မံ၍ စီးပွားရေးနှိုးဆွမှုလုပ်ဆောင်ရန် တံခါးဖွင့်ထားလိုက်ခြင်းပင်ဖြစ်သည်။

တရုတ်နိုင်ငံကလည်း အခြေခံအဆောက်အအုံများအတွက် ငွေကြေးသုံးစွဲမှုကိုတိုးမြှင့်ရင်း စီးပွားရေးဖွံ့ဖြိုးရေးပေါ်လစီ တစ်သီတစ်တန်းအကောင်အထည်ဖော်မည်ဟူသော မှန်းဆက်ချက်များကြီးထွားနေပါသည်။ ရှေ့ဆင့်နောက်ဆင့် အတိုးနှုန်းလျှော့ချမှုနှစ်ကြိမ် မြန်မြန်ဆန်ဆန် လုပ်ဆောင်ပြီးနောက် အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများကို အရှိန်အဟုန်မြှင့်တင်နေပါသည်။ ပြည်သူလူထုအတွက် အိမ်ရာဆောက်လုပ်ပေးရာမှာပင် တရုတ်နိုင်ငံသည် လူနေအိမ်ရာပေါင်း ခုနစ်သန်း ဆောက်လုပ်ရန် စီစဉ်ထားပါသည်။ ယင်းမှာ ဩစတြေးလျနိုင်ငံရှိ အိမ်အရေအတွက်နှင့် အတူတူနီးပါးရှိသည်။

ယခုရက်သတ္တပတ်အတွင်းမှာပင် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ယခုနှစ် ဒုတိယနှစ်ဝက်တွင် အစိုးရ၏ ပေါ်လစီများကိုပြန်လည်ပြင်ဆင်ခြင်း၊ အနုစိတ်ရေးဆွဲခြင်းများ လုပ်ဆောင်ရသည်ကို မြင်တွေ့ရမည်ဟု ပြောကြားပြီး ပေါ်လစီများကို ပိုမိုထိရောက်အောင်လုပ်ဆောင်မည်ဟု ပြောကြားပါသည်။ စီးပွားရေးဖွံ့ဖြိုးမှု သုံးနှစ်အတွင်း အနိမ့်ဆုံး ၇ ဒသမ ၆ ရာခိုင်နှုန်းသာရှိပြီး ငွေကြေးဖောင်းပွမှုမှာလည်း ၂ ဒသမ ၂ ရာခိုင်နှုန်းသာရှိရာ တရုတ်ပေါ်လစီများ ချမှတ်သူများအတွက် စီးပွားရေးနှိုးဆွမှု လုပ်ဆောင်ရန် နေရာလွတ် ကျန်ရှိနေပါသေးသည်။

အိန္ဒိယနိုင်ငံနှင့်ပတ်သက်၍မူ ဆန်းစစ်လေ့လာသူများက အားမရလှပေ။ ငွေကြေးဖောင်းပွမှု ဆက်လက်မြင့်မားနေပြီး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် အစိုးရက အီလေးဆွဲနေခဲ့ရာ ကန်ဒေါ်လာနှစ်ထရီလီယံ အိန္ဒိယစီးပွားရေးမှာ မကြာသေးမီ လပိုင်းအတွင်း ဆိုးဆိုးရွားရွား ထိခိုက်ခဲ့သည်။ နှစ်အလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ကိုးနှစ်အတွင်း အနိမ့်ဆုံး ၅ ဒသမ ၃ ရာခိုင်နှုန်းသို့ ရောက်ရှိလာပြီး စက်မှုကုန်ထုတ်လုပ်မှုမှာလည်း နှေးကွေးလေးကန်သွားပြီဖြစ်သည်။ ယင်းအခြေအနေမှာပင် အိန္ဒိယဗဟိုဘဏ်က အတိုးနှုန်း ထပ်မံလျှော့ချရန် ငြင်းဆန်ခဲ့သည်။ ထို့အတူပင် ကြွေးမြီထူပြောနေသော ဂျပန်နိုင်ငံ ဗဟိုဘဏ်ကလည်း ခြောက်လပတ်တွင် ဈေးကွက်အတွင်း ငွေကြေးထည့်ဝင်ပေးရန် ငြင်းဆန်ခဲ့သည်။

ယင်းနိုင်ငံများနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်မှာ အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် ဖိလစ်ပိုင်တို့ပါဝင်သော အရှေ့တောင်အာရှနိုင်ငံများသာ ဖြစ်သည်။

အာဆီယံနိုင်ငံ သတင်းများမှာ အများအားဖြင့် တရုတ်နိုင်ငံ၏ အရိပ်မည်းထိုးနေခဲ့ သော်လည်း ဤနိုင်ငံများမှာ အများအားဖြင့် ငယ်ရွယ်သော စုစုပေါင်းလူဦးရေ ၄၃၉ သန်းမှာ အလားအလာရှိသော စားသုံးသူများဖြစ်သည်။

“ကမ္ဘာ့စီးပွားရေးကို အားမလိုအားမရ ဖြစ်နေချိန်မှာ အာဆီယံဟာ တောက်ပတဲ့နေရာ အဖြစ်ရှိနေဆဲပါ” ဟု Moody's မှ စီးပွားရေးပညာရှင် ကက်ထရီနားအဲလ်နှင့် ဖရက်ဂစ်ဘ်ဆင်တို့က ပြောသည်။ “အစဉ်အလာအားဖြင့် ပို့ကုန်တွေဟာ ဒီဒေသရဲ့ စီးပွားရေးအင်ဂျင်ဖြစ်ပါတယ်။ ဒါပေမဲ့လည်း မကြာသေးခင်က ကမ္ဘာ့ဝယ်လိုအား လျော့သွားတာတောင်မှ စီးပွားရေးဖွံ့ဖြိုးမှုက ခိုင်မာနေပါတယ်” ဟု ၎င်းတို့က ပြောသည်။

အင်ဒိုနီးရှားမှာ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း အောင်မြင်မှုဇာတ်လမ်းတစ်ပုဒ်ဖြစ်လာခဲ့သည်။ ထိုင်းနိုင်ငံ၏ စီးပွားရေးမှာလည်း ယမန်နှစ်ရေကြီးမှု အပျက်အစီးဒဏ်မှ ရုန်းကန်ထလာခဲ့ပြီး ယခုနှစ် ဒုတိယသုံးလပတ်တွင် စီးပွားရေးတိုးတက်မှု ၁၁ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ဖိလစ်ပိုင်စီးပွားရေးမှာလည်း ပြည်တွင်းစားသုံးမှု အားကောင်းခြင်း၊ အစိုးရသုံးစွဲမှု မြင့်မားလာခြင်းနှင့်အတူ ငါးနှစ်အတွင်း အမြန်ဆုံးစီးပွားရေးတိုးတက်မှုနှုန်း ၆ ရာခိုင်နှုန်း ရရှိထားသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ကလည်း ယခုလအတွင်း ဖွံ့ဖြိုးဆဲအာရှနိုင်ငံများ၏ ဖွံ့ဖြိုးမှုကို ၆ ဒသမ ၉ ရာခိုင်နှုန်းမှ ၆ ဒသမ ၆ ရာခိုင်နှုန်းသို့ လျှော့ချခဲ့သော်လည်း အာရှနိုင်ငံအများစုမှာ လိုအပ်ပါက ငွေကြေးပေါ်လစီလျှော့ပေါ့ပေးကာ ဘဏ္ဍာရေးနှိုးဆွမှု လုပ်ဆောင်နိုင်သော အခြေအနေရှိသည်ဟု ဆိုထားပါသည်။

*—Ref: Reuters*


DAIKIN
နေရာတိုင်းမှာ သင်နှင့် အတူ
PICHONKUN ©DAIKIN I.H.T. 2000
ကမ္ဘာ့အရပ်ရပ်တွင် ထင်ပေါ်ကျော်ကြားသော ဒိုင်ကင်း (Daikin) လေအေးပေးစက် ၊ မြန်မာနိုင်ငံတွင် ရရှိနိုင်ပါပြီ။
ဂျပန်နိုင်ငံ၏ နောက်ဆုံးပေါ် နည်းပညာကို အသုံးပြု ထားသော ဒိုင်ကင်း (Daikin) သည် မြန်မာနိုင်ငံ၏ စီးပွားရေးသုံး ၊
အိမ်သုံး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ထားပါသည်။
SINGAPORE BOOK OF RECORDS
First with 4 Ticks
Daikin Inverter Aircons
4 Ticks Distinction
TRUSTED BRAND 2012
SuperBrand Gold Award Winner since 2002
Air-Condition Related Products Trading Co., Ltd
Tel: +95 1 2304065
Ywar Taw International Trading Co. Ltd
Tel: +95 1 252510 / 375533 / 725712 / 09 8617430
Zeya & Associates
Tel: +95 1 502016-8 / 534846 / 525682

7DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012

## 7DAY BOOK REVIEW

### ဂျပန်လမ်းညွှန် (ဂျူနိဦးစော)




၁၉၃၅ မေလမှ ဇူလိုင်လအထိ သုံးလခန့် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့သော ဂျူနိဦးစော၏ ခရီးသွားမှတ်တမ်းစာအုပ်ဖြစ်သည်။ ထိုကာလက ဂျူနိဦးစောသည် ၎င်းနှင့်အတူ မြန်မာ့အလင်းသတင်းစာမှ သတင်းကိုယ်စားလှယ် ဦးမောင်မောင်ခင်၊ အေဝမ်းရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဦးညီပုနှင့် ညီဖြစ်သူ မောင်မောင်စိုး၊ ဘော်တွင်းမှ ဦးဘိုးဟိန်း၊ ရန်ကုန်မှ မစ္စတာဟာတားဆိုသူနှင့် မော်လမြိုင်မှ မောင်ခင်မော် စုစုပေါင်းခုနစ်ဦးတို့သည် ဗြိတိသျှအစိုးရ၏ ခွင့်ပြုချက်ဖြင့် ဂျပန်နိုင်ငံသို့တရားဝင်အလည်အပတ်ခရီးသွားခဲ့ခြင်းဖြစ်သည်။

အဓိကအားဖြင့် အရှေ့အာရှသာမက အာရှတိုက်တစ်ခုလုံးတွင် ဖွံ့ဖြိုးမှုအားကောင်းလာသော ဂျပန်နိုင်ငံ၏ ကြိုးပမ်းမှုများကို သိမြင်ဖတ်ရှုရမည်ဖြစ်ပြီး တစ်ဆက်တည်း ဖက်ဆစ်စနစ်အရိပ်သမ်းနေသော ကာလဖြစ်၍ ဂျပန်နိုင်ငံတွင် စစ်ရေးတည်ဆောက်မှုများ အကြီးအကျယ်ပြုလုပ်နေသည်ကိုလည်း ဖတ်ရှုရပါမည်။ ကိုဘီ(ကိုဘေး)၊ အိုဆာကာ၊ နဂိုယာ၊ ကျိုတို၊ တိုကျို အစရှိသည့် မြို့ကြီးများသို့ လေ့လာလည်ပတ်စဉ် ဂျပန်လူမျိုးတို့၏ ဩဇာဝတ်ကျေပုံ၊ ယောကျ်ား မိန်းမ မခွဲခြားဘဲ လုပ်ငန်းခွင်၌ အသီးသီးလုပ်ကိုင်ကြပုံ၊ ဆက်ဆံမှု ပွင့်လင်းသလောက် မနာလိုဝန်တိုမှု နည်းပါးပြီး လုပ်ငန်းအောင်မြင်ရေးအတွက် စုပေါင်းစပ်ပေါင်းလုပ်ကြပုံ၊ ဂျပန်ရိုးရာဓလေ့များနှင့် မြို့ပြအဖွဲ့အစည်းတည်ဆောက်ထားပုံ၊ ဘုရင်အား ချစ်မြတ်နိုးပုံတို့ကို ခေါင်းစဉ်ငယ်လေးများဖြင့် ရေးသားထား၍ အဆင်ပြေချောမွေ့စွာ ဖတ်ရှုရပါမည်။ ထို့ပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့သော အခြေအနေနှင့် ပတ်သက်၍ "ယခုဂျပန်ပြည်တွင် လုပ်ကိုင်နေကြပုံမှာ အတုခိုးစရာတွေ အများကြီးတွေ့ရ၏။ ဥပမာ သံလုပ်ငန်းနှင့် ပတ်သက်၍ ဂျာမနီစနစ်သည် အကောင်းဆုံးဆိုပြီး ဂျပန်တို့က အတုယူ၏။ သို့သော် ချည်ထည်စက်လုပ်ငန်းတို့တွင် အင်္ဂလန်နိုင်ငံက စက်များကသာသည်ဆိုပြီး အင်္ဂလန်စက်များကို ဝယ်ယူအသုံးပြု၏။ အင်္ဂလိပ်ချည်စက်နှင့် တစ်ပုံစံတည်း ဂျပန်ပြည်တွင် ချည်စက်များကို လုပ်ကိုင်၏။ ထိုချည်စက်တို့လုပ်ကိုင်ရာတွင် သံရည်ကျိုခြင်း၊ သံချက်ခြင်းတို့ကို ဂျာမနီစနစ်အရ ကျိုချက်လုပ်ကိုင်၏။

ဂျာမနီနည်းဖြင့် သံချက်၊ အင်္ဂလိပ်ချည်စက်မျိုး ဂျပန်ပြည်မှာဖြစ်သောအခါ အမေရိကန်ဝါဂွမ်းတို့ဖြင့်ရက်လုပ်၍ အိန္ဒိယ၊ မြန်မာပြည် စသော နိုင်ငံတို့သို့ အဖိုးပေါပေါနှင့် ရောင်း၏။ ပန်းကန်ကြွေဘူးသွန်းလုပ်ရာတွင် တရုတ်စနစ်သည် အကောင်းဆုံးဖြစ်ခြင်းကြောင့် တရုတ်ထံမှရသောနည်းဖြင့် ဂျပန်က ပိုကောင်းရအောင် ထွင်၍လုပ်ကိုင်၏။ အကောင်းဆုံး၊ အပေါဆုံးဖြစ်တော့၏"ဟုစာအုပ်တစ်နေရာ၌ ရေးသားထားသည်။

ဂျူနိဦးစောဟုဆိုလျှင် သမိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများအား လုပ်ကြံရန် စေလွှတ်ခဲ့သူဟု လူတွေ့တန်း၍ မြင်ကြမည်။ ထို့ကြောင့် ဂျူနိဦးစောလုပ်သမျှ၊ ဆောင်ရွက်သမျှ၊ ရေးသမျှတို့သည် ၎င်း၏အရိပ်ဖြင့် လူအများယှဉ်ထိုးတတ်ကြပါသည်။ သို့ရာတွင် ယခုစာအုပ်သည်ဗိုလ်ချုပ်အောင်ဆန်းတို့လုပ်ကြံခြင်းမခံရမီ(ထိုစဉ်က ထိုသို့ဖြစ်လိမ့်မည်ဟုလည်း လုံးဝတွေးထင်ခြင်းမရှိသော ဆယ်နှစ်ကျော်ကာလက ရေးသားခဲ့ခြင်းဖြစ်သည်ကို စာဖတ်သူအနေဖြင့်သတိချပ်သင့်ပါသည်။ လူပုဂ္ဂိုလ်သပ်သပ်၊ စာသပ်သပ်ခွဲခြားမြင်တတ်လျှင် ယခုစာအုပ်၌ ၎င်း၏စေတနာကို ဖတ်ရှုရင်း သိမြင်နိုင်ပါမည်။ ဆိုရလျှင် ဂျူနိဦးစော 'ဂျပန်လမ်းညွှန်' စာအုပ်သည် ကိုလိုနီလက်အောက် ကျရောက်နေသောမြန်မာပြည်သူပြည်သားများအား မျက်စိဖွင့် နားစွင့်ခွင့်ပေးခဲ့သော စာအုပ်ဖြစ်ပြီး ဂျပန်လူမျိုးတို့ မည်သို့ မည်ပုံကြိုးစားခဲ့ပုံကို ယနေ့အချိန်တွင်လည်း ပြန်ပြောင်းသိရှိနိုင်မည့် မှတ်တမ်းတစ်ခုဖြစ်ပေသည်။

FAME Publishing House က တန်ဖိုး ၈,၀၀၀ ကျပ်ဖြင့် ပုံနှိပ်ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ကမ္ဘာ့အကြီးဆုံး မြေပုံစာအုပ်ကို သိသလား

ကမ္ဘာ့အကြီးဆုံး မြေပုံစာအုပ်ဟု သတ်မှတ်နိုင်သော Earth Platinum မြေပုံကို ဇူလိုင် ၁၂ရက်က လန်ဒန်ရှိ ဗြိတိသျှပြတိုက်တွင် ပြသခဲ့သည်။ ထိုမြေပုံစာအုပ်သည် ကမ္ဘာပေါ်တွင်ရှိနေသမျှ ကော်ပီ ၃၁ အုပ်မှ တစ်ခုအပါအဝင်ဖြစ်သည်။ အလျား ၁ ဒသမ ၈၅၄ မီတာနှင့် အနံ ၁ ဒသမ ၄၅ မီတာရှိကာ အထူ ၆ စင်တီမီတာရှိသော ထိုမြေပုံစာအုပ်သည် အလေးချိန် ၂၀၀ ကီလိုဂရမ်ရှိသည်။

မြေပုံစာအုပ်ကို သယ်ယူရန် စာကြည့်တိုက်ဝန်ထမ်း ၆ ဦးလိုအပ်သည်။ ဤမြေပုံစာအုပ်တွင် စာမျက်နှာ ၁၂၈ မျက်နှာပါဝင်ပြီး မြေပုံအားလုံးမှာလည်း ဂြိုဟ်တုမှတိုင်းတာရရှိသော ရုပ်ပုံ၊ မြေပုံများ အသုံးပြု၍ ရေးဆွဲထားခြင်းဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ မြေပုံပညာရှင် ၈၈ ဦးပါဝင်ရေးဆွဲသော ဤစာအုပ်ကို အီတလီနိုင်ငံတွင် ပုံနှိပ်၍ဟောင်ကောင်တွင် စာအုပ်ချုပ်လုပ်သည်။ စာအုပ်တန်ဖိုးဒေါ်လာတစ်သိန်းဖြင့် MillenniumHouse(အင်္ဂလန်)က ထုတ်ဝေသည်။ ယခင်က ကမ္ဘာ့အကြီးဆုံးဟု သတ်မှတ်ခံရသော မြေပုံစာအုပ်မှာဗြိတိသျှစာကြည့်တိုက်တွင် ထိန်းသိမ်းထားသော ၁၆၆၀ ခုနှစ် ပတ်ဝန်းကျင်က Klencke Atlas မြေပုံစာအုပ်ဖြစ်သည်။

—Ref: Griness/Wiki

## တစ်ပတ်တာကံကြမ္မာ

ဇူလိုင် ၂၅ ရက် မှ ၃၁ ရက် အထိ

စံဇာဏီဘို



### ARIES — မိဿရာသီဖွား (မတ်၂၁–ဧပြီ၂၀)

ရန်များမည်။ အလုံးစုံ သတိနှင့်ဆောင်ရွက်ပါ။ စိတ်ထင်ရာစိုင်း၍မရ။ လူယုံများမှ ဒုက္ခပေးခြင်းကြုံမည်။ အမည်အတွင်း အ၊ ဥ၊ ရ၊ လ၊ ဝ ပါသောသူများ သယ်ဆောင်လာသောပြဿနာများကို ထိပ်တိုက်ဖြေရှင်းရမည်။ ငွေကြေး၊ အလုပ်ကိစ္စများတွင် အပြိုင်အတိုက်အခံကြုံမည်။ လုံးဝမထင်မှတ်ထားသည့်ကိစ္စတစ်ခုမှ ပြဿနာကြီးတစ်ခုသို့ ကူးပြောင်းလာမည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အရာရာ သတိနှင့်ဆောင်ရွက်ပါ။ မိမိအပေါ် ဒုက္ခရောက်အောင် ဖန်တီးသောသူများနှင့်တွေ့တတ်သည်။ ရန်အနှောင့်အယှက်များသည်လည်း တစ်မျိုးပြီးတစ်မျိုး ဖြစ်ပေါ်လာတတ်သည်။ စိတ်ကူးသစ်များ လက်တွေ့အကောင်အထည်ဖော်ရာတွင် အကြံသစ်များကို အသုံးချတတ်ခြင်းထက် အတိတ်မှ ရရှိထားသော အတွေ့အကြုံများကို အသုံးချပြီး ဖြစ်လိုသောဆန္ဒနှင့်တွဲဖက်ကာ ရှေ့တိုးဆောင်ရွက်သင့်သည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ငွေကြေးနှင့်ပတ်သက်သော ကံကောင်းခြင်းနှင့် အလိုရှိရာပြည့်စုံခြင်း အထင်အရှားရရှိမည်။ မိမိစိတ်ကူးအပေါ် လက်တွေ့ခံစားပြီး ဆောင်ရွက်သည့်ကိစ္စများမှ အကျိုးဖြစ်ထွန်းခြင်းရှိသော်လည်း အပြိုင်အဆိုင်များ ပေါ်များလာပြီး လုပ်ငန်းများရပ်တန့်ရခြင်းရှိမည်။ ပျိုရွယ်သူများ မေတ္တာရေးထူးထူးခြားခြား ကောင်းနေသည်။ လူချစ်လူခင်ပေါခြင်း၊ စိတ်ချမ်းမြေ့ခြင်းဖြစ်ပေါ်မည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ကစဉ့်ကလျား၊ ဖရိုဖရဲများကြားမှ တိုးတက်မှု၊ အောင်မြင်မှုများကြုံမည်။ ခက်ခက်ခဲခဲကိစ္စများကို ဖြေရှင်းနိုင်ပြီး အလွန်လွယ်ကူသော ကိစ္စများမှ ပြဿနာကြီးများဖြစ်မည်။ သွားမည်ဟု စီစဉ်ထားသည်က တစ်မျိုး၊ လက်တွေ့ သွားရသောနေရာက တစ်မျိုးဖြစ်မည်။ ရောက်သောနေရာ အဆင်ပြေမည်။ ဆွေမျိုးမောင်နှမသားချင်းတို့၏ ပြဿနာများကို လိုက်လံဖြေရှင်းပေးရမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အလုံးစုံတိုးတက်၍ မှန်းဆထားသည်များ အောင်မြင်မည်။ အခွင့်အရေးသစ်များပေါ်ပေါက်မည်။ နေ့စဉ်နှင့်အမျှဖြစ်သမျှကိစ္စအလုံးစုံကို မိမိခေါင်းခံဖြေရှင်းရမည်။ ကိုယ်ရေးကိုယ်တာကိစ္စအား ဦးစားပေး၍ မရ။ မိသားစုတွင်ဖြစ်စေ ဆွေမျိုးတွင်း၌ဖြစ်စေ အမှုအခင်း၊ ရုံးရောက် ဂါတ်ရောက်ပြဿနာများ ဖြေရှင်းရမည်။ တစ်ဦးနှင့်တစ်ဦး အပြစ်မရှိဘဲ ကံကြမ္မာစေစားမှုကြောင့် ချစ်သူနှစ်ဦး ကွေကွင်းရခြင်းကြုံမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

စိတ်ချမ်းမြေ့မည်။ ဆောင်ရွက်လိုက်သည့်ကိစ္စများမှ အောင်မြင်အဆင်ပြေမှု အထင်အရှားရရှိမည်။ ထူးခြားသည့် သတင်းကောင်းများရရှိမည်။ မိမိစိတ်ကူးထားသည့်အလုပ်ကို မည်သူနှင့်မျှ မတိုင်ပင်ဘဲ လုပ်၍အဆင်ပြေမည်။ တိုင်ပင်လိုက်ပါက ဟိုလူတား၊ ဒီလူကဖျက် အကြံအမျိုးမျိုးပေး၍ လက်တွေ့ဆောင်ရွက်ရန် နှောင့်နှေးသွားမည်။ လုပ်စရာရှိသည်များ ရှေ့တိုး၍ ဆောင်ရွက်သင့်ပေသည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အပြောင်းအလဲနှင့် အောင်မြင်မှုများ ဆက်တိုက်ဖြစ်လာမည်။ လမ်းသစ်ထွင်၍ လုပ်ကိုင်လိုစိတ်ပေါ်မည်။ တစ်ပါးသူ လုပ်ကိုင်နေသည်များ လုပ်ကိုင်လိုစိတ်မရှိ။ အများနှင့်မတူသောလမ်းကြောင်းမှ ဆောင်ရွက်မည်။ နေရာအပြောင်းအလဲများ ကြုံမည်။ အစီအစဉ်မရှိဘဲ အိုးအိမ်နေရာထိုင်ခင်း ပြုပြင်ရတတ်သည်။ လုပ်ငန်းခွင်ရှိသူများ ဖွဲ့စည်းမှုအသစ်အောက်မှ အလုပ်၊ နေရာသစ်များတာဝန်ယူရမည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ပြဿနာကာလဖြစ်သည်။ ကောင်းမယောင်နှင့် ဆိုးတတ်သည်။ လုံးဝအဆင်ပြေမည်ဟု ပိုင်ပိုင်နိုင်နိုင်တွက်ဆထားသည်များ နောက်ဆုံးအခြေအနေရောက်မှ တလွဲတချော်ဖြစ်မည်။ မိသားစုတွင် ဒုက္ခပေးသူများပေါ်ပြီး အိမ်တွင်းရေးအညှော်များကြုံမည်။ စိတ်ပင်ပန်းစရာများ တစ်ခုပြီးတစ်ခု ဇယ်ဆက်သလိုဖြစ်မည်။ ကိုယ့်ကိစ္စကိုယ် ဖြေရှင်းရသည်ဟူ၍မရှိ။




### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ထူးခြားသောအပြောင်းအလဲများရှိမည်။ အခက်အခဲများ ထိပ်တိုက်ရင်ဆိုင်နေရမည်။ ရင်းနှီးသောသူများ၊ ကာလအတန်ကြာ လက်တွဲနေသောသူများနှင့် လမ်းခွဲရမည်။ ကြန့်ကြာနေသောငွေကြေး၊ အခွင့်အရေးများ လက်ဝယ်ပြန်လည်ရရှိနိုင်မည်။ လုပ်ငန်းခွင်ရှိသူများ အပြောင်းအလဲရှိမည်။ လူမျိုးခြား ကောင်းကျိုးပေးမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

မေတ္တာရေးကောင်းမည်။ မိတ်ဆွေဟောင်း အကူအညီရမည်။ အလိုရှိရာ ပြည့်စုံ၍ တိုးတက်မှုအဆင့်ဆင့်ရမည်။ ရန်အားလုံးကို ကျော်လွှားပြီး စိတ်ချမ်းသာမှုအပြည့်အဝရမည်။ လိုလားမှုများပြည့်စုံမည်။ အလှူမင်္ဂလာကိစ္စများ မိသားစုတွင်ကြုံမည်။ မမျှော်လင့်ဘဲ ခရီးသွားရင်း အလှူအတန်းပြုရမည်။ မိသားစုနှင့်ပတ်သက်သော သတင်းကောင်းကြားရမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ဆောင်ရွက်သမျှ အဆင်ပြေ၍ လုပ်ကိုင်သမျှ အားလုံးအပြည့်အဝ တိတိကျကျအဆင်ပြေမည်။ အလိုပြည့်မြောက်၍ အောင်မြင်ခြင်းများရရှိမည်။ စုပေါင်းပြီး ဆောင်ရွက်လိုက်သည်များမှ အကျိုးအမြတ်ကောင်းရမည်။ ပညာနှင့်ပတ်သက်သော အကျိုးကောင်းခံစားရမည်။ နေရာသစ်၊ ဝန်းကျင်သစ်တွင် မိမိအရည်အသွေးကောင်းများ ထုတ်ဖော်နိုင်မည်။ ဝေးကွာနေသူများနှင့်ပြန်ဆုံမည်။




### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အဆိုးအညံ့များကြားမှ တိုးတက်မှုကိုရှာရမည်။ ငွေကုန်ကြေးကျခံပြီး ပြုပြင်ဆောင်ရွက်ထားသည်များမှ ဆက်လက် အပျက်အယွင်းများ၍ အပြည့်အဝအဆင်ပြေမှုမရှိသေး။ ရန်အပြိုင်အဆိုင်များ ရှိနေဆဲဖြစ်သည်။ မည်သည့်အရာကို ဆောင်ရွက်စေ အနှောင့်အယှက်များ ကြုံပြီးမှ အလိုရှိရာ ပြည့်စုံမည်။ ရုတ်တရက်ဖြစ်ပေါ်လာသည့်အခက်အခဲများ ချက်ချင်းဖြေရှင်းပါ။

# 7DAY PUZZLE

**ပဟေဠိ အမှတ်စဉ်(၁၉၂)**



### အလျားလိုက်


၂။ ကမ္ဘာကြီးပူနွေးလာတာကို ပျော်ရွှင်တဲ့သူတွေ
၄။ 7Day မှာ အခမဲ့ဝန်ဆောင်မှုပေးထားတဲ့ ကဏ္ဍတစ်ခု
၈။ ရန်ကုန်မှာ တွေ့ရများလာသည့်ဆိုင်တွေ
၉။ အမျိုးသမီးများကို ဒုက္ခရောက်စေသည့်အကြောင်း
၁၁။ တရားမဝင် ပြုလုပ်ကိုင်ဆောင်ကြတဲ့အရာ
၁၂။ ဆရာဝန်လိုအပ်နေသည့် နေရာများ

### ဒေါင်လိုက်

၁။ လူအများပါဝင်သည့် အဖွဲ့အစည်းတစ်ခု
၃။ မြန်မာနိုင်ငံသို့ ဝင်ရောက်လာတော့မည့်အရာများ
၅။ ရန်ကုန်တွင် အများဆုံးဖြစ်ပွားသည့်အကြောင်းအရာ
၆။ ပိတ်ပင်ခံရသော အစားအသောက်များ
၇။ ရခိုင်ပြည်နယ်တွင် အမျိုးသမီးများလိုအပ်နေတဲ့ပစ္စည်းတစ်မျိုး
၁၀။ ကွန်ပျူတာထိန်းချုပ်မှုစနစ်ကို နှောင့်ယှက်သူတွေ

**Smart Dictionary**
**ကံထူးသူ**
၁။ ဇေယံလင်း၊ ၁၄/ညတန(နိုင်)၁၀၁၆၉၃ အမှတ်(၈)၊ ၂၁ လမ်း၊ ညောင်တုန်းမြို့။

**ပဟေဠိ အမှတ်စဉ်(၁၉၁)အဖြေမှန်**




**အမည်** .................................... **မှတ်ပုံတင်အမှတ်** ....................................
**နေရပ်လိပ်စာ** ....................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး၊ နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၇-၇-၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုထူးသူ

# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**
**အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။**
**PH:09-73037776, 09-73204374**

**Teacher Myo(G.C.E in London)**
1. Grade X, XI 2. IELTS, Interview 3. IGCSE (All Subjects)
**Ph: 09 73221317**

**ဝန်ဆောင်မှု**
Computer များအတွက် Windows တင်ခြင်း၊ Virus သတ်ခြင်း၊ Software Installation များနှင့် Computer ပြဿနာများကို အိမ်အရောက် Service ပေးနေပါသည်။
**ဖုန်း- ၀၉ ၄၂၁၁၀၉၇၇၈**

**S.O.E Lady Fashion**
Design Training Class အမျိုးသမီး(သီးသန့်) Basic(50000Kyats), Adv(50000Kyats), Skirt(50000 Kyats) **Ph: 09 73177254**

**လျှုဒါန်းနိုင်ပါသည်**
ရခိုင်ပြည်တွင်း ဒုက္ခသည်များအတွက် အလှူငွေနှင့် အထောက်အပံ့ပစ္စည်းများကို အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ ရခိုင်လူငယ်များကွန်ရက်သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
**ဖုန်း- ၀၉ ၄၂၀၀၃၉၅၀၂**

**ဆရာမမီးမီး**
အလယ်တန်း၊ အထက်တန်း Home Teaching Guide ဘာသာစုံထူးချွန်စေရန် သင်ကြားပေးနေသည်။
**ဖုန်း- ၀၉ ၄၂၁၁၀၄၉၄**

**ဆရာ Solomon**
Special IELTS, IGCSE & TOEFL
**Ph: 09 5417781**

**သီးသန့်စာကျက်ဝိုင်း**
Repeater သီးသန့် စာကျက်ဝိုင်း၊ ၅ ဦးသာ လက်ခံမည်။
**ဖုန်း- ၀၉ ၇၃၂၂၇၉၁၀**

**ဆန်းသစ်**
ရေခဲသေတ္တာ၊ အဲယားကွန်း၊ အဝတ်လျှော်စက် ပြုပြင်ရောင်း/ဝယ် တပ်ဆင်၊ ဆေးကြောရေးနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး တပ်ဆင် ရောင်း/ဝယ်ရေး။
**ဖုန်း- ၀၁ ၅၂၁၃၉၁**

**ခရီးသွားဝန်ဆောင်မှု**
မြသန်းထိုက် ခရီးသွားလာရေး ဝန်ဆောင်မှုလုပ်ငန်းမှ မြို့တွင်း/မြို့ပြင်နှင့် မြန်မာပြည်အနှံ့ခရီးစဉ် အမျိုးမျိုးအတွက် ကားမျိုးစုံငှားရန်ရှိသည်။
**ဖုန်း- ၀၉ ၅၁၉၅၄၄၅**

**ဆရာမဒေါ်အေးမြတ်သူ**
International School ကျောင်းသား/သူများအတွက် အထူးသီးသန့် Guide လုပ်ပေးပါသည်။
**ဖုန်း- ၀၉ ၄၃၀၂၉၂၉၉**

**ဆရာမဒေါ်ခင်ငြိမ်းဝင်း**
၉၊၁၀ တန်းများအတွက် Chemistry, Bio, Myanmar သင်ကြားပေးမည်။ အထူးသီးသန့် Guide လုပ်ပေးမည်။
**ဖုန်း- ၀၉ ၅၁၃၈၂၈၇**

**သင်တန်း**
HandSet ဖုန်းပြုပြင် အတတ်သင်သင်တန်းများ ဖွင့်လှစ်သင်ကြားနေပါပြီ။
**ဖုန်း- ၀၉ ၄၂၁၁၀၁၁၃၆**

**အမြန်ရောင်းမည်**
လက်ရှိလည်ပတ်နေသော စာရေးကိရိယာဆိုင်အား သင့်တော်သောဈေးနှုန်းဖြင့် အမြန်ရောင်းမည်။
**ဖုန်း- ၀၉ ၇၃၁၀၆၂၄၀**

**အထူးသင်ကြားပေးသည်**
၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ တန်းများအတွက် Guide+Teaching တို့ကို တတ်မြောက်စေရန် တာဝန်ယူ၍ အထူးသင်ကြားပေးသည်။
**ဖုန်း- ၀၉ ၄၃၁၅၃၆၃၄**

**သင်ကြားပေးသည်**
Chemistry သီးသန့်သင်ကြားပေးသည်။ ၁၀ တန်း (တက္ကသိုလ်ဝင်) တန်း ဓာတုဗေဒ ဘာသာရပ်ကို အမှတ်ပြည့် မျှော်မှန်းသူများအတွက်။
**ဆရာဦးအောင်မင်းဟိန်း(ကထိက)**
**ဖုန်း- ၀၁ ၂၄၃၇၃၉**

**Study Guide**
၉၊ ၁၀ တန်း Myan/Eng/Bio မူကြိုမှ ၈ တန်း ဘာသာစုံ(သို့) ကျက်စာ သင်ကြားပေးနေပါသည်။
**ဖုန်း- ၀၉ ၄၂၀၁၉၃၅၆**

**သင်ကြားပေးသည်**
အင်္ဂလိပ် သဒ္ဒါကို အခြေခံကျကျ အင်္ဂလိပ်မှ မြန်မာသို့၊ မြန်မာမှ အင်္ဂလိပ်သို့ ပြန်ဆိုရေးသားနိုင်ရန် အိမ်လိုက်၍ သင်ကြားပေးသည်။
**ဖုန်း- ၀၉ ၄၂၀၄၉၅၄၄**

**ဆရာထက်မြတ် B.Sc,E.L.T.M**
၈၊ ၉၊ ၁၀ တန်းဘာသာစုံ သင်/Guide(အိမ်သင်ဝိုင်းများ)၊ Inter'l School (Primary, Secondary, I.G. C.S.E)၊ဝင်ခွင့်အမျိုးမျိုး အင်္ဂလိပ်စာသင်ဝိုင်းများ
**ဖုန်း- ၀၉ ၄၂၀၀၉၃၃၉**

**သင်ကြားသည်**
အငြိမ်းစားဆရာကိုယ်တိုင် အလယ်တန်းအဆင့် အင်္ဂလိပ်၊ သင်္ချာကို အခြေခံကျကျ သင်ကြားသည်။ ဘာသာစုံ စာဖတ်ဝိုင်း အိမ်အရောက် လက်ခံသင်ပေးသည်။
**ဖုန်း- ၀၉ ၄၂၀၄၉၅၄၄**

**"သွင်သစ်သူ" ဖက်ရှင်ဆိုင်ကြီး**
အရည်အသွေးကောင်းမွန်၍ လှပဆန်းသစ်သော အမျိုးသမီးဝတ် ဖက်ရှင်ဒီဇိုင်းဆန်းများကို မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ ဆိုင်များအား ဖြန့်ချိလျက်ရှိပါသည်။
**ဖုန်း- ၀၉ ၄၂၅၂၈၁၅၈၄**

**Sayar U Myint Mg**
အင်္ဂလိပ်စာအခြေခံ အားနည်းသူများအတွက် ရည်ရွယ်၍ အိမ်လာပြီး Grammar, Vocabulary, Speaking and Writing Basic မှ ပြန်လည်၍ အတတ်သင်ပေးပါမည်။
**Ph: 09 73057210**

**Student Guide**
သူငယ်တန်းမှ အဋ္ဌမတန်းထိ ဘာသာစုံ အိမ်လိုက်သင်ပေးသည်။ စာကျက်ပျင်းသော ကလေးများအတွက် စာအတူတူကျက်ပေးသည်။
**ဖုန်း- ၀၉ ၄၂၀၂၈၈၃၀**

**သင်တန်း**
English Proficiency Class (4 Skills) တစ်ဦးချင်း(သို့မဟုတ်)Company များ၊ အဖွဲ့အစည်းများအတွက် သင်တန်းများ စီစဉ်ပေးသည်။
**ဖုန်း- ၃၈၆၆၉၃**

**အိမ်သုံးရေသန့်စင်ခြင်းလုပ်ငန်း**
သင့်မိသားစု၏ ကျန်းမာရေးအတွက် အကောင်းဆုံးသော သောက်ရေ သုံးရေရရှိနိုင်ရန် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးပါသည်။
**ဖုန်း- ၃၇၃၄၇၂**

**ငှားမည်**
လှိုင်မြို့နယ်၊ ဗဟိုလမ်းမ၊ မြေညီ ၁၂ ခွဲ × ၅၀၊ သီရိမြိုင်နှင့် အုတ်ကျင်းမှတ်တိုင်ကြားရှိ သီရိမြိုင်မှတ်တိုင်မျက်စောင်းထိုး(၁လ-၁၇၀,၀၀၀ကျပ်)
**ဖုန်း- ၀၉ ၇၃၀၄၉၅၄၃**

**ဆရာဝေယံ(B.C.Sc[Hons-Q])**
English 4 skills & Computer စာသင်ခန်းအခြေပြုသို့ အိမ်အရောက် သင်ကြားပေးနေပါပြီ။
**ဖုန်း- ၀၉ ၇၃၁၆၁၅၁၀**

**ဆရာဦးစိန်ဝင်း**
၅ တန်းမှ ၁၀ တန်းထိ သင်္ချာဝိုင်းများကို အခြေခံမှစ၍ စနစ်တကျ သင်ကြားပေးပါမည်။
**ဖုန်း- ၀၁-၆၄၁၆၄၂**

**ကလေးသုတမဂ္ဂဇင်း**
အသွင်သစ်၊ အမြင်သစ်ဖြင့် ပြန်လည်ထုတ်ဝေသည့် ကလေးသုတမဂ္ဂဇင်းကို ဇူလိုင်လထုတ်မှစ၍ လစဉ်ပြန်လည်ထုတ်ဝေနေပါပြီ။ ဆက်သွယ်မှာယူရန်။
**ဖုန်း- ၀၉ ၄၄၈၀၀၇၉၇၁**

**Study Guide**
သူငယ်တန်းမှ ဆယ်တန်း(တက္ကသိုလ်ဝင်တန်း)ထိ ဘာသာစုံအိမ်အရောက် ဆရာဝန်ကိုယ်တိုင် အထူးကြပ်မတ်သင်သည်။
**ဖုန်း- ၀၉ ၅၄၁၃၉၀၇**

**မြေကွက်ရောင်းမည်**
(၂၅×၅၀)ပေ၊ ကျပ်သိန်း(၇၀)၊ ပုလဲမြို့သစ်အကျော်၊ ကုန်းတလပေါင်ကျေးရွာ။ **ဖုန်း- ၀၉ ၇၃၁၃၀၅၂၄**

**Student Guide**
သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကလေးငယ်များကို ပညာသင်ကြားပေးသည်။ နဝမတန်းနှင့် ဒသမတန်း ဘောဂဗေဒဘာသာရပ် အထူးသင်ကြားပေးသည်။
**ဖုန်း- ၀၉ ၄၂၀၂၈၈၃၀**

**သင်ကြားပေးသည်**
တက္ကသိုလ်ဝင်တန်း ဓာတုဗေဒဂုဏ်ထူးသီးသန့် ကျွမ်းကျင်ဆရာမကိုယ်တိုင် Teaching+Guide+Test ပြုလုပ်၍ ဂုဏ်ထူးသေချာစေရန်။
**ဖုန်း- ၀၉ ၇၃၀၇၀၃၇၃**

**ဆရာမခင်စုမော်ဝင်း**
ပဥ္စမတန်းမှ အဋ္ဌမတန်းထိ အိမ်အရောက်သင်သည်။(စာသင်/စာကျက်)
**ဖုန်း- ၀၉ ၄၂၁၀၆၅၆၃၆**

**သင်တန်း**
စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများကို လက်တွေ့ကျကျသင်သည်။ Business Management, Human Resource Management, Marketing Management
**Ph: 01-386693**

7DAY NEWS JOURNAL
Vol.11, No.20 ▪ JULY 26 , 2012

## စာ - ၄၁၊ မြစ်ဆုံနှင့်ပတ်သက်၍ တရုတ်အင်ဂျင်နီယာအဖွဲ့ ပြောဆိုချက်များကိုမြန်မာပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များတုံ့ပြန် မှ

ဆည်ဆောက်လုပ်မှုဆန့်ကျင်ခြင်းကို အနောက်နိုင်ငံများက အကြံဉာဏ်၊ငွေကြေးအထောက်အပံ့ပေးခဲ့ခြင်းမဟုတ်၊ လှုပ်ရှားမှုများကို ကချင်ပြည်နယ်ပြည်သူများ၊ မိမိတို့သဘာဝပတ်ဝန်းကျင်၏ ကြီးမြတ်သော တန်ဖိုး၊ အမျိုးသားယဉ်ကျေးမှု ရိုးရာအစဉ်အလာကို စောင့်ရှောက်လိုသူများနှင့် မြစ်ဆုံဆည်ကြောင့် အိမ်ခြေယာခြေပျောက်ရသူတို့ ဆန္ဒအလျောက်တုံ့ပြန်ခြင်းသာဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသူ ဖရီဒါအသင်းမှ ဦးအုန်းက ပြောကြားသည်။

ဧရာဝတီမြစ်ဝှမ်းတွင် ရေကြီးခြင်း၊ မိုးခေါင်ခြင်းကြောင့် ရေရှားပါးမှုကို နှစ်စဉ်ကြုံတွေ့နေရကြောင်း၊ ၁၉၇၀ ကပင် မြစ်ကြီးနားမြို့၌ ရေကြီးခြင်းကို မကြာခဏကြုံတွေ့ရပြီး နွေရာသီကာလတွင် မြစ်ကြောင်း တိမ်လာသောကြောင့် သင်္ဘောများသွားလာ၍မရခြင်း၊ ရေတွင်းရေကန်ရှားပါးခြင်းနှင့် ဆားငန်ဒီရေများ တက်ခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ၌ ထိခိုက်မှုများ တွေ့ရကြောင်း၊ ယင်းထိခိုက်မှုများကိုဖြေရှင်းရန် မြစ်အထက်ပိုင်းတွင် ရေကာတာ ဆည်ဆောက်ခြင်းဖြင့် ရေများလိုအပ်သလို ထုတ်သွင်း၍ ဆားငန်ရေတိုးဝင်မှုကို ထိန်းသိမ်းကာကွယ်နိုင်ကြောင်း၊ ထို့ကြောင့် ဧရာဝတီမြစ်အထက်ပိုင်းတွင် ဆည်တည်ဆောက်ခြင်းမှ ပြဿနာများကို ဖြေရှင်းသည့်နည်းလမ်းဖြစ်ကြောင်း တရုတ်ရေအားလျှပ်စစ် အင်ဂျင်နီယာအဖွဲ့က ပြောသည်။

မြစ်ဆုံစီမံကိန်းသည်ရေရှည်ဖွံ့ဖြိုးမှုကို ဖြစ်ထွန်းစေသော ရေအားလျှပ်စစ်စီမံကိန်းတစ်ခု မဟုတ်ကြောင်း၊ မဟုတ်ရခြင်းအကြောင်းမှာ ဆည်တမံအမြင့်နှင့် ရေလှောင်နိုင်သည့်ပမာဏ၊ မြစ်အထက်အောက် အကျိုးသက်ရောက်မှုတို့မှာ စဉ်းစားစရာအချက်တွေ များစွာရှိကြောင်း၊ မြစ်ဆုံစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံသူနှင့် မြှုပ်နှံမှုကို လက်ခံသူတို့သည် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးရေးအတွက် လိုက်နာရမည့် စံချိန်စံညွှန်းများကို လိုက်နာဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း မြန်မာနိုင်ငံအတွင်းရှိ မြစ်များအကြောင်း ရေးသားသူ ရေအားလျှပ်စစ်ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးဝင်းကျော်က ပြန်လည်တုံ့ပြန်ပြောဆိုလိုက်သည်။

မြန်မာနိုင်ငံသည် ရေအားလျှပ်စစ်အပါအဝင် ပြန်ပြည့်မြဲစွမ်းအင်များ ထုတ်လုပ်နိုင်သော အလားအလာ ကောင်းများစွာရှိကြောင်း၊ ယင်းအလားအလာများကို ငွေကြေးအားဖြင့် အကျိုးရှိမှု၊ ပြည်သူအားလုံး လက်ခံသဘောတူမှု၊ သဘာဝပတ်ဝန်းကျင်မပျက်စီးမှုစသည့် အခြေခံအချက်သုံးချက်ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း ပါရီမြို့ ယူနက်စကိုဌာနချုပ်ရှိ ရေရှည်တည်တံ့သော ရေအရင်းအမြစ် စီမံခန့်ခွဲမှုဌာနအကြီးကဲဟောင်း ဒေါက်တာ ဒေါ်ခင်နီနီသိန်းက ပြောသည်။

မြစ်ဆုံဆည်ပြန်လည်စတင်ရေးအတွက် တရုတ်လျှပ်စစ်ဓာတ်အား ရင်းနှီးမြှုပ်နှံရေးကုမ္ပဏီ (CPI) ယခုနှစ် ဧပြီလတွင် ပြောင်းရွှေ့ခံရသော ကျေးရွာသားများဖြင့် တွေ့ဆုံပြီး ဆည်ကြီးပြီးစီးပါက ဒေသခံပြည်သူများအတွက် အကျိုးများနိုင်သည်ကို ပြောဆိုခဲ့ကြောင်း အောင်မြေသာဇံကျေးရွာတွင် နေထိုင်သူတစ်ဦးက ပြောသည်။

ထိုသို့ ကျေးရွာသားများနှင့် ပြောဆို ခဲ့ သည့် အပြင် မြစ်ဆုံဆည်ပြန်လည်စတင်ရေးအတွက် နိုင်ငံတကာ ရေကာတာ စောင့်ကြည့်လေ့လာရေးအဖွဲ့ကို ပြန်လည်စိစစ်ပေးရန် မတ်လတွင် အဆိုပြုလွှာ တင်ခဲ့သည်။ တရုတ်နိုင်ငံထုတ် China Daily သတင်းစာ အယ်ဒီတာ အာဘော်တွင်လည်း မြစ်ဆုံဆည်ရပ်ပြီးအနည်းငယ်အကြာတွင် မြစ်ဆုံစီမံကိန်း ပြန်လည်စတင်ရန် အရိပ်အယောင်ပြရေးသားဖော်ပြခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက ဆည်စီမံကိန်းရပ်ဆိုင်းခဲ့သည့်အတွက် တရုတ်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံသူများ၏ယုံကြည်မှုကိုထိခိုက်စေကြောင်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားမရှိ၍မရကြောင်း ဇွန်လဆန်းပိုင်းက 7Day News နှင့် တွေ့ဆုံမေးမြန်းစဉ် ထည့်သွင်းပြောကြားခဲ့သည်။

မြစ်ဆုံဆည်စီမံကိန်းကို တရုတ်အစိုးရပိုင် တရုတ်ရင်းနှီးမြှုပ်နှံရေးကုမ္ပဏီ(CPI)နှင့် အစိုးရတို့ ပူးပေါင်းကာရှစ်နှစ်ကြာ လျာထား၍ မဂ္ဂါဝပ် ၆,၀၀၀ ထုတ်လုပ်ရန် လျာထားသည့်စီမံကိန်းဖြစ်ပြီး ၂၀၁၁ စက်တင်ဘာလ ၃၀ ရက်တွင် နိုင်ငံတော်သမ္မတက ပြည်သူ့ဆန္ဒကို လိုက်လျောရန် စီမံကိန်းကို ယင်းတို့အစိုးရလက်ထက်တွင် ရပ်ဆိုင်းထားရန် ဆုံးဖြတ်ခဲ့သည်။

## JOKE

### ပုံပြင်ထဲကလူ

မေး-ခရစ်စမတ်ဘိုးဘိုးကြီး၊ နတ်သမီးတစ်ပါး၊ ရိုးသားသော ရှေ့နေတစ်ဦးနှင့် အမူးသမားတစ်ယောက် လမ်းအတူတူ လျှောက်လာကြရာ ဒေါ်လာတစ်ရာတန်တစ်ရွက် လမ်းပေါ် ကျနေသည်ကို တွေ့ရသည်။ ၎င်းဒေါ်လာတစ်ရာတန်ကို မည်သူရမည်ထင်သနည်း။
ဖြေ-အမူးသမားဖြစ်ပါသည်။ ကျန်သုံးဦးမှာ ပုံပြင်ထဲမှ သတ္တဝါများဖြစ်သောကြောင့်တည်း။

### မြင်လည်းမမြင်ဘဲနဲ့

တရားရုံးတွင်ပိုက်ဆံအိတ်လုလာသော ခိုးဆိုးနှိုက်တစ်ဦး စစ်ဆေးခံနေရပြီး ပိုက်ဆံအိတ်အလုခံရသူ အမျိုးသမီးက တရားသူကြီးအား ယခုလို ရှင်းပြသည်။

"ဟုတ်ပါတယ်။ တရားသူကြီးမင်း၊ သူမှ သူအစစ်ပါပဲ။ သူ့ရုပ်ကြီးကို ဘယ်နေရာမှာတွေ့တွေ့ ကျွန်မမှတ်မိပါတယ်။ ကျွန်မပိုက်ဆံအိတ် လုသွားတာသူပါပဲ" ဟု ပြောရာ တရားခံက ပေါက်ကွဲကာ "ဒီမှာ အမျိုးသမီး၊ ခင်ဗျား ကျွန်တော့်မျက်နှာကို မမြင်ရပါဘူး။ ကျုပ်အဲဒီနေ့က မျက်နှာဖုံးတပ်ထားတာ" ဟု ပြောပါတော့သည်။

## စာ(၃၂) လယ်သမားထုကြီး ကြွေးတင်နေပြီ မှ

ဗီယက်နမ်နိုင်ငံမှာ ဗုဒ္ဓဟူးနေ့ကို 'ထမင်းမစားနေ့' လို့စတင်သတ်မှတ်နေပါပြီ။ ဆိုလိုတာက စပါးအထွက်တိုးလာတယ်။ စပါးပို့လျှံနိုင်ငံတွေလည်း တိုးတိုးလာတယ်။ ဆန်စားသုံးတဲ့အပိုင်းလျော့ကျလာတယ်။

ဒါကြောင့်မို့ စိုက်ပျိုးရေးအဓိကထားတဲ့နိုင်ငံအဖြစ်ကနေပြီး စက်မှုဖွံ့ဖြိုးတဲ့နိုင်ငံဖြစ်အောင် ရည်မှန်းချက်ထားလုပ်ကိုင်သွားဖို့လည်း လိုအပ်ပါတယ်။ ယနေ့ကမ္ဘာ့ရာသီဥတုက အပြောင်းလဲကြီးပြောင်းလဲနေပါတယ်။ မိုးများလွန်းတာ၊ မိုးနည်းလွန်းတာ၊ အေးလွန်းတာ၊ ပူလွန်းတာတွေဖြစ်နေတဲ့ ရာသီဥတုအခြေအနေမှာ စိုက်ပျိုးရေးသမားတွေက အဖြစ်ထက်အပျက်ကများနေတယ်။ စိုက်ပျိုးရေးကိုပဲ အဓိကထားလုပ်ကိုင်နေရင် နိုင်ငံအနေနဲ့ အထွေထွေ ဆင်းရဲတွင်းက ရုန်းထွက်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံအနေနဲ့ စပါးတစ်မယ်တည်းမဟုတ်ဘဲ သီးနှံစုံစိုက်ပျိုးရေး၊ စိုက်ပျိုးရေးနိုင်ငံကနေ စက်မှုနိုင်ငံဖြစ်ရေး မျှော်မှန်းရင်း လက်ကျန် ပိုလျှံစပါးရောင်းဝယ်ရေးစီမံချက်ချပြီး ကျင်းပဆဲလွှတ်တော် မှာ 'အရေးပေါ် ဘတ်ဂျက်' တောင်းခံပြီးလယ်သမားကြွေးကို ရှင်ဘုရင်ဆပ်ပါတော့လို့ ဆန္ဒပြုလိုက်ပါတယ်။ ။

**ကွန်ဒိုတိုက်ခန်း ရောင်း/ငှားရန် ရှိသည်။**
ဗိုလ်တထောင်မြို့နယ်၊ ၄၇ လမ်း၊ အပေါ်ဘလောက်၊ အမှတ်(၁၃၆)၊ ၆ လွှာ၊ ရတနာမြိုင်ကွန်ဒိုတွင်
**ရောင်းရန်** ♦ ဖုန်းပါ၊ ရေမီးစုံ၊ထောင့်ခန်း၊ ၂၅×၄၇ မာစတာ(၁)ခန်းပါ (၁၂၅၀)သိန်း။ အလယ်ခန်း၊ ၂၂×၄၇၊ မာစတာ(၂)ခန်းပါ (၁၁၅၀)သိန်း၊ တိုက်သစ်။
**ငှားရန်** ♦ ၂ ခန်းတွဲ၊ ၅၇×၄၇၊ မာစတာ(၃)ခန်း၊ ဖုန်း ၂ လုံး၊ ရေမီးစုံပါ၊ ဓာတ်လှေကားပါ၊ ရုံးခန်းဖွင့်၊ လူနေတွဲလျက်ပိုကောင်း၊
ဖုန်း-၀၉ ၄၃၂၀၂၈၈၄




**TRADEMARK CAUTION**
YOKI (1997) COMPANY LIMITED, a company incorporated in Thailand at 37 Soi 101/1 (Wachirathamsathit 51 Soi Yaklek), Moo 1, Sukhumvit Road, Bangjak, Phrakhanong, Thailand is the Owner and Sole Proprietor of the following Trademark:-
YOKI
Reg:No.4/5671/2012
In respect of : Int'l class 3: "Powders, non-medical purpose"
In respct of : Int'l class 5: "Cough syrups; powders for medical purpose; powders for treatment of itching and rash on the skin; pharmaceutical products for the treatment of cough; pharmaceutical products for the treatment of skin diseases; balms for medical purpose; inhalants; medicinal herbs; food supplements for medical purpose."
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
Ph : 371990
26.July.2012

**TRADEMARK CAUTION**
Koda Ltd, a company incorporated in SINGAPORE at 28 Defu Lane 4 Singapore 539424 is the Owner and Sole Proprietor of the following Trademark:-
COMMUNE
Reg: 4/6306/2012
In respect of : Int'l class 20 : "Armchairs; bottle racks; boxes of wood or plastic; cases of wood or plastic; coat hangers; beds; chests, not of metal; closets; (towel-) [furniture]; cushions; pillows; display cabinets; sideboards; cabinets; consoles [furniture]; trolleys; bar and breakfast service counters; counters [tables]; cupboards; chairs [seats]; deck chairs; desks; dinner wagons [furniture]; display stands; dressers [furniture]; dressing tables; easy chairs; furniture; figurines [statuettes] of wood, wax, plaster or plastic; filling cabinets; furniture casters, not of metal; furniture fittings, not of metal; furniture of metal; furniture (office-); furniture partitions of wood; furniture (school); furniture shelves; keyboards for hanging keys; mattresses; magazine racks; mirrors, mirror tiles; newspaper display stands; outdoor furniture; picture frame brackets; picture frames; picture frames (moldings [mouldings] for-); plate racks; racks[furniture]; screen [furniture]; sofas; shelves for storage; showcases [furniture]; stools; statues of wood, wax or plastic; table tops; trestles [furniture]; trolleys for computers [furniture]; tables; umbrella stands; washstands [furniture]; wine (casks of wood for decanting-); wood ribbon; work benches; woven timber blinds [furniture]; wardrobes; parts and fittings".
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990
26.July.2012

Environment
7 DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012

# မြစ်ဆုံနှင့်ပတ်သက်၍ တရုတ်အင်ဂျင်နီယာအဖွဲ့ ပြောဆိုချက်များကို မြန်မာပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များတုံ့ပြန်

**အိဖြူမွန်**

**မြစ်ဆုံဆည်တည်ဆောက်ရေးနှင့်ပတ်သက်၍ တရုတ်ရေအားလျှပ်စစ်အင်ဂျင်နီယာအဖွဲ့မှဝေဖန်ပြောဆိုထားသောသဘောထားကြေညာချက်ကိုပြည်တွင်းရှိပတ်ဝန်းကျင်ရေးရာ ထိန်းသိမ်းရေးပညာရှင်များက တစ်စုတစ်စည်းတည်း ပြန်လည်တုံ့ပြန်လိုက်သည်။**



မြစ်ဆုံဆည်စီမံကိန်းနှင့်မြစ်ဆုံကို ယခုနှစ်ဖေဖော်ဝါရီလက တွေ့ရစဉ်။

မြစ်ဆုံဆည်နှင့် ပတ်သက်၍ အချက်(၁၁) ချက်ပါရှိသောသဘောထားအချက်ကို ယင်းအဖွဲ့၏ဝက်ဘ်ဆိုက်တွင် ၂၀၁၂ခုနှစ်မတ်လအတွင်း ဖော်ပြထားချက်ကိုပြည်တွင်းရှိပတ်ဝန်းကျင်ထိန်းသိမ်းရေးသမား ခုနစ်ဦးက ပြန်လည်ချေပပြောဆိုထားခြင်း ဖြစ်သည်။

ယင်းဝေဖန်ချက်တွင် "မြစ်ဆုံမှ ထုတ်လွှတ်သော လျှပ်စစ်ဓာတ်အား၏ ၉၀ ရာခိုင်နှုန်းကို တရုတ်သို့ပို့မည်ဟု ပြောဆိုနေချိန်တွင် မြန်မာတို့ကရသော လျှပ်စစ်ဓာတ်အား ၁၀ ရာခိုင်နှုန်းမှာ အခမဲ့ဖြစ်ကြောင်းမြန်မာအများစုက သိပုံမရပါ" ဟု ရေးသားထားသည်။ ထိုသို့ရေးသားချက်ကို "ဧရာဝတီမြစ်ကြီးတစ်ခုလုံး ရင်းနှီးထားရတာကို ဘာအရင်းအနှီးမှ မစိုက်ဘဲရတာတဲ့။ ပြောရက်တယ်ဗျာ" ဟု ဒေါက်တာထွန်းလွင်က တုံ့ပြန်ပြောဆိုခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံမှ ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်နိုင်ရန်အတွက် ၇၅၀ ကီလိုမီတာခန့်ရှည်လျားသော အဝေးပြေးလမ်းမကြီးများ၊ တံတားကြီးများနှင့် ရေကြောင်းဆိုင်ရာ၊ မိုးလေဝသဆိုင်ရာ၊ မြေငလျင်တိုင်းတာမှုဆိုင်ရာ အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်နေမှုအပေါ် တရုတ်တို့က မြန်မာနိုင်ငံရှိ သယံဇာတများကို ကဲ့ယူနေသည်ဟု ရှုမြင်ကြကြောင်း တရုတ်အင်ဂျင်နီယာအဖွဲ့က ရေးသားဖော်ပြထားသည်။ "ပတ်ဝန်းကျင်ပျက်စီးတယ်။ လူ့အခွင့်အရေး ဖောက်ဖျက်တယ်။ ပွင့်လင်းမြင်သာမှု မရှိဘူးဆိုတာတွေက တရုတ်ကုမ္ပဏီတွေရဲ့ အင်္ဂါလက္ခဏာတွေ ဖြစ်နေတယ်"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တစ်စိုက်မတ်မတ်လုပ်ကိုင်လာသူ စာရေးဆရာကိုတာက ပြောသည်။

တရုတ်အင်ဂျင်နီယာအဖွဲ့၏ ထုတ်ပြန်ချက်တွင် မြစ်ဆုံရေကာတာစီမံကိန်းသည်ကျောက်မီးသွေး တန်ချိန်သန်း ၅၀ နှင့် ညီမျှသော လျှပ်စစ်ဓာတ်အား ၁၀၀ ဘီလီယံကီလိုဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ငွေကြေးအမြတ်အစွန်းအနေဖြင့် တရုတ်ယန်ငွေ ၂၀ ဘီလီယံနှင့် မြန်မာကျပ်ငွေ ၂,၀၀၀ ဘီလီယံ အထိ ရရှိမည်ဖြစ်သည်။

ယင်းအချက်ကိုဆည်ဆောက်သူများအနေဖြင့် ဆည်ကရေအားလျှပ်စစ်ထုတ်ယူရေး ကိစ္စထက် ဆည်ဆောက်လုပ်ဖို့အရေးကို ပိုစိတ်ဝင်စားကြောင်း၊ ထို့ကြောင့်မူဝါဒရေးရာအရ ချမှတ်သူများ သဘောတူလာစေရန်ဘယ်ရွေ့ဘယ်မျှ ဘီလီယံ အစရှိသည်များကို ညွှန်းကိန်းလုပ်ပြောဆိုကြမည်ဖြစ်ကြောင်း ဧရာဝတီနှင့် ပတ်သက်သည့် မေးခွန်းပေါင်း ၂၀ ထုတ်ခဲ့သူ ဂေဟစနစ်ဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဝင်းမျိုးသူ တုံ့ပြန်ပြောဆိုခဲ့သည်။

မြစ်ဆုံ ဆည်စီမံကိန်း ရပ်ဆိုင်းလိုက်ခြင်းနှင့် ပတ်သက်၍ တရုတ်ရေအားလျှပ်စစ် အင်ဂျင်နီယာ အဖွဲ့မှ လူမှုအဖွဲ့အစည်းများ မြစ်ဆုံဆည်အပေါ် သဘောထားနှင့် ပတ်သက်ပြီး ဆည်တည်ဆောက်ရေးကို ဆန့်ကျင်သောသူများက ဆည်ကြီးများသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်သည်ဟူသော အကြောင်းပြချက်ဖြင့် ဝါဒဖြန့်ချိမှုများ ပြုလုပ်နေကြောင်း ဆည်ကြီးများက ရေအားလျှပ်စစ် အမြောက်အမြား ထုတ်လုပ်ပေးနိုင်ပါက ဆည်တည်ဆောက်ရာတွင်သာမက သဘာဝပတ်ဝန်းကျင်ရေးရာကို အထောက်အကူပြုကြောင်း ပြောဆိုခဲ့သည်။

"သူတို့က အကျိုးအမြတ်အတွက်လုပ်တော့ ဒီလိုဘဲပြောမှာပဲ။ ဆည်အကြောင်းပြောတာထက် မြစ်ဝှမ်းဒေသတစ်ခုလုံး ထိန်းသိမ်းဖို့ ဟိုအရင်ကတည်းက ပြောနေကြတာ။ ဧရာဝတီဆိုတာ တို့တွေရဲ့ယဉ်ကျေးမှုဖြစ်တယ်"ဟု သယံဇာတစီမံခန့်ခွဲမှုနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာပါရဂူဘွဲ့အတွက် ဩစတြေးလျ အမျိုးသား တက္ကသိုလ်တွင် သင်ကြားနေသူ ဦးမြင့်ဇော်က ပြောသည်။

ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ရေးရာ လုပ်ဆောင်နေသူများကမြစ်ဆုံဆည်တည်ဆောက်ခြင်းကို ကန့်ကွက်မှုများ ပြုလုပ်ခဲ့ခြင်းမှာ စိတ်ခံစားမှု သက်သက်ဆိုသည်မှာ မှန်ကန်ကြောင်းနှင့် ရေအားလျှပ်စစ် တည်ဆောက်ခြင်းကို ကန့်ကွက်ခြင်းမှာ တစ်နှစ်ထက်တစ်နှစ် ယိုယွင်းလာသော ဧရာဝတီမြစ်ကို သိပ္ပံနည်းကျ အချက်အလက်များထက် တစ်ဦးချင်းစီ တွေ့ကြုံခံစားရသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်ယွင်းမှုများနှင့် အချက်အလက်များကိုသာ ပြောဆိုခြင်းဖြစ်ကြောင်း ပြန်လည်ပြောဆိုကြသည်။

ဆည်တည်ဆောက်ခြင်းကို ဆန့်ကျင်သောသူများသည် နိုင်ငံတကာ အကူအညီများ ရယူခဲ့ကြောင်း၊ အနောက်နိုင်ငံများကလည်း တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးလာမှုအပေါ် စိုးရိမ်မကင်းဖြစ်နေ၍ အိမ်နီးချင်းနိုင်ငံများနှင့် တရုတ်နိုင်ငံအကြားဆက်ဆံရေး တင်းမာလာအောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အကြောင်းမှာ သမ္မတ၏ မြစ်ဆုံဆည်စီမံကိန်း ရပ်ဆိုင်းထားခြင်းအပေါ် အမေရိကန်သမ္မတ၏ကြိုဆိုခြင်းကထောက်ပြ ပြောဆိုနေခြင်းဖြစ်ကြောင်း တရုတ်ရေအားလျှပ်စစ်အင်ဂျင်နီယာအဖွဲ့က ပြောဆိုသည်။

စာ(၄၀) သို့

## ENVIRONMENT Cartoon



သစ်တောတွေဟာ ကမ္ဘာမြေရဲ့
အဆုတ်ပါ။
Franklin D. Roosevelt

## စစ်တောင်းမြစ်ရေဝေရေလဲဒေသတွင် ရွှေတူးမှုများကြောင့် မြစ်ချောင်းများ တိမ်ကောလာ

**အိဖြူမွန်**

**ရန်ကုန်၊ ဇူလိုင်-၁၆**

နှစ်စဉ်ရေကြီး၊ ရေလျှံမှုများနှင့်ကြုံတွေ့နေရသော စစ်တောင်းမြစ်၏ ရေဝေရေလဲဒေသတွင် စည်းကမ်းမဲ့ရွှေတူးဖော်မှုကြောင့် မြစ်ချောင်းတိမ်ကောမှုများရှိနေကြောင်း ယင်းဒေသ၌ နေထိုင်သူများက ပြောကြားသည်။

ရွှေတူးဖော်မှုများသည် ၂၀၀၇ ခုနှစ်နောက်ပိုင်းတွင် ပိုမိုများပြားလာပြီး ယင်းဒေသရှိ ချောင်းမငယ်၊ သောက်ရေခပ်၊ ပြုံးချောင်း၊ မြစ်ငါးချောင်းများ ရေနောက်ခြင်း၊ ချောင်းကြမ်းပြင်မြင့်တက်လာခြင်းများကိုကြုံတွေ့နေရကြောင်း ယင်းအရပ်ဒေသတွင် နေထိုင်သူ ကရင်တိုင်းရင်းသူ တေးလိုကလိုးက ပြောသည်။

ယခင်က တစ်ပိုင်တစ်နိုင်ရွှေတူးဖော်ရာမှ ယခုအခါ ယင်းချောင်းများတစ်လျှောက် ရွှေတူးဖော်သူဦးရေ ၂၀၀ ကျော်ရှိလာကြောင်းနှင့် ပြုံးချောင်းသည် လုံးဝတိမ်ကောလာခြင်းကြောင့် သောက်သုံးရေအခက်အခဲရှိကြောင်းလည်း သိရသည်။ ဝါးခုတ်ပြီး သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုရာမှ ယခုလို တိမ်ကောလာသောကြောင့် သယ်ယူပို့ဆောင်ရေးအခက်အခဲများကြုံတွေ့ရကြောင်း ပြုံးချောင်းအနီးနေထိုင်သူ ကရင်တိုင်းရင်းသားဆရာလုံးက ပြောသည်။

အဆိုပါချောင်းလက်တက်တို့သည် ခပေါင်းချောင်းအတွင်းသို့စီးဝင်ပြီး ယင်းမှတစ်ဆင့်စစ်တောင်းမြစ်အတွင်းသို့စီးဝင်သည်။ ရွှေတူးဖော်မှုအပြင် ချောင်းလက်တက်အတွင်းရှိငါးများကို အဆိပ်ချငါးဖမ်းခြင်းကြောင့် ငါးသယံဇာတများလည်း ရှားပါးလာကြောင်း သိရသည်။

ရွှေတူးဖော်သူများသည် ကချင်ပြည်နယ်မှ လာရောက်လုပ်ကိုင်ကြသော သူများဖြစ်ကြောင်း၊ အချို့ ရွှေတူးဖော်သူများသည် ဒေသခံများပိုင်ဆိုင်သော လယ်ယာမြေများကိုဝယ်ယူပြီး တူးဖော်မှုများလုပ်လာကြောင်း ယင်းဒေသခံများက တညီတညွတ်တည်း ပြောကြားသည်။

ငွေကျားတိုက်
(အလှဆင်မီးပန်းဆိုင်းနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး အရောင်းပြခန်း)




Silver Tiger Co.,Ltd.
Showroom (1) : G-4/5/6 Pearl Centre ,Kabar Aye Pagoda Road.
Tel : 01-559433, 555155, 09-73026363
Showroom (2) : G-13/14, West Aung San Stadium.
Tel : 01-371533, 394821, 09-73026464
Mandalay : No.267,26th St,Between (83x84) St.
Tel : 02-34957, 66636, 09-91007808
E-mail : silvertigerlighting@gmail.com

Tourism
7 DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012

# စပိန်ကမ္ဘာလှည့်ခရီးသွား လာရောက်မှု လျော့ကျ

အောင်သူရ

ရန်ကုန်၊ ဇူလိုင်-၂၀

ကမ္ဘာကျော် သတင်းဌာနကြီးဖြစ်သော CNN က ၂၀၁၂ ခုနှစ်တွင် ခရီးသွားများ သွားလာလည်ပတ်ရန် အကောင်းဆုံး ဒေသတစ်ခုအဖြစ် မြန်မာနိုင်ငံကို ရွေးချယ်ပြီးခြောက်လအကြာ မြန်မာနိုင်ငံသို့ စပိန်နိုင်ငံသား ကမ္ဘာလှည့် ခရီးသွားလာရောက်မှု လျော့ကျသွားကြောင်း သတင်းရရှိသည်။

"အခန်းခတွေ ဈေးကြီး လာတာရယ်၊ သူတို့နိုင်ငံမှာလည်း စီးပွားရေးမကောင်းတာလည်း ပါတယ်"ဟု မြန်မာ မားကက်တင်း ကော်မတီမှ အတွင်းရေးမှူးဦးဖြိုးဝေရာဇာက ပြောသည်။ စပိန်နိုင်ငံသည် ဥရောပတွင် ဂရိနိုင်ငံ ပြီးနောက် စီးပွားရေးကျပ်တည်းမှုနှင့် ကြုံတွေ့နေရသည်။



ကမ္ဘာလှည့်ခရီးသည်များ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်စဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

၂၀၁၁ ဇွန်လအတွင်း စပိန်နိုင်ငံသား ကမ္ဘာလှည့် ခရီးသည် ၁၀ ဖွဲ့ကျော် လာရောက်ခဲ့သော်လည်း ယခုနှစ်တွင် တစ်ဖွဲ့မှမလာသေးကြောင်း အင်းလေးဒေသခံ အင်းလေးဇုန် ခရီးသွားကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးဇော်ဌေးအောင်က ပြောသည်။

အင်းလေးဒေသနည်းတူ ပုဂံဒေသသို့ လာရောက်မှုမှာလည်း နည်းသွားခဲ့ကြောင်း ပုဂံဒေသခံ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများထံမှ သတင်းရရှိသည်။

ယခုကဲ့သို့စပိန်နိုင်ငံသားများ လာရောက်မှုနည်းသွားသော်လည်း ဗြိတိန်နိုင်ငံသားများ ယခုနှစ်တွင် လာရောက်မှုများပြားလာကြောင်း ဦးဇော်ဌေးအောင်က ပြောသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့် ခရီးသည်ဝင်ရောက်မှုများခဲ့သော ၂၀၁၁ နှစ်ဆန်းပိုင်းမှစ၍ ရန်ကုန်မြို့ရှိ အဆင့်မြင့်ဟိုတယ်များ၏ အခန်းခဈေးနှုန်းများမှာ မြင့်တက်လာကြပြီး ၂၀၁၂ ခုနှစ်တွင် ၃၀၀ ရာခိုင်နှုန်းထိ မြင့်တက်လာသည်။

ထို့အပြင် ဈေးကွက်သစ်ရရှိလာသော အာဂျင်တီးနားနှင့်ဘရာဇီး ခရီးသွား ဧည့်သည်များသည်လည်း ဈေးနှုန်းကြီးမြင့်ခြင်းနှင့် အခန်း မရရှိခြင်းတို့ကြောင့် ခရီးစဉ်များဖျက်သိမ်းမှုများရှိလာကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စပိန်နိုင်ငံသားများသည် မြန်မာနိုင်ငံသို့မိုးတွင်းကာလတွင် လာရောက်လည်ပတ်လေ့ရှိပြီး ၂၀၁၁ ခုနှစ်က ၆,၈၈၉ ဦးလာရောက်လည်ပတ်ခဲ့သည်။

## ခရီးသွားသတင်းတိုများ

### ထိုင်းအဲဝေးက နေ့လယ်ခင်းခရီး စတင်ပျံသန်းမည်

အောင်သူရ

■ ထိုင်းအခြေစိုက် ထိုင်းအဲဝေး (TG) လေကြောင်းလိုင်းက ဩဂုတ် ၁၆ ရက်မှစ၍ နေ့လယ်ခရီးစဉ် တိုးချဲ့ပျံသန်းရန် စီစဉ်ထားကြောင်း အဆိုပါ လေကြောင်းလိုင်းမှတာဝန်ရှိသူက ပြောသည်။ လက်ရှိတွင် ထိုင်းလေကြောင်းလိုင်း (TG)သည် ရန်ကုန်-ဘန်ကောက် ခရီးစဉ်အား နေ့စဉ်တစ်နေ့ နှစ်ကြိမ်ပျံသန်းလျက်ရှိပြီး ဘန်ကောက်လေကြောင်းလိုင်း(PG)အဲအေးရှား၊ အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်း(MAI) တို့ကလည်း နေ့စဉ်ပျံသန်းလျက်ရှိသည်။

### ပင်းတယတွင် နိုင်ငံခြားသားတစ်ဦးလျှင် နှစ်ဒေါ်လာကောက်ခံ

အောင်သူရ

■ ရှမ်းပြည်နယ် ပင်းတယမြို့တွင် နိုင်ငံခြားသားများလာ ရောက်ပါက တစ်ဦးလျှင်အမေရိကန်နှစ်ဒေါ်လာစတင်ကောက်ခံနေကြောင်းသတင်းရရှိသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများအား ခရီးသွားကုမ္ပဏီများသို့ အကြောင်းကြားရန်နှင့် တစ်နေရာတည်းတွင် ကောက်ခံရန် ညှိနှိုင်းထားကြောင်းမြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (အင်းလေးဇုန်)ဥက္ကဋ္ဌဦးဇော်ဌေးအောင်က ပြောသည်။ ပင်းတယမြို့တွင် ယခင်ကတည်းက ရွှေဥမင်ဘုရားတွင်လည်း နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ သုံးဒေါ်လာကောက်ခံနေ၍ ထိုတစ်နေရာတည်း၌ပေါင်း၍ကောက်ခံရန် အကြံပြုထားခြင်းဖြစ်သည်။





























7 DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012

# ဗိုင်းရပ်စ်ပျံ့နှံ့မည်ကို စိုးရိမ်၍ ကမ္ဘောဒီးယားတွင် ကျောင်းများ ပိတ်ထား

**ဖနွမ်းပင်၊ ဇူလိုင် - ၁၈**
ကမ္ဘောဒီးယားနိုင်ငံတွင် ကလေးများ၌ လက်နှင့် ခြေထောက်တွင် အရည်ကြည်ဖုများ ပေါက်၍ ပါးစပ်တွင် အနာဖြစ်တတ်သော ဗိုင်းရပ်စ်ပျံ့နှံ့ခြင်းကို ကာကွယ်ရန် မူကြိုကျောင်းများနှင့် မူလတန်းကျောင်းများ အားလုံးကိုပိတ်ထားကြောင်း အစိုးရအရာရှိကြီးတစ်ဦး ကပြောကြားသည်။

EV-71 ဟုခေါ်သော ဗိုင်းရပ်စ်ကြောင့်ပြေီလမှစ၍ ကမ္ဘောဒီးယားနိုင်ငံတွင် ကလေးငယ် ၅၅ ဦးအသက်ဆုံးရှုံးခဲ့ပြီ ဖြစ်သည်။ ၎င်းရောဂါ ဖြစ်ပွားမှုအပေါ် ဒေသတွင်း အခြားနိုင်ငံများဖြစ်သော ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံများတို့တွင်လည်း စိုးရိမ်မှုများရှိနေသည်။ ယင်းနိုင်ငံများတွင် အဆိုပါရောဂါကို ရှာဖွေတွေ့ရှိထားသော်လည်း အသေအပျောက် မရှိသေးပေ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)၏အဆိုအရ ကမ္ဘောဒီးယားနိုင်ငံတွင်ရောဂါဖြစ်ပွားမှု ၆၁ ခုတွင် ကလေးငယ် ၅၅ ဦးသေဆုံးခဲ့ပြီဖြစ်သည်။ အများအားဖြင့် အသက် ၃ လနှင့် ၁၁ နှစ်ကြား ကလေးငယ်များ အသက်ဆုံးရှုံးခဲ့ကြသည်။

ကျောင်းများ ပိတ်ထားခြင်းမှာ အနည်းဆုံးရက်သတ္တပတ် ၁၀ ပတ်ကြာမြင့်မည်ဟု အရာရှိကြီး ကပြောကြားသည်။ ပုံမှန်အားဖြင့်လည်း ဩဂုတ်လကုန်တွင် ကျောင်းများပိတ်တော့မည်ဖြစ်ရာ နောက်ထပ်ရက်သတ္တပတ် နှစ်ပတ်စောင့်ဆိုင်းစရာမလိုဟု အရာရှိကြီးက ပြောသည်။ WHO ကမူ ဗိုင်းရပ်စ်အား ထိန်းချုပ်ထားနိုင်ပြီဖြစ်ရာ ကျောင်းများပိတ်ခြင်းမှာ မလိုလားအပ်သော ထိတ်လန့်မှုကို ဖြစ်ပေါ်စေနိုင်သည်ဟု ပြောကြားသည်။

—Ref: Reuters



Photo : AFP

# စင်ကာပူနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုတွင် မြေပြိုကျမှုကြောင့် ရှစ်ဦးဒဏ်ရာရ၍ နှစ်ဦးပျောက်ဆုံးနေ

**စင်ကာပူ၊ ဇူလိုင် - ၁၈**
စင်ကာပူနိုင်ငံမြို့လယ်မြေအောက်ရထားလမ်း ဘူဂစ်ဘူတာရုံအမိုးပြား ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အသုံးပြုသော ယာယီမြေစင်ပြိုကျခဲ့ရာ ပျောက်ဆုံးနေသော အလုပ်သမားနှစ်ဦးကို ကယ်ဆယ်ရေးအဖွဲ့က ရှာဖွေနေကြောင်း သိရသည်။

ယင်းအဖြစ်အပျက်တွင် အလုပ်သမား ရှစ်ဦးဒဏ်ရာရရှိခဲ့ပြီး ကယ်ဆယ်ရေးသမားများ ရောက်ရှိမလာခင်မှာပင် ၎င်းတို့အား နီးစပ်ရာ ရိုင်ဖယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။ ၎င်းအလုပ်သမားများမှာဒဏ်ရာ အနည်းငယ်သာရရှိခဲ့ပြီး တစ်ဦးမှာဆေးရုံမှ ဆင်းပေးလိုက်ပြီဖြစ်သည်။ မြေစင်ပြိုကျခြင်းမှာ နံနက် ၆ နာရီ မိနစ် ၅၀ တွင် ဖြစ်ပွားခဲ့သည်ဟု စင်ကာပူကုန်းလမ်းသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ (LTA)က ပြောကြားသည်။

မြေစင်မှာ ၄ မီတာခန့်မြင့်ပြီး ဒဏ်ရာရရှိသော အလုပ်သမားများမှာ မတော်တဆမှုဖြစ်ပွားချိန်တွင် မြေစင်ထိပ်ပိုင်း၌ အလုပ်လုပ်နေကြောင်း သိရသည်။

ယင်းအဖြစ်အပျက်ကို ကိုင်တွယ်ဖြေရှင်းရေးအတွက် ရဲတပ်ဖွဲ့နှင့် အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့များအားကူညီရန် LTA မှ အင်ဂျင်နီယာများလည်း ယင်းနေရာသို့ ရောက်ရှိနေသည်။ ရှာဖွေရေးခွေးနှစ်ကောင်ကိုလည်း မြေအောက်လုပ်ငန်းခွင်တွင် အသုံးပြုနေသည်ဟု ချန်နယ်နယူးစ်သတင်းထောက်က ပြောကြားသည်။

ပတ်ဝန်းကျင် ထိခိုက်မှုဧရိယာမှာ ၅ မီတာမှ ၁၀ မီတာအတွင်းသာရှိပြီး အခြားဘေးပတ်ဝန်းကျင်ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် အန္တရာယ်မရှိကြောင်း အဆိုပါဌာနက ပြောကြားသည်။ —*Ref: CNA*

# အိန္ဒိယနိုင်ငံက ကျောက်မီးသွေး ပိုမိုတင်သွင်းမည်

**နယူးဒေလီ၊ ဇူလိုင် - ၁၉**
အိန္ဒိယနိုင်ငံတွင် ကျောက်မီးသွေးလိုအပ်ချက် ပိုမိုမြင့်မားလာသောကြောင့် ၂၀၁၇ ခုနှစ်အရောက်တွင် အိန္ဒိယနိုင်ငံက ကျောက်မီးသွေး တန်ပေါင်း ၁၈၅ သန်း အထိ တင်သွင်းရလိမ့်မည်ဟု အစိုးရက ပြောကြားသည်။

အစိုးရ၏ စွမ်းအင်ကော်မရှင်က ထုတ်ပြန်သည့် ၂၀၁၂-၂၀၁၇ ခန့်မှန်းချက် အစီရင်ခံစာအရအိန္ဒိယနိုင်ငံတွင် ကျောက်မီးသွေးထုတ်လုပ်မှု တိုးမြှင့်ရန် အရေးတကြီး လုပ်ဆောင်ရမည်ဟု သတိပေးထားကြောင်း သိရသည်။ တစ်နှစ်လျှင်ပြည်တွင်းထုတ်လုပ်မှု ၇ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မလာပါက မူလခန့်မှန်းထားသည်ထက် နိုင်ငံခြားမှ ကျောက်မီးသွေးတင်သွင်းမှု မြင့်တက်လာမည်ဟု ကော်မရှင်က ပြောကြားသည်။

အိန္ဒိယနိုင်ငံသည်ကမ္ဘာပေါ်တွင်ပဉ္စမမြောက်အများဆုံး အရန်ကျောက်မီးသွေးများ ပိုင်ဆိုင်ထားသော်လည်း ယင်းကျောက်မီးသွေးကြောများမှာ အများအားဖြင့် သစ်တောများအောက်တွင် တည်ရှိနေရာ ကျောက်မီးသွေးတူးဖော်ထုတ်ယူရေး စီမံကိန်းများ အနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆန့်ကျင်မှုများ ရင်ဆိုင်နေရသည်။

အိန္ဒိယနိုင်ငံ၏ ကျောက်မီးသွေးလိုအပ်ချက်မှာ လွန်ခဲ့သော ၅ နှစ်အတွင်း နှစ်စဉ် ၈ ရာခိုင်နှုန်း အထိများပြားလာခဲ့သော်လည်း ထုတ်လုပ်မှုမှာ ၄ ဒသမ ၆၁ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏ ကျောက်မီးသွေးလိုအပ်ချက် ၈၀ ရာခိုင်နှုန်းအား အစိုးရကျောက်မီးသွေးကုမ္ပဏီ Coal India က ဖြည့်ဆည်းပေးနေကြောင်းသိရသည်။

—*Ref: UPI*



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012



# ရထားပြေးဆွဲမှု ပြတ်တောက်ခဲ့ခြင်းကြောင့် ကုမ္ပဏီကို စင်ကာပူဒေါ်လာနှစ်သန်း ဒဏ်တပ်ရိုက်

**စင်ကာပူ၊ ဇူလိုင် - ၁၈**

၂၀၁၁ ဒီဇင်ဘာလ ၁၅ နှင့် ၁၇ ရက်များတွင် ဖြစ်ပေါ်ခဲ့သော ရထားလိုင်း ပြတ်တောက်မှုများအတွက် SMRT ရထားလိုင်းကုမ္ပဏီအားစင်ကာပူကုန်းလမ်း ပို့ဆောင်ရေးအာဏာပိုင်အဖွဲ့က အမြင့်ဆုံး ဒဏ်ကြေးအဖြစ် စင်ကာပူဒေါ်လာနှစ်သန်း တပ်ရိုက်လိုက်ကြောင်း သိရသည်။

ရထားပြတ်တောက်မှုများကြောင့် ခရီးသွားပြည်သူနှစ်သိန်းကျော် ထိခိုက်ခဲ့ရသည်။ SMRT ကုမ္ပဏီသည် တောင်-မြောက် ရထားလိုင်းနှင့် အရှေ့-အနောက် ရထားလိုင်းများတွင် လိုက်နာရမည့် သတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်ခဲ့ကြောင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ စုံစမ်းစစ်ဆေးမှုများကတွေ့ရှိခဲ့သည်။

အဖြစ်အပျက်နှစ်ခုစလုံးတွင် SMRT ကုမ္ပဏီသည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စံချိန်စံညွှန်းများကို ချိုးဖောက်ခဲ့သည်ကိုတွေ့ရသည်ဟု အာဏာပိုင်အဖွဲ့ အစီရင်ခံစာက ဖော်ပြထားသည်။

Rapid Transit System ဥပဒေအခန်း (၁၉)အရ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စံချိန်စံညွှန်းများကိုချိုးဖောက်ခဲ့ပါက အဖြစ်အပျက်တစ်ခုစီအတွက် ဒဏ်ငွေစင်ကာပူဒေါ်လာတစ်သန်းအထိ တပ်ရိုက်နိုင်ကြောင်းပြဌာန်းထားသည်။ ယခုကောက်ခံရရှိသော ဒဏ်ငွေနှစ်သန်းအား ပြည်သူ့သယ်ယူပို့ဆောင်ရေး ရန်ပုံငွေသို့ လှူဒါန်းသွားမည်ဖြစ်ပြီး ဆင်းရဲသားမိသားစုများတွက် ယာဉ်စီးခများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

—*Ref: CNA*

## နောက်ကျောဖုံး - သေနတ်ပစ်ခံရသူများကို နှစ်သိမ့်ရန် သမ္မတအိုဘားမား ကိုလိုရာဒိုပြည်နယ်သို့ သွားရောက် မှ



တစ်နိုင်ငံလုံးက ၎င်းတို့၏ ဝမ်းနည်းပူဆွေးမှုကို မျှဝေခံစားရပါသည်ဟု သေဆုံးခဲ့သူများ၏ မိသားစုဝင်များအား ပြောကြားခဲ့သည့်ဟု အိုဘားမားက ရုပ်သံမှ ပြောကြားသည်။ နိုင်ငံတစ်ဝန်းတွင်လည်း ကိုလိုရာဒိုသေဆုံးသူများအတွက် အောက်မေ့သတိရဆုတောင်းပွဲများကျင်းပခဲ့ကြောင်း သိရသည်။

ဘွဲ့လွန်ကျောင်းသား ဂျိမ်းအီရန်ဟုမ်းသည် တိုက်ခိုက်ရေးရိုင်ဖယ်နှင့် အခြားသေနတ်နှစ်လက်နှင့်အတူ Dark Knight Rises ဟု အမည်ပေးထားသော လင်းနို့လူသားရုပ်ရှင်ကား စတင်ပြသသည့် ရုပ်ရှင်ရုံအတွင်းသို့ ညပွဲစဉ်တွင် ဝင်ရောက်ကာ တရစပ်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၄နှစ်အရွယ် သေနတ်သမားသည် အဘယ့်ကြောင့် ဤသို့ ပြုမူသည်ကို သဲလွန်စမရသေးကြောင်း၊ ရဲတပ်ဖွဲ့နှင့်လည်း ပူးပေါင်းဆောင်ရွက်မှုမရှိကြောင်း ကိုလိုရာဒိုပြည်နယ် အုပ်ချုပ်ရေးမှူးဂျွန်ဟစ်ကင်လူပါက NBC ရုပ်သံသို့ပြောကြားသည်။

အမေရိကန်နိုင်ငံသမိုင်းတွင် သေနတ်ဖြင့် အဆိုးရွားဆုံး ရမ်းကားမှုကျူးလွန်သူ ဂျိမ်းဟုမ်းကို ဇူလိုင်လ ၂၃ ရက်တွင် စတင်ရုံးတင်စစ်ဆေးမည်ဖြစ်သည်။

—*Ref: AP*

## နောက်ကျောဖုံး - ဘဏ္ဍာရေးဝန်ကြီးဟောင်း အိန္ဒိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရ မှ

သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် မစ္စတာမူကာဂျီးအား ဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ကွန်ဂရက်ပါတီဥက္ကဋ္ဌ မစ္စဆိုနီယာဂန္ဒီတို့က ၎င်း၏နေအိမ်သို့ သွားရောက်ဂုဏ်ပြုစကား ပြောကြားခဲ့ကြောင်း သိရသည်။

—*Ref: AP/The Hindu*



# Leader's Profile

## အာဖရိကသမဂ္ဂကော်မရှင်၏ ပထမဦးဆုံး အမျိုးသမီးဥက္ကဋ္ဌ

## မစ္စဒလာမီနီဇူးမား

ရဲမင်း

မစ္စငိုဆာဇာနာဒလာမီနီဇူးမားသည် တောင်အာဖရိက နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ယခင်အသားအရောင်ခွဲခြားမှုဆန့်ကျင်ရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည်။ တောင်အာဖရိက သမ္မတနယ်လ်ဆင်မင်ဒဲလား လက်ထက်မှစ၍ တောင်အာဖရိက အစိုးရအဆက်ဆက်တွင် ဝန်ကြီးဌာနအသီးသီးတွင်တာဝန်ယူခဲ့ပြီး ၂၀၁၂ ခုနှစ် ဇူလိုင်လ ၁၅ ရက်တွင် အာဖရိကသမဂ္ဂကော်မရှင်၏ ပထမဦးဆုံး အမျိုးသမီးဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

ဒလာမီနီဇူးမားသည် ဇူလူးလူမျိုးဖြစ်ပြီး တောင်အာဖရိကနိုင်ငံနာတယ်ပြည်နယ်၌ ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်တွင် မွေးဖွားခဲ့သည်။ မွေးချင်းရှစ်ယောက်အနက် အကြီးဆုံးသမီးဖြစ်သည်။ ၁၉၆၇ ခုနှစ်တွင် လေ့ကျင့်ရေးကျောင်းမှ အထက်တန်းပညာပြီးဆုံးခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် ဇူးလူးလန်းတက္ကသိုလ်မှ သတ္တဗေဒနှင့် ရုက္ခဗေဒ အထူးပြုဘာသာတွဲဖြင့် တက္ကသိုလ်ပညာရေးစတင်ခဲ့ပြီး သိပ္ပံဘွဲ့ရရှိကာ နာတယ်လ်တက္ကသိုလ်တွင်ဆေးပညာရပ်များစတင်သင်ယူခဲ့သည်။

သို့သော် ယင်းနှစ်များအတွင်းမှာပင် ဒလာမီနီဇူးမားသည် ထိုစဉ်က ပိတ်ပင်ထားခဲ့သော အာဖရိကအမျိုးသား ကွန်ဂရက်ပါတီ (ANC) ၏မြေအောက်အဖွဲ့ဝင်ဖြစ်လာပြီး တောင်အာဖရိက ကျောင်းသား အစည်းအရုံးသို့လည်းဝင်ရောက်ကာ ၁၉၇၆ ခုနှစ်တွင်ယင်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။ ယင်းနှစ်မှာပင် ဒလာမီနီဇူးမားသည် နိုင်ငံမှထွက်ပြေးခိုလှုံကာ ၁၉၇၈ ခုနှစ်တွင် အင်္ဂလန် ဘရစ်စတိုးလ်တက္ကသိုလ်မှ ဆေးပညာဘွဲ့ရရှိခဲ့သည်။

ယင်းနောက် မစ္စဒလာမီနီဇူးမားသည် အိမ်နီးချင်း ဆွာဇီလန်နိုင်ငံအစိုးရ ဆေးရုံတစ်ရုံတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ဗြိတိန်နိုင်ငံသို့ ထပ်မံသွားရောက်၍ လီဗာပူးတက္ကသိုလ်မှ အပူပိုင်းဒေသကလေးများ ကျန်းမာရေးဒီပလိုမာထပ်မံရယူကာ ANC ၏ဒေသဆိုင်ရာ ကျန်းမာရေးကော်မတီ၌ ဝင်ရောက်လုပ်ကိုင်ခဲ့သလိုနောက်ပိုင်းတွင် ဗြိတိန်မှ အစိုးရမဟုတ်သောအဖွဲ့အစည်းဖြစ်သည့်Health and Refugee Trust အဖွဲ့တွင် ဒါရိုက်တာအဖြစ်တာဝန်ယူဆောင်ရွက်သည်။

၁၉၉၄ ခုနှစ် သမ္မတ နယ်လ်ဆင်မင်ဒဲလား လက်ထက်တွင် မစ္စဒလာမီနီဇူးမားကို ကျန်းမာရေးဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။ ၁၉၉၉ ခုနှစ်တွင် သမ္မတနယ်လ်ဆင်မင်ဒဲလား အနားယူပြီး သမ္မတသာဘိုအမ်ဘီကီ လက်ထက်တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ယင်းနောက် ၂၀၀၈ ခုနှစ်တွင် ဝန်ကြီးအဖွဲ့မှနုတ်ထွက်ခဲ့သော်လည်း ထိုစဉ်က သမ္မတဂါလီမာမော်လန်သီက နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆက်လက်ခန့်အပ်ခဲ့သည်။ သူမ၏ခင်ပွန်းဟောင်း ဂျက်ကော့ဇူးမားလက်ထက်တွင်မူ ပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင်မူ မစ္စဒလာမီနီဇူးမားသည် အာဖရိက သမဂ္ဂကော်မရှင်ဥက္ကဋ္ဌနေရာအတွက် လက်ရှိဥက္ကဋ္ဌဂျင်ပင်းနှင့် ယှဉ်ပြိုင်ခဲ့သည်။ မဲခွဲဆုံးဖြတ်မှုမှာ အကြိတ်အနယ်ရှိခဲ့ပြီး သုံးချီမြောက် မဲခွဲဆုံးဖြတ်ပြီးမှသာ အနိုင်အရှုံးကွဲပြားပြီး မစ္စဒလာမီနီဇူးမားလည်း အာဖရိကသမဂ္ဂကော်မရှင်၏ ပထမဦးဆုံးအမျိုးသမီးဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

မစ္စဒလာမီနီဇူးမားသည် ခင်ပွန်းဟောင်း တောင်အာဖရိက သမ္မတဂျက်ကော့ဇူးမားနှင့် သားသမီးလေးဦး ထွန်းကားခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် အိမ်ထောင်ရေးလမ်းခွဲခဲ့သည်။

—*Ref: Wikipedia*



Photo : AFP

## နောက်ကျောဖုံး - ဘေဂျင်း၌ ဖြစ်တောင့်ဖြစ်ခဲ မုန်တိုင်းများကြောင့် တရုတ်နိုင်ငံတွင် လူ ၂၀ သေဆုံး မှ

ဇူလိုင် ၂၁ ရက်(စနေနေ့)ညပိုင်းတွင် ရွာသွန်းသောမိုးများကြောင့်သစ်ပင်များပြိုလဲကာကားများနှင့်ဘတ်စ်ကားများမှာခါးလယ်ခန့်ရှိသော ရေကြီးမှုတွင် ပိတ်မိနေခဲ့သည်။ ဘေဂျင်းမြို့အရှေ့ပိုင်း ဆင်ခြေဖုံးတောင်ဇူးခရိုင်တွင် အိမ်အမိုးများပြိုကျ၍ လူနှစ်ဦးသေဆုံးရာ၌ မိုးကြိုးပစ်၍ တစ်ဦးသေဆုံးပြီး ဓာတ်လိုက်၍ တစ်ဦးသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနကပြောကြားသည်။

နိုင်ငံအနောက်ပိုင်း စီချွမ်ခရိုင်တွင် မိုးများ၍ မြေပြိုကျမှုများကြောင့် ခြောက်ဦးသေဆုံးခဲ့သည်။ နိုင်ငံမြောက်ပိုင်း ရှန်စီခရိုင်တွင် မြစ်ရေလျှံ၍ ကုန်တင်ကားတစ်စီးမျောပါခဲ့ရာ လူလေးဦးသေဆုံးခဲ့သည်။

လာမည့် ၂၄ နာရီအတွင်း တီယန်ဂျင်းခရိုင်၊ မွန်ဂိုလီးယားအတွင်းပိုင်း၊ စီချွမ်၊ ယူနန်၊ ဂွမ်ဒေါင်းနှင့် ဟိုင်နန်ခရိုင်ဒေသကြီးများတွင် မုန်တိုင်းများ ထပ်မံဝင်ရောက်နိုင်ကြောင်း အစိုးရကသတိပေးပြောကြားထားသည်။

တရုတ်နိုင်ငံတွင် နှစ်စဉ် နွေရာသီ မိုးသက်မုန်တိုင်းကာလအတွင်း ရေကြီးမှုနှင့် သေဆုံးမှုများဖြစ်ပေါ်လေ့ရှိသော်လည်း ဘေဂျင်းကဲ့သို့ ခြောက်သွေ့သောဒေသများ၌ ယင်းသို့ ရေလျှံမှုများဖြစ်လေ့မရှိကြောင်း သိရသည်။

—*Ref: AP*

7DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012

# "ကျွန်တော်တို့ အောင်မြင်ချင်တဲ့ ပြုပြင်ပြောင်းလဲရေးတစ်ခုက ဥပဒေစိုးမိုးမှုရှိဖို့ပါ"

## မက္ကဆီကို သမ္မတသစ်ဖြစ်လာမည့် ပီညာနီတိုနှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**



နာမည်အပြည့်အစုံက ဟင်းနရစ်ပင်ညာနီတိုလို့ ခေါ်တဲ့ ပင်ညာနီတိုဟာ ပြီးခဲ့တဲ့ဇူလိုင်လ ၁ ရက်ကပဲ မက္ကဆီကိုရဲ့ နောက်တက်မယ့် သမ္မတအဖြစ် ရွေးချယ်ခံထားရသူဖြစ်ပါတယ်။ ၎င်းဟာလာမယ့် ဒီဇင်ဘာ ၁ ရက်မှာသမ္မတအဖြစ် စတင်ထမ်းဆောင်မှာဖြစ်ပြီး လက်ရှိသမ္မတ ဖိလစ်ပီကယ်လ်ဒါရွန်အစိုးရနဲ့ မတူတဲ့ပေါ်လစီတွေ ရည်မှန်းချက်တွေနဲ့နိုင်ငံကို ဦးဆောင်ရတော့မှာပါ။ နီတိုဟာInstitutional Revolutionary Party (PRI) ကို ဦးဆောင်ကာ နှစ်ပေါင်း ခုနစ်ဆယ်ခန့်အတွင်း ပါတီကို အာဏာပြန်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ၁၉၆၉ ခုနှစ်မှာ မွေးဖွားခဲ့ ပြီး အသက် ၄၅ နှစ်ခန့်သာရှိ သေးတဲ့ ၎င်းဟာ စီးပွားရေးတိုးတက်မှုနှေးကွေးပြီး ၂၀၀၆ ကစလို့ မူးယစ်ဆေးဝါးဂိုဏ်းတွေနဲ့တိုက်ခိုက်ခံနေရမှုမှာ လူပေါင်း ၅၅,၀၀၀ ကျော်သေဆုံးခဲ့ရပေမယ့် မပြီးပြတ်နိုင်သေးတဲ့ လုံခြုံရေး ပြဿနာတွေများစွာနဲ့ ရင်ဆိုင်နေရတဲ့မက္ကဆီကို ဆိုတဲ့ယာဉ်ကိုမကြာခင်မောင်းနှင်ရတော့မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းမ်မဂ္ဂဇင်းရဲ့ တင်မ်ပါဂျက်နဲ့ ဒေါ်လီမာစကာရီညာတို့က မကြာသေးမီက ၎င်းနဲ့ တွေ့ဆုံမေးမြန်းဖြစ်ခဲ့တာတွေကို ပြန်လည်ဖော်ပြပေးလိုက်ပါတယ်။

**လူကြီးမင်းဟာ ကိုယ့်ကိုယ်ကိုယ် PRI ပါတီရဲ့ "မျက်နှာသစ်" လို့ခေါ်ခဲ့တယ်။ နိုင်ငံရေးဆန်းစစ်သူအများအပြားကလည်း လူကြီးမင်း မက္ကဆီကို ပြည်နယ်အုပ်ချုပ်ရေးမှူးဖြစ်စဉ် ၂၀၀၅-၁၁ ကာလက တိုးတက်မှုရှိခဲ့တဲ့ အုပ်ချုပ်ရေးနဲ့ ပတ်သက်လို့လည်း အမှတ်ပေးထားကြတယ်။ ဒါပေမဲ့ ဝေဖန်သူတွေကတော့ လူကြီးမင်းဟာ PRI ရဲ့ ခြစားမှုအတွက်၊ ဒီမိုကရက်တစ်မဆန်တဲ့အစောင့်အကြပ်ဟောင်းတွေအတွက် ရုပ်ထွက်ကောင်းတဲ့ ရှေ့တန်းလူတစ်ဦးပဲလို့သာ ပြောနေကြပါတယ်။ ပါတီရဲ့ ဒိုင်နိုဆောကြီးတွေလို့ခေါ်တဲ့သူတွေအတွက်ပေါ့လေ။**

ဒီလိုနှိုင်းယှဉ်ခြင်းဟာ ဒီမိုကရက်တစ်မဆန်တဲ့ လှုပ်ရှားမှုအစိတ်အပိုင်းတစ်ခုပဲလို့ ကျွန်တော်ထင်ပါတယ်။ ဒီမိုကရေစီက ကွဲပြားခြားနားတဲ့ နိုင်ငံရေးအင်အားစု အားလုံးကို တည်ရှိမှု၊ ပါဝင်ပတ်သက်မှုကို တောင်းဆိုတာပါ။ ပြီးတော့ PRI ကလည်း မက္ကဆီကိုလူ့အဖွဲ့အစည်းနဲ့ ရင်းရင်းနှီးနှီးထိတွေ့နေတဲ့ ရှင်သန်နေတဲ့ နိုင်ငံရေးအင်အားစု တစ်ရပ်ဖြစ်ပြီးမျက်ကွယ်မပြုနိုင်လောက်အောင်ထောက်ခံမှုအကြီးကြီး ရထားပါတယ်။PRIဟာ အပြည့်အဝပြောင်းလဲခဲ့ပါပြီ။ ဘာကြောင့်လဲဆိုတော့မက္ကဆီကိုကလည်း ပြောင်းခဲ့လို့ပဲ။ ဒီနေ့ကာလမှာ ဒါဟာ နောက်ထပ်မက္ကဆီကိုတစ်ခုပဲ။ ဒီမိုကရက်တစ်ယဉ်ကျေးမှုတစ်ရပ်ပဲ။ ကျွန်တော်တို့ဟာ အတိအကျပဲ နောက်ထပ်တစ်ကြိမ် ပြင်းပြင်းထန်ထန် ယှဉ်ပြိုင်နေကြပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်တော်တို့ရဲ့ အဆိုပြုချက်တွေက မက္ကဆီကိုမှာ အပြောင်းအလဲပိုဖြစ်ဖို့ ကတိပေးနေလို့ပါပဲ။

**စိုးရိမ်ပူပန်မှု တစ်ခုရှိတဲ့အထဲမှာ အထူးသဖြင့် အမေရိကန်ဘက်ကလည်း လူကြီးမင်းဟာ မူးယစ်ဆေးမှောင်ခိုမှုနဲ့ ပတ်သက်လို့ ပျော့ပျော့ပျောင်းပျောင်း ကိုင်တွယ်သွားဖို့ ရည်ရွယ်တယ်လို့ စိုးရိမ်နေပါတယ်။ ၂၀ ရာစုထဲမှာ တုန်းက PRI ဟာအဲဒီလို လုပ်ခဲ့တယ်လို့စွပ်စွဲခံရဖူးတယ် ဆိုတော့လေ။**

ကျွန်တော်ရှင်းရှင်းလင်းလင်း အချက်ပြချင်တာကတော့ အုပ်စုဖွဲ့လုပ်ဆောင်တဲ့ ရာဇဝတ်မှု ဒါမှမဟုတ် မူးယစ်ဆေးရောင်းဝယ်တင်ပို့မှုတွေနဲ့ နားလည်မှုယူတာမျိုး၊ စာချုပ်ချုပ်ထားတာမျိုး ရှိမှာမဟုတ်ဘူးဆိုတာပါ။ ကျွန်တော်တို့ဟာ ဒီကိစ္စကို ရှေ့တန်းကနေ တိုက်ခိုက်သွားတော့မှာပါ။ ကျွန်တော်တို့ အောင်မြင်ချင်တဲ့ အရေးပါဆုံး ပြုပြင်ပြောင်းလဲရေးတစ်ခုက မက္ကဆီကိုမှာ ဥပဒေစိုးမိုးမှုရှိဖို့ အဖွဲ့အစည်း အဆောက်အအုံတွေထဲမှာ ယုံကြည်မှု တည်ဆောက်ဖို့ဖြစ်ပါတယ်။

**ဒါပေမဲ့ တော်တော်များများကတော့ လူကြီးမင်းရဲ့ မဲဆွယ်ဟောပြောမှုမှာ မူးယစ်ဆေးတားမြစ်ရေးကိစ္စကို လျှော့ချဖို့ပြောဆိုပြီး ပြောင်းလဲထားတဲ့ မဟာဗျူဟာတစ်ရပ်ကိုပဲ ညွှန်ပြခဲ့တယ်ဆိုပါတယ်။**

ကျွန်တော်တို့ ချိန်ညှိရမယ့် မဟာဗျူဟာ၊ ဦးစားပေးလုပ်ငန်းဟာ အကြမ်းဖက်မှုလျှော့ချရေးဆိုတာ သံသယဖြစ်စရာ မလိုပါဘူး။ ပြီးတော့ အဲဒီအကြမ်းဖက်မှုကလည်း ကံမကောင်းလှစွာဘဲ လက်ရှိသမ္မတကယ်လ်ဒါရွန်အစိုးရက လုပ်ဆောင်ခဲ့တဲ့ စစ်ရေးမဟာဗျူဟာရဲ့ ရလဒ်တစ်စိတ်တစ်ပိုင်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ဒီလို နည်းနဲ့တော့ ဆက်မလုပ်နိုင်ပါဘူး။ ဒါ့ကြောင့် အဓိကရာဇဝတ်မှုသုံးမျိုးဖြစ်တဲ့ သတ်ဖြတ်မှု၊ ပြန်ပေးဆွဲမှုနဲ့ ခြိမ်းခြောက်မှုတွေကို အာရုံစိုက်မယ့် မဟာဗျူဟာကို ကျွန်တော်တို့ လုပ်ဆောင်သွားတော့မှာပါ။ ဒါပေမဲ့ မူးယစ်ဆေးမှောင်ခိုသမားတွေ အပါအဝင် အုပ်စုဖွဲ့ ရာဇဝတ်ဂိုဏ်းတွေကို အမြစ်ပြတ်ချေမှုန်းဖို့က ကျွန်တော်တို့တာဝန်ဖြစ်တာ မမှားပါဘူး။

**မက္ကဆီကိုရဲ့ နောက်ထပ်စိန်ခေါ်မှုကြီးတစ်ခုကတော့ ၂၀၀၀ ပြည့်နှစ်ကတည်းက တစ်နှစ် ပျမ်းမျှ နှစ်ရာခိုင်နှုန်း တိုးတက်မှုပဲရှိနေတဲ့ စိတ်ပျက်စရာ စီးပွားရေးပဲနော်။**

မက္ကဆီကိုဟာ သူ့ရဲ့ စစ်မှန်တဲ့စီးပွားရေး အလားအလာကို ပေါက်ကွဲစေမယ့် ပြည်သူ့ဘဝသက်သာချောင်ချိရေး ပိုဖြစ်စေမယ့် အဖွဲ့အစည်း အဆောက်အအုံပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတွေ အများကြီးလုပ်ဖို့ အရေးပေါ်လိုအပ်နေပါတယ်။ စွမ်းအင်၊ လုပ်အား၊ အခွန်နဲ့ လူမှုဖူလုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးတွေဟာ မရှိမဖြစ် လုပ်ရမှာဖြစ်ပါတယ်။

**အဲဒီအထဲမှာ စီးပွားရေးအလားအလာကို ခုတ်ဖြတ်နေတဲ့ မက္ကဆီကို ဈေးကွက်တွေရဲ့ ၉၅ ရာခိုင်နှုန်းလောက်ကို ထိန်းချုပ်ထားတဲ့ တချို့သော စီးပွားရေးလက်ဝါးကြီးအုပ်မှုတွေကို ရင်ဆိုင်တွေ့ရမှာတွေ ရှိပါသလား။**

ဟုတ်ကဲ့။ အဲဒါဟာလည်း ဖွဲ့စည်းပုံအဆောက်အအုံအလိုက် ပြုပြင်ပြောင်းလဲရေးရဲ့ အစိတ်အပိုင်းတစ်ရပ်ပါ။ ကျွန်တော်အဆိုပြုတင်ပြခဲ့တဲ့ အထူးဘဏ္ဍာရေးဆိုင်ရာ တရားရုံးတွေလည်း အပါအဝင်ပေါ့။

**စွမ်းအင်ကဏ္ဍပြုပြင်ပြောင်းလဲရေးမှာလည်း လူကြီးမင်းဟာ မက္ကဆီကိုရဲ့ နိုင်ငံပိုင်ရေနံကဏ္ဍလက်ဝါးကြီးအုပ် ကုမ္ပဏီ Pemex မှာပုဂ္ဂလိကပိုင်းနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို တောင်မှ အခြေခံဥပဒေအရ အာမခံခွင့်ပြုချက်ပေးဖို့ အဆိုပြုထားခဲ့တယ်။ ဒီအချက်က ဘာ့ကြောင့် လူကြီးမင်းရဲ့ စိတ်ထဲမှာ စီးပွားရေးတိုးတက်မှုပြန်မြင့်လာရေးအတွက် အဓိကအချက် ဖြစ်နေရတာလဲ။**

ကမ္ဘာကြီးက ပြောင်းနေပါပြီ။ မက္ကဆီကိုလည်း ဒီကိစ္စမှာ (ဘရာဇီးရဲ့ နိုင်ငံပိုင် ရေနံကုမ္ပဏီတွေဖြစ်တဲ့ ပီထရိုဘရာ့စ်လို ကုမ္ပဏီတွေရဲ့) နောက်မှာ ကျန်မနေနိုင်တော့ပါဘူး။ ကျွန်တော်တို့ဟာ Pemex ရဲ့ ထုတ်လုပ်မှု စွမ်းရည်ကို တိုးပွားအောင် လုပ်ရပါမယ်။ ဒီလိုလုပ်ဖို့လည်း ကျွန်တော်တို့ဟာ မက္ကဆီကို နိုင်ငံတော်ရဲ့ ပိုင်ဆိုင်မှုဝေစုကို အဆုံးရှုံးမခံဘဲ ပုဂ္ဂလိက ကဏ္ဍက ပိုမိုပါဝင်မှုကို ခွင့်ပြုပေးရပါမယ်။

**ဝါရှင်တန်ကတော့ ဒီစိတ်ကူးကို အထင်အရှားပဲ ကြိုက်ပါတယ်။ ဒါပေမဲ့ လူကြီးမင်းဟာ အမေရိကန်နဲ့ ဆက်ဆံရာမှာ လူဝင်မှုကြီးကြပ်ရေးလို ကိစ္စမျိုးတွေမှာရော အောင်မြင်အောင် လုပ်နိုင်ပါ့မလား။**

မက္ကဆီကိုနဲ့ အမေရိကန်ကို ကမ္ဘာနဲ့ပိုကောင်းအောင် ယှဉ်ပြိုင်ရာမှာ အထူးသဖြင့် အာရှနဲ့ ပစိဖိတ်ဒေသက စီးပွားရေးအင်အားကြီးနိုင်ငံတွေနဲ့ အတူတကွယှဉ်ပြိုင်ရာမှာ ပိုကောင်းအောင် ကူညီနိုင်မယ့် နှစ်နိုင်ငံ ပူးပေါင်းမှုတစ်ခုကိုကျွန်တော်လုပ်ချင်ပါတယ်။ အဲဒီပူးပေါင်းမှုရဲ့ အစိတ်အပိုင်းကြီးတစ်ရပ်ကတော့ လူဝင်မှုပြုပြင်ပြောင်းလဲရေး ဖြစ်ပြီး ကျွန်တော်တို့စီးပွားရေးတွေ နှစ်ခုစလုံးအတွက် လိုအပ်ချက်တွေကို ဖြည့်စွမ်းပေးနိုင်မယ့်လက်ခံနိုင်လောက်တဲ့ သိက္ခာရှိတဲ့ လုပ်သားစီးဆင်းမှုကို ဖန်တီးပေးနိုင်ရပါမယ်။ ကျွန်တော်အာဏာရနေစဉ်အတွင်း ဒါကိုမြှင့်တင်နိုင်ဖို့လုပ်နိုင်သမျှ အားလုံးကို လုပ်ဆောင်သွားမှာပါ။

**နှစ်နိုင်ငံဆက်ဆံရေးမှာ နောက်ထပ်အငြင်းပွားစရာ တစ်ခုကတော့ အမေရိကန်ကနေ မက္ကဆီကိုနိုင်ငံထဲကို စွမ်းအားမြင့်သေနတ်တွေ မှောင်ခိုသွင်းနေတဲ့ ကိစ္စပါ။ ဒီပြဿနာမှာရော ဝါရှင်တန်ကို ပိုပြီးခိုင်ခိုင်မာမာ ကိုင်တွယ်ဖို့ လူကြီးမင်းလုပ်နိုင်ပါ့မလား။**

ဒီလိုမျိုးနယ်စပ်ရေးရာ ကိစ္စတွေနဲ့ပတ်သက်လို့ မက္ကဆီကိုရဲ့ အချုပ်အခြာအာဏာကို လေးစားတဲ့ ပူးပေါင်းဆောင်ရွက်မှုမျိုးနဲ့ပိုလက်တွဲဆောင်ရွက်မှုကို ဖွံ့ဖြိုးနိုင်ဖို့ကျွန်တော်တို့မျှော်လင့်ပါတယ်။

**ဒီနှစ်ကမ္ဘာ့စီးပွားရေး ဖိုရမ်မှာ လူကြီးမင်းက မက္ကဆီကိုဟာ လက်တင်အမေရိကနဲ့ ကမ္ဘာမှာ သူ့ရဲ့ ခေါင်းဆောင်မှုကို ဆုံးရှုံးရတော့မယ့်ပုံ ပေါ်နေတယ်လို့ ပြောခဲ့တယ်။ ခေါင်းဆောင်မှုပြန်ရအောင် လူကြီးမင်းဘာတွေလုပ်ဆောင်သွားမှာပါလဲ။**

မက္ကဆီကိုရဲ့ ပုံရိပ်ဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်း လေးအီနေတဲ့ စီးပွားရေးရယ်၊ အကြမ်းဖက်မှုတွေရယ်ကြောင့် ပျက်ယွင်းခဲ့ရပါတယ်။ အဲဒီပြဿနာတွေက ကျွန်တော်တို့ကို မတည်ငြိမ်တဲ့ နိုင်ငံခြားရေးပေါ်လစီတစ်ရပ်နဲ့ ချန်ထားခဲ့တယ်။ ကျွန်တော့်အစိုးရရဲ့ ရည်မှန်းချက်ကြီးတွေထဲ တစ်ခုက နောက်တစ်ကြိမ် ပြန်နေရာချနိုင်ရေးပါ။ ဆိုလိုတာက ကျွန်တော်ဟာ ငြိမ်းချမ်းရေးပြန်ရရေးနဲ့ စီးပွားရေးတိုးတက်မှုပြန်ရှင်သန်ရေးကို အာရုံစိုက်တော့မယ်ဆိုတာပါ။ ဒါတင်မကဘဲ နိုင်ငံတကာ မြင်ကွင်းမှာလည်း မက္ကဆီကိုဟာ သူ့ရဲ့လူမျိုးရေး၊ စီးပွားရေးနဲ့ ယဉ်ကျေးမှုအနေအထားနဲ့အတူ အချိုးကျ ကိုက်ညီလာအောင် ပိုပြီး တက်တက်ကြွကြွဖြစ်လာရပါမယ်။

*—Ref: 'Pena Nieto Telds TIME: I want to make mexico an emerging Power again. Time July 12*

Entertainment

7 DAY NEWS JOURNAL

Vol.11, No.20 • JULY 26 , 2012



# နိုင်ငံတကာကိုဖောက်ဖို့ ဂီတပုံစံအသစ်တွေ လိုအပ်တယ်လို့ပြောတဲ့ အောင်လ

ကြူကြူဟန်

ရန်ကုန်၊ဇူလိုင်-၂၀

ရှိုးပွဲတိုင်းတွင်လည်း ပရိသတ်အား ပေးမှုကို အမြဲရရှိနေသော အောင်လက ဂီတကို နိုင်ငံတကာသို့ ထိုးဖောက်နိုင်ဖို့က ကိုယ်လုပ်တဲ့ အလုပ်ပေါ် တာဝန်ယူသည့် စိတ်ရှိပြီး ဂီတပုံစံအသစ်များကို ချပြနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်းပြောသည်။

ဂီတကို နိုင်ငံတကာသို့ ထိုးဖောက်နိုင်အောင် ဘာတွေလိုအပ်မလဲဟု မေးမြန်းရာ "အဓိကကတော့ အနုပညာဝမ်းစာပြည့်ရမယ်။ ကိုယ်လုပ်တဲ့အလုပ်ပေါ် မှာ တာဝန်ယူတဲ့စိတ်ရှိရမယ်။ Own Tune ဖြစ်ရမယ်။ Music ပုံစံကတစ်ကမ္ဘာလုံးက သူများလုပ်ပြီးသား Music ပုံစံမျိုးဆိုရင် ဘာမှမထူးဘူးလေ။ Music ပုံစံအသစ်တိုင်း ချပြနိုင်ရမယ်ပေ့ါ"ဟုအောင်လကပြောသည်။ အောင်လသည် သူ၏ဒုတိယအယ်လ်ဘမ်ကို 'ပင်လယ်ထဲက မြစ်များ' ဟု အမည်ပေးထားကာ ထိုအယ်လ် ဘမ်တွင် Big Bag နှင့် အတူ အင်္ဂလိပ်သီချင်းတစ်ပုဒ်လည်း သီဆိုထားပြီး Mixing ပေါ်မူတည်၍ Mixing ပြီးသည်နှင့် ထွက်ရှိမည်ဖြစ်ကြောင်း အောင်လကပြောသည်။

"ရေးတာကများသောအားဖြင့် ကျွန်တော်ပဲ၊ အတွဲသီချင်းတွေပါမယ်။ Wantedနဲ့တစ်ပုဒ်၊ Idiot နဲ့တစ်ပုဒ်၊ Big Bag နဲ့တစ်ပုဒ်၊ အတွဲတွေက သူတို့အပိုဒ်သူတို့ရေးကြတာ အတွဲသုံးပုဒ်ပါမယ်။ Big Bag နဲ့တစ်ပုဒ်က အင်္ဂလိပ်သီချင်းပါ"ဟု အောင်လကပြောသည်။

'ပင်လယ်ထဲက မြစ်များ' အယ်လ်ဘမ်တွင် သီချင်း ၁၅ပုဒ် ပါဝင်မည်ဖြစ်ပြီး သီချင်းများကို ကိုယ်တိုင်ရေးသားထားသဖြင့် သီချင်းရေးခမကုန်သည့်အတွက် ယခုလို သီချင်း ၁၅ပုဒ် စီစဉ်ဖြစ်ခဲ့ကြောင်း အောင်လကပြောသည်။

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



# ဂျပန်မှာ ဆုနှစ်ဆုဆွတ်ခူးခဲ့တဲ့ 2 PM

ဆိုးလ်၊ ဇူလိုင် - ၁၇

ကိုရီးယားပေါ့ပ်ဂီတအဖွဲ့ 2PM သည် ဂျပန်မှ Tower Records ဂီတကုမ္ပဏီက ပေးအပ်သော 'အကောင်းဆုံး အနုပညာရှင်ဆု' နှင့် 'အကောင်းဆုံး ဆင်ဂဲလ်ခွေ' ဆုများကို ဆွတ်ခူးခဲ့ကြောင်းသိရသည်။ ယင်းကုမ္ပဏီသည် ဆုရရှိသည့် အယ်လ်ဘမ်များနှင့် အဖွဲ့များစာရင်းကို ဇူလိုင် ၁၄ရက်က ထုတ်ပြန်ခဲ့ပြီး ဆုများကိုဂင်းအဖွဲ့ များ၏ အယ်လ်ဘမ်များရောင်းချရမှုအရေအတွက်နှင့် အင်တာနက်မှ ပရိသတ်များ၏မဲပေးမှုများကို အခြေခံ၍ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

Tower Records ၏စာရင်းအရ ဂျပန်နိုင်ငံတွင် လူကြိုက်အများဆုံး ကေပေါ့ပ်အဖွဲ့များအဖြစ် စူပါဂျူနီယာနှင့် SHINee အဖွဲ့တို့က ဒုတိယနှင့် တတိယနေရာ၌ အသီးသီးရှိခဲ့သည်။ 2PM အဖွဲ့မှ တေးယွန်သည် ပြီးခဲ့သော ဇူ လိုင် ၃ ရက်ကလည်း MBC Music လိုင်းမှ ထုတ်လွှင့်သော Show Champion အစီအစဉ်တွင် အကောင်းဆုံး ကြွက်သားများပိုင်ရှင် အမျိုးသား အနုပညာရှင်အဖြစ် မဲပေးခံခဲ့ရသည်။ —Ref: Hancinema

# "အွန်လိုင်းက ကောင်းတာရှိသလို မကောင်းတာ ပိုများသလိုပဲ"

**ဝိုင်းစုခိုင်သိန်းနှင့်တွေ့ဆုံခြင်း**

ကြူကြူဟန်

**မိန်းကလေးပရိသတ်များ နှစ်ခြိုက်အားပေးခံရသည့် မျက်လှည့်အခွေကို ဗီစီဒီအမြန်ထွက် ရှိရန် ပြင်ဆင်နေပြီး အနုပညာအလုပ်တွေ၊ ဖျော်ဖြေရေးအလုပ်များနဲ့ မအားလပ်ဖြစ်နေတဲ့ ဝိုင်းစုခိုင်သိန်းနဲ့ ဒီတစ်ပတ်တွေ့ပြီး မေးဖြစ်ခဲ့ပါတယ်။ ဝိုင်းစုရဲ့ပြောစကားတွေကို ပရိသတ်နားဆင်ကြည့်ပါဦး။**



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ဝိုင်းစုရဲ့ မျက်လှည့်ဗီစီဒီ ထွက်တော့မယ်ဆိုတော့ အခွေရဲ့ အခြေအနေကို ပြောပြပေးပါလား။**

အခွေက 'မျက်လှည့်' တစ်ပုဒ်ပဲ ရိုက်ဖို့ကျန်တော့တယ်။ ကျန်တာအားလုံး ရိုက်ပြီးပြီ။ တစ်လ၊ နှစ်လအတွင်းမှာထွက်ဖို့ လုပ်ထားတယ်။

**မျက်လှည့်ဗီစီဒီထဲမှာ ဘယ်လိုပုံစံမျိုးတွေ ထည့်ပြီးရိုက်ထားလဲ။**

ဝိုင်းစုက အစုံထည့်တယ်၊ ဇာတ်လမ်းပုံစံလေးတွေလည်း ထည့်တယ်။ အမ်တီဗီပုံစံမျိုးတွေလည်းထည့်တယ်။ 'မိန်းကလေးဘဝ၊မိန်းကလေးအလှ' မှာဆိုဝိုင်းစုရယ်၊ နန်းသူဇာနဲ့ စံရတီရယ် ရိုက်ထားတာပေ့ါ။ ပုံစံတစ်မျိုးဆန်းတယ်။ သာမန်မြင်နေကျပုံစံမျိုးမဟုတ်အောင် ရိုက်ထားတယ်။ ဝိုင်းစုဘက်က အတတ်နိုင်ဆုံးဖြစ်အောင် ကြိုးစားပေးထားပါတယ်။

**အွန်လိုင်းကြောင့် အနုပညာအရ အကျိုးရှိတဲ့သူတွေရှိသလို၊ ကိုယ့်ပုဂ္ဂိုလ်ရေးကို ထိခိုက်တဲ့လူတွေလည်း ရှိတယ်လေ။ ဝိုင်းစုလို အောင်မြင်နေတဲ့ အနုပညာရှင်တစ်ယောက်ကရော အွန်လိုင်းကို ဘယ်လိုမြင်ပါသလဲ။**

အွန်လိုင်းက ကောင်းတာလည်းရှိသလို မကောင်းတာပိုများသလိုပဲ။ အွန်လိုင်းရဲ့ အဓိကလူတွေက ယုတ်မာချင်တဲ့လူတွေ ပိုများလာတယ်။ ကိုယ်တစ်ခုခု လုပ်လိုက်လို့ သူတစ်ပါး ထိခိုက်သွားမလားဆိုတာကို ဘယ်သူမှ မကြည့်တော့ဘူး။ အထူးသဖြင့် Myanmar Celebrity.com ဆိုတာ လူတိုင်းလူတိုင်းမှာကြုံတွေ့တတ်တဲ့အရာတွေကိုပဲ အနုပညာရှင်တွေကိုပဲ အရမ်းကြီးကို ထွေထွေ ထူးထူးလုပ်ပြီးပြောကြတယ်၊ ဆိုကြတယ်။ ကိုယ်ကိုယ်တိုင်ဆိုရင်ရော ဘယ်လိုလုပ်မလဲ။ ဝိုင်းစုကတော့ အဲလိုလူမျိုးတွေကိုလေးလည်း မလေးစားဘူး၊ ချီးလည်း မချီးကျူးဘူး။

စာ(၄၉)သို့



# အဖွဲ့ဝင် အစုံအညီ ပြန်ပေါင်းထုပ်ပြီး ဖျော်ဖြေပွဲလုပ်မယ့် Backstreet Boys

လော့စ်အိန်ဂျလိစ်၊ ဇူလိုင်-၁၈

၂၀၀၀ ပြည့်လွန်နှစ်များမှ စ၍ လူကြိုက်များခဲ့သော ရော့ခ်ဂီတအဖွဲ့ဖြစ်သည့် Backstreet Boys အဖွဲ့သည် အဖွဲ့မှ ထွက်ခွာခဲ့သော အဖွဲ့ဝင်ဟောင်းတစ်ဦးဖြင့် အားလုံး ပြန်လည်ပေါင်းစည်းကာ ဖျော်ဖြေပွဲတစ်ခု ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

နောက်ဆုံးပြန်ရောက်လာသော အဖွဲ့ဝင်ဟောင်းမှာ ကီဗင်ရစ်ချတ်ဆင်ဖြစ်ပြီး ၂၀၀၆ခုနှစ်တွင်အဖွဲ့မှ ထွက်ခွာသွားခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ အဖွဲ့သားစုံညီပါဝင်သော ဖျော်ဖြေပွဲကို နယူးယောက်မြို့ရှိဗဟိုပန်းခြံ၌ဩဂုတ် ၃၁ရက်တွင် ပြုလုပ်မည်ဖြစ်ကာ ABC ရုပ်သံ၏ Good Morning America အစီအစဉ်တွင်လည်း ထုတ်လွှင့်သွားမည်ဖြစ်သည်။

အဖွဲ့၏ ပြန်ပေါင်းထုပ်မှုနှင့်ပတ်သက်၍ အဖွဲ့ဝင် နစ်ခ်ကာတာက "ကျွန်တော်တို့ အနေအထားကတော့ ထူးထူးခြားခြားပါပဲ။ ပြန်လည်အသက်ဝင်လာသလိုဖြစ်ပြီး အားလုံးတော်တော် ပျော်နေကြပါတယ်" ဟု ပြောသည်။

Backstreet Boys အဖွဲ့သည် ရစ်ချတ်ဆင်ပါဝင်ခဲ့သော ၂၀၀၉ ခုနှစ်ထုတ် အယ်လ်ဘမ် This is us ၏ နောက်ဆက်တွဲအဖြစ် အဖွဲ့နှစ် ၂၀ ပြည့် အထိမ်းအမှတ် အယ်လ်ဘမ်ကို ၂၀၁၃ တွင်ဖြန့်ချိမည်ဖြစ်သည်။

—Ref: Billboard

# ဒါရိုက်တာချိုတူးဇော် မရိုက်ဖြစ်မှ 'နောက်ကြည့်မှန်'ကိုရိုက်ကူးမည်ဟု ဒါရိုက်တာဝင်းထွန်းထွန်းပြော

**အေးသူစံ**

**ရန်ကုန်၊**
**ဇူလိုင်-၁၈**

မင်းကိုနိုင်ရေးသားသည့် 'နောက်ကြည့်မှန်' ဝတ္ထုကို ဒရာမာဇာတ်ကားများ ရိုက်ကူးခြင်းဖြင့် နာမည်ရခဲ့သော ဒါရိုက်တာဝင်းထွန်းထွန်းက ရုပ်ရှင်ဇာတ်ကားအဖြစ်ရိုက်ကူးရန်ဝယ်ယူခဲ့ကြောင်း ဒါရိုက်တာဝင်းထွန်းထွန်းက 7 Day News သို့ ပြောသည်။

"ကျွန်တော်လေးစားရတဲ့ ကိုမင်းကိုနိုင်ကို ဂုဏ်ပြုတဲ့အနေနဲ့ ဝယ်ယူတာပါ။ ရိုက်ကူးဖို့ကတော့ ကျွန်တော့်ရှေ့မှာ ဒီဝတ္ထုကိုနှုတ်ကတိနဲ့ကြိုပြောထားတဲ့ ကိုချိုတူးဇော်ရှိနေပါတယ်။ တကယ်လို့ ကိုချိုတူးဇော်နဲ့ အဆက်အသွယ်ရရင် သူ့ကိုဦးစားပေးပြီး ရိုက်ခွင့်ပေးမှာပါ။ သူမရိုက်ဘူးဆိုမှ ကျွန်တော်က ရိုက်ကူးမှာပါ" ဟု ဒါရိုက်တာဝင်းထွန်းထွန်းက ပြောသည်။


'နောက်ကြည့်မှန်' ဝတ္ထုမှာ ၁၉၈၈ ခုနှစ်က ကိုမင်းကိုနိုင် ရေးသားခဲ့သော ဝတ္ထုဖြစ်ပြီး ၂၀၁၂ ခုနှစ်ဇူလိုင်လဆန်းပိုင်းက အရှေ့ကြယ်စာအုပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ ပေါ်ပြူလာနယူးစ်ဂျာနယ်တွင် ၂၄ ပတ် တိုင်တိုင်အခန်းဆက်အဖြစ်ထည့်သွင်းဖော်ပြခဲ့သည့် ဝတ္ထုဖြစ်သည်။

"ဆယ်ကျော်သက်အရွယ်က ရေးသားခဲ့ပြီး တစ်ကြိမ်တစ်ခါမှ ပြင်ဆင်ရေးသားခြင်း မပြုရသေးတဲ့ ငယ်လက်ရာအတိုင်းပဲထားချင်လို့ ဒီအတိုင်း ထုတ်ဝေလိုက်တာပါ။ ကျွန်တော်တို့ စာရေးသူဆိုတာ ကိုယ့်ဝတ္ထုကိုရုပ်ရှင်ရိုက်ဖို့ဝယ်တယ်ဆိုရင် တစ်စုံတစ်ခုထပ်ရလိုက်သလိုပါပဲ။ ရုပ်ရှင်ရိုက်တဲ့အပိုင်းကိုတော့ ဝင်ပြီးစွက်ဖက်ဖို့ မရှိပါဘူး" ဟု ကိုမင်းကိုနိုင်က ပြောသည်။

နောက်ကြည့်မှန်ဝတ္ထုကို ယခုလက်ရှိအချိန်တွင် ရုပ်ရှင်ဇာတ်ကားများရိုက်ကူးပါက ဝယ်ယူရသည့်ဝတ္ထုဇာတ်လမ်းများ၏ ကာလပေါက်ဈေး အမြင့်ဆုံးဈေးနှုန်းနှင့် သတ်မှတ်ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ရိုက်ကူးမည့်အစီအစဉ်ကိုမူအသေးစိတ်မထုတ်ပြန်သေးကြောင်း သိရသည်။








## စာ - ၄၇၊ ဝိုင်းစုခိုင်သိန်းနှင့်တွေ့ဆုံခြင်း မှ

စာ - ၄၇၊

စိတ်လည်းမဝင်စားဘူး။ အဓိကကတော့ကိုယ့်ကိုယ်ကိုယ်အကောင်းဆုံးဖြစ်အောင်နေပါလို့ပြောချင်တယ်။ သူများကိုပြောမယ်ဆို ကိုယ့်ကိုယ်ကိုယ်အကောင်းဆုံးဖြစ်အောင်နေ၊ ကိုယ့်ကိုယ်ကိုယ် မှန်ပြီလားလို့ပြန်ကြည့်၊ ကြည့်ပြီးတော့မှ ပြောစေချင်တယ်။

**တစ်ကိုယ်တော်ပွဲလုပ်ဖို့ရော စိတ်ကူးထားတာရှိလား။ ဘယ်တော့လောက် လုပ်ဖြစ်မလဲ။**

မလုပ်သေးပါဘူး။ မလုပ်သေးဘူးဆိုတာ စဉ်းစားထားတာပဲရှိသေးတယ်။ အခုက ပွဲတွေလည်းများတယ်လေ၊ One Lady Show တွေရော နိုင်ငံခြားက လာဆိုမှာတွေရော များတဲ့အခါကျတော့ စဉ်းစားထားတာပဲရှိတယ်။ သေချာကြီး မရှိသေးပါဘူး။

**အခုဂီတအစည်းအရုံးမှာခေတ်သစ်အလွှာကိုတောင်းဆိုပြီး ရွေးချယ်နေကြပြီဆိုတော့ အောင်မြင်နေတဲ့ အဆိုတော်တစ်ယောက်အနေနဲ့ ဘယ်လိုထင် မြင်မိပါသလဲ။**

အဲဒါကတော့ ဂီတအလွှာတွေ သတ်မှတ်တာတွေ သိပ်နားမလည်ဘူးပေါ့နော်။ ကိုယ့်ထက်ဝါရင့်တဲ့သူတွေ ကိုယ့်ရဲ့ရှေ့မှာလည်း အများကြီးရှိတယ်။ ကိုယ့်ထက် ဝါရင့်တဲ့သူတွေ ဘယ်လို ဆုံးဖြတ်ရမယ်ဆိုတာအားလုံးကို မေးတယ်၊ တိုင်ပင်တယ်။ အားလုံး ဖြစ်သင့်တဲ့အရာတစ်ခုကို အကောင်အထည်ဖော်ကြတာပေါ့နော်။

**ဝိုင်းစုက ယောကျာ်းတစ်ယောက်အပေါ် ကို စိတ်နာခဲ့ဖူးတဲ့သူဆိုတော့ အခုလက်ရှိ ချစ်သူကိုရော ဘယ်လိုသုံးသပ်မလဲ။**

ကောင်းပါတယ်။ သူကအရမ်းကောင်းတဲ့သူပါ။ အစ်မအပေါ် နားလည်းနားလည်တယ်။ စိတ်ထားလည်း ပြည့်ဝတယ်၊ ယောကျာ်းပီသတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတယ်။ အစစ အရာရာ အားလုံးပြည့်စုံတဲ့သူပါ။

**ဝိုင်းစုက အခုဆိုသရုပ်ဆောင်ဘက်မှာရော၊ အဆိုဘက်မှာပါအောင်မြင်နေတော့ အဲဒီအောင်မြင်မှုတွေကို ဘယ်လိုထိန်းသိမ်းသွားမလဲ။**

အဓိကကတော့ သရုပ်ဆောင်အနုပညာရှင်တစ်ယောက်က ကိုယ့်ရဲ့ကြိုးစားမှုက ကိုယ့်ဘက်က အားထုတ်ရတာပေါ့နော်။ ကျန်တာကတော့ ကံရယ်၊ စန်းရယ်နဲ့ အများကြီးဆိုင်ပါတယ်။ ကိုယ်ဘယ်လောက်ပဲကြိုးစားကြိုးစား ကံရယ်၊ စန်းရယ်မရှိဘူးဆိုရင် ပရိသတ်လက်ခံမှာမဟုတ်ဘူးလေ။ အဓိက အဲဒီနှစ်ခုပေါင်းစပ်ဖို့ပဲ လိုအပ်တဲ့အတွက်ကြောင့် ဝိုင်းစုဘက်က တတ်နိုင်သမျှအကောင်းဆုံးကြိုးစားပါတယ်။

**ဝိုင်းစုရဲ့ တတိယအခွေအဖြစ် 'အာဘွား'လို့ အမည်ပေးထားပြီးပြီဆိုတော့ ခွေထဲမှာ ဘယ်လိုသီချင်းမျိုးတွေထည့်ထားလဲ။ 'အာဘွား'လို့ Title ပေးဖြစ်ပုံကိုလည်း သိချင်ပါတယ်။**

ထွက်လာတဲ့အခါကျရင် နားထောင်ပေးပါလို့၊ ပရိသတ်ကြိုက်မယ့်သီချင်းဖြစ်မယ်လို့ထင်ပါတယ်။ ကိုမိုးမိုးရေးပေးထားတယ်။ ဝိုင်းစုက ပရိသတ်ကို ပွဲတိုင်းပွဲတိုင်းမှာ အမြဲတမ်းနှုတ်ဆက်တယ်။ လာသမျှ ပရိသတ်ကြီးကို အားလုံး အာဘွားလို့ နှုတ်ဆက်လေ့ရှိတယ်။ အဲဒါကို သင်္ကေတအဖြစ် 'အာဘွား' လို့ပေးလိုက်တာပေါ့နော်။

**ဝိုင်းစုအနေနဲ့ ပရိသတ်ကြီးကို ပြောချင်တဲ့စကားရှိရင် ပြောပြပါလား။**

အခုလောလောဆယ်တော့ ဗီစီဒီကိုရိုက်နေတယ်ပေါ့နော်။ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီးရိုက်ထားပါတယ်။ မျက်လှည့်ဗီစီဒီ ထွက်လာတဲ့အခါကျရင်လည်း အားပေးပါဦးလို့၊ အခွေအစစ်ပဲ အားပေးပါလို့။ တကယ့်ကို ဝိုင်းစုရဲ့ရသမျှ အနုပညာကြေး အဲဒီထဲကို ထည့်ပြီးတော့ ကုန်ကျခံပြီး ရိုက်ထားပါတယ်လို့။

# ဂီတအစည်းအရုံး ရွေးကောက်ပွဲရက်ရွှေ့ဆိုင်း

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင်-၁၈**

ဂီတအစည်းအရုံး ရွေးကောက်ပွဲကို ဇူလိုင်လ ၂၄ ရက်နေ့တွင် ကျင်းပရန်စီစဉ်ထားသော်လည်း ခေတ်သစ်ဂီတအလွှာ ဖွဲ့စည်းခွင့်ရရှိခဲ့ပြီးနောက် ဂီတအစည်းအရုံးရွေးကောက်ပွဲ ရက်ကိုရွှေ့ဆိုင်းလိုက်ကြောင်း ဂီတလောကသားများထံမှ သတင်းရရှိသည်။

"ဂီတအစည်းအရုံးရွေးကောက်ပွဲအတွက် စိစစ်ကြီးကြပ်ရေးကော်မတီမှာ အနဂ္ဂ၊ ချမ်းအေးဝင်း၊ လီယိုနာ့ထ်မောင်မောင်လွင်၊ R ခိုင်နဲ့ ညီညီသွင် တို့ပဲ ကျန်ခဲ့တယ်။ ကျန်တဲ့ အနုပညာရှင်တွေက ဆက်မလုပ်တော့ဘူးလို့ သတင်းကြားပါတယ်။ ခုလို ပုံစံအတိုင်းဆိုရင်တော့ ဥက္ကဋ္ဌနဲ့ပြန်ညှိနှိုင်းပြီး ကော်မရှင်ကို ပြန်ဖွဲ့ရမှာပေါ့" ဟု ဂီတအစည်းအရုံး ရွေးကောက်ပွဲတွင် စတီရီယိုအလွှာရှိ တေးဂီတအလွှာတွင်ပါဝင်အရွေးခံမည့် တီးဝိုင်းခေါင်းဆောင်တစ်ဦးက ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ခေတ်သစ်ဂီတအလွှာဖြစ်မြောက်ရေးအတွက် တစ်စိုက်မတ်မတ်လုပ်ကိုင်ခဲ့သူလည်းဖြစ်ပြီး ကြီးကြပ်ရေးကော်မရှင်တွင်အဖွဲ့ဝင်အဖြစ်ပါဝင်သည့်အနဂ္ဂက "ကြီးကြပ်ရေးကော်မရှင် အယောက် ၂၀ မှာ ၁၅ ယောက်က နုတ်ထွက်သွားပါတယ်။ ကျွန်တော်တို့ကတော့ နုတ်ထွက်သွားတဲ့လူကြီးတွေနဲ့ ပြန်ပြီး ညှိနှိုင်းဖို့ ကြိုးစားနေပါတယ်" ဟု ပြောကြားသည်။

ဂီတအစည်းအရုံးတွင် လက်ရှိတည်ရှိနေသော မဟာဂီတ၊ ကာလပေါ်၊ စတီရီယို၊ စက်မှုနှင့် ထုတ်လုပ်ဖြန့်ချိ အလွှာငါးလွှာအပြင်ထပ်မံပေါ်ပေါက်လာသော ဂီတအမျိုးအစားသစ်များအတွက် လူငယ်ဂီတသမားအများစုတောင်းဆိုထားသော ခေတ်သစ်ဂီတအလွှာကို ပြည်သူ့လွှတ်တော်အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီက ဇူလိုင် ၁၂ ရက်တွင် ဖွဲ့စည်းခွင့် ပြုလိုက်ပြီးနောက် ဇူလိုင် ၁၇ ရက်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲကြီးကြပ်ရေးကော်မရှင်၏ အစည်းအဝေးတွင် ကြီးကြပ်ရေးကော်မရှင်ဖျက်သိမ်းရေး အဆိုကိုကော်မရှင်ဥက္ကဋ္ဌက တင်သွင်းရာ ထောက်ခံမဲ ၁၅မဲ၊ ကန့်ကွက်မဲ ငါးမဲဖြင့် ဖျက်သိမ်းလိုက်ကြောင်းအစည်းအဝေးတက်ရောက်ခဲ့သည့် ကော်မတီဝင်တစ်ဦးက ပြောသည်။

"ကြီးကြပ်ရေးကော်မရှင် အဖွဲ့တစ်ဖွဲ့လုံးနုတ်ထွက်စာတင်လိုက်တာပါ။ နာယကသုံးဦး အပါအဝင် အဖွဲ့ဝင် ၁၅ ဦး နုတ်ထွက်စာတင်ခဲ့တာပါ" ဟု နှုတ်ထွက်သွားသည့်အဖွဲ့ဝင်များထဲမှတစ်ဦး အပါအဝင်ဖြစ်သော အဆိုတော်ခင်မောင်ထူးက ပြောသည်။

ခေတ်သစ်ဂီတအလွှာတွင် အာအန်ဘီ၊ ပန့်ခ်၊ ဟစ်ဟော့ပ်၊ ဒီဂျေ၊ နယူးရော့ခ်၊ မော်ဒန်ရော့ခ် စသည့်ဂီတအမျိုးအစားများထည့်သွင်းထားပြီး အဆိုပါအလွှာတစ်လွှာ ထပ်မံပေါ်ပေါက်လာခြင်းကြောင့် လက်ရှိကြီးကြပ်ရေးကော်မရှင်က နုတ်ထွက်သွားခြင်းဖြစ်နိုင်ကြောင်း ဂီတသမားအများစုက သုံးသပ်ပြောဆိုနေကြသည်။ ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်အများစုကလည်း လူငယ်ဂီတသမားများသည် လွှတ်တော်ကော်မတီအားကိုးဖြင့် ၎င်းတို့လိုရာကို တောင်းဆိုခြင်း၊ ချမှတ်ခဲ့ပြီးသော ဆုံးဖြတ်ချက်များကို ပယ်ဖျက်ရန်နှင့် ပြင်ဆင်ရန် တောင်းဆိုခြင်းတို့ကြောင့် လက်ရှိကြီးကြပ်ရေးကော်မရှင်ကို ဖျက်သိမ်းရခြင်းဖြစ်ကြောင်း အစည်းအဝေးတက်ရောက်ခဲ့သည့် ကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်တစ်ဦးကပြောသည်။ လက်ရှိအချိန်တွင် ဂီတအစည်းအရုံး၏ရွေးကောက်ပွဲကို မည်သည့်နေ့ရက်တွင် ပြန်လည် ကျင်းပရန်ကိုမူ ကြေညာခြင်းမရှိသေးချေ။

## မက်ဒေါနား၏ ကမ္ဘာလှည့်ဖျော်ဖြေမှု ဩစတြေးလျပွဲစဉ် ဖျက်သိမ်း

**လော့စ်အန်ဂျလိစ်၊**

**ဇူလိုင်-၁၈**

အမေရိကန်ပေါ့ပ်ဘုရင်မ အဆိုတော် မက်ဒေါနားသည် သူမ၏ အယ်လ်ဘမ်သစ် MDNA ကမ္ဘာလှည့်ဖျော်ဖြေပွဲ အစီအစဉ်တွင် ဩစတြေးလျ၌ ဖျော်ဖြေမည့်ပွဲစဉ်ကိုဖျက်သိမ်းခဲ့ကြောင်း သိရသည်။

မက်ဒေါနားသည် ယခုရက်ပိုင်းအတွင်း သူမ၏ ဖျော်ဖြေပွဲခရီးစဉ်၌ လန်ဒန်၊ ပါရီမြို့တို့တွင် ဖျော်ဖြေခဲ့ပြီး ပါရီတွင် ဖျော်ဖြေရာ၌ လက်ယာစွန်းနိုင်ငံရေးသမား မာရင်ပန်၏ ပုံနှင့် နာဇီအမှတ်တံဆိပ်ကို မျက်နှာတွင် ခြယ်မှုန်းဖျော်ဖြေခဲ့ရာပြင်သစ် Front National Party က တရားစွဲဆိုဖွယ်ရှိနေသည်။

မက်ဒေါနား၏ ဖျော်ဖြေပွဲခရီးစဉ်နှင့်ပတ်သက်၍ Live Nation ကုမ္ပဏီက "မက်ဒေါနားရဲ့ပွဲစဉ်ဟာ လာမယ့်ဒီဇင်ဘာမှာတောင်အမေရိကမှာ အဆုံးသတ်မှာဖြစ်ပါတယ်။ ဒါပဲ ကျွန်တော်တို့ ပြောနိုင်ပါတယ်"ဟု ဘီဘီစီသတင်းသို့ ဖြေကြားသည်။ မက်ဒေါနားသည် နောက်ဆုံးအကြိမ် ဩစတြေးလျဖျော်ဖြေပွဲကို ၁၉၉၃၊ ဒီဇင်ဘာ ၄ ရက်တွင် ဆစ်ဒနီမြို့၌ ပြုလုပ်ခဲ့ပြီး လာမည့် ၂၀၁၃ နှစ်ဆန်းပိုင်းတွင်မူ သီးသန့်ဖျော်ဖြေပွဲပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။



မက်ဒေါနားသည် အယ်လ်ဘမ်သစ် MDNA ဖြင့် Billboard.com ၏ နှစ်လယ်ဂီတဆုများ ဆွတ်ခူးရန် ရေပန်းစားနေပြီး ဖျော်ဖြေပွဲများမှ ဝင်ငွေအရဆုံး ဂီတအနုပညာရှင်များစာရင်းတွင်လည်း ထိပ်တန်း၌ ရပ်တည်နေသည်။ —Ref: Billboard

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Ice Age:Continental Drift | 20th Century Fox | ၄၆၆၂၉၃၀၀ | ၁ |
| ၂။ | The Amazing Spider-Man | Sony Pictures | ၂၀၀၅၀၀၀၀၀ | ၂ |
| ၃။ | Ted | Universal Pic | ၁၅၉၂၅၇၀၀၀ | ၃ |
| ၄။ | Braves | Walt Disney | ၁၉၆၀၆၁၀၀၀ | ၄ |
| ၅။ | Savages | Universal Pic | ၃၂၀၂၅၃၀၀ | ၂ |
| ၆။ | Magic Mike Witness Protection | Warner Bros; Pic. | ၉၁၈၄၁၂၀၀ | ၃ |
| ၇။ | Tyler Perry's Madea's Witness Protection | Lionsgate | ၅၅၆၁၁၇၀၀ | ၃ |
| ၈။ | Katy Perry: Part of Me | Paramount Insurge | ၁၈၆၅၃၅၀၀ | ၂ |
| ၉။ | Moonrise Kingdom | Focus Features | ၃၂၄၈၃၀၀၀ | ၈ |
| ၁၀။ | Madagascar 3: Europe's Most Wanted | Dream Works Studios & Paramount Pic | ၂၀၃၉၀၁၀၀၀ | ၆ |

## Movie Review

### Ai Weiwei Never Sorry




နိုင်ငံတကာတွင် အမည်ကျော်ကြားသော တရုတ်အနုပညာရှင်နှင့် တက်ကြွလှုပ်ရှားသူ Ai Weiwei မှာ ရည်မှန်းချက်ကြီးသော ၎င်း၏အနုပညာလက်ရာများအတွက် သာမကနိုင်ငံရေးအရလှုံ့ဆော်တတ်သော အမြင်များကြောင့် နိုင်ငံတကာက ပိုမိုအာရုံစိုက်ရသူဖြစ်သည်။ ဤရုပ်ရှင်ကားတွင် အနုပညာနှင့် လူမှုလှုပ်ရှားမှုဝါဒ၏ ကန့်လန့်ဖြတ်မျဉ်းများအကြောင်း သူ၏ဘဝနှင့် အနုပညာကို ကိုယ်တိုင်ပါဝင် ပုံဖော်ထားသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ဒါရိုက်တာ Alison Klayman ရိုက်ကူးထားသော ဇာတ်ကားတွင် Ai Weiwei, Ai Ai Dan, Ai lao, Lee Ambrozy စသော Ai Weiwei နှင့် နီးစပ်သူများလည်း ဝန်းဝိုင်းပုံဖော်ပေးထားကြသည်။

# Sports

7 DAY NEWS JOURNAL

Vol.11, No.20 • JULY 26 , 2012


# လန်ဒန်အိုလံပစ်မှာ မြန်မာ့အားကစား မှတ်ကျောက်တင်နိုင်မလား

## လက်ရည်စစ်ပွဲ မအောင်သော်လည်း မြန်မာအားကစားသမားခြောက်ဦး လန်ဒန်အိုလံပစ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထား

ဗိုလ်ဗိုလ်ဝင်း




ကမ္ဘာတစ်ဝန်းလုံးမှ အားကစားသမားများ ပါဝင်ဆင်နွှဲမည့် အကြိမ်(၃၀)မြောက် နွေရာသီအိုလံပစ်အားကစားပြိုင်ပွဲကြီးကိုဗြိတိန်နိုင်ငံလန်ဒန်မြို့တွင် ဇူလိုင်လ ၂၇ ရက်မှ ဩဂုတ်လ ၁၂ ရက် ထိ ကျင်းပမည်ဖြစ်သည်။ နိုင်ငံပေါင်း ၂၀၅ နိုင်ငံမှ အားကစားသမားပေါင်း ၁၀,၅၀၀ ဝန်းကျင် ဝင်ရောက်ယှဉ်ပြိုင်မည့် အဆိုပါပြိုင်ပွဲကြီးသို့မြန်မာနိုင်ငံမှ အားကစားနည်းငါးမျိုးမှ အားကစားသမားခြောက်ဦးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြားပစ်၊ သေနတ်ပစ်၊ လှေလှော်၊ ဂျူဒိုအားကစားနည်းတို့မှ အားကစားသမားတစ်ဦးစီနှင့်ပြေးခုန်ပစ်အားကစားနည်းမှ အားကစားသမားနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ လေးနှစ်တစ်ကြိမ်ကျင်းပခဲ့သည့် အဆိုပါပြိုင်ပွဲကြီးကို ၁၈၉၆ ခုနှစ်က ဂရိနိုင်ငံ အေသင်မြို့တွင် ပထမအကြိမ် စတင်ကျင်းပခဲ့ပြီး ၂၀၁၂ ပြိုင်ပွဲအရောက်တွင် အကြိမ်(၃၀)မြောက် ပြိုင်ပွဲဖြစ်လာခဲ့သည်။ သို့သော် ၁၉၁၆ တွင် ပထမကမ္ဘာစစ်နှင့် ၁၉၄၀၊ ၁၉၄၄ ခုနှစ်များတွင် ဒုတိယကမ္ဘာစစ်ပွဲများကြောင့် အိုလံပစ်ပြိုင်ပွဲများ မကျင်းပဖြစ်ခဲ့သော်လည်း ပြိုင်ပွဲအကြိမ်အရေအတွက်ကိုမူထည့်သွင်းရေတွက်ခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်တွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပသည့် (၁၄) ကြိမ်မြောက် အိုလံပစ်ပြိုင်ပွဲ၌ မြန်မာအားကစားသမားအဖွဲ့အနေဖြင့် ပထမဆုံးအကြိမ် ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ သို့သော် မြန်မာလူမျိုး အားကစားသမားတစ်ဦးအနေဖြင့် အိုလံပစ်ပြိုင်ပွဲသို့ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲမှာ ၁၉၃၆ ခုနှစ်၊ ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် အိုလံပစ်ပြိုင်ပွဲဖြစ်ပြီး မြန်မာအလေးမအားကစားသမား ဇော်ဝိတ်ကြီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ယင်းအချိန်က မြန်မာနိုင်ငံမှာ လွတ်လပ်ရေးမရမီအချိန်ဖြစ်ပြီး အိန္ဒိယ လက်အောက်ခံအဖြစ်သာရှိနေသေးသောကြောင့် ဇော်ဝိတ်ကြီးသည် အိန္ဒိယကိုယ်စားပြု အားကစားသမားအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်သည်။

အိုလံပစ်ပြိုင်ပွဲ သက်တမ်းတစ်လျှောက်တွင် မြန်မာအားကစားသမားများအနေဖြင့် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် ရရှိခဲ့ဖူးခြင်းမရှိသေးသော်လည်း ၁၉၇၂ ခုနှစ် ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် အိုလံပစ်ပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်းသည် အသန့်ရှင်းဆုံးအသင်းဆုရရှိခဲ့သည်။ ယင်းပြိုင်ပွဲတွင်မြန်မာဘောလုံးအသင်းသည် ဆူဒန်အသင်းကို အနိုင်ရရှိခဲ့ပြီး မက္ကဆီကိုနှင့် ဆိုဗီယက်ပြည်ထောင်စုအသင်းအား ရှုံးနိမ့်ခဲ့ပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရသော်လည်း ပြိုင်ပွဲ၏ အသန့်ရှင်းဆုံးဆုကို ရရှိခဲ့သည်။ မြန်မာအလေးမ အားကစားသမား အောင်ကြီးသည်လည်း ဖယ်သာဝိတ်တန်းတွင် ၁၀၅ ကီလိုမကာ ကမ္ဘာ့စံချိန်ချိုးနိုင်ခဲ့သော်လည်း အခြားအားကစားသမားများက ယင်းစံချိန်ကို ထပ်မံချိုးနိုင်ခဲ့သည့်အတွက် မြန်မာအားကစားသမားများ၏ ကမ္ဘာ့စံချိန်သစ်မှာ မိနစ်ပိုင်းသာကြာခဲ့သည်။ အောင်ကြီးသည် ယင်းပြိုင်ပွဲတွင် ဆုတံဆိပ်မရရှိခဲ့သော်လည်း ၎င်း၏စံချိန်မှာ ကမ္ဘာ့စံချိန်မှတ်တမ်းဖြစ်ခဲ့ကြောင်း၊ ထို့ပြင် ယင်းပြိုင်ပွဲသည်လည်း အိုလံပစ်ပြိုင်ပွဲတစ်လျှောက်တွင် မြန်မာအားကစားအဖွဲ့၏ အအောင်မြင်ဆုံးနှစ်ဖြစ်ခဲ့ကြောင်း မြန်မာနိုင်ငံအိုလံပစ်ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

၁၉၄၈ လန်ဒန်အိုလံပစ်ပြိုင်ပွဲမှ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာအားကစားအဖွဲ့အနေဖြင့် ၁၉၇၆ ခုနှစ်၊ ကနေဒါနိုင်ငံ မွန်ထရီရယ်လ်မြို့တွင် ကျင်းပခဲ့သည့် (၂၁)ကြိမ်မြောက် အိုလံပစ်ပြိုင်ပွဲမှလွဲ၍ ဆက်တိုက်ပါဝင်ယှဉ်ပြိုင်လာခဲ့ပြီး ယခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲအထိ (၁၆)ကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ လက်ရှိအနေအထားအရ မြန်မာ့အားကစား၏ လန်ဒန်အိုလံပစ်ခရီးစဉ်သည် ပြိုင်ပွဲအတွေ့အကြုံရှာဖွေမည့်ပြိုင်ပွဲသာဖြစ်နေဦးမည်ဖြစ်ပြီး၊ အကောင်းဆုံးရလဒ်အတွက်သာ ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အားကစားသမားများက ဆိုသည်။ ထို့ပြင် ယခုနှစ် အိုလံပစ်အားကစားပြိုင်ပွဲဝင် မြန်မာအားကစားသမားများသည်လက်ရည်စစ်ပွဲအောင်မြင်ခဲ့ခြင်းမဟုတ်သော်လည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရန် အဆိုပြုခဲ့ခြင်းကြောင့် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိခြင်းဖြစ်ကြောင်းသိရသည်။ **စာ(၅၂)သို့**

## အနာဂတ်ပြိုင်ပွဲများတွင် မြန်မာအသင်း အသက်အမှန်ဆုံးဖြစ်ရန် တာဝန်ယူကြောင်း ဦးဇော်ဇော် ပြောကြား

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင်-၁၉**

သက်တမ်းအလိုက် မြန်မာဘောလုံးအသင်းများအနေဖြင့် အနာဂတ်နိုင်ငံတကာပြိုင်ပွဲများတွင် အာဆီယံနိုင်ငံများအနက် အသက်ဖော်ပြမှုအမှန်ကန်ဆုံးအသင်းဖြစ်လာစေရန် တာဝန်ယူကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားသည်။

“နောက်ပွဲတွေကျရင် အာဆီယံမှာမြန်မာနိုင်ငံအနေနဲ့အသက်အမှန်ဆုံးနိုင်ငံဖြစ်အောင် ဥက္ကဋ္ဌကတာဝန်ယူတယ်”ဟု ဇူလိုင် ၁၅ ရက်က ဆီဒိုးနားဟိုတယ်တွင် ပြုလုပ်ခဲ့သည့် မြန်မာယူ-၂၂ အသင်းဂုဏ်ပြုပွဲ အခမ်းအနား၌ ဦးဇော်ဇော်က မီဒီယာများကို ပြောကြားခဲ့သည်။

ပြီးခဲ့သည့် အာရှယူ-၂၂ပြိုင်ပွဲ၏ ခြေစစ်ပွဲအောင်အသင်းများအနက် အာဆီယံဒေသတွင်းမှ မြန်မာတစ်သင်းတည်းသာပါဝင်ခဲ့သည်။ အဆိုပါမြန်မာအသင်းအားအသက်မှန်ကန်မှု ရှိ၊ မရှိနှင့်ပတ်သက်၍ မလေးရှားနည်းပြကစွပ်စွဲမှုများ ပြုလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင်မူ ခိုင်လုံသည့် သက်သေများမရှိဟုဆိုကာ မလေးရှားဘောလုံး အဖွဲ့ချုပ်ကလည်း ကန့်ကွက်မှုရုပ်သိမ်းသွားခဲ့သည်။

“ကျွန်တော်စိတ်ထားသန့်သန့် ပြောရဲတာက ဘယ်အားကစားသမားကိုမှ ကျွန်တော်ကိုယ်တိုင်က ဘာမှမလုပ်ပေးဖူးဘူး။ လုပ်ဖို့လည်း မတိုက်တွန်းခဲ့သလို ဥက္ကဋ္ဌစဖြစ်ကတည်းက အသက်မှန်မှန်ကန်ကန်နဲ့ ကစားဖို့ကို တောက်လျှောက်တိုက်တွန်းခဲ့တယ်။ ဒီဟာတွေအပေါ်မှာ သံသယဖြစ်ရင် ဒ့ါထက်ပိုပြီး စနစ်တကျဖြစ်ဖို့၊ ဒ့ါထက်ပိုပြီး စနစ်တကျ စီမံခန့်ခွဲတတ်ဖို့ ပိုကြိုးစားပြီး လုပ်ဆောင်မယ်” ဟု မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

အာရှယူ-၂၂ ပြိုင်ပွဲဝင် မြန်မာအားကစားသမားများသည် ၎င်းတို့ပေးသည့်မှတ်ပုံတင်၊ ပတ်စ်ပို့၊ အသက် အမှန်အတိုင်းဖြစ်ကြောင်းနှင့် အဖွဲ့ချုပ်အနေဖြင့် မည်သည့်လိမ်ညာမှုကိုမှ ပြုလုပ်ထားခြင်းမရှိကြောင်း၊ အာရှဘောလုံးအဖွဲ့ချုပ်မှ လက်ခံထားပြီးဖြစ်သည့်အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ဆိုသည်။

သက်တမ်းအလိုက် ဘောလုံးပြိုင်ပွဲများတွင် အသက်လိမ်ညာမှုများသည် နိုင်ငံတကာနှင့် အခြားနိုင်ငံများတွင်ပါ ပြဿနာတစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်သော်လည်း မှန်ကန်မှုရှိရှိဖြင့် ယှဉ်ပြိုင်ပါက (အလွတ်တန်း) လက်ရွေးစင်အဆင့်သို့ ရောက်ရှိ လာချိန်တွင် ပို၍အကျိုးဖြစ်ထွန်းကာ အောင်မြင်မှု ရရှိစေမည်ဖြစ်ကြောင်း အားကစားလေ့လာသူများက သုံးသပ်ပြောကြားကြသည်။




# မြန်မာအသင်းပါဝင်သည့် ဆီးဂိမ်းအုပ်စုပွဲများ ရန်ကုန်တွင် ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင်-၁၉**


ဓာတ်ပုံ - ဇေျမောင်မောင်(အမရပူရ)

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာဘောလုံး အသင်းပါဝင်သည့် အုပ်စုပွဲစဉ်များကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အခြားအုပ်စုပွဲစဉ်များကိုနေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အမျိုးသမီးဘောလုံးပွဲစဉ်များကိုမူ မန္တလေးမြို့တွင် ကျင်းပသွားရန်စီစဉ်ထားကြောင်း အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဇူလိုင် ၁၅ ရက် ဆီဒိုးနားဟိုတယ်၌ ပြုလုပ်ခဲ့သည့် မြန်မာယူ- ၂၂ အသင်း ဂုဏ်ပြုပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည်။

"၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲမှာ ရန်ကုန်ပရိသတ်ကြီးလည်းအဆင်ပြေအောင် မြန်မာအသင်းပါဝင်တဲ့ အုပ်စုပွဲစဉ်တွေကို ရန်ကုန်မှာ ကျင်းပသွားဖို့ စီစဉ်ထားပါတယ်။ အခြားအုပ်စုပွဲစဉ်ကို နေပြည်တော်မှာ ကျင်းပသွားမှာပါ။ ဗိုလ်လုပွဲစဉ်ကိုတော့ နေပြည်တော်မှာ ကျင်းပသွားမှာပါ။ အမျိုးသမီးဘောလုံးပွဲစဉ်တွေကိုတော့ မန္တလေးမှာ ကျင်းပသွားဖို့ ရှိပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောကားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်းစုစုပေါင်း ၂၇ မျိုးဝန်းကျင်ခန့် ထည့်သွင်းကျင်းပရန် စီစဉ်ထားကြောင်းနှင့် ၎င်းတို့အနက်မှ အားကစားနည်း ၁၀ မျိုးခန့်အား ရန်ကုန်မြို့တွင် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း၊ မန္တလေးမြို့တွင်မူ အမျိုးသမီးဘောလုံးပြိုင်ပွဲ တစ်မျိုးသားကျင်းပရန် စီစဉ်ထားကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ဆီးဂိမ်းပြိုင်ပွဲကျင်းပသည့်အချိန်တွင် အားကစားပရိသတ်များအားပေးရာတွင် သွားလာရေးလွယ်ကူစေရန်အတွက် စီစဉ်ထားပေးမည်ဖြစ်ကြောင်းနှင့် နေထိုင်တည်းခိုရေးအတွက်လည်း အဆင်ပြေစေရန် စီစဉ်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

"ရန်ကုန်-မန္တလေး-နေပြည်တော်၊ နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-နေပြည်တော် အားလုံးကိုလည်း အဲဒီအချိန်ကျရင် ကုန်းလမ်းပို့ဆောင်ရေး၊ လေကြောင်းပို့ဆောင်ရေးလုပ်ပြီးတော့ ကား၊ ရထား၊ လေယာဉ်အားလုံးကိုလည်း အဆင်ပြေပြေ ကောင်းကောင်းမွန်မွန်နဲ့ အားကစားပရိသတ်တွေ အနေနဲ့လည်း နေပြည်တော်ရဲ့ ရန်ကုန်ကို ဘယ်လမ်းကြောင်းကပဲ သွားသွား၊ အလွယ်တကူနဲ့ သွားလာ အားပေးနိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်။ နေပြည်တော်မှာနေဖို့ တည်းဖို့အတွက်ကိုလည်း ဟိုတယ်အကြီးအသေးတွေကို သင့်တော်သလို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

နှစ်ပေါင်း ၄၀ ကျော်အတွင်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ပြန်လည်ကျင်းပခွင့်ရရှိခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(ဆီးဂိမ်း)ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

## အာရှ ယူ-၂၂ နောက်ဆုံးပွဲစဉ်များ အိမ်ရှင်အဖြစ် အိုမန် လက်ခံကျင်းပခွင့်ရ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင်-၂၀**

မြန်မာအသင်းခြေစစ်ပွဲအောင်မြင်ခဲ့သည့် အာရှ ယူ-၂၂ ပြိုင်ပွဲ၏ နောက်ဆုံးအဆင့်ပွဲစဉ်များကို အိုမန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိခဲ့ကြောင်း သတင်းရရှိသည်။

အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ကို အိုမန်နိုင်ငံနှင့်အတူ ထိုင်း၊ မြန်မာတို့ကလည်း လျှောက်ထားခဲ့ကြပြီး အာရှဘောလုံးအဖွဲ့ချုပ် (AFC) သည် အိုမန်နိုင်ငံအား ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အာရှဘောလုံးအဖွဲ့ချုပ်က ယခုနှစ်တွင် စတင်ကျင်းပသည့် ၎င်းပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင် ၁၅ သင်း ထွက်ပေါ်လာခဲ့ပြီဖြစ်ပြီး အဆိုပါအသင်းများတွင် အာဆီယံဒေသတွင်းမှ မြန်မာတစ်သင်းတည်းသာ ပါဝင်ခဲ့သည်။

အိုမန်အသင်းသည် ခြေစစ်ပွဲတွင် အကောင်းဆုံးအုပ်စု တတိယအသင်းအဖြစ် ခြေစစ်ပွဲအောင်မြင်ထားသည့် အသင်းဖြစ်ပြီး အိမ်ရှင်အဖြစ် ရွေးချယ်ခံရသောကြောင့် အကောင်းဆုံးအုပ်စု တတိယနေရာ ရွေးချယ်မှုတွင် ဒုတိယနေရာရရှိခဲ့သည့် ယီမင်အသင်းက ခြေစစ်ပွဲထပ်မံအောင်မြင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည့် အသင်း ၁၆ သင်း မှာ ဩစတြေးလျ၊ ဂျပန်၊ မြောက်ကိုရီးယား၊ ဆီးရီးယား၊ တရုတ်၊ ဂျော်ဒန်၊ ယူအေအီး၊ အီရန်၊ ကူဝိတ်၊ ဆော်ဒီအာရေးဗီးယား၊ ဉဇဘက်ကစ္စတန်၊ အီရတ်၊ မြန်မာ၊ တောင်ကိုရီးယား၊ ယီမင်နှင့် အိမ်ရှင် အိုမန်အသင်းတို့ ဖြစ်ကြသည်။

အဆိုပါ ၁၆ သင်းသည် အုပ်စုလေးစုခွဲကာ နောက်ဆုံးအဆင့်ပြိုင်ပွဲများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012




## စာ(၅၀) - လန်ဒန်အိုလံပစ်မှာ မြန်မာ့အားကစား မှတ်ကျောက်တင်နိုင်မလား မှ

အိုလံပစ်ပြိုင်ပွဲကြီးတွင် ကမ္ဘာတစ်ဝန်းမှ အားကစားသမားများအားလုံး ပါဝင်ဆင်နွှဲနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၀ ပြည့်နှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာအိုလံပစ်ကော်မတီ၊ အပြည်ပြည်ဆိုင်ရာအားကစားအဖွဲ့ချုပ်၊ သက်ဆိုင်ရာ အမျိုးသားအိုလံပစ်ကော်မတီတို့ ပူးပေါင်းဖွဲ့စည်း၍ တစ်နိုင်ငံလျှင် အားကစားသမား ခြောက်ဦးအား လက်ရည်စစ်ပွဲ မအောင်မြင်သော်လည်း ၎င်းတို့၏ စံချိန်မှတ်တမ်းများ အဆိုပြုစေကာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုစေခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အားကစားနည်းပေါင်း ၂၆ မျိုး ထည့်သွင်းကျင်းပမည့် ၂၀၁၂ အိုလံပစ်အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့၌ နေမျိုးအောင်က မြားပစ်အားကစားနည်း Recurve အမျိုးသားတစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင်လည်းကောင်း၊ လှေလှော်အားကစားနည်းတွင် ရွှေဇင်လတ်က အပြည်ပြည်ဆိုင်ရာ အမျိုးသမီးတစ်ယောက်လှော်(မီတာ ၂,၀၀၀)ပြိုင်ပွဲတွင်လည်းကောင်း၊ ဂျူဒိုအားကစားနည်းတွင် အေးအေးအောင်က အမျိုးသမီး(-၇၈)ကီလိုတန်းတွင်လည်းကောင်း၊ သေနတ်ပစ်အားကစားနည်းတွင် မောင်ကြူက ၁၀ မီတာ လေပစ္စတိုပစ်ပြိုင်ပွဲတွင်လည်းကောင်း၊ ပြေးခုန်ပစ်အားကစားနည်းတွင်နီလာစန်းကမာရသွန်ပြိုင်ပွဲနှင့် သက်ဇော်ဝင်းက မီတာ ၄၀၀ ပြိုင်ပွဲတွင်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသူများဖြစ်ပြီး နှစ်ကြိမ်ဆက်တိုက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။

'မြန်မာ့အားကစား ကမ္ဘာကို လွှမ်းစေရမည်'ဟုနှစ်ပေါင်းများစွာ ကြွေးကြော်ထားခဲ့သော်လည်း အိုလံပစ်ပြိုင်ပွဲတစ်လျှောက်တွင် ဆုတံဆိပ်ရရှိဖူးခြင်း မရှိသေးသည့် အာဆီယံဒေသတွင်းနိုင်ငံများမှာ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းနှင့် တီမောနိုင်ငံတို့သာ ဖြစ်ကြောင်း မှတ်တမ်းများအရသိရသည်။ ဒေသတွင်းအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိနေသော အခြားအာဆီယံနိုင်ငံများမှာ အိုလံပစ်ပြိုင်ပွဲတွင်လည်း ဆုတံဆိပ်များ ရရှိနေပြီဖြစ်သည်။

နှစ်ပေါင်း ၄၀ ကျော်အတွင်း အိမ်ရှင်အဖြစ်ပြန်လည်ကျင်းပခွင့်ရရှိတော့မည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲက မြန်မာ့အားကစားကို အတန်ငယ်နိုးထစေခဲ့သော်လည်း မျိုးဆက်ပြတ်နေခြင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်မှုအားနည်းနေခြင်းနှင့် ပံ့ပိုးမှုအားနည်းချက်များ ရှိနေခြင်းတို့ကလည်း မြန်မာ့အားကစားကို စိန်ခေါ်ဆဲရှိကြောင်း အားကစားလေ့လာသူများက သုံးသပ်ကြသည်။

ထို့ကြောင့် နိမ့်ကျနေသည့် မြန်မာ့အားကစားကို ပြန်လည်မြှင့်တင်ရန်အတွက် စနစ်ကျသည့် ရေရှည်စီမံချက် လိုအပ်မည်ဖြစ်ကြောင်း၊ အားကစားအောင်မြင်နေသည့် နိုင်ငံများသို့လည်း လေ့လာမှုများပြုလုပ်ကာ ကိုက်ညီသည့် နည်းလမ်းများ အတုယူရန်လိုအပ်မည်ဖြစ်ကြောင်း၊ အခြေခံကျသည့် ကျောင်းပြိုင်ပွဲများကို ပြန်လည်မွေးထုတ်ကာ လူငယ်များ အားကစားကို စိတ်ဝင်စားမှုရှိလာစေရန် လုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အရည်အချင်းပြည့်မီသည့် အားကစားဆရာများပေါ်ထွက်လာစေရေးအတွက် နိုင်ငံတကာသို့ စေလွှတ်သင့်ကြောင်း အားကစားလေ့လာစောင့်ကြည့်သူတစ်ဦးကလည်း သုံးသပ်သည်။

"တစ်ချိန်က အာရှနဲ့ အရှေ့တောင်အာရှမှာ အောင်မြင်ခဲ့တဲ့ ဘောလုံးအားကစားနည်းကို ငွေကုန်ကြေးကျ အများကြီးခံပြီး ပြုလုပ်နေသလိုပဲ တခြား အောင်မြင်ခဲ့တဲ့ အားကစားနည်းတွေအတွက်လည်း တကယ်အားစိုက်ပြီး လုပ်သင့်ပါတယ်။ တကယ်ဆိုရင် မြန်မာအားကစားသမားတစ်ဦးရဲ့ နိုင်ငံတကာ ရွှေတံဆိပ်တစ်ခုက တခြားနိုင်ငံတွေထက် ပိုတန်ဖိုးရှိပါတယ်။ အခက်အခဲအခြေအနေများကြားထဲက ကြိုးစားရုန်းကန်ပြီး ရတဲ့ ဆုတံဆိပ်ဖြစ်လို့ပါ။ ပြောင်းလဲလာတဲ့ နိုင်ငံရေးအခြေအနေနဲ့အတူ အားကစားလောကကြီးလည်း ပြောင်းလဲတိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်"ဟု မြန်မာ့အားကစားလောကနှင့်နီးစပ်သည့် အားကစားပရိသတ်တစ်ဦးက ၎င်း၏မျှော်လင့်ချက်ကိုပြောကြားသည်။

"လူမှန်၊ နေရာမှန်ဖြစ်ဖို့လည်းလိုပါတယ်။ အားကစားဆိုတာ ရေတိုလုပ်လို့လည်းမရပါဘူး။ မှန်ကန်တဲ့ပြောင်းလဲမှုနဲ့စတင်နိုင်မှသာ မြန်မာ့အားကစား ပြန်လည်နိုးထလာနိုင်မှာဖြစ်ပြီး မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့ဆောင်ပုဒ်ကလည်း ပိုအသက်ဝင်စေမှာဖြစ်ပါတယ်။ အဓိကကတော့ နိုင်ငံတော်ရဲ့ ပံ့ပိုးအားပေးမှုက အရေးကြီးဆုံးပါပဲ"ဟုမြန်မာ့အားကစား လေ့လာသုံးသပ်သူတစ်ဦးကပြောသည်။

မည်သို့ပင်ဆိုစေ လန်ဒန်အိုလံပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားသမားခြောက်ဦးအနေဖြင့် အိုလံပစ်ဆုတံဆိပ်က ၎င်းတို့အတွက် အလှမ်းကွာဝေးဆဲဖြစ်သော်လည်း အကောင်းဆုံး ကြိုးစားလေ့ကျင့်လျက်ရှိကြောင်း တညီတညွတ်တည်းပြောဆိုပါသည်။ သို့သော် ၂၀၁၆ ခုနှစ် ဘရာဇီးအိုလံပစ်ပြိုင်ပွဲနှင့် လာမည့် အနာဂတ်အိုလံပစ်အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်မျှော်မှန်းချက်များကမှေးမှိန်နေသေးသော်လည်း လက်တွေ့ဖြစ်လာရန်အတွက်မူ ပစ္စုပ္ပန်လုပ်ဆောင်ချက်များက အနာဂတ်ပြိုင်ပွဲများအတွက် ပုံဖော်ပေးမည်သာဖြစ်ပါသည်။





Photo : AFP

## အာဖရိကသို့ ကန်ဒေါ်လာ ၂၀ ဘီလီယံ ချေးငွေပေးအပ်ရန် တရုတ်ကမ်းလှမ်း

**ဘေဂျင်း၊ ဇူလိုင် - ၁၉**

ရှေ့လာမည့် သုံးနှစ်အတွင်း အာဖရိကနိုင်ငံများသို့ ကန်ဒေါ်လာ ၂၀ ဘီလီယံ ချေးငွေပေးအပ်မည်ဖြစ်ကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က ကမ်းလှမ်းခဲ့ရာ အရင်းအမြစ်ကြွယ်ဝသော အာဖရိကတိုက်တွင် တရုတ်နိုင်ငံ၏ လက်တံရှည်လာခြင်းအပေါ် အနောက်နိုင်ငံများက ဝေဖန်ပြောကြားနေသည့် အခြေအနေကို အားကောင်းလာစေခဲ့သည်။

ယခုချေးငွေ ပမာဏမှာ ၂၀၀၉ ခုနှစ်မှစ၍ ကတိပေးခဲ့သည့် သုံးနှစ်ချေးငွေ၏ နှစ်ဆရှိခဲ့ပြီး ဆင်းရဲသော အာဖရိကနိုင်ငံများအား ကမ်းလှမ်းသည့် ချေးငွေအမြောက်အမြားမှ နောက်ဆုံးကမ်းလှမ်းမှု တစ်ရပ်ဖြစ်သည်။

ယင်းကတိကဝတ်ကြောင့် တရုတ်နိုင်ငံနှင့် တရုတ်နိုင်ငံသို့ ကုန်ကြမ်းပစ္စည်းအများအပြား ပံ့ပိုးပေးနေသည့် အာဖရိကနိုင်ငံများအကြား ဆက်ဆံရေးကို တိုးတက်ခိုင်မာလာစေမည် ဖြစ်သည်။

သို့သော် ယင်းချေးငွေများကအနောက်နိုင်ငံများအား မသက်မသာ ဖြစ်စေနိုင်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ အာဖရိကနိုင်ငံများနှင့် စီးပွားရေးကိစ္စများ ဆက်သွယ်ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို မသိကျိုးကျွန်ပြုနေသည်ဟု အနောက်နိုင်ငံများက ဝေဖန်ပြောကြားသည်။

"တရုတ်နဲ့ အာဖရိကရဲ့ နှစ်ဦးနှစ်ဖက် နိုင်ငံရေးအပြန်အလှန်ယုံကြည်မှု ပိုမိုခိုင်မာသင့်ပါတယ်" ဟုအာဖရိက ခေါင်းဆောင်များနှင့်ဘေဂျင်းမြို့၌ သုံးနှစ်တစ်ကြိမ်ပြုလုပ်သည့် အစည်းအဝေးတွင် တရုတ်သမ္မတ ဟူကျင်တောင်က ပြောကြားသည်။ *—Ref: Reuters*

## ဘူလ်ဂေးရီးယားတွင် အစ္စရေးကမ္ဘာလှည့်များ တိုက်ခိုက်ခံရမှု အနည်းဆုံးခြောက်ဦးသေဆုံး

**ဘာဂတ်စ်၊ ဇူလိုင် - ၁၉**

ဘူလ်ဂေးရီးယားနိုင်ငံတွင် အစ္စရေးနိုင်ငံမှ လာရောက်အပန်းဖြေသူများစီးနင်းလာသော ဘတ်စ်ကားတစ်စီးပေါက်ကွဲခဲ့ရာ အနည်းဆုံး ခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ယင်းတိုက်ခိုက်မှုအတွက် အစ္စရေးက အီရန်နိုင်ငံအား ပြစ်တင်ပြောကြားလိုက်သည်။

ဘူလ်ဂေးရီးယားပင်လယ်နက် အပန်းဖြေစခန်းသို့ ဦးတည်သွားမည့် ဘတ်စ်ကားတိုက်ခိုက်မှုတွင် လူပေါင်း ၃၀ ကျော်ထိခိုက် ဒဏ်ရာရရှိခဲ့ပြီး အခြားဘတ်စ်ကား နှစ်စီးမှာလည်း မီးကူးစက်လောင်ကျွမ်းခဲ့သည်။

ဘာဂတ်စ်မြို့ ဆာရာဖိုဗိုလေဆိပ်တွင် မီးခိုးလုံးကြီးများ အလုံးလိုက်တက်လာပြီး အရေးပေါ်ကားအချက်ပေးသံများ ဆူညံသွားကာ ထိတ်လန့်နေသော ခရီးသည်များက ကားပေါ်မှ ခုန်ချခဲ့ပြီး မြေပြင်ပေါ်တွင် လဲကျသူကျနှင့် အင်္ကျီများစုတ်ပြဲနေခဲ့သည်ဟု မျက်မြင်သက်သေများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုတွင် လူခုနစ်ဦး သေဆုံးခဲ့သည်ဟု ဘူလ်ဂေးရီးယားနိုင်ငံက အသိပေးလာကြောင်း အစ္စရေးက ပြောကြားပြီး ဘူလ်ဂေးရီးယားပြည်ထဲရေးဝန်ကြီးဌာနကမူ ခြောက်ဦးသေဆုံးပြီး ၃၂ ဦးဒဏ်ရာ ရရှိခဲ့သည်ဟု ပြောသည်။

ယင်းအဖြစ်အပျက်မှာ အားလုံးကို ထိတ်လန့်တုန်လှုပ်စေခဲ့ကြောင်းနှင့် အစိုးရက အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုကို ရှုတ်ချကြောင်း ဘူလ်ဂေးရီးယားဝန်ကြီးချုပ် ဘိုကရိုဘိုရီဆော့ဗ်က ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟုက အီရန်၏ အကြမ်းဖက်မှုကို အင်နှင့်အားနှင့် တုံ့ပြန်သွားမည်ဟု ပြောကြားသည်။ ဘတ်စ်ကားမှာ ပစ်ခတ်ခံရပြီး ဖောက်ခွဲရေးပစ္စည်းဖြင့်ပစ်ပေါက်ခံခဲ့ရကြောင်း အစ္စရေး အရာရှိတစ်ဦးက ဂျေရုဆလင်မြို့၌ ပြောကြားသည်။ *—Ref:AFP*


## ဆိုက်ပရပ်စ်တွင် စံချိန်တင်အပူချိန်ကြောင့် နှလုံးရောဂါဖြင့် လူသုံးဦးသေဆုံး

**နီကော်ဆီယာ၊ ဇူလိုင် - ၁၇**

ဆိုက်ပရပ်စ်ကျွန်းနိုင်ငံ၏ ကျန်းမာရေးအာဏာပိုင်များက ပြီးခဲ့သောရက်များအတွင်းနိုင်ငံ၌စံချိန်တင်အမြင့်ဆုံး အပူချိန် ၄၄ ဒီဂရီအထိရောက်ရှိခဲ့၍ နှလုံးရောဂါဖြင့် သေဆုံးသူ သုံးဦးအထိရှိသွားပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။ ထို့အပြင် အသက် ၅၁ နှစ်အရွယ်အမျိုးသမီးတစ်ဦးမှာ အပူဒဏ်ကြောင့် (သတိမေ့) ကိုမာဝေဒနာ ခံစားနေရပြီး ကျန်သက်ကြီးရွယ်အို နှစ်ဦးမှာလည်း အရေးပေါ်အခြေအနေဖြင့် ဆေးရုံတွင် ကုသနေရသည်။

ဆိုက်ပရပ်စ်နိုင်ငံတွင် ဇူလိုင်၊ ဩဂုတ်လများ၌ ထိုကဲ့သို့ အပူချိန် ၄၄ ဒီဂရီအထိ တက်ခြင်းမှာ ပုံမှန်မဟုတ်သကဲ့သို့ ကျန်ရာသီအချိန်များတွင်လည်း ယင်းသို့အပူမြင့်တက်ခြင်း မရှိကြောင်း သိရသည်။ အာဏာပိုင်များက လက်ရှိတွင် အပူလှိုင်းဖြတ်သန်းမှု အခြေအနေမှာ ရက်အနည်းငယ် ဆက်လက်ဖြစ်ပေါ်နေပြီးမှ ပိုအေးသော ရာသီဥတုသို့ ပြောင်းလဲဝင်ရောက်ဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။

*—Ref: Xinhua*



## ကမ္ဘာ့စီးပွားရေး အန္တရာယ်ကြီးလာကြောင်း အိုင်အမ်အက်ဖ် သတိပေး

**ဝါရှင်တန်၊ ဇူလိုင် - ၁၇**

ကမ္ဘာ့စီးပွားရေးအတွက် အန္တရာယ်ကျရောက်နိုင်သော အခြေအနေများတိုးလာကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က သတိပေးပြောကြားလိုက်ရင်း ယခုနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးမှုကိုလည်း လျှော့ချခန့်မှန်းလိုက်သည်။

ယူရိုဇုန်အကျပ်အတည်းများကြားမှ စပိန်နှင့်အီတလီတို့၏ အခြေအနေမှာ အလွယ်တကူ အဆိုးဘက်သို့လှည့်သွားနိုင်ကြောင်း အိုင်အမ်အက်ဖ်စီးပွားရေးပညာရှင်များက ပြောကြားပြီး အမေရိကန်ဘဏ္ဍာရေး အစွန်းထွက်မှုကလည်း စီးပွားရေးကိုပြိုလဲစေနိုင်ပြီးကမ္ဘာတစ်ဝန်းလုံးကို ရိုက်ခတ်နိုင်ကြောင်း သတိပေးထားသည်။

"လွန်ခဲ့တဲ့ သုံးလအတွင်းမှာ ကမ္ဘာ့စီးပွားရေး နာလန်ထမှုဟာ အားမကောင်းလာတဲ့အပြင် ထပ်ပြီးအားနည်းမယ့် အရိပ်အယောင်တွေပြသခဲ့ပါတယ်"ဟု သုံးလတစ်ကြိမ်ထုတ်ပြန်သည့် အိုင်အမ်အက်ဖ်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယူရိုငွေဧရိယာတွင် ဘဏ္ဍာရေးစျေးကွက်နှင့် အချုပ်အခြာအာဏာပိုင်မှုအပေါ် ဖိအားများမြင့်တက်လာစဉ်မှာပင် စီးပွားရေးအားကောင်းစပြုလာသည့် နိုင်ငံများတွင်လည်း မျှော်မှန်းထားသည်ထက် စီးပွားရေးဖွံ့ဖြိုးမှုလျော့ကျလာခဲ့ကြောင်း အိုင်အမ်အက်ဖ်က ပြောကြားသည်။

ပေါ်လစီတုံ့ပြန်မှုများ နှေးကွေးလာသောကြောင့်လည်း ကမ္ဘာ့စီးပွားရေးနာလန်ထမှုကို လမ်းလွှဲစေနိုင်သည်ဟု အိုင်အမ်အက်ဖ်စီးပွားရေးပညာရှင်ချုပ် အိုလီဗီယာ ဘလန်ကာ့ဒ်က ပြောကြားသည်။

—*Ref: AFP*

## မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် 'စစ်သေနာပတိ' ဖြစ်လာ


Photo : AFP

**ဆိုးလ်၊ ဇူလိုင် - ၁၈**

မြောက်ကိုရီးယားခေါင်းဆောင် မစ္စတာကင်ဂျုံအန်အား စစ်သေနာပတိ ရာထူးအပ်နှင်းလိုက်ကြောင်း မြောက်ကိုရီးယား နိုင်ငံပိုင်သတင်းဌာနက ပြောကြားသည်။

ကိုရီးယားပြည်သူ့တပ်မတော်၏ စစ်ဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေပြီဖြစ်သောမစ္စတာကင်ဂျုံအန်အား စစ်သေနာပတိရာထူးပေးရန် ဆုံးဖြတ်ချက်ကို နိုင်ငံ၏ စစ်ဘက်၊ အစိုးရနှင့် နိုင်ငံရေးထိပ်သီး အရာရှိများက ချမှတ်ခြင်းဖြစ်ကြောင်း နိုင်ငံတော်မီဒီယာက အထူးကြေညာချက်တွင် ပြောကြားသည်။

နိုင်ငံခေါင်းဆောင်ဖြစ်လာပြီး ခုနစ်လအကြာနှင့် စစ်ဘက်ထိပ်ပိုင်းနေရာ အပြောင်းလဲများဖြစ်ပေါ်ခဲ့ပြီးနောက် မစ္စတာကင်ဂျုံအန်အား စစ်သေနာပတိအဖြစ် တရားဝင်ခန့်အပ်မှုသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်ရက်ကပင် မြောက်ကိုရီးယားစစ်ဘက်နှင့် နိုင်ငံရေးအသိုင်းအဝိုင်းတွင် ထိပ်ပိုင်းခေါင်းဆောင် တစ်ဦးဖြစ်သော မစ္စတာရီယောင်ဟိုအား ကျန်းမာရေးကြောင့် ရာထူးအားလုံးမှ အနားပေးခဲ့သည်။ နောက်တစ်နေ့မှာပင် လူသိနည်းသော ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သည့် ဟွန်ယောင်ချိုလ်အား လက်ထောက်စစ်သေနာပတိအဖြစ် ခန့်အပ်ခဲ့သည်။

မစ္စတာ ရီယောင်ဟိုမှာ ၂၀၁၀ပြည့်နှစ်တွင်လက်ထောက်စစ်သေနာပတိအဖြစ် တိုးမြှင့်ခံရပြီး မစ္စတာကင်ဂျုံအန်အတွက်လည်းသွန်သင်ပြသသူဖြစ်ရာ ၎င်းအားရာထူးမှ ဖယ်ရှားခဲ့ခြင်းမှာ ပြင်ပလေ့လာသူအများအပြားကို အံ့အားသင့်စေခဲ့သည်။ မစ္စတာရီယောင်ဟိုနှင့် မစ္စတာဟွန်ယောင်ချိုလ်အပြင် မြောက်ကိုရီးယားနိုင်ငံတွင် နောက်ထပ် လက်ထောက်စစ်သေနာပတိ ရှစ်ဦးရှိကြောင်း သိရသည်။

—Ref: AP






# ဆီးရီးယားအစိုးရ ထိပ်သီးအစည်းအဝေးပွဲ ဗုံးခွဲတိုက်ခိုက်ခံရ

**ဒမတ်စကပ်၊ ဇူလိုင် - ၁၈**

ဆီးရီးယားအစိုးရ၏ထိပ်သီးခေါင်းဆောင်များအစည်းအဝေးတစ်ရပ်တွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး သမ္မတဘာရှားအယ်လ်အာဆတ်၏ ထိပ်သီးအရာရှိကြီးသုံးဦးသေဆုံးခဲ့ကြောင်းသိရသည်။ ယင်းမှာ ၎င်းတို့လက်ချက်ဟု သူပုန်တပ်ဖွဲ့များက ပြောကြားခဲ့ပြီး ထပ်မံ၍လည်း တိုက်ခိုက်မှုများဖြစ်ပေါ်ဦးမည်ဟု သတိပေးပြောကြားသည်။

ဒမတ်စကပ်စ်မြို့ ဌာနချုပ်၌ပြုလုပ်သည့် ထိပ်သီးလုံခြုံရေးအကြီးအကဲများ၏ အစည်းအဝေးဖောက်ခွဲတိုက်ခိုက်မှုအတွက် ကိုယ်ရံတော်တပ်ဖွဲ့ဝင်တစ်ဦးက ကျူးလွန်ခဲ့သည်ဟု ယူဆကြသည်။



Photo : AFP

ယင်းတိုက်ခိုက်မှုမှာ သမ္မတဘာရှားအယ်လ်အာဆတ်၏ အတွင်းစည်းထဲ ဖြစ်ပေါ်သည့် ပထမဆုံးတိုက်ခိုက်မှုဖြစ်ပြီး တိုက်ခိုက်မှုကြောင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဒါအောရာဂျာ၊ ၎င်း၏လက်ထောက် သမ္မတ အာဆတ်၏ ယောက်ဖတော်စပ်သူ အာဆတ်ရှောကတ်နှင့် ဒုတိယလက်ထောက် သမ္မတ ဗိုလ်ချုပ်ကြီးဟတ်ဆန်တာ့ခ်မီနီလည်းသေဆုံးခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက ပြောကြားသည်။

ဒဏ်ရာရရှိခဲ့သူများတွင် ပြည်ထဲရေးဝန်ကြီး မိုဟာမက်အယ်လ်ရှာရာနှင့် အမျိုးသားလုံခြုံရေးအကြီးအကဲ ဗိုလ်ချုပ်ကြီးဟာရှင်အစ်တီယာတို့ ပါဝင်ခဲ့သည်။

ယင်းတိုက်ခိုက်မှုမှာ ၎င်းတို့လက်ချက်ဟု အတိုက်အခံအဖွဲ့ဖြစ်သော ဆီးရီးယားလွတ်မြောက်ရေးတပ်မတော်အဖွဲ့က ပြောကြားသော်လည်း အခြားအစ္စလာမ်မစ်အဖွဲ့တစ်ဖွဲ့လည်း ၎င်းတို့လက်ချက်ဟု ပြောကြားသည်။ အဆိုပါ တိုက်ခိုက်မှုအား ဖောက်ခွဲရေးခါးပတ်ဝတ်ဆင်ထားသော ဝန်ကြီးတစ်ဦး၏ ကိုယ်ရံတော် တစ်ဦးက ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု လုံခြုံရေးအရာရှိတစ်ဦးက အေအက်ဖ်ပီသတင်းဌာနအား ပြောကြားသည်။

*—Ref:AFP*

# ထိန်းမနိုင်သိမ်းမရဖြစ်နေသော ဆီးရီးယားအရေးဆွေးနွေးရန် မစ္စတာပူတင်ထံ အိုဘားမားဖုန်းဆက်

**ဝါရှင်တန်၊ ဇူလိုင် - ၁၉**

ဆီးရီးယားနိုင်ငံ၏ အခြေအနေမှာ ထိန်းမနိုင်သိမ်းမရဖြစ်လာကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး လီယွန်ပါနက်တာက သတိပေးပြောကြားပြီးနောက် အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ဆီးရီးယားတွင် အကြမ်းဖက်မှုများမြင့်တက်လာခြင်းအကြောင်းဆွေးနွေးရန် ရုရှားသမ္မတဗလာဒီမာပူတင်ထံသို့ဖုန်းခေါ်ဆိုခဲ့ကြောင်း သိရသည်။ သို့သော်ခေါင်းဆောင်နှစ်ဦးကြား သဘောတူညီမှု ရခဲ့ပုံမရှိကြောင်း ရာဟူးသတင်းဌာန အိမ်ဖြူတော်သတင်းထောက်က ရေးသားသည်။

ဆီးရီးယားအရေးနှင့်ပတ်သက်၍ အစိုးရနှစ်ရပ်ကြား ကွဲပြားခြားနားမှုများရှိမည်ကို အိုဘားမားနှင့် ပူတင်တို့က မှတ်ချက်ချခဲ့ကြပြီး မြန်နိုင်သမျှ မြန်မြန်နိုင်ငံရေးအသွင်ကူးပြောင်းမှုကို အားပေးထောက်ခံရန် လိုအပ်ခြင်းကို သဘောတူညီခဲ့ကြသည်ဟု အိမ်ဖြူတော်က ပြောကြားသည်။

ကရင်မလင်ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စ်ကော့ဗ်ကမူ ပြဿနာဖြေရှင်းမှုအောင်မြင်ရန် လက်တွေ့လုပ်ကိုင်ပုံနှင့်ပတ်သက်၍ ချဉ်းကပ်ပုံတွင် ကွဲပြားခြားနားမှုများဆက်လက်ရှိနေသေးကြောင်း ရုရှားသတင်းထောက်များအား ပြောကြားသည်။

ယင်းလိပ်ခဲတည်းလည်း အနေအထား အရေးပါနေသည့် အကြောင်းမှာ ဆီးရီးယားနိုင်ငံနှင့်ပတ်သက်သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းအား (တရုတ်နိုင်ငံ၏အထောက်အပံ့နှင့်) ရုရှားနိုင်ငံက ပိတ်ပင်ထားဆဲနေ၍ဖြစ်ကြောင်း အိမ်ဖြူတော် သတင်းထောက်က ရေးသားဖော်ပြသည်။

*—Ref: The Ticket*



7DAY NEWS JOURNAL

# International

Vol.11, No.20 • JULY 26 , 2012

## ဘဏ္ဍာရေးဝန်ကြီးဟောင်း အိန္ဒိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရ

**နယူးဒေလီ၊ ဇူလိုင် - ၂၃**

အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီးဟောင်းနှင့်လက်ရှိအာဏာရကွန်ဂရက်ပါတီအား ကိုယ်စားပြုယှဉ်ပြိုင်သူ မစ္စတာ ပရာနက်မူကာဂျီးသည် အိန္ဒိယနိုင်ငံ၏သမ္မတရွေးကောက်ပွဲတွင်အနိုင်ရရှိပြီး နိုင်ငံ၏ ၁၃ ဦးမြောက် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

မစ္စတာမူကာဂျီးသည် ၎င်း၏ပြိုင်ဘက် အောက်လွှတ်တော်ဥက္ကဋ္ဌဟောင်း ပီ၊ အေ၊ ဆန်းမာထက် မဲအရေအတွက် နှစ်ဆကျော်ရရှိခဲ့ကြောင်း ရွေးကောက်ပွဲအရာရှိအက်ဂနီဟိုထရီကပြောကြားသည်။

“ဒီလို မြင့်မားတဲ့ရုံးတော်ကို ရွေးကောက်တင်မြှောက်ခဲ့ခြင်းအတွက် ပြည်သူများအား အထူးကျေးဇူးတင်ရှိပါတယ်”ဟု မစ္စတာမူကာဂျီးကပြောကြားပြီး ပြည်သူများ၏ ယုံကြည်မှုနှင့် ထိုက်တန်အောင်ကြိုးစားသွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

မစ္စတာပရာနက်မူကာဂျီးသည် အိန္ဒိယအစိုးရအဖွဲ့တွင် အရေးပါသော ရာထူးနေရာများ ရယူခဲ့ပြီး နိုင်ငံခြားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ဝန်ကြီးချုပ်မှာ အစိုးရအဖွဲ့အကြီးအကဲဖြစ်ပြီး သမ္မတရာထူးမှာ ဂုဏ်ထူးဆောင်နေရာဖြစ်သော်လည်း အများပြည်သူကြည်ညိုလေးစားခံရသူများသာ ရွေးချယ်ခံရသော နေရာဖြစ်သည်။

စာ(၄၅)သို့




Photo : AFP

## သေနတ်ပစ်ခံရသူများကို နှစ်သိမ့်ရန် သမ္မတအိုဘားမား ကိုလိုရာဒိုပြည်နယ်သို့ သွားရောက်

**ကိုလိုရာဒို၊ ဇူလိုင် - ၂၃**

ဒန်းဗားမြို့ရေးယာ ရုပ်ရှင်ရုံတစ်ရုံတွင် လူ ၁၂ဦးသေဆုံးပြီး ၅၈ ဦး ဒဏ်ရာရရှိခဲ့သော ပစ်ခတ်မှုနှင့် ကြုံတွေ့ခဲ့ရသူများကို အားပေးနှစ်သိမ့်ရန် အမေရိကန်သမ္မတဘားရက်အိုဘားမားသည် ဇူလိုင်လ ၂၂ ရက်တွင် ကိုလိုရာဒိုပြည်နယ်သို့သွားရောက်ခဲ့ကြောင်း သိရသည်။

ယင်းပစ်ခတ်တိုက်ခိုက်မှုက နိုင်ငံအား တုန်လှုပ်သွားစေခဲ့ပြီး သတင်းစာမျက်နှာများကိုလွှမ်းမိုးသွားခဲ့သည်။ မစ္စတာအိုဘားမားသည် ပစ်ခတ်မှုတွင် သေဆုံးသူများ၏မိသားစုဝင်များကို သီးသန့်တွေ့ဆုံခဲ့ပြီး သေဆုံးခဲ့သူများနှင့် အခြားလူများကို အသက်စွန့်၍ ကူညီခဲ့ကြသူများ၏ပြောစကားများကိုနားထောင်ခဲ့သည်။

“ညအမှောင်ပြီးရင်တောက်ပတဲ့နေ့ရက် ရောက်လာမှာပါ” ဟု ၎င်းတို့က အသေအချာ ပြောကြားသည်ဟု အော်ရိုရာဒေသရှိ ကိုလိုရာဒိုတက္ကသိုလ် ဆေးရုံ၌ ရောက်ရှိနေသော မစ္စတာအိုဘားမားကပြောသည်။

စာ(၄၅)သို့

## ဥရောပနှင့် တရုတ်အပေါ် စိုးရိမ်ပူပန်မှုများကြောင့် အာရှစတော့ဈေးကွက်များ ကျဆင်း

**ဆိုးလ်၊ ဇူလိုင် - ၂၃**

ဥရောပ၏ ကြွေးမြီပြဿနာထပ်မံကြီးထွားလာမည့် ခြိမ်းခြောက်မှုနှင့်တရုတ်နိုင်ငံ၏ စီးပွားရေးနှေးကွေးလာမှုအပေါ် စိုးရိမ်မှုများကြောင့် အာရှစတော့ရှယ်ယာဈေးကွက်များကျဆင်းလာကြောင်း သိရသည်။

ဇူလိုင်လ ၂၃ ရက် (တနင်္လာနေ့) ဈေးကွက် စတင်ဖွင့်လှစ်ချိန်တွင် ဂျပန်၊ သြစတြေးလျနှင့် တရုတ်နိုင်ငံတို့၌ စတော့ရှယ်ယာဈေးကွက်များ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တောင်ကိုရီးယား၊ ထိုင်ဝမ်နှင့် ဟောင်ကောင်ရှယ်ယာဈေးကွက်များမှာ ၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။

ယခုသီတင်းပတ်ကုန်တွင် ဥရောပနှင့် တရုတ်မှ ထွက်ရှိလာသော စီးပွားရေးအစီရင်ခံစာများက ယိုင်နဲ့နေပြီဖြစ်သော ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ပိုမိုထိခိုက်စေခဲ့သည်။

ဘဏ္ဍာရေး အကူအညီတောင်းခံရဖွယ်ရှိကြောင်း စပိန်နိုင်ငံက ထုတ်ဖော်ပြောကြားပြီးနောက် ဇူလိုင်လ ၂၁ ရက်တွင် စပိန်နှင့် အီတလီနိုင်ငံတို့၏ စတော့ရှယ်ယာဈေးနှုန်းများ ၄ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားသည်။

တရုတ်ဗဟိုဘဏ် စီးပွားရေးအကြံပေးတစ်ဦး၏ ဖွံ့ဖြိုးတိုးတက်မှုခန့်မှန်းချက်ကြောင့်လည်း ကမ္ဘာ့စီးပွားရေးနှေးကွေးလာခြင်းအပေါ် ပိုမို၍ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လာခဲ့သည်။ တရုတ်ဗဟိုဘဏ် စီးပွားရေးအကြံပေးတစ်ဦးဖြစ်သူ ဆောင်ဂေါ်ကင်းက တရုတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ၇ ဒသမ ၄ ရာခိုင်နှုန်းသို့ လျော့ကျသွားနိုင်ကြောင်း ပြောကြားခဲ့သည်။

—Ref: AP




## ဘေဂျင်း၌ ဖြစ်တောင့်ဖြစ်ခဲ မုန်တိုင်းများကြောင့် တရုတ်နိုင်ငံတွင် လူ ၂၀ သေဆုံး

**ဘေဂျင်း၊ ဇူလိုင် - ၂၃**

တရုတ်နိုင်ငံ ဘေဂျင်းမြို့တွင် နှစ်ပေါင်း ၆၀ အတွင်း အသည်းထန်ဆုံး မိုးရွာသွန်းမှုများကြောင့် အနည်းဆုံး လူ ၁၀ ဦးသေဆုံးခဲ့ပြီး ဘတ်စ်ကားများနှင့် ကားများ ရေနစ်မြုပ်ခဲ့သည်။ မုန်တိုင်းကြောင့် တရုတ်နိုင်ငံ၏ အခြားဒေသများတွင်လည်း လူ ၁၀ ဦး ထပ်မံသေဆုံးခဲ့သည်။

စာ(၄၅)သို့



ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL အာချပ်ပို

Vol.11, No.20 • JULY 26 , 2012

# ဒေါ်အောင်ဆန်းစုကြည်မှတ်တမ်းရုပ်ရှင်စတင်ရိုက်ကူး

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင် - ၂၃**

နိုဗယ်ငြိမ်းချမ်းရေးဆုရှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏အတ္ထုပ္ပတ္တိ မှတ်တမ်းရုပ်ရှင်(Documentary)ကို ဒေါ်အောင်ဆန်းစုကြည်၏ ခွင့်ပြုချက်အရဇူလိုင် ၂၁ရက်တွင် စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း ဒါရိုက်တာမင်းထင်ကိုကိုကြီးက ပြောသည်။

ပထမဆုံး ရိုက်ကူးမှုကို ဇူလိုင် ၂၁ ရက်က ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်တွင်စတင်ခဲ့ပြီး အပြီးသတ်ရိုက်ကူးမှုမှာ ဒေါ်အောင်ဆန်းစုကြည်၏ အချိန်ပေးနိုင်မှုအရ တစ်နှစ်ခွဲခန့် ကြာမြင့်နိုင်ကြောင်းငင်းကပြောသည်။ ယခုမှတ်တမ်းကား Pre Production အတွက် ပြင်ဆင်ခြင်း၊ လိုအပ်သည့်စာရွက်စာတမ်းများ ရှာဖွေဖတ်ရှုသုတေသနလုပ်ငန်းများပြုလုပ်ခြင်း၊ လိုအပ်သည့် အထောက်အထားနှင့်ပစ္စည်းများ ရှာဖွေခြင်း၊ ပုံကြမ်း(Treatment)တို့ပြုလုပ်ရခြင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ ငယ်စဉ်ဘဝမှ ယခုအချိန်ထိ အကြောင်းအရာ အဖြစ်အပျက်များကို Timeline များဆွဲကာ ဒေါ်အောင်ဆန်းစုကြည်ထံပြန်လည်ပြသညှိနှိုင်းခြင်းတို့ကို ဒေါ်အောင်ဆန်းစုကြည်ထံမှ ရိုက်ကူးခွင့်ရပြီးနောက် တစ်နှစ်ကြာ ပြုလုပ်ခဲ့ရကြောင်း ဒါရိုက်တာ မင်းထင်ကိုကိုကြီးက ပြောသည်။ ယခုဖန်တီးမည့် မှတ်တမ်းရုပ်ရှင်သည် Documentary သက်သက်မဟုတ်ဘဲ Feautre Lenght Documentaryဖြစ်ခြင်းကြောင့်ကြာမြင့်ချိန် တစ်နာရီခွဲစာရှိမည်ဖြစ်ပြီး အပိုင်းကိုးပိုင်းပါဝင်မည်ဟု အကြမ်းဖျင်းသိရှိရသည်။



မှတ်တမ်းရုပ်ရှင်ရိုက်ကွင်းတွင်တွေ့ရသည့်ဒေါ်အောင်ဆန်းစုကြည်နှင့်ဒါရိုက်တာမင်းထင်ကိုကိုကြီး ဓာတ်ပုံ - မျိုးမြင့်ဆွေ

"ရွှေတိဂုံမှာ ပြောခဲ့တဲ့ မိန့်ခွန်းကတော့ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ စတဲ့နိုင်ငံရေးကို စပြီးပြောတဲ့ မိန့်ခွန်းကတော့ပါမှာပေါ့။ ဒါပေမဲ့ မှတ်တမ်းရုပ်ရှင်က အကြောင်းအရာ တစ်ခုတည်းပေါ်မှာအကျယ်ချဲ့ပြီး ရိုက်ကူးတာမဟုတ်တဲ့အတွက် အကုန်တော့ပါမှာမဟုတ်ဘူး။ တစ်နာရီခွဲစာအတွင်း လိုအပ်တဲ့အစိတ်အပိုင်းလေးတွေကို ဖြတ်တောက်ပြီး သုံးသွားမှာပါ"ဟုယခုမှတ်တမ်းရုပ်ရှင်အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် ၁၂နာရီနီးပါး တွေ့ဆုံမေးမြန်းခန်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ငင်းကပြောသည်။

ကမ္ဘာသိခေါင်းဆောင် တစ်ဦး၏ အကြောင်းကို ရိုက်ကူးခြင်းမှာအလွန်တာဝန်ကြီးမားကြောင်း၊ မြန်မာနိုင်ငံတွင် ကမ္ဘာသိခေါင်းဆောင်သုံးဦးဖြစ်သည့် ဦးသန့်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့တွင် သက်ရှိထင်ရှားပုဂ္ဂိုလ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်သာ ကျန်ရှိနေပြီး ငင်းမှာရှိသည့်အနုပညာအားဖြင့် မြန်မာနိုင်ငံသားတစ်ဦးမှ မြင်သောအမြင်ဖြင့် ချဉ်းကပ်ရိုက်ကူးရခြင်းဖြစ်ကြောင်းသိရသည်။ ကမ္ဘာပေါ်တွင် မှတ်တမ်းရုပ်ရှင် ဒါရိုက်တာများစွာရှိသော်လည်းမြန်မာဒါရိုက်တာတစ်ဦးက ရိုက်ကူးသည့်အမြင်၊ အခြားနိုင်ငံခြားသားဒါရိုက်တာများ ရိုက်ကူးသည့်အမြင်တို့မတူညီနိုင်ကြောင်း ဒါရိုက်တာ Lus Besson ရိုက်ကူးသော ဒေါ်အောင်ဆန်းစုကြည်၏ The Lady ရုပ်ရှင်ကားကိုကိုးကားပြီး ဒါရိုက်တာမင်းထင်ကိုကိုကြီးကပြောသည်။

"The Lady မှာဆိုရင် သမိုင်းဆိုင်ရာ အချက်အလက်တွေကို လျစ်လျူရှုပြီး သူလုပ်ချင်ရာလုပ်ထားတယ်။ မြန်မာအကြံပေးတစ်ယောက်မှ မပါထားဘူး။ ဘာအကြံပေးမှုလည်း မပါဘူး။ ကျွန်တော်တို့က မြန်မာနိုင်ငံသမိုင်းကိုသိတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ဒေါ်အောင်ဆန်းစုကြည်ကို သိတယ်။ အဲဒီသိတဲ့အကြည့်နဲ့ပဲ ကြည့်ပြီး ရုပ်ရှင်ကိုဖယ်ထားလိုက်ဦး။ သမိုင်းအချက်အလက်တွေ၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အင်းမေ့ချ်တွေ အကုန်လွဲမှားနေတယ်။ အဲဒီလိုမျိုးမဖြစ်အောင် ကျွန်တော် အရမ်းဂရုစိုက်ရမယ်။ တာဝန်အရမ်းကြီးသွားပါပြီ"ဟု ဒါရိုက်တာမင်းထင်ကိုကိုကြီးက 7Day News သို့ ပြောသည်။

## ပြည်ပရင်းနှီးမြှုပ်နှံမှုဖြင့် ဓာတ်မြေသြဇာစက်ရုံများ တည်ဆောက်ရန်စီစဉ်

**သန်းဌေး**

**ရန်ကုန်၊ ဇူလိုင် - ၂၃**

ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဓာတ်မြေသြဇာစက်ရုံ များ တည်ဆောက်ရန်စီစဉ်နေကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အဆင့် မြင့်အရာရှိကြီးတစ်ဦးကပြောသည်။ "ယနေ့ကျွန်တော်တို့တိုင်းပြည်ရဲ့ဓာတ်မြေသြဇာသုံးစွဲမှုနှုန်းကိုကြည့်ရင် တစ်ဧကမှာ တစ်အိတ်နှုန်းရဲ့အောက်မှာပဲရှိတယ်။ ဒါကြောင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတွေ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတွေနဲ့ ပူးပေါင်းပြီးတော့ ဓာတ်မြေသြဇာစက်ရုံတွေကို ရေရှည်စီမံကိန်းနဲ့ ဆောင်ရွက်သွားဖို့ရှိပါတယ်"ဟု ငင်းကပြောသည်။

## ဇန်းမော်ရုပ်ပြေးယာဉ်တိမ်းမှောက်မှု လူ ၇၀ဦး ကယ်တင်နိုင်

### သံဃာတစ်ပါးနှင့် လူရှစ်ဦး၏ ရုပ်အလောင်းများကို ဆယ်ယူထားနိုင်ပြီဖြစ်သည်

**သန်းဌေး၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇူလိုင် - ၂၃**

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ တာပိန်မြစ်လယ်တွင် မြမင်းအောင်(၁) ရုပ်ပြေးရေယာဉ် နစ်မြုပ်မှုဖြစ်စဉ်မှ ဇူလိုင် ၂၃ ရက်အထိ အသက်ရှင်လျက် ၈၀ဦး ကယ်ဆယ်ရရှိခဲ့ပြီး သံဃာတော်တစ်ပါးအပါအဝင် ရုပ်အလောင်း ကိုးလောင်း ဆယ်ယူရရှိထားကြောင်း ဗန်းမော်ရဲစခန်းမှ တာဝန်ကျရဲအရာရှိတစ်ဦးက 7Day Newsသို့ပြောသည်။

ရေယာဉ်တိမ်းမှောက်မှုထဲ၌ မြစ်ကြီးနားမြို့ ကချင်ပြည်နယ်တက္ကသိုလ်ဖုန် ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ဗန်းမော်တက္ကသိုလ် အမျိုးသားဘောလုံးအသင်းမှ နည်းပြတစ်ဦးနှင့် ဘောလုံးသမားစုစုပေါင်း ၂၂ဦး ပါရှိသည်။ ငင်းတို့အထဲမှ ကျောင်းသား ၁၆ ဦး အား အခင်းဖြစ်ပွားစဉ် (ဇူလိုင် ၂၀ရက်)တွင် အသက်ရှင်လျက် ဆယ်ယူရရှိပြီး ဇူလိုင် ၂၃ရက်တွင် နည်းပြဆရာ ဦးငေ ကျောင်းသားလေးဦးတို့၏ ရုပ်အလောင်းကို ဆယ်ယူရရှိထားပြီးဖြစ်၍ ကျောင်းသားတစ်ဦးသာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ငင်းကပြောသည်။

အဆိုပါရုပ်ပြေးယာဉ်သည် ဗန်းမော်ဆိပ်ကမ်းမှ ထွက်ခွာရန် စက်နှိုးရာ တက်လှည့်မရဘဲ ရေစီးကြမ်းနေချိန်ဖြစ်သောကြောင့် တိမ်းမှောက်သွားကြောင်း အဆိုပါ ဆိပ်ကမ်းတွင် ရေယာဉ်တိမ်းမှောက်မှု ဖြစ်စဉ်ကို သွားရောက်ကြည့်ရှုခဲ့သည့် အမျိုးသားတစ်ဦးက 7Day News သို့ ဇူလိုင် ၂၀ရက်တွင် တယ်လီဖုန်းမှတစ်ဆင့်ပြောသည်။

ယခု ရေယာဉ်တိမ်းမှောက်မှု ဖြစ်ပွားသော ရုပ်ပြေးဂိတ်နေရာသည် ဧရာဝတီမြစ်သို့ အရှေ့ဘက်အခြမ်းမှ စီးဝင်သော တာပိန်မြစ်ဝပေါ်တွင်ရှိကြောင်း သိရှိရသည်။ ရုပ်ပြေးယာဉ်တိမ်းမှောက်သည့် ဗန်းမော်ရုပ်ပြေးဂိတ်ကမ်းစပ်တွင် ရေယာဉ်လေးငါးစီးခန့် ရပ်တန့်ထားသည်။ ထိုရေယာဉ်များ အလွန်မှသာ စက်စနိုးခြင်းဖြစ်၍ တိမ်းမှောက်မှုဖြစ်ချိန်တွင်မြစ်လယ်သို့ရောက်ရှိပြီဖြစ်သည်။ မြမင်းအောင်(၁)ရုပ်ပြေးရေယာဉ်သည် အလျား ၉၅ ပေ၊ အနံငါးပေခွဲရှိပြီး သံကိုယ်ထည်ဖြစ်ကြောင်းသိရှိရသည်။ လတ်တလောတွင်မြစ်ရေတိုးပြီး ရေစီးကြမ်းသောကာလဖြစ်၍ ထိုဆိပ်ကမ်းမှ ထွက်ခွာသော မြစ်ကြီးနားခရီးစဉ်ကိုရပ်နားထားသည်မှာ တစ်လနီးပါးရှိပြီဖြစ်ကြောင်းသိရသည်။ ထို့အတူ မန္တလေးခရီးစဉ်ကိုလည်း ရပ်နားထားကြောင်းသိရသည်။

ယနေ့ဇူလိုင် ၂၃ ရက်အထိ အသက်ရှင်လျက် ကယ်ဆယ်ရရှိသူ စုစုပေါင်း ၈၀ဦးဖြစ်ပြီး အမျိုးသား ၅၈ဦးနှင့် အမျိုးသမီး ၂၂ဦးဖြစ်သည်။ အလောင်းကိုးလောင်း ဆယ်ယူရရှိပြီး သံဃာတော်တစ်ပါး ပါဝင်ကာ အဆိုပါဖြစ်စဉ်အား ဗန်းမော်ရဲစခန်းမှ ပုဒ်မ-၂၈၀/ ၂၈၂/ ၃၀၄(က) ဖြင့် အမှုဖွင့်ထားပြီး ပြစ်မှုဆိုင်ရာအမှတ်(ပ)၁၂၂/ ၂၀၁၂ဖြင့် အရေးယူဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

## နိုင်ငံတကာ ဈေးဝယ်ကတ်သုံးမျိုး ၂၀၁၃ တွင် ပြည်တွင်း၌ စတင်အသုံးပြုနိုင်မည်ဟုဆို

**ယုဇနကိုကို**

**ရန်ကုန်၊ ဇူလိုင် - ၂၃**

မြန်မာနိုင်ငံသို့ ဝင်ရောက်လာမည့် ကမ္ဘာလှည့်ခရီးသည်များသည် နိုင်ငံတကာတွင် တွင်ကျယ်စွာ သုံးစွဲနေသည့် ဘဏ်ကတ်အမျိုးအစားသုံးမျိုးကို လာမည့် ၂၀၁၃ တွင် စတင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်းသတင်းရရှိသည်။

Visa CUP နှင့် JCP ဟူသည့် ယင်းနိုင်ငံတကာကတ်အမျိုးအစားသုံးမျိုးကိုပြည်တွင်းတွင် သုံးစွဲနိုင်ရန်မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ MPU (Myanmar Payment Union)စနစ်လုပ်ကိုင်ခွင့်ရပုဂ္ဂလိကဘဏ်များကဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း ယင်းအဖွဲ့ဝင်ဘဏ်အချို့၏အကြီးတန်းတာဝန်ရှိသူများကပြောသည်။

MPU အဖွဲ့ဝင်ဘဏ်များဆိုသည်မှာ ထိုစနစ်ရှိသည့် မည်သည့်ဘဏ်တွင်မဆို MPU ကတ်များဖြင့် ငွေသွင်းငွေထုတ်ခြင်းဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်နိုင်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၏ MPU ကတ်ဖြင့် ထိုစနစ်ရှိသော အခြားမည်သည့် ATM စက်တွင်မဆို ငွေထုတ်ခြင်းကို ပြုလုပ်နိုင်ခြင်းဖြစ်သည်။

အဆိုပါကတ်အမျိုးအစားသုံးမျိုးသည် ငွေစက္ကူကိုင်ဆောင်ရန်မလိုသည့် ဈေးဝယ်ကတ်များဖြစ်ကြပြီး ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် ငင်းတို့နိုင်ငံအသီးသီးတွင် အသုံးပြုနေကြသည့် ထိုကတ်များကို မြန်မာနိုင်ငံတွင်လည်း လွယ်ကူစွာအသုံးပြုနိုင်ရန်အတွက် ယခုကဲ့သို့ ဆောင်ရွက်ရမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူတို့ကဆိုကြသည်။

Visa ကတ်သည် ကမ္ဘာအနှံ့သုံးစွဲနိုင်မည့် ကတ်စနစ်ဖြစ်သဖြင့် မည်သည့်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်မဆို ထိုကတ်ကို ပြည်တွင်းတွင် သုံးစွဲနိုင်မည်ဟုဆိုသည်။

တရုတ်နိုင်ငံမှ လာရောက်လည်ပတ်သည့်နိုင်ငံခြားသားဧည့်သည်များသည် ငင်းတို့နိုင်ငံတွင် သုံးစွဲနေသည့် CUP (China Union Pay)ကတ်ကို အသုံးပြုကာ သုံးစွဲနိုင်မည်ဖြစ်သည်။ JCB (Japan Credit Burea)ကတ်သည် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ဂျပန်နိုင်ငံသားများအတွက်ဖြစ်သည်ဟုသိရသည်။

"ဒီနိုင်ငံတကာကတ်တွေကို ဒီမှာ သုံးလို့ရလာခြင်းအားဖြင့် နိုင်ငံခြားသားတွေ မြန်မာနိုင်ငံလာရင်ကြိုက်တဲ့ အေတီအမ်စက်မှာ ဒီကတ်ကို သုံးလို့ရပြီ။ ဘဏ်နဲ့ချိတ်ဆက်ထားတဲ့ လုပ်ငန်းတိုင်းမှာ ငွေပေးချေတာတွေ လုပ်လာရရင် ဒီကတ်နဲ့တင် လွယ်လွယ်ကူကူပြီးစီးမယ်။ ဒါပေမဲ့ လောလောဆယ်တော့ မြန်မာနိုင်ငံက နိုင်ငံတကာကတ်တွေကို လက်ခံပေးမယ့်အဆင့်ကိုပဲ အရင်သွားမှာပါ" ဟု အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်(AGD)မှ မန်နေဂျင်းဒါရိုက်တာဦးရဲမင်းဦးကပြောသည်။

ကမ္ဘာလှည့်ခရီးသွားများအတွက် လာမည့်နှစ်မှ စတင်ပြုလုပ်မည့် အထက်ပါဝန်ဆောင်မှုနှင့်ပတ်သက်ပြီး CB ဘဏ်၏ မန်နေဂျင်းဒါရိုက်တာဦးဖေမြင့်က ထိုစနစ်သည် MPU စနစ်ချိတ်ဆက်ထားသောဘဏ်များ၏ မည်သည့်ATM စက်များတွင်မဆို ငွေကြေးထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပြီး နိုင်ငံတကာတွင် သုံးစွဲနေသည့် ကတ်များကို ပြည်တွင်း၌ သုံးစွဲလာနိုင်ခြင်းအားဖြင့် ကမ္ဘာလှည့်ခရီးသည်များ၏ ငွေပေးချေရေးကိစ္စရပ်များတွင် အခြားနိုင်ငံများနည်းတူ ဆောင်ရွက်လာနိုင်တော့မည်ဖြစ်သည်ဟုပြောကြားသည်။

နောက်ပိုင်းတွင် မြန်မာနိုင်ငံမှ ကတ်များကို နိုင်ငံတကာတွင် သုံးစွဲနိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၄ တွင် အကောင်အထည်ဖော်လာနိုင်မည်ဟု ခန့်မှန်းထားကြောင်း AGD ဘဏ်မှ မန်နေဂျင်းဒါရိုက်တာဦးရဲမင်းဦးကဆိုသည်။

7DAY NEWS JOURNAL
Vol.11, No.20 • JULY 26 , 2012

# အချိုးကျကိုယ်စားပြုစနစ်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်ပါတီ ၁၀ ခု ဆွေးနွေးမည်

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဇူလိုင်-၂၁**

အချိုးကျ ကိုယ်စားပြုစနစ်ကို ဆွေးနွေးရန် ဇူလိုင် ၂၇ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဒီမိုကရေစီမိတ်ဆွေ ၁၀ ပါတီတို့ တွေ့ဆုံမည်ဖြစ်ကြောင်း ယင်းပါတီများထံမှ သတင်းရရှိသည်။

"ဖိတ်စာထဲမှာတော့ ကျွန်တော်တို့၁၀ပါတီတင်ပြထားတဲ့အချိုးကျ ရွေးကောက်ပွဲစနစ်ဆိုပြီးတော့ တွေ့တယ်" ဟု ဒီမိုကရက်တစ်ပါတီ(မြန်မာ)ဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။

အချိုးကျကိုယ်စားပြု စနစ်သည် အခြားသော ရွေးကောက်ပွဲစနစ်များနှင့်ယှဉ်ပါက အကျိုးကျေးဇူးများကြောင်း ၎င်းက ဆိုသည်။ လက်ရှိ မြန်မာအပါအဝင် အမေရိကန်၊ ဖိလစ်ပိုင် စသောဒီမိုကရေစီနိုင်ငံများ အသုံးပြုသော ရွေးကောက်ပွဲစနစ်မှာ နိုင်သူ အကုန်ယူ (Winner - Take - all) စနစ်ဖြစ်သည်။ ထိုစနစ်အစား ပါတီအလိုက် မဲရရှိမှုအပေါ်တွင် မူတည်၍အချိုးကျ လွှတ်တော်များတွင် ကိုယ်စားလှယ်များကိုနေရာပေးသော PR (Proportional Representative System)စနစ်ဖြစ်သည်။အဆိုပါစနစ်သည်ပါတီစုံစနစ်ကို ဖော်ဆောင်ရာတွင် ထိရောက်မှုရှိကြောင်း ပြည်သူလူထုကို ကိုယ်စားပြုမှု ကျယ်ပြန့်ပြီး တစ်သီးပုဂ္ဂလများနှင့် ပါတီငယ်များ လွှတ်တော်ထဲကို ရောက်နိုင်ရန် အခွင့်အလမ်းများဖြစ်ပေါ်စေကြောင်း အမျိုးသားဒီမိုကရေစီအင်အားစုပါတီဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ပြောသည်။

"ကောင်းကွက်ကတော့ ပါတီငယ်လေးတွေနဲ့ လူမျိုးစုတွေ လွှတ်တော်ထဲမှာ နေရာပိုရတာပေါ့။ သူက သေသေ ချာချာ သုတေသနတွေ ဆန်းစစ်မှုတွေ မလုပ်ဘဲ ရမ်းပြီးလုပ်ရင် အစွန်းရောက်ဝါဒီတွေ လွှတ်တော်ထဲမှာ အများကြီး နေရာရလာမယ်" ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုသင်းက ပြောသည်။

ယခုလ ၁၈ ရက်တွင် နိုင်ငံတော်သမ္မတနှင့် ဒီမိုကရေစီမိတ်ဆွေ ၁၀ ပါတီတို့ တွေ့ဆုံရာတွင်လည်း အချိုးကျကိုယ်စားပြု စနစ်ကို တင်ပြခဲ့ကြသည်။

# သက်ပြည့်ပင်စင်ယူမည့် ကျောင်းအုပ်ဆရာကြီးကို နှုတ်ဆက်စဉ် ကျောင်းဆောင်ပြိုကျ၍ ကျောင်းသူ၊ ကျောင်းသား ၃၀ ဦး ဒဏ်ရာရ

**မျိုးမင်းဦး**

**မုံရွာ၊ ဇူလိုင် - ၂၃**



မုံရွာမြို့၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ပင်စင်(သက်ပြည့်) ယူမည်ဖြစ်သဖြင့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကျောင်းအုပ်ဆရာကြီး ရုံးခန်းသို့အသွားပင်မဆောင်အနောက်ထိပ်နဝမတန်းအဆောင်ရှေ့အရောက်တွင် ကျောင်းဝရန်တာ ပြိုကျသဖြင့်ကျောင်းသား၊ ကျောင်းသူ ၃၀ ဦးခန့်နှင့် ကျောင်းဆရာတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

"ပုံမှန်ရက်တွေမှာ ဒီဝရန်တာက လူအများ သွားလာတာမရှိပါဘူး။ ဒီနေ့ ကျောင်းအုပ်ဆရာကြီး နှုတ်ဆက်ဖို့ ကျောင်း သား၊ ကျောင်းသူတွေအသွားများတော့ ပြိုကျသွားတယ်။ ဝရန်တာမှာ ခြတွေ တက်နေတာကြာပြီဆိုတော့ ဆွေးမြေ့ပြီး ပြိုကျသွားတာပါ။ ထိခိုက်ဒဏ်ရာရတဲ့ ကျောင်းသား၊ ကျောင်းသူတွေအားလုံး ဆေးဝါးကုသမှု ခံယူနေပါတယ်" ဟု အ. ထ. က(၂)မှကျောင်းဆရာမတစ်ဦးက ပြောသည်။

အဆိုပါ ပင်မကျောင်းဆောင်ဝရန်တာ ပြိုကျမှုကြောင့် ကျောင်းဆရာတစ်ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၃၀ ဦးခန့် ဒဏ် ရာရရှိပြီး မုံရွာပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ကျောင်းသား၊ ကျောင်းသူ ၂၉ ဦးနှင့်ပြင်ပလူနာအဖြစ် နှစ်ဦး ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းသတင်းရရှိသည်။မုံရွာမြို့တွင် အထက်တန်း ကျောင်းသုံးကျောင်းရှိပြီး အ. ထ. က (၂)သည် ဒေါနခြံရပ်ကွက်၊ မုံရွာပြည်သူ့ဆေးရုံကြီး ဘေးကပ်လျက်တွင် တည်ရှိသည်။

# ပန်းလောင်မြစ် သဘာဝအတိုင်းစီးဆင်းစေရန် မြစ်သားမြို့ဒေသခံများ ဆန္ဒဖော်ထုတ်မည်

**ညီညီဇော်**

**မန္တလေး၊ ဇူလိုင်-၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်မြစ်သားမြို့နယ်အတွင်းတွင် ဖြတ်သန်းစီးဆင်းနေသော ပန်းလောင်မြစ်ရေကို စမာရေလွှဲဆည်အတွင်းမသိုလှောင်ဘဲသဘာဝအတိုင်းစီးဆင်းစေရန် ဒေသခံများက ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာနည်းဥပဒေနှင့်အညီ ဇူလိုင် ၂၅ ရက်တွင် ဆန္ဒထုတ်ဖော်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဆန္ဒထုတ်ဖော်ရသည့် အကြောင်းရင်းမှာ မြစ်သားမြို့ရှိ ပန်းလောင်မြစ်ပေါ်တွင် တည်ဆောက်ထားသော စမာရေလွှဲဆည်သည် သတ်မှတ်ထားသော လယ်ဧကများကို အကျိုးမပြုခြင်း၊ ပြည်ထောင်စုလွှတ်တော်တတိယ ပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးတင်ပြသော တစ်နိုင်ငံလုံးရှိ အကျိုးမရှိသော ဆည် ၆၇ ခုစာရင်းတွင် မြစ်သားမြို့မှ စမာရေလွှဲဆည်ပါဝင်နေခြင်း၊ ၎င်းဆည်ကြောင့် မြို့လူထု ရေဘေးဒုက္ခ နှစ်စဉ်ကြုံရခြင်း၊ အကျိုးမပြုသည့်ဆည်ကို မဖျက်သိမ်းဘဲ မြို့ရေဘေးဒုက္ခမကြုံရန်ဟုဆိုကာ သဲထုတ်ရေတံခါးစီမံကိန်းကို သိန်းခုနစ်ထောင်ကျော် အကုန်အကျခံတည်ဆောက်ခဲ့ခြင်း၊ ယင်းဆည်ကြောင့် မြို့ရေအောက်ရေများ ညစ်ညမ်းလာသည်ကို ဓာတ်ခွဲစမ်းသပ်ရာမှ တွေ့ရှိခြင်းနှင့် ကျန်းမာရေးထိခိုက်လာခြင်းတို့ကြောင့် ဆန္ဒထုတ်ဖော်ရခြင်းဖြစ်သည်ဟု ဆန္ဒဖော်ထုတ်မည့် မြစ်သားမြို့ခံအချို့က ပြောသည်။

နေပြည်တော်၊ မန္တလေး၊ ကျောက်ဆည်ဒေသများမှ ဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူများက ဆန္ဒပြပွဲမပြုလုပ်ခင် နှစ်ရက်အလို ဇူလိုင် ၂၃ ရက်က စမာဆည် သဲထုတ်ရေတံခါးစမ်းသပ်ထုတ်လွှတ်မှု အခမ်းအနားတွင် မီဒီယာများသို့ စမာရေလွှဲဆည်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ စမာရေလွှဲဆည်သည် သတ်မှတ်ထားသော ဧက ၁၀,၀၀၀ ကို အကျိုးမပြုနိုင်သေးသော်လည်း ဧက ၇,၀၀၀ ကျော်ခန့်ကို ရေပေးဝေနိုင်နေသည်ဟု ဆိုသည်။ ကျပ်သိန်း ၇,၀၀၀ ကျော် အကုန်အကျခံတည်ဆောက်သည့် သဲထုတ်ရေတံခါးသည် မြို့လူထုကို ဆည်ကြောင့် ရေကြီးမှုဒုက္ခကို မခံစားရစေဖို့ အာမခံသည်ဟု ၎င်းတို့က ဆိုသည်။ တစ်နိုင်ငံလုံး အကျိုး မရှိသော ဆည် ၆၇ ခုစာရင်းတွင် ပါဝင်သော်လည်း လုံးဝအကျိုးမပြုခြင်း၊ သုညရာခိုင်နှုန်း မဟုတ်ဘဲ အကျိုးပြုသည့် ရာခိုင်နှုန်း ၅၀ ရာခိုင်နှုန်းကျော် သတ်မှတ်သတ်ထားသည်ဟု ဆိုသည်။ မြေအောက်ရေမသန့်ရှင်းမှုဆိုသည်မှာ မြို့တွင်းရှိ ရေတွင်း ၃၅ တွင်းကို စည်ပင်မှ စစ်ဆေးပြီး နှစ်တွင်းသာ သောက်သုံးရန် မသင့်ဟု အဖြေထွက်ကြောင်း ဆိုသည်။

ဇူလိုင် ၂၅ ရက်တွင်ပြုလုပ်မည့် ဆန္ဒထုတ်ဖော်ပွဲကို မြစ်သားမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ မူလတင်ထားသည့်လူဦးရေ ၅၀၀ အစား လူဦးရေ ၁၀၀ သို့လည်းကောင်း၊ ဆန္ဒပြချိန် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီထိ အစား၊ နံနက် ၉ နာရီမှ ၁၀ နာရီအထိလည်းကောင်း၊ မြို့လယ်လမ်းတွင် စီတန်းလမ်းလျှောက်ခြင်းအစားမြို့ စွန်လမ်းသို့လည်းကောင်း ပြောင်းလဲခွင့်ပြုပေးခဲ့သည်။ အဆိုပါ ဆန္ဒထုတ်ဖော်ပွဲကို မြစ်သားမြို့ခံများနှင့် စမာရေလွှဲဆည်၏ အကျိုးပြုလယ်ဧကထဲတွင် ပါဝင်သတ်မှတ်ခံရသော်လည်း မိမိတို့အတွက် အမှန်တကယ်အကျိုးမပြုဟု ယူဆထားကြသော တောင်သူ လယ်သမားများပါ ဝင်ရောက်ဆန္ဒထုတ်ဖော်မည်ဖြစ်သည်။

## နိုင်ငံရေးနှင့်ပတ်သက်၍ ဆေးကုသခွင့်လိုင်စင်ရုပ်သိမ်းခံရသူများ ပြန်မရသေး

**အောင်နိုင်၊ ချယ်ရီမြင့်**

**ရန်ကုန်၊ ဇူလိုင်-၂၀**

နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှုကြောင့် ရုပ်သိမ်းခံထားရသော လိုင်စင်များကို ပြန်လည်ပေးအပ်ရာ၌ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ကြန့်ကြာနေမှုများကို ပိုမို မြန်ဆန်အောင် ဆောင်ရွက်ပါက အဆင်ပြေသွားမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးကပြောသည်။

"ရှေ့နေအချို့ လိုင်စင်ပြန်ရတယ်။ ဆရာဝန်တွေကတော့ ပြန်ရတယ်မကြားသေးဘူး။ ဌာနချင်းမတူတော့ လုပ်ထုံးလုပ်နည်းလည်း မတူဘူးလေ။ အချိန်ကာလတစ်ခုကို စောင့်သင့်တယ်"ဟု အဆိုပါပုဂ္ဂိုလ်က ပြောသည်။

နိုင်ငံတော်သမ္မတက အမြင်မတူသော လူအများနှင့် လက်တွဲပြီး ဆောင်ရွက်နေသောကြောင့် လိုင်စင်အသိမ်းခံထားရသော ပညာရှင်များအားလုံးကိုလည်း စိစစ်ပြီး ပြန်လည်ပေးအပ်မည်ဟု မျှော်လင့်ကြောင်း ပြောသည်။

"ရှေ့နေကတော့ ၇ ယောက်လောက် ပြန်ရပြီကြားတယ်။ ကျွန်တော်တို သိရသလောက်က သုံးယောက်ပေါ့။ ဆ/မကတော့ ပြန်ရတာ မကြားရသေးဘူး"ဟု အင်န်အယ်လ်ဒီပါတီမှ ပြောရေးဆိုခွင့်ရှိသူ ဦးအုန်းကြိုင်က ပြောသည်။ ဆ/မ ရုပ်သိမ်းခံရသူများမှာ လိုင်စင်ပြန်လျှောက်ထားသော်လည်း မထူးခြားသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနသို့ ဆက်သွယ်သောအခါ ဆေးကောင်စီကိုသာ မေးမြန်းရန် ဖြေကြားခဲ့ကြောင်းလိုင်စင်ရုပ်သိမ်းခံထားရသူဆရာဝန်တစ်ဦးက ပြောသည်။

"၁၉၉၁ ခုနှစ် ဧပြီလက အသိမ်းခံရတာ။ ကျွန်တော်၊ ဒေါက်တာမြင့်နိုင်၊ ဒေါက်တာဇော်မြင့်တို့ သုံးယောက်ပါ။ နှစ်ခါပြန်လျှောက်ဖူးပါတယ်။ အခုထိတော့ မထူးခြားသေးပါဘူး"ဟု၁၉၉၀ရွေးကောက်ပွဲ၌ အမရပူရမဲဆန္ဒနယ်အမှတ်(၁)တွင် အင်န်အယ်လ်ဒီပါတီမှ ဝင်ရောက်ယှဉ်ပြိုင်၍ အနိုင်ရရှိခဲ့သူ ဒေါက်တာဇော်မြင့်မောင်က 7Day News သို့ ပြောသည်။ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး၏ မေးခွန်းကိုပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဧပြီလအတွင်းက ပြန်လည်ဖြေကြားရာတွင် ယခင်ကာလက နိုင်ငံရေးပါဝင်ဆောင်ရွက်ခဲ့သဖြင့် ပိတ်သိမ်းခြင်းခံထားရသော လိုင်စင်များကို သက်ဆိုင်ရာပုဂ္ဂိုလ်များ ကိုယ်တိုင်က ပြန်လည်လျှောက်ထားလာလျှင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး ကျင့်ဝတ်၊ စည်းကမ်းများနှင့် မငြိစွန်းပါက ပြန်လည်ထုတ်ပေးမည်ဟု ဖြေကြားခဲ့သည်။

## ရွှေဂုံတိုင်ခုံးကျော်တံတား ဒိုင်းမွန်းစတား ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီက တည်ဆောက်ခွင့်ရ

**ရန်မျိုးနိုင်၊ အောင်သူရ**

**ရန်ကုန်၊ ဇူလိုင် - ၂၀**

ရွှေဂုံတိုင်လမ်းဆုံ ခုံးကျော်တံတားအား ဒိုင်းမွန်းစတား ကုမ္ပဏီလုပ်ငန်းစု၏ လုပ်ငန်းခွဲတစ်ခုဖြစ်သော ကက်ပီတယ်ဒီရော့မင့်ကုမ္ပဏီက တည်ဆောက်ခွင့်ရရှိသည်။ အဆိုပါခုံးကျော်တံတားအား ယခုနှစ်မကုန်မီ ကက်ပီတယ်ဒီရော့မင့်ကုမ္ပဏီက တာဝန်ယူတည်ဆောက်မည်ဟုဇူလိုင်၁၈ရက်ထုတ်နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြထားသည်။ အစိုးရသစ်တက်လာပြီး ရန်ကုန်မြို့တွင်တည်ဆောက်မည့် ခုံးကျော်တံတားသုံးခုအနက် လှည်းတန်းခုံးကျော်တံတားအား ရွှေတောင်ဖွံ့ဖြိုးရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်နေပြီး ဘုရင့်နောင်ခုံးကျော်တံတားကိုမူ FMI ကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည်။

## မြန်မာ့မီးရထားပိုင်မြေပေါ်မှ ကျူးကျော်ဆိုင်ခန်းများအား ရှင်းလင်း



**မင်းဟိန်းကျော်**

**ရန်ကုန်၊ ဇူလိုင်-၂၃**

ရန်ကုန်မြို့ သမိုင်းဘူတာရုံရှေ့ရှိ မြန်မာ့မီးရထားပိုင်မြေများတွင် တည်ဆောက်ထားသော ကျူးကျော်ဆိုင်ခန်း ၂၀ ကျော်အား ယနေ့နံနက် ၆ နာရီမှ စတင်ဖယ်ရှားရှင်းလင်းနေသည်။ "ဒီနှစ်မှာ မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေး စီမံချက်ထဲမှာ ကျူးကျော်တွေကို ဖယ်ရှားရှင်းလင်းဖို့ အချက်လည်းပါတဲ့အတွက် ဥပဒေနဲ့အညီဖယ်ရှားရှင်းလင်းရ ခြင်းဖြစ်ပါတယ်"ဟုမြန်မာ့မီးရထားတိုင်းအမှတ်(၇) မန်နေဂျာက ပြောသည်။ ကျူးကျော်ဆိုင်ခန်းများအားဖယ်ရှားပေးရန် လွန်ခဲ့သည့် တစ်နှစ်ကပင် သတိပေးစာများ ထုတ်ပြန်ထားခဲ့ကြောင်း ယခုကဲ့သို့ ရှင်းလင်းမှုများကို အသုတ်လိုက်ခွဲ၍ ဆက်လက်ရှင်းလင်းဖယ်ရှားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။



# ဒေါ်အောင်ဆန်းစုကြည်အတွက် ကွယ်လွန်သူ ချက်သမ္မတဟောင်းကိုယ်စား နှင်းဆီပန်းခြောက်တစ်ပွင့်

**ငြိမ်းငြိမ်းနိုင်**

နိုဗယ်ဆုအတွက်ဒေါ်အောင်ဆန်းစုကြည်နှင့် တစ်နှစ်တည်းမှာပင် တစ်ပြေးခဲ့ပြီး ဆုအတွက် ဒေါ်အောင်ဆန်းစုကြည်အမည်စာရင်းကို တင်သွင်းခဲ့သော ကွယ်လွန်သွားပြီဖြစ်သည့် ချက်နိုင်ငံသမ္မတဟောင်း မစ္စတာဗားကလပ်ဟာဗဲကိုယ်စား အဝါရောင်နှင်းဆီပန်းခြောက်တစ်ပွင့်ကို ချက်သမ္မတနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်(၁)နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာကာရဲရှာဇင်ဘတ်က ဒေါ်အောင်ဆန်းစုကြည်ထံသို့ ယူဆောင်လာခဲ့သည်။

မစ္စတာကာရဲရှာဇင်ဘတ်၏ ဇူလိုင်တတိယပတ်ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့် နေပြည်တော်တွင် တွေ့ဆုံခဲ့ခြင်းဖြစ်ကာ ကွယ်လွန်သွားပြီဖြစ်သော မစ္စတာဟာဗဲကိုယ်စား ထိုနှင်းဆီပန်းခြောက်အဝါကိုယူဆောင်လာခဲ့ခြင်းဖြစ်သည်။

ချက်သမ္မတနိုင်ငံသည် မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီလှုပ်ရှားမှုများကို များစွာထောက်ခံအားပေးခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ကာလများကလည်း သူမလွတ်မြောက်ရေးအတွက် တိုက်တွန်းတောင်းဆိုမှုများ ဆက်တိုက်ပြုလုပ်သည့် နိုင်ငံဖြစ်သည်။

ယခုခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်၊ အစိုးရတာဝန်ရှိသူများ၊ လွှတ်တော်မှတာဝန်ရှိသူများနှင့်လည်း တွေ့ဆုံခဲ့ကာ နှစ်နိုင်ငံကြား ဆွေးနွေးမှုကောင်းများ ပြုလုပ်နိုင်ခဲ့သည်ဟု မစ္စတာကာရဲရှာဇင်ဘတ်က 7 Day News သို့ ပြောသည်။

"ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံမှာ လွန်ခဲ့တဲ့နှစ် ၂၀ က အကူးအပြောင်းကာလကို ဖြတ်ခဲ့ရပါတယ်။ ကွန်မြူနစ်အာဏာရှင်စနစ်ကနေ ဒီမိုကရေစီစနစ်ကို ကူးပြောင်းတဲ့အချိန်ပါ။ အခုဒီမှာလိုပေါ့။ ဦးသိန်းစိန်ကလည်း ပွင့်ပွင့်လင်းလင်း ပြန်လည်ဆွေးနွေးခဲ့ပါတယ်"ဟု ၎င်းကဆိုသည်။

ချက်နိုင်ငံတွင် လွန်ခဲ့သော နှစ်နှစ်ဆယ်ကျော်ကာလက အကူးအပြောင်း ဖြစ်စဉ်များကို နေအိမ်အကျယ်ချုပ်ကာလအတွင်း စားပွဲတင်ရေဒီယိုသေးသေးလေးမှတစ်ဆင့် နားဆင်ရင်း မစ္စတာဗားကလပ်ဟာဗဲကို ရင်းနှီးခဲ့ရကြောင်း ဒေါ်အောင်ဆန်းစုကြည်က မစ္စတာဟာဗဲကို ရည်ရွယ်ရေးသားခဲ့သော မြန်မာပြည်မှ ပေးစာတစ်ပုဒ်တွင်ဖော်ပြထားသည်။

ဒေါ်အောင်ဆန်းစုကြည်ထံ ယခုယူဆောင်လာခဲ့သော နှင်းဆီပန်းခြောက်လေးနှင့် ပတ်သက်ပြီး မစ္စတာကာရဲရှာဇင်ဘတ်က "မစ္စတာဟာဗဲ ကွယ်လွန်ချိန်မှာ သူ့အတွက် ဂုဏ်ပြုနှင်းဆီပန်းတွေ အများကြီး ရခဲ့ပါတယ်။ အဲဒီထဲက တစ်ပွင့်ကို သူ့အုတ်ဂူကနေ သယ်ယူထိန်းသိမ်းပြင်ဆင်ပြီး မစ္စတာဟာဗဲကိုယ်စား ယူဆောင်လာခဲ့တာပါ။ ဒေါ်စုကို ထောက်ခံမှုတွေ ဆက်တိုက်ပေးခဲ့ပြီးတော့ သူအရမ်းတွေ့ချင်ခဲ့၊ ကြိုးစားခဲ့ပေမယ့် တွေ့ခွင့်မရတဲ့ မစ္စတာဟာဗဲအတွက် ဒီနှင်းဆီပန်းက ကိုယ်စားပြုစေပါတယ်"ဟု ဆိုသည်။

နှင်းဆီပန်းလက်ခံရရှိချိန်တွင် ဒေါ်အောင်ဆန်းစုကြည်ကို မြင်ရသည်မှာ အံ့ဩစိတ်ထိခိုက်သွားသလိုရှိသည်ဟုမစ္စတာကာရဲရှာဇင်ဘတ်ကဆက်ပြောသည်။

ပြီးခဲ့သည့် ဒီဇင်ဘာက ကွယ်လွန်သွားသော မစ္စတာဟာဗဲက ၂၀၀၅ ခုနှစ် ဇွန်လ ဝါရှင်တန်ပို့စ် သတင်းစာတွင် သဘောထားထင်မြင်ချက် ဆောင်းပါးတစ်ပုဒ်ရေးခဲ့သည်။ အဆိုပါ"မလွတ်လပ်သူအတွက် နှင်းဆီတစ်ပွင့်"ခေါင်းစဉ်ဖြင့်ရေးသားထားသည့်ဆောင်းပါးတွင် "တနင်္ဂနွေနေ့မှာ ကျရောက်မယ့် သူမရဲ့နှစ် ၆၀ပြည့်မွေးနေ့မှာ သူမကိုတွေ့ချင်ပါတယ်။ ပြီးတော့ ကျွန်တော် သူ့ခြံတံခါးပုံအချို့မှာ နှင်းဆီပန်းလေး ပန်ထားတာမျိုးတွေ တွေ့မိတော့ နှင်းဆီပန်းတစ်ပွင့် သူမကိုပေးချင်ပါတယ်။ သူ့လို အံ့မခန်းအမျိုးသမီးအတွက်တော့ ဒါဟာခပ်ကြောင်ကြောင် အတွေးတစ်ခုလို့ မြင်ကောင်းမြင်ပါလိမ့်မယ်"ဟု ရေးသားထားပြီး ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ကာလအတွင်း မစ္စတာဟာဗဲရေးသားခဲ့သော ထိုဆောင်းပါးတွင် နိုင်ငံအတွင်းက စစ်အာဏာရှင်စနစ်အပေါ် ပြင်းထန်စွာ ရှုတ်ချရေးသားထားခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးနိုဗယ်ဆုအတွက် အလားအလာကောင်းများစွာ ရှိနေသည့်တိုင် ဒေါ်အောင်ဆန်းစုကြည်အတွက် အမည်စာရင်းတင်သွင်းခဲ့သည့် မစ္စတာဟာဗဲ၏ ထိုအချိန်က စိတ်ဆန္ဒကို ၎င်း၏မိတ်ဆွေရင်းချာလည်းဖြစ်သော မစ္စတာကာရဲရှာဇင်ဘတ်က "အဲဒီအချိန်မှာ သူဒီဆုကိုရဖို့ အခြေအနေက တော်တော်ကောင်းပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ မြန်မာနိုင်ငံအရေးက အရမ်းကြီးနေတယ်။ ဒါကြောင့် သူ့ထက် ဒေါ်စုအမည်စာရင်းကို တင်သွင်းခဲ့တာပါ။ သူက ဒေါ်စုကို လေးစားမှုအရမ်းရှိပြီးတော့ တကယ့်ကို တစ်လျှောက်လုံး ထောက်ခံအားပေးခဲ့တာပါ"ဟု ဆိုသည်။ မစ္စတာဟာဗဲသည် ကွန်မြူနစ်အာဏာရှင်များကိုတွန်းလှန်ခဲ့သူဖြစ်ပြီး အသွင်ကူးပြောင်းရေးကာလများတွင် ချက်ပြည်သူတို့ကို ဦးဆောင်ခဲ့သူဖြစ်ကာ ဒေါ်အောင်ဆန်းစုကြည်သည် ထို့ထက်မက ဆောင်ရွက်နိုင်စွမ်းသူဟု မစ္စတာဟာဗဲက ယုံကြည်ကြောင်း ၎င်းကဆိုသည်။

မစ္စတာဟာဗဲကွယ်လွန်ချိန်တွင် ဒေါ်အောင်ဆန်းစုကြည်မှာ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်နေပြီဖြစ်ပြီး ကွယ်လွန်သူသမ္မတအတွက် ဗီဒီယိုသတင်းစကားတွင် သူမက "ဟာဗဲဟာ နွေးထွေးတဲ့ နှလုံးသား၊ ပကတိရိုးရှင်းတဲ့ နားလည်နိုင်စွမ်းတွေနဲ့အတူ သူ့ရဲ့အသိဉာဏ်လက်ဆောင်တွေ ပေါင်းစပ်ပေးအပ်ခဲ့တဲ့ ရှားပါးလှတဲ့လူတစ်ဦးပါ"ဟု ပြောဆိုခဲ့လေသည်။

# ပထမဆုံးကျင်းပသော သတ္တုတွင်းလုပ်ငန်းဆိုင်ရာ ထိပ်သီးညီလာခံ ၂၂ နိုင်ငံမှ လုပ်ငန်းရှင် ၃၀၀ ကျော်တက်ရောက်

**အိဖြူမွန်**

**ရန်ကုန်၊ဇူလိုင်-၂၃**

သတ္တုတွင်းဝန်ကြီးဌာနမှ ပထမဆုံးအကြိမ် ကျင်းပသော သတ္တုတွင်း လုပ်ငန်းဆိုင်ရာ ထိပ်သီးညီလာခံသို့ နိုင်ငံပေါင်း ၂၂ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၃၀၀ ကျော် တက်ရောက်ခဲ့သည်။

ဩစတြေးလျ၊ အမေရိကန်၊ အင်္ဂလန်၊ ဆွစ်စလန်၊ ချီလီ၊ ကနေဒါ၊ မွန်ဂိုလီးယား၊ ဆော်ဒီအာရေဗီးယား၊ ဂျပန်၊ တရုတ်နှင့် ဟောင်ကောင်၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ မလေးရှား၊ လာအို၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်၊တောင်အာဖရိက၊တောင်ကိုရီးယား၊ အိန္ဒိယနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြပြီး ဩစတြေးလျနိုင်ငံမှ အများဆုံးဖြစ်သည်။

ရင်းနှီးမြှုပ်နှံမည့်သူများအနေဖြင့် တိုက်ရိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံခြင်းဖြင့်လည်းကောင်း၊ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံနိုင်ကြောင်း သတ္တုတွင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်က ပြောသည်။

"ယခင်ကတော့ ထုတ်လုပ်မှုအတွက် ရှယ်ယာအချိုးကို ၇၀ ရာခိုင်နှုန်းနဲ့ ၃၀ ရာခိုင်နှုန်းယူတယ်။ ဒါပေမဲ့လည်း ဒါဟာပုံသေမဟုတ်ဘူး။ ငွေဈေးနှုန်း အပြောင်းအလဲကြောင့် ရှယ်ယာအချိုးကို ဆွေးနွေးညှိနှိုင်းလို့ရတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ပြည်ပရင်းနှီးမြှုပ်နှံနိုင်သော သတ္တုတွင်းလုပ်ငန်းများမှာ ရွှေ၊ ကြေးနီ၊ ခဲ၊ သံဖြူ၊ အဖြိုက်နက်၊ သံမဏိ၊ သွပ်၊ ကျောက်မီးသွေး၊ နီကယ်တူးဖော်ရေး လုပ်ငန်းများသည် မြန်မာနိုင်ငံတွင် စီးပွားဖြစ်ထုတ်ယူနိုင်သော သတ္တုအရင်းအမြစ် သယံဇာတမှာ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ထုံးကျောက် အများဆုံးထွက်ရှိကြောင်း၊ နောက်ထပ်ထွက်ရှိသော အများဆုံးရှိသော သတ္တုမှာ ကြေးနီ၊ သံဖြူ၊ သွပ်၊ အဖြိုက်နက်၊ ရွှေ၊ ကျောက်မီးသွေး၊ barite (barium sulfate) တွင်းထွက်ပစ္စည်းအဖြစ် ရှိနေသောဒြပ်ပေါင်းတို့ဖြစ်ကြောင်း အခြားသတ္တုများမှ ထွက်ရှိမှုရှိသော်လည်း စီးပွားဖြစ်ထုတ်လုပ်ရန်ပမာဏနည်းသေးကြောင်း သတ္တုတွင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်သက်က ပြောသည်။

ယခုလက်ရှိတွင် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှု အဆင်ပြေစေခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း၍ သဘာဝသယံဇာတ မထိခိုက်စေသော နည်းလမ်းများ ပါဝင်သော သတ္တုတွင်းဥပဒေတစ်ရပ်ကို ပြင်ဆင်ရေးဆွဲနေကြောင်း သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက တညီတညွတ်တည်းပြောသည်။

## အစိုးရအဖွဲ့ဝင်များ၏ ပိုင်ဆိုင်မှုများကို ထုတ်ဖော်ကြေညာမှတ်တမ်းတင်ရန်အဆို ဆွေးနွေးမည်

**သန်းထူး** **နေပြည်တော်၊ဇူလိုင်-၂၄**

အစိုးရအဖွဲ့ဝင်များ၏ ပိုင်ဆိုင်မှုများအား ထုတ်ဖော်ကြေညာ၍ မှတ်တမ်းတင်ထားနိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်သွင်းမည့်အဆိုအား ဇူလိုင် ၂၅ရက်တွင် ပြုလုပ်မည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းဝေးတွင် ဆွေးနွေးမည်ဖြစ်သည်။ သန့်ရှင်းသောအစိုးရ၊ကောင်းမွန်သောအစိုးရ ဖြစ်ပေါ်လာစေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခံရသူများသည် ၎င်းတို့၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် အကျိုးစီးပွားများကို ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားနိုင်ရန် အဆိုအား ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်က တင်သွင်းမည်ဖြစ်သည်။ ယင်းအဆိုအား ဇူလိုင် ၂၄ရက်တွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် တင်သွင်းရန် စီစဉ်ထားသော်လည်း အချိန်မလောက်သဖြင့် ဇူလိုင် ၂၅(ယနေ့) ကျင်းပသည့်ပြည်သူ့လွှတ်တော်အစည်းအဝေးတွင်မှဆွေးနွေးရခြင်း ဖြစ်သည်။

## နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲ ၂၀ရှိ

**အောင်သူရ** **ရန်ကုန်၊ ဇူလိုင်-၂၄**

မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲပေါင်း ၂၀ ခွင့်ပြုထားကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်းကပြောကြောင်း ဇူလိုင် ၂၄ ရက်နေ့ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြပါရှိသည်။ အစိုးရသစ်တက်လာပြီးနောက် နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲပေါင်း ၁၅ခုအား ခွင့်ပြုထားခဲ့ပြီး ထပ်မံ၍ ဘဏ်ကိုယ်စားလှယ်ရုံးခွဲငါးခု ထပ်တိုးလာခြင်းဖြစ်ကြောင်း ဘဏ်လုပ်ငန်းဆိုင်ရာ အကြံပေးအဖွဲ့ဝင် ကမ္ဘောဇဘဏ် ဒုဥက္ကဋ္ဌ ဦးသန်းလွင်ကပြောသည်။

## လေဆင်နှာမောင်းတိုက်၍ မြောက်ဥက္ကလာပမြို့နယ်မှ အိမ်ခြေ ၁၀၀ကျော် ပျက်စီး

**ထွန်းခိုင်** **ရန်ကုန်၊ဇူလိုင်-၂၁**

လေဆင်နှာမောင်းတိုက်ခတ်မှု ကြောင့် မြောက်ဥက္ကလာပမြို့နယ် '၄'ရပ်ကွက်တွင်အိမ်ခြေ၁၀၀ကျော်ထိခိုက်ပျက်စီးခဲ့ကြောင်းဒေသခံများက ပြောသည်။ လေဆင်နှာမောင်းသည်ဇူလိုင်လ ၁၉ ရက် ည ၉ နာရီ ၂၅ မိနစ်က တိုက်ခတ်ခဲ့ပြီး သုံးမိနစ်သာ ကြာမြင့်ကာ နေအိမ်များ ပျက်စီးခဲ့သည်။ သို့သော် ထိခိုက်ဒဏ်ရာရသူ မရှိခဲ့ပေ။

## ကမ္ဘာ့ဘဏ် အဆင့်မြင့်အရာရှိတစ်ဦး ကိုယ်စားလှယ်ရုံးဖွင့်လှစ်ရန် လာရောက်မည်

**ရန်ကုန်၊ ဇူလိုင် - ၂၃**

ကမ္ဘာ့ဘဏ် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms. Karin Finkelstonသည် မြန်မာနိုင်ငံသို့ ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်ရန် ဇူလိုင် ၃၀ မှ ဩဂုတ် ၁ရက်အထိသုံးရက်ကြာခရီးလာရောက်မည်ဖြစ်သည်။ အစိုးရသစ်လက်ထက် ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံသို့လာရောက်သူများထဲတွင် အဆင့်မြင့်ဆုံးဖြစ်သော သူမ၏ခရီးစဉ်အတွင်း အစိုးရဌာနမှ တာဝန်ရှိသူများ၊ အခြေခံမြန်မာပြည်သူများ၏ဘဝဖွံ့ဖြိုးရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနေသော အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမည်ဖြစ်သည်။ ကိုယ်စားလှယ်ရုံးခွဲကို ဩဂုတ်လ ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

## ပိတ်ဆို့မှုများဖယ်ရှားရန် လိုအပ်ချက်များရှိသေးဟု ကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးပြော

**ဝါရှင်တန်၊ ဇူလိုင် - ၂၃**

မြန်မာနိုင်ငံမှ အမေရိကန်သို့ သွင်းကုန်တင်ပို့မှုပိတ်ပင်ထားခြင်းကို ရုပ်သိမ်းရန်အတွက် တိုးတက်မှုများတွေ့ရရန် လိုအပ်သေးကြောင်း အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရောဘတ်ဟောမက်ကပြောသည်။ အမေရိကန်အစိုးရသည်မြန်မာအပေါ် ပိတ်ဆို့မှုအချို့ကိုလျှော့ချထားပြီးဖြစ်သော်လည်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးတိုးတက်မှု များအပေါ် မူတည်၍ သာ နောက် ထပ်ပိတ်ဆို့မှုများ လျှော့ချသွားမည်ဟု အချက်ပြထားသည်။ အမေရိကန်သည် မြန်မာနိုင်ငံသို့ ၎င်း၏ ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုနှင့်ဘဏ္ဍာရေးဝန်ဆောင်မှုများပြုလုပ်ခွင့်ပေးခဲ့ပြီး အခြားပိတ်ဆို့မှုများဖြစ်သည့်မြန်မာ့တွင်းထွက် ကျောက်စိမ်း၊ ပတ္တမြားတို့ဖြင့်ပြုလုပ်သော ကျောက်မျက်ရတနာများ အမေရိကန်သို့ တင်သွင်းမှုပိတ်ပင်ခြင်း၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်) စသည့်အဖွဲ့များအနေဖြင့် အမေရိကန်နိုင်ငံ၏ ခွင့်ပြုချက်မရဘဲ မြန်မာသို့ ငွေထုတ်ချေးခွင့်မရှိခြင်း စသည်များမှာ ကျန်ရှိနေဆဲဖြစ်သည်။

—Ref: Reuters

7 DAY NEWS JOURNAL
Vol.11, No.20 ▪ JULY 26 , 2012

# ဂျပန်မီးရထားအလုပ်သမားသမဂ္ဂ မြန်မာအလုပ်သမားများကို ကူညီမည်

## နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများက မြန်မာအလုပ်သမားများအပေါ် ခေါင်းပုံဖြတ်မှုများ ပြုလုပ်နေခြင်းကို ရှစ်နိုင်ငံပါဝင်သော အလုပ်သမားအဖွဲ့သို့ တင်ပြမည်ဟုဆို

**မင်းဟိန်းကျော်၊ နိုင်ချို**
**ရန်ကုန်၊ဇူလိုင်-၂၃**

ဂျပန်နိုင်ငံမှ အလုပ်သမားဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည့် ဂျပန်နိုင်ငံမီးရထား အလုပ်သမားများ သမဂ္ဂက မြန်မာနိုင်ငံတွင်းရှိ အလုပ်သမားရေးရာ ကိစ္စရပ်များအား အကူအညီပေးသွားဖြစ်ကြောင်း အဆိုပါသမဂ္ဂမှ နိုင်ငံခြားရေးရာကော်မတီ ညွှန်ကြားရေးမှူး မစ္စတာဆာတိုရုရာမာဒ (Mr. Satoru Yamada)က ပြောသည်။

"ဒီက အလုပ်သမားတွေရဲ့ တင်ပြချက်ကို နားထောင်ခဲ့ပါတယ်။ ကျွန်တော်တို့အဖွဲ့အနေနဲ့ မြန်မာနိုင်ငံက အလုပ်သမားရေးရာ ကိစ္စရပ်တွေကို ကူညီမှုပေးသွားမယ်"ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများက ပြည်တွင်း အလုပ်သမားများအပေါ် ခေါင်းပုံဖြတ်မှုများ ပြုလုပ်နေသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့အနေဖြင့် အဆိုပါ တွေ့ရှိချက်များကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်းရှစ်နိုင်ငံပါဝင်သော ICLS (Interanational Centre for Labour Solidarity)သို့ တင်ပြပြီး ကူညီမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းသမဂ္ဂမှ ဒုတိယဥက္ကဋ္ဌအိုဆာမုယူမုနုက ပြောကြားသည်။

"ဒီလို နိုင်ငံတကာ အဖွဲ့အစည်းကလာတာ ဒါပထမဆုံးပဲ။ နောက်ထပ်လည်း ဒီလိုနိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ တွေ့ဖို့ရှိပါတယ်။ ဒီလိုတွေ့ဆုံခြင်းအားဖြင့် ကျွန်တော်တို့ အလုပ်သမားတွေကြုံတွေ့နေရတဲ့အခက်အခဲကို ဥပဒေဘောင်ထဲကနေ ဘယ်လိုဖြေရှင်းလို့ရမလဲဆိုတဲ့နည်းလမ်းတွေ ရရှိလာနိုင်ပါတယ်"ဟု လွတ်လပ်သော အလုပ်သမားသမဂ္ဂများဖြစ်မြောက်ရေးကော်မတီတာဝန်ခံဦးမြင့်စိုးက ပြောသည်။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂတစ်ခုဖြစ်ပေါ်လာရန် ကြိုးစားဆောင်ရွက်နေကြောင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အလုပ်သမားဆိုင်ရာ အဖွဲ့များ ဖွဲ့စည်းခဲ့ပြီဖြစ်ပြီး ဆက်လက်၍ ဆိပ်ကမ်း၊ မီးရထားနှင့် ရေကြောင်းဆိုင်ရာ အလုပ်သမားအဖွဲ့များ ဖွဲ့စည်းရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးမြင့်စိုးကပင် ပြောသည်။

နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သော ပြည်ပကုမ္ပဏီများက ပြည်တွင်းအလုပ်သမားများအား ဖိနှိပ်မှုများပြုလုပ်လျှင် သက်ဆိုင်ရာနိုင်ငံမှ ကုမ္ပဏီရုံးချုပ်နှင့် အလုပ်သမားများ သိရှိစေရန် ဆောင်ရွက်သင့်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာကုမ္ပဏီမှ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် ပိုမိုတွန်းအားပေးနိုင်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ မီးရထားအလုပ်သမားများ သမဂ္ဂမှ ဒုတိယဥက္ကဋ္ဌက ပြောကြားသည်။

အဆိုပါ သမဂ္ဂသည် ကမ္ဘာပေါ်တွင် ဖွဲ့စည်းထားသော အလုပ်သမားဆိုင်ရာ အဖွဲ့အစည်းများတွင် ဒုတိယအကြီးဆုံးအဖွဲ့အစည်းဖြစ်ကြောင်း ဦးမြင့်စိုးက ပြောသည်။

မြန်မာနိုင်ငံသား သယ်ယူပို့ဆောင်ရေးဆိုင်ရာ အလုပ်သမားများနှင့် အထက်ပါသမဂ္ဂတို့ တွေ့ဆုံပွဲကို ဇူလိုင်လ ၂၃ ရက်တွင် ယုဇနဟိုတယ်၌ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံအတွင်းရှိ အလုပ်သမားများ၏ ရပိုင်ခွင့်များ၊ လူ့အခွင့်အရေးဆိုင်ရာ ရပိုင်ခွင့်များ၊ လူမှုဖူလုံရေး ရပိုင်ခွင့်များအား အပြည့်အဝ ရရှိရန်နှင့် နိုင်ငံတကာမှ အလုပ်သမားများနှင့်တန်းတူ လစာခံစားခွင့်များ ရရှိရန်အတွက် ရည်ရွယ်၍ အဆိုပါတွေ့ဆုံပွဲကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။



ဓာတ်ပုံ-

# မြန်မာ့ရေပိုင်နက်အတွင်း ဝင်ရောက်လာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၉၁ ဦးနှင့် ထိုင်းနိုင်ငံသားတစ်ဦးကို ဖမ်းဆီး

**ရန်ကုန်၊ ဇူလိုင်-၂၁**

မြန်မာနိုင်ငံ ရေပိုင်နက်အတွင်းသို့ဝင်ရောက်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား၉၁ဦးနှင့်ထိုင်းနိုင်ငံသားတစ်ဦးတို့ကို မြန်မာ့တပ်မတော်(ရေ)မှ ဇူလိုင် ၂၀ ရက်က စစ်တွေမြို့ပင်လယ်ပြင်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

"စက်လှေက ယိုးဒယားနိုင်ငံက စက်လှေပါ။ တစ်ဦးကို လေးသိန်းစီနဲ့ မလေးရှားဘက်ကို ပို့ဖို့ဆိုပြီး တရားမဝင် သွားရောက်ကြတယ်။ မြန်မာရေပိုင်နက်အတွင်းမှာ တွေ့လို့တပ်မတော်(ရေ)က ဖမ်းဆီးထိန်းသိမ်းခဲ့ပါတယ်" ဟု အဆိုပါ နိုင်ငံခြားသားများကို စစ်တွေမြို့ အကျဉ်းထောင်သို့ ပို့ဆောင်ရာတွင် လုံခြုံရေးတာဝန်ယူခဲ့သည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

အဆိုပါ စက်လှေပေါ်တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ၉၁ ဦး၊ ထိုင်းနိုင်ငံသား ၁ ဦး၊ မြန်မာရေလုပ်သား ၃ ဦး၊ စုစုပေါင်း ၉၅ ဦးပါရှိပြီး ယင်းစက်လှေကို မလေးရှားနိုင်ငံသို့ သွားရောက်ရန်အတွက် ငှားရမ်းလာခြင်းဖြစ်ကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖမ်းဆီးရမိသူများကို စစ်တွေဆိပ်ကမ်းမှတစ်ဆင့် စစ်တွေ အကျဉ်းထောင်သို့ ကနဦး ပို့ဆောင်ထိန်းသိမ်းထားပြီဖြစ်ပြီး ဆက်လက်၍ အခြားထောင်များသို့ ခွဲ၍ပို့ဆောင်မည်ဖြစ်ကာ ၎င်းတို့ကို လူဝင်မှုကြီးကြပ်ရေး ဥပဒေပုဒ်မအရ တရားစွဲဆိုသွားမည်ဟု သိရသည်။

ယခုကိစ္စနှင့် ပတ်သက်၍ စစ်တွေမြို့ လုံခြုံရေးအတွက် တာဝန်ယူထားသော ရဲတပ်ရင်းတစ်ခုမှ အဆင့်မြင့် အရာရှိတစ်ဦးအား ဆက်သွယ်မေးမြန်းရာ "ဒီကိစ္စမှန်ပါတယ်။ နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့အညီ ဆက်လုပ်သွားမှုတွေရှိလာမှာပါ။ ခိုးသွား ခိုးလာတွေတော့ ရှိတာပေါ့။ ဒါပေမဲ့ မြန်မာ့ရေပိုက်နက်ထဲ ကျူးကျော်လာတာတော့ မရပါဘူး" ဟု ယင်းက ပြန်လည်ဖြေကြား၍ အတည်ပြုပေးခဲ့သည်။

## စာ(၇) အချုပ်သားနှစ်ဦး အချုပ်ခန်းခေါင်မိုးဖောက်၍ ထွက်ပြေး မှ

ထို့အပြင် သန်လျင်တွင် ယင်းကဲ့သို့ အချုပ်သားနှစ်ဦးထွက်ပြေးလွတ်မြောက်သွားမှုကြောင့် ရန်ကုန်တိုင်းအတွင်းရှိ အချုပ်ခန်းများ၏ လုံခြုံမှုရှိ၊ မရှိကိုစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထက်ပါရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ထွက်ပြေးလွတ်မြောက်သွားသည့် အချုပ်သားနှစ်ဦးမှာ မင်္ဂလာဒုံနှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် နေထိုင်သူများဖြစ်ပြီး ဆိုင်ကယ်ခိုးယူ မသင်္ကာမှုဖြင့် သန်လျင်ရဲစခန်းက ဖမ်းဆီးထားသူများဖြစ်ကြောင်း သတင်းရရှိသည်။

## စာ-၇၊ ပြန်လည်အသက်ဝင်လာသော အာဇာနည်နေ့ မှ

အခမ်းအနားမှူးမှာလည်း ယခင်က တပ်မတော်ဗိုလ်မှူးမှ ယခုအခါ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ အရာရှိတစ်ဦးက တာဝန်ယူဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

အာဇာနည် ဗိမာန်တွင် ကျင်းပပြုလုပ်သည့် အခမ်းအနား အစီအစဉ် မပြီးဆုံးမီကပင် အာဇာနည်ဗိမာန်သို့ တက်ရောက်ရန်အတွက် ပြည်သူများစွာ လာရောက်စောင့်ဆိုင်းနေကြပြီ ဖြစ်သည်။ တဖြည်းဖြည်းနှင့် အင်အားများလာသည့် လူထုကြီးမှာ အာဇာနည်ခေါင်းဆောင်ကြီးများကို ဂါရဝပြုခွင့်ရရှိရန် စိတ်ရှည်လက်ရှည် စောင့်ဆိုင်းခဲ့ကြသည်။ နိုင်ငံရေးပါတီများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ အခြေခံပညာကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလုပ်သမား အဖွဲ့အစည်းများက စနစ်တကျ စီတန်းကာ မိမိတို့ကိုယ်စားပြု ဆိုင်းဘုတ်စာတမ်းများကိုင်ဆောင်လျက် လမ်းပေါ်တွင်ပြည့်နှက်လာခဲ့သည်။

တဖြည်းဖြည်းနှင့် သောင်းနှင့်ချီ လာသည့် လူထုကြီးကြောင့် အာဇာနည်ကုန်းခြေရင်းရှိ လုံခြုံရေးအစီအမံများမှာ စစ်ဆေးမှုများကို ဖြေလျှော့ပေးခဲ့ရပြီး လမ်းတစ်ခုလုံးနေရာလပ်မရှိအောင် ပြည့်နှက်နေသည့် လူထုမှာ လုံခြုံရေးစည်းများကို အလုံးအရင်းဖြတ်ကျော်ကာ ဆက်လက်ချီတက်သွားခဲ့ကြသည်။

လူထုကြားတွင် ကလေးငယ်များကို အများဆုံးတွေ့ရပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လက်အောက်ရှိ ပညာဒါနကျောင်းများမှ အဖြူ၊ အစိမ်းဝတ် ကျောင်းသား၊ကျောင်းသူကလေးငယ်များကို ခွပ်ဒေါင်းအလံ တလူလူဖြင့် မြင်တွေ့ရသည်။

နေ့လယ် ၂ နာရီ မိနစ် ၅၀ တွင် ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင် ကိုမင်းကိုနိုင် ဦးဆောင်သည့် ကျောင်းသားခေါင်းဆောင်များ၊ ဒီငြိမ်းလင်း၊ စည်သူမောင်တို့ ဦးဆောင်သည့် ဇကသ၊ တကသ ကျောင်းသားများနှင့်အတူ လူငယ်ဂီတသမားများ အင်အား ၁၀၀ ကျော်သည် အာဇာနည်ဗိမာန်သို့ ရွှေဂုံတိုင်၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှနေ၍ လမ်းလျှောက်ချီတက်လာခဲ့ကြသည်။ ဂီတသမားများထဲမှ Rဇာနည်၊ ကဗျာဘွဲ့မှူး၊ ဖြူဖြူသိန်း၊ သျှီ၊ ရန်ရန်ချမ်း၊ ဘိုလေး၊ အနဂ္ဂ၊ သံသာဝင်း၊ လင်းနစ်တို့ကို တွေ့ရသည်။

ထို့နောက် ၎င်းတို့နှင့်အတူ ပြည်သူများ၊သတင်းမီဒီယာများ ပူးပေါင်းကာ အာဇာနည်ဗိမာန်ဆီသို့ တက်ရောက်သွားခဲ့ကြပြီး လွမ်းသူ့ပန်းခွေချကာ အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြုခဲ့ကြသည်။

"ဒီနှစ် အာဇာနည်ဗိမာန်ကိုကို လာတဲ့အခါ လုံခြုံရေးယူထားတဲ့ရဲတွေက ဖော်ဖော်ရွေရွေပဲ ကူညီကြတယ်" ဟု အာဇာနည်ဗိမာန်တွင် ဂါရဝပြုပြီးပြန်လာသူ အမျိုးသားတစ်ဦးက ပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင်လည်း အာဇာနည်အခမ်းအနားကို ကျင်းပခဲ့ပြီး အာဇာနည်နေ့ အထိမ်းအမှတ်ဥသြဆွဲသံထွက်ပေါ်လာချိန်တွင် လမ်းပေါ်ရှိ လူများအားလုံးမှာ နေရာတွင်ရပ်လျက် ဂါရဝပြုခဲ့ကြကာ ယင်းနေရာတွင် တာဝန်ကျနေသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း နေရာမှာပင် ရပ်လျက် အလေးပြုခဲ့ကြသည်ကို တွေ့ရသည်။

အာဇာနည်နေ့တွင် ဗိုလ်ချုပ်ပြတိုက်ကို အခမဲ့ကြည့်ရှုခွင့်ပြုပေးခဲ့ရာ တစ်ခဲနက်လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူလူထုမှာ ယခင်နှစ်များကထက် စံချိန်တင်ကာ အရေအတွက် တစ်သောင်းခွဲနီးပါးရှိခဲ့သည်။

မြန်မာနိုင်ငံ နေရာဒေသအသီးသီးတွင်လည်း အာဇာနည်နေ့ အခမ်းအနား များ ကျင်းပခဲ့ကြရာ မကွေးတိုင်းဒေသကြီး၊နတ်မောက်မြို့နယ် အောင်ဆန်းရပ်၊ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ဖွင့်ပွဲကို နံနက် ၈ နာရီက ပြုလုပ်ခဲ့ပြီး ဒေသခံသံဃာတော် ၄၀ ပါး၊ သီလရှင် ၁ ပါး၊ အမျိုးသား (လူကြီး/လူငယ်/ကလေး)၃၀၃ဦး၊အမျိုးသမီး (လူကြီး/လူငယ်/ကလေး)၁၇၈ဦး လာရောက် ကြည့်ရှုလေ့လာခဲ့ကြသည်။

ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့တွင် နှစ်ပေါင်း ၂၅နှစ်ကြာအောင်ကျင်းပခဲ့ခြင်းမရှိသည့် အာဇာနည်နေ့အခမ်းအနားကိုပြန်လည်ကျင်းပခဲ့ရာ ဌာနဆိုင်ရာနှင့် လူမှုရေး အသင်းအဖွဲ့ပေါင်း ၆၄ ခုမှအင်အား ၂,၀၀၀ကျော်နှင့်နိုင်ငံရေးပါတီများနှင့် အခြားအသင်းအဖွဲ့များ၊ဒေသခံပြည်သူအင်အား ၃,၀၀၀ကျော်တက်ရောက်ကာလွမ်းသူ့ပန်းခွေချအလေးပြုခဲ့ကြသည်။ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်ဥသြဆွဲခြင်းကို ခရိုင်မီးသတ်တပ်ဖွဲ့မှကူညီဆောင်ရွက်ပေးခဲ့သည်။

မကွေးတိုင်းဒေသကြီး၊တောင်တွင်းကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှကြီးမှူးကျင်းပသည့် အာဇာနည်နေ့ အခမ်းအနားကို နံနက် ၁၀ နာရီမှစတင်ဆောင်ရွက်ခဲ့ကာ မြို့လယ်လမ်းဆုံရှိဗိုလ်ချုပ်ကျောက်တိုင်ရှိရာသို့ အာဇာနည်ခေါင်းဆောင်ကြီးများပုံပါသော ပန်းခွေများ ကိုင်ဆောင်ကာ စီတန်း လမ်းလျှောက်ခဲ့ကြသည်။ တောင်တွင်းကြီးမြို့နယ်ရှိအလင်းခေတ်ပညာဒါနကျောင်းတွင် အာဇာနည်နေ့ အထိမ်းအမှတ်ကဗျာရွတ်ဆိုခြင်း၊ အာဇာနည်နေ့သမိုင်းကြောင်း ရှင်းလင်းခြင်းများကိုပညာဒါနကျောင်း ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များက ဦးစီးဆောင်ရွက်ခဲ့ကြသည်။

နေပြည်တော်ပျဉ်းမနားတွင်မှု ကန်တော်မင်္ဂလာရှမ်းကန်အတွင်းတည်ရှိသော ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တွင် လူအင်အား ၅၀ ခန့်ဖြင့် စီတန်းလှည့်လည် လွမ်းသူ့ပန်းခွေချအလေးပြုခွင့်မရခဲ့သော်လည်း လူစုခွဲကာအမှတ်တရပန်းစည်းချခြင်း၊ အမွှေးနံ့သာတိုင်၊ ဖယောင်းတိုင်ထွန်းခြင်း၊ အလေးပြုခြင်းများကို ပြုလုပ်ခဲ့ကြသည်။

မုံရွာမြို့ပေါ် ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်တွင် အာဇာနည်နေ့အထိမ်းအမှတ်ဂါရဝပြုအလေးပြုခြင်းနှင့် လွမ်းသူ့ပန်းခွေချခြင်းကို သက်ဆိုင်ရာကခွင့်မပြုဘဲ လုံခြုံရေးတပ်ဖွဲ့များ တင်းကျပ်စွာထားရှိခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့တွင် ဇူလိုင် ၁၉ ရက်နံနက်ပိုင်းက ဇလွန်လူငယ်များကွန်ရက်အဖွဲ့ကဦးစီးပြီး ကွန်ရက်ဖွဲ့စည်းထားရာ ဗိုလ်ချုပ်လမ်း၊ ဈေးဟောင်းရပ်၊ လမ်းမတော်တောင်ရပ်ကွက် နေအိမ်ရှေ့နှင့် ဇလွန်ဘုရားကြီးရှေ့တို့တွင်'အာဇာနည်နေ့ဒို့မမေ့' ဆိုသည့်လက်ကမ်းကြော်ငြာများနှင့် ဗိုလ်ချုပ်ကြိုက်နှစ်သက်သည့် ပဲပြုတ်နံပြားတို့ကိုလူဦးရေ၈၀၀ခန့်အားပေးဝေခဲ့ကြသည်။

ယခုနှစ်တွင် အာဇာနည်နေ့ အခမ်းအနားကို MRTV, MRTV-4 နှင့် Sky-Net ရုပ်သံလိုင်းများမှ တိုက်ရိုက်လွှင့်ထုတ်ပြသခဲ့ပြီး ကျဆုံးသွားသည့် အာဇာနည်များ၏ မိသားစုဝင်များ လွမ်းသူ့ပန်းခွေမချခင်တွင် ရုပ်မြင်သံကြား တိုက်ရိုက်လွှင့်အစီအစဉ်မှ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီး ၉ ဦး၏ အတ္ထုပ္ပတ္တိများကို ကြေညာပေးခဲ့သည်။

ယခုနှစ်တွင် ခမ်းနားစွာပြန်လည်ကျင်းပခဲ့သည့် (၆၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသည် နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ဦးဆောင်သော ဒီမိုကရေစီအစိုးရသစ်၏ ပြောင်းလဲမှုတစ်ရပ်ကို ဖော်ကျူးခဲ့ခြင်းဖြစ်ပြီး လူထုစိတ်ပါဝင်စားမှုများလည်း တစ်ခဲနက်ပြန်လည်နိုးထလာခဲ့သည့် နေ့တစ်နေ့ပင် ဖြစ်သည်။